www.burmeseclassic.com

No.32
March, 2017

# Sixth Sense

# ဆဋ္ဌမအာရုံ မဂ္ဂဇင်း



- တရုတ်လူမျိုးတို့၏ ထူးခြားသော ဂမ္ဘီရ
- သော့သုံးချောင်းဖြင့် လာဘ်ရွှင်စေသောနည်း
- ခြောက်ထောင့်ကြယ်နှင့် အစွမ်းထက် အစီအရင်
- အချစ်လေ့ကားထစ် နင်းဆီပွင့်ဖတ် အစီအရင်
- သံလိုက်တုံးနှင့် ငွေဝင်စီရင်နည်းလမ်းများ
- ဖျည်း သရ ဧမ အင်း အဆောင်အစွမ်းများ
- နှတ်ကောင်း နှတ်ဆိုးနှင့် ကောင်းခြင်း ဆိုးခြင်းများ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဇေတန်၏ ထွက်ရှိပြီး သရဲစာအုပ်များ



ဇေတန်၏ သရဲ လုံးချင်းဝတ္ထု (၅)အုပ် ထွက်ရှိပြီးပါပြီ။

ပထမစာအုပ် – ရှူဖြစ်သွားတဲ့ တစ္ဆေ

ဒုတိယစာအုပ် – မတောင်းပန်နဲ့ မြောင်းဆန်အောင် မြောက်မယ်

တတိယစာအုပ် – ဝိညာဉ်တုံသားများ

စတုတ္ထစာအုပ် – သရဲခြေနဲ့ညားတဲ့ လူ

ပဉ္စမစာအုပ် – ကဝေနဲ့ တစ္ဆေ တို့ဖြစ်သည်။

ဆဋ္ဌမမြောက် (၆)အုပ်မြောက် စာအုပ်ကို အထူးထုတ်အဖြစ် ထုတ်ဝေမည် ဖြစ်ပြီး သရဲဂိမ်း GHOST GAME အမည်ဖြင့် မကြာမီ ထွက်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# EDITOR's



# LETTER

ဆဋ္ဌမအာရုံစာပေမှ စီစဉ်သည့် "သင့်အတွက် တားရော့ညာ" လုံးချင်းစာအုပ် မကြာမီတွင် ထွက်ရှိမည်ဖြစ်ပြီး တားရော့ညာနှင့်ပတ်သက်၍အပြည့်စုံဆုံးဖြစ်အောင် ဖန်တီးထားသည်။

ယခုလတွင် သော့သုံးချောင်းဖြင့် လာဘ်ရွှင်စေသောနည်း၊ အချစ်လေ့ကားထစ် နှင်းဆီပွင့်ဖတ်အစီအရင် အပါအဝင် လက်တွေ့အကျိုးပြု ထိရောက်သော အစီအရင်များကို အထူးပြု ဖော်ပြထားသည်။

ဆက်လက်၍ အသိပညာ၊ ဗဟုသုတများ ရရှိစေမည့် မှု၏ အကြောင်းအရာ၊ ဝတ္ထု၊ ဆောင်းပါးများကို ဖော်ပြသွားပါမည်။

အထူးဝယ်သိမ်း စာအုပ်ကောင်းများဖြစ်အောင် ဖော်ပြထားပါသဖြင့် ပရိသတ်များအနေဖြင့် လက်မလွှတ်ရလေအောင် စာအုပ်ဆိုင်များတွင် ကြိုတင်မှာကြား၍ ဝယ်ယူထားရှိပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## သင့်အတွက် မရှိမဖြစ် ဆောင်ထားသင့်သည့် Dream Catcher များ ဝယ်ယူနိုင်ပြီ



ဖက်ရှင်လည်းကျ၊ လှပဆန်းကြယ်သည့် Dream Catcher များကို ဆောင်ထားပါက အိပ်မက်များကို မှတ်မိစေခြင်း၊ မိမိအပေါ်ကျရောက်လာမည့် ဘေးဆိုးအန္တရာယ်များ၊ မကောင်းကြံစည်ခြင်းများကို Dream Catcher ၏ Spider Web ပင့်ကူအိမ်ကွန်ရက်က ဖမ်းဆီးထားမည်ဖြစ်ပါသည်။

မိမိနေအိမ်၊ အိပ်ခန်း၊ ကားများတွင် အလှဆင်ပစ္စည်းအဖြစ် သာမက အဆောင်အဖြစ်ပါဆောင်ထားနိုင်ပါပြီ။

## ဂျူပီတာ အင်းပြားအဆောင်များ ဝယ်ယူနိုင်ပါပြီ

ဂျူပီတာ အင်းပြား အဆောင်အကြောင်းကို ဆဋ္ဌမအာရုံ မဂ္ဂဇင်း အမှတ်(၂၆)တွင် ဖော်ပြထားပြီး လုပ်ငန်းများတွင် ထားရှိပါက လုပ်ငန်းများ တိုးတက် ကြီးပွား အဆင်ပြေခြင်း၊ လာဘ်လာဘ ရွှင်လန်းခြင်း၊ အန္တရာယ် ကင်းခြင်းများကို ရရှိနိုင်သည့် ဂျူပီတာ အင်းပြား အဆောင်များ ဝယ်ယူ ရရှိနိုင်ပါပြီ။



www.burmeseclassic.com


www.burmeseclassic.com

## ငါးထောင့်ကြယ် အဆောင်များ
## "ဆဋ္ဌမအာရုံ" မဂ္ဂဇင်းတွင် ဝယ်ယူနိုင်ပါပြီ



ငါးထောင့်ကြယ် အဆောင်နှင့် ဆွဲကြိုးကို အစွမ်းသတ္တိ သိဒ္ဓိသွင်းနည်းကို လည်း "ဆဋ္ဌမအာရုံ" မဂ္ဂဇင်း အမှတ်စဉ် (၂၆)တွင် ဖော်ပြထားပါသည်။ သင့်အတွက် ကံကောင်းခြင်းအဆောင် လက်ဖွဲ့တစ်ခုအနေဖြင့် ဆောင်နိုင်ပါပြီ။

## ရောင်စုံ ဖယောင်းတိုင်များ
## "ဆဋ္ဌမအာရုံ" မဂ္ဂဇင်းတွင် ဝယ်နိုင်ပြီ





အစီအရင်များအတွက် အဖြူရောင်၊ အပြာရောင်၊ အဝါရောင်၊ ခရမ်းရောင်၊ လိမ္မော်ရောင်၊ အနက်ရောင်၊ အစိမ်းရောင်၊ ခရမ်းရောင် ဖယောင်းတိုင်များ ဝယ်ယူနိုင်ပါပြီ။ ဖယောင်းတိုင်စိုက်ရန် Candle Holder ဖယောင်းတိုင်စိုက် ခွက် အလှများလည်း ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**ကမ္ဘောဇဘဏ်၊ ပုစွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၁၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

## (၆)လ ၂၀၀၀၀ ကျပ်

## (၁၂)လ ၄၀၀၀၀ ကျပ်

**ဖုန်း** - ၀၉ ၇၃၁ ၇၆၆၅၀ သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်းကြားပေးရပါမည်၊

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်၊

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ
ဆက်သွယ်ရန် - ၀၉ ၇၃၁ ၇၆၆၅၀
စာအုပ်ဆိုင်များနှင့်ဖြန့်ချိရေးကိုယ်စားလှယ်များ
ဆက်သွယ်ရန် - ၀၉ ၃၀၀ ၅၀၁၆၀



www.burmeseclassic.com

www.burmeseclassic.com

# စာပေမြင့်မှ လူမျိုးတင့်မည်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်း စာအုပ်ကောင်း တစ်အုပ်ဖြစ်အောင် အထူး ကြိုးစားထားပါသည်။ လစဉ် လဆန်းပိုင်းတွင် ထွက်ရှိနိုင်အောင် ကြိုးစားပါမည်။

ပရိသတ်များအနေဖြင့် မိမိ ဝယ်ယူနေကျ စာအုပ်ဆိုင်များတွင်လည်း ကြိုတင် မှာကြားထားနိုင်ပါသည်။ ဆဋ္ဌမအာရုံ မဂ္ဂဇင်း၊ ထွက်မည့်ရက်ကို လည်း ကြိုတင် ဖုန်းဆက် မေးမြန်းနိုင်ပါသည်။

သင်သည် ဆဋ္ဌမအာရုံ မဂ္ဂဇင်း ပရိသတ်တစ်ဦး ဖြစ်လျှင် စာပေကို ချစ်မြတ်နိုးသူ၊ စာပေ၏ရသကို ခံစားတတ်သူ၊ စာအစုံ ဖတ်တတ်သူများဖြစ် ကြပါစေ။ စာအုပ်၊ စာပေ လူ့မိတ်ဆွေ - စာပေမြင့်မှ လူမျိုးတင့်မည်။

ဆဋ္ဌမအာရုံ မဂ္ဂဇင်း
အယ်ဒီတာ အဖွဲ့

II

Sixth Sense
Publishing House

**ဆဋ္ဌမအာရုံ စာပေတိုက်**
အမှတ်(၁၇၀-၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုစွန်တောင် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀

www.burmeseclassic.com

www.burmeseclassic.com

# Contents

No.32, MARCH , 2017

ဗျည်း သရ စမ အင်း အဆောင်အစွမ်းများ
**ဝေယံဘုန်းပြည့်**

တရုတ်ရိုးရာ ဂမ္ဘီရ အစီအရင်များ
**ကိုမောင်သန်းဝင်း**

တရုတ်လူမျိုးတို့၏ ထူးခြားသော ဂမ္ဘီရ
**မင်းသဂ်ားဝင်း**

စိုးမိုးနိုင် ခုတင်ပေါ်မှ ဆွဲအချခံရခြင်း
**စိုးမိုးနိုင်**

စောင့်ကြည့်နေကြသည်
**လှိုင်ဦး**

မြွေဆိပ်သင့်ခံရသူများ
**စံရတီ**

အဖြူနှင့်အမည်း တိုက်ပွဲ
**ဂမ္ဘီရဆရာ လှမျိုး (B.Sc)**

## မွယ် စီ ရင် နည်း များ

သော့သုံးချောင်းဖြင့် လာဘ်ရွှင်စေသောနည်း

အချစ်လေ့ကားထစ် နှင်းဆီပွင့်ဖတ် အစီအရင်

သံလိုက်တုံးနှင့် ငွေဝင်စီရင်နည်းလမ်းများ

နတ်ကောင်း၊ နတ်ဆိုးနှင့် ကောင်းခြင်း၊ ဆိုးခြင်းများ

ခြောက်ထောင့်ကြယ်နှင့် အစွမ်းထက် အစီအရင်



www.burmeseclassic.com

www.burmeseclassic.com

# nts Contents Conten

No.32, MARCH , 2017


မရဏ ထောင်ချောက် ၁၄၆
တင့်ထူး (ဇေယျဝတီ)

ဖုတ်ထွက်သွားသော ပဌာန်းအစွမ်း ၁၆၃
အင်ကြင်းခိုင်

ကြုံတောင့်ကြုံခဲ လူနှင့်သရဲ နပမ်းပွဲ ၁၆၉
ဘစောနိုင်သူ

အမှုဝေပါ ဝိညာဉ်ရှာ ၁၈၀
မောင်လေးအောင် (သန်လျင်)

တတိသစ္စာ ၁၉၂
သန်လျင် မောင်ကျောက်ခဲ

နာနာဘာဝ နေရပ် ၂၀၀
ဇလွန်ကျော်ဦး


## စံ ဆန်း ကြယ်


အမျိုးသမီးများအတွက် ဖန်ဒီဇိုင်းကွက်များ ၄၄
မျက်ခုံးမွေး သင်္ကေတနှင့် လူ့စရိုက် သဘာဝများ ၄၉
တြိဂံနှစ်ခုပေါင်းစပ်သည့် ခြောက်ထောင့်ကြယ် ၁၀၆
စာဖို့နှင့် စာမ ဟူသည် အဘယ်နည်း ၁၃၄
အိမ်ဝင်ပေါက်တံခါးနှင့် အကျိုးအပြစ်များ ၁၄၄
တစ်သက်တာ ကောင်းစားစေရန် နာမည်ပေးနည်း ၁၆၀
အလင်းရောင်၏စွမ်းအား Power Light ၁၇၇




www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထား ပါသည်။ ကလောင်ရှင်သစ်များပါဝင်လက်စွမ်းပြရေးသားနိုင်ရန်နေရာ များကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရ ပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင် တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# ဆဋ္ဌမအာရုံ
မဂ္ဂဇင်း
၏
# ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "ဆဋ္ဌမအာရုံစိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ပြု၍ထူးထွေဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက်ညီအောင် ပုံဖော်ထားသည်။ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာသည့်ခေတ်မီဂမ္ဘီရမဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

အစွမ်းထက်သည့်ဂါထာမန္တန်နှင့်လောကီအစီအရင်များ၊ မှော်၊ ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ်သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့်ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထုများ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)

ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)

www.burmeseclassic.com

www.burmeseclassic.com

# ဆွေမအာရုံ မဂ္ဂဇင်း

## ပုံနှိပ်မှတ်တမ်း


အယ်ဒီတာချုပ်
ကိုမိုး (တောင်ကြီး)
အကြံပေးအယ်ဒီတာ
ဦးငွေစိုး၊ ဒေါက်တာမီ
အမှုဆောင်အယ်ဒီတာအဖွဲ့
နွေသင့်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်
အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး
ဒေါ်ဌေးဌေးလှိုင်
ထုတ်ဝေသူ
ကိုမိုး(တောင်ကြီး) {(၀၀၅၀၈)}
ပုံနှိပ်သူ
ဦးကျော်သင်း {(၀၀၆၂၆)}
(သံလွင်ဦး ပုံနှိပ်တိုက်)
မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို
အောင်မိုး
ပန်းချီ သရုပ်ဖော်
ရဲရင့်နိုင်၊ ဖိုးအောင်၊ လှသစ်အောင်
ကွန်ပျူတာ
ဆွေမအာရုံ ဝိုင်းတော်သားများ
ဖြန့်ချိရေး
ဆွေမအာရုံ စာပေတိုက်
အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀။
တန်ဖိုး - ၂၀၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းထွေလာ အံ့ဖွယ်စီရင်နည်းများ

ခေတ်သစ်ကို

www.burmeseclassic.com

www.burmeseclassic.com


# သော့သုံးချောင်းဖြင့် လာဘ်ရွှင်စေသောနည်း



သော့ (KEY) ဆိုသည်မှာ ပိတ်ထားသော အရာများကို ဖွင့်စေမည့် သင်္ကေတနမိတ်ပုံ ဖြစ်သည်။ သို့ဖြစ်၍ ခက်ခဲနက်နဲသော အတတ်ပညာကို ရှာမှီးလေ့လာသူများသည် သော့ပုံသဏ္ဍာန် (သော့အတု)၊ သို့မဟုတ် သော့အစစ်ကို အဆောင်အဖြစ် ပြုသင့်ပါသည်။

အဆောင်ပြုကြည့်ပါက ထူးခြားကြောင်း သေချာပေါက်ကြုံတွေ့ရပါမည်။ ယခုဖော်ပြလိုသည်ကား သော့သုံးချောင်းတွဲ ပုံသဏ္ဍာန်ကို အဆောင်ပြုရန်ဖြစ်သည်။ လာဘ်လာဘရွှင်လန်းစေရန်အတွက် ဖြစ်ပါသည်။


၎င်းအဆောင်အား တတ်နိုင်ပါက (ရွှေဖြင့်)၊ မတတ်နိုင်ပါက (ငွေဖြင့်)၊ သော့ပုံသဏ္ဍာန်ပြုလုပ်၍ သုံးချောင်းတွဲကို ဆွဲကြိုးဖြင့် လော့ကတ်သီး ပြုလုပ်၍ ဆွဲထားပါက အကောင်းဆုံးဖြစ်ပါသည်။

အရောင်းဆိုင် ဖွင့်လှစ်လုပ်ကိုင်သူများသည် ငွေသိမ်းစားပွဲ၏ အံ့ဆွဲတွင် သော့သုံးချောင်းပြုလုပ်၍ ချိတ်ဆွဲပေးထားပါက


www.burmeseclassic.com

www.burmeseclassic.com





ဒ်သာစွာ ရောင်းအားတက်လာ
ဓါ လိမ့်မည်။

သော့သုံးချောင်းတွဲ၏
အဓိပ္ပါယ်မှာကား မေတ္တာ(Love)၊
ချမ်းသာခြင်း(Wealth)နှင့်
ကျန်းမာခြင်း(Health)တို့၌ ဖြစ်
သည်။ အချစ်ရေးကံ ပွင့်လန်း
ခြင်း၊ ချမ်းသာခြင်း၊ ကျန်းမာခြင်း
တို့နှင့် ပြည့်စုံစေမည့် နမိတ်ဖြစ်
ပါသည်။

ရွှေ၊ ငွေ မတတ်နိုင်သူ
များအနေဖြင့်မူ သော့ခလောက်
တစ်လုံးကိုဝယ်၍ ၎င်း၌တွဲလျက်ပါလာသော သော့သုံးချောင်းတွဲ
(အပိုနစ်ချောင်းအပါအဝင်)ကို သီးခြားထုတ်ယူကာ စတီးဆွဲကြိုး
ဖြင့် ဆွဲထားပေးနိုင်ပါသည်။

အကျိုးရလာဒ်အနေဖြင့် ငွေကြေးအောင်မြင်ခြင်း၊
လာဘ်ရှင်ခြင်းအကျိုးတို့ကို သေချာပေါက်ခံစားရပါမည်။ ဤမျှ



အဘယ်ကြောင့် ရေးသားဖော်ပြနေရသနည်း
ဟုမေးလာမူ ဤ စာရေးသူကိုယ်တိုင် (၅)နှစ်
တာမျှ လက်တွေ့ စမ်းသပ်ကြည့်ခဲ့ပြီး ဖြစ်ပါ
သည်။

စာရေးသူကိုယ်တိုင်မှာ အလုပ်စားပွဲ
တွင် သော့သုံးချောင်းကိုတွဲ၍ ချိတ်ဆွဲပေး
ထားပါသည်။ အံဆွဲကိုသော့မခတ်ပါက
၎င်း နေရာတွင်လည်း ချိတ်ဆွဲထားနိုင်ပါ
သည်။

စာရေးသူထံ လာရောက်လည်ပတ်
ကြသော မိတ်ဆွေ၊ သူငယ်ချင်းများ

www.burmeseclassic.com

www.burmeseclassic.com





ထဲမှ ရှင်းအဆောင်ကို ယုံကြည်ကြသူများအား သော့သုံးချောင်းတွဲကို ကိုယ်၌ဆောင်စေခြင်း၊ အဆင်ပြေမည့် (အလုပ်)နေရာများ၌ ချိတ်ဆွဲစေခြင်း၊ ငွေသိမ်းစားပွဲ အံဆွဲတွင် ချိတ်ဆွဲစေခြင်း၊ ဈေးရောင်းသော ဗန်းတွင် ကြိုးဖြင့် ချိတ်ဆွဲစေခြင်း၊ နေအိမ်ဘုရားစင်၌ ထားရှိခြင်း၊ ခရီးသွားလာရာ၌ ဆောင်သွားခြင်း စသည်ဖြင့် မျိုးစုံ စမ်းသပ်စေခိုင်းခဲ့ပါသည်။

ထိုအခါ သူ့အတိုင်းအတာနှင့်သူ ဆိုသလောက် လာဘ်ရှင်ခဲ့၊ ကောင်းခဲ့ကြသည်များကို လက်တွေ့သိမြင်ခဲ့ရသည့်အတွက် သော့သုံးချောင်းဖြင့် လာဘ်ရွှင်စေသောနည်းလမ်းအား ဖော်ပြရခြင်းဖြစ်ပါကြောင်း။


စိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com


# အချစ်လှေကားထစ် နှင်းဆီပွင့်ဖတ်အစီအရင်



Romantic (ရိုမန်တစ်) အရမ်းဆန်တဲ့ အချစ်စီရင်နည်း တစ်ခုဖြစ်ပါတယ်။ ဒီအစီအရင်ကို သိလိုက်တာနဲ့၊ ဒါမှမဟုတ် မြင်လိုက်တာနဲ့ကို အချစ်စိတ်ကို နိုးကြွစေတဲ့ အစွမ်းသတ္တိတွေ ဒီအစီအရင်မှာ ပါဝင်လို့နေပါတယ်။

ဒီအစီအရင်ကို သင်လုပ်ထားတာမှန်း သိသွားပြီးနောက်မှာ သင်ချစ်ရတဲ့သူဟာ သင့်အပေါ်မှာ အချစ်စိတ်တွေ တက်လာမှာ အမှန်ပါပဲ။ သင်ချစ်ရသူ မပြောပါနဲ့။ ဒီအစီအရင်ကို မြင်တာနဲ့ကို မြင်တဲ့သူတိုင်း အချစ်စိတ်ကြွစေမယ်လို့ အာမခံနိုင်ပါတယ်။

အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ နှင်းဆီပွင့်ဖတ်များနဲ့ သင့်ချစ်သူတက်လှမ်းမယ့် လှေကားထစ်တို့ လိုအပ်ပါတယ်။ လိုအပ်တဲ့နှင်းဆီပွင့်ဖတ်ရဖို့ နှင်းဆီပန်းများ ဝယ်ထားနိုင်ပါတယ်။

အစီအရင်လုပ်မယ်ဆိုရင် နှင်းဆီပွင့်ဖတ်များရအောင် အရင်ဆုံး နှင်းဆီပန်းကို မိမိလိုအပ်တဲ့အရေအတွက်ကို ဝယ်ပါ။ ဝယ်ပြီးရင် ဒီနှင်းဆီပန်းတွေကို မိမိနဲ့တစ်ညတာအိပ်ရာထဲမှာ အတူထားပြီး အိပ်စက်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com




ဒီနှင်းဆီပန်းရဲ့ ပွင့်ဖတ်လေးတွေကို ကိုယ်နဲ့ နီးနီးကပ်ကပ်ထားတဲ့ အချိန်မှာ ကိုယ့်ရဲ့အချစ်ကို ကိုယ်စားပြုတဲ့ အချစ်သင်္ကေတလေးတွေ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ထားပါ။

ဒီအချစ်သင်္ကေတလေးတွေက သင်ချစ်ရသူရဲ့ အချစ်ကို နိုးကြားစေပြီး သင့်ထံကို သင့်ချစ်သူရဲ့အချစ်ရောက်ရှိလာအောင် လမ်းပြပေးမယ့် လမ်းပြကြယ်လေးတွေလို့ သတ်မှတ်ပါ။ အရမ်း Romantic ဆန်မှုကိုလည်း သင်ဟာ ခံစားပါ။

ကဲ . . အစီအရင်စပြီဆိုရင် သင့်ချစ်သူ အတက်အဆင်း လုပ်မယ့် လှေကားထစ်မှာ သင်နဲ့တစ်ညတာအိပ်စက်ပြီး သင့်အချစ်ရဲ့အချစ်သင်္ကေတအဖြစ် မွေးဖွားလာတဲ့ နှင်းဆီပွင့်ဖတ်လေးတွေကို လှေကားထစ်တွေမှာ ချထားပေးရပါမယ်။




ဒီလို ချထားရာမှာ လှေကား တစ်ထစ်ချင်းစီရဲ့ အလယ်မှာ တစ်ဖတ် (သို့မဟုတ်) သုံးဖတ်၊ ငါးဖတ် မိမိနှစ်သက်သလို ချပါ။ မဂဏန်းဖြစ်ဖို့ လိုအပ်သလို၊ ဟိုဘက် ဒီဘက်မရောက်ဖို့ အလယ်တည့်တည့်မှာ ဖြစ်ဖို့ အရေးကြီးပါတယ်။ သူ(သို့မဟုတ်) သူမဟာ ခြေလှမ်းလိုက်တိုင်းမှာ

www.burmeseclassic.com



နှင်းဆီပွင့်လေးတွေကို မြင်နေရဖို့ အရေးကြီးပါတယ်။



ဖြစ်နိုင်မယ် ဆိုရင် အဆင်းထက်၊ အတက် လှေကားထစ် မှာ ရည်ရွယ်ပြီး ချထား နိုင်ရင် အကောင်းဆုံးဖြစ် ပါလိမ့်မယ်။ ဥပမာအားဖြင့် သင်ချစ်နေတဲ့ကောင်မလေးဟာ သင်နဲ့ တစ်တိုက်ထဲမှာ အပေါ်ထပ်၊ အောက်ထပ်အခန်းနေတဲ့ ကောင်မ လေး တစ်ယောက်ဆိုပါစို့။

သူ အလုပ်(သို့မဟုတ်) ကျောင်းသွားပြီး ပြန်လာတဲ့အချိန်၊ တိုက်လှေကားကို စတက်တဲ့အချိန်မှာ သင်ချထားတဲ့ အချစ်သင်္ကေ တ နှင်းဆီပွင့်ဖတ်လေးများကို မြင်တွေ့သွားဖို့ အရေးကြီးပါတယ်။

အဲဒီမှာ လှေကားထစ်လေးတွေ၌ နှင်းဆီပန်းကို ခြွေပြီး နှင်းဆီပွင့်ဖတ်လေးတွေကို သူမ ခြေတစ်လှမ်း‌လှမ်းလိုက်တိုင်း ကိုယ့်အချစ်သင်္ကေတလေးတွေကို မြင်စေဖို့ နှင်းဆီပွင့်ဖတ်လေး တွေ (၁)ဖတ်၊ (၃)ဖတ်၊ (၅) ဖတ် စသည်ဖြင့် ချထားလိုက်ရုံ ပါပဲ။




ဒီနှင်းဆီပွင့်ဖတ် လေးများကို သင့်ချစ်သူဟာ မြင်တာနဲ့ကို အချစ်စိတ်တွေ နိုးကြွလာပါလိမ့်မယ်။ ကိုယ့် ဘက်ကနေလည်း ဒီနှင်းဆီပွင့် ဖတ်လေးမြင်တာနဲ့ ကိုယ့်ထံကို သူ့အချစ်စိတ်တွေ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com





တုံ့ပြန်လာပါစေလို့ ဆုတောင်းပါ။

(၃)ကြိမ် (သို့မဟုတ်) (၅)ကြိမ်မြောက်မှာ နှင်းဆီပွင့်ဖတ်လေးတွေ သူ့အတွက် ရည်စူးပြီး ချထားသူဟာ ကိုယ်မှန်း သိသာထင်ရှားအောင်၊ သိသွားအောင် လုပ်ဆောင်လိုက်ပါ။ ဒါဆိုရင် သူ့ဘက်ကနေ အချစ်ကို တုံ့ပြန်လာပါလိမ့်မယ်။

သူ့ဘက်က သင်ချထားတဲ့ နှင်းဆီပွင့်ဖတ်လေးတွေကို သုံးကြိမ်(သို့မဟုတ်) ငါးကြိမ်မြင်တွေ့ပြီးပြီဆိုရင် သင့်အချစ်ကို လက်ခံဖို့ ရာနှုန်းအရမ်းများပြီး အိုကေမှာစိုပြေဖို့ပဲ ရှိပါတော့တယ်။ လုပ်မယ်ဆိုရင် (၃)ကြိမ်၊ (၅)ကြိမ် ရက်မပျက်တမ်း ဆက်တိုက်လုပ်သွားဖို့တော့ လိုပါတယ်။

အများစုကို ဤနည်းလမ်းပေးပြီး စမ်းသပ်ကြည့်ရမှာ အားလုံး အဆင်ပြေတာကို တွေ့ရပါတယ်။ သင်လည်း အဆင်ပြေလိမ့်မယ်လို့ ယုံကြည်နိုင်ပါကြောင်း။

ခေတ်သစ်ကို



www.burmeseclassic.com

www.burmeseclassic.com



# သံလိုက်တုံးနှင့် ငွေဝင်စီရင်နည်းလမ်းများ



ငွေသည် "ဒုတိယ ဘုရားသခင်ဖြစ်သည်"ဟူသော လူပြောများသည့် ဤစကားသည် ကျွန်တော်တို့ ငယ်စဉ်ကလေးဘဝ ကတော့ သိပ်ပြီး မမှန်ခဲ့သော်ငြား ယနေ့ခေတ်လို ခေတ်မီ ရုပ်ဝတ္ထု ပစ္စည်းတွေ ကြောက်ခမန်းလိလိ တိုးတက်လာနေသော ခေတ်ကြီးမှာတော့ မှန်သင့်သလောက် မှန်နေလေပြီ။

ဤကဲ့သို့ ဖြစ်လာရခြင်း၏ အဓိကတရားခံမှာ အကျမရှိ၊ အတက်သာရှိသော ကုန်ဈေးနှုန်းများကြောင့် ဖြစ်သည်။ ထိုအခါ ငွေမှာ တန်ဖိုးကျဆင်းလာပြီး ငွေကြေးဖောင်းပွမှုများ ဖြစ်လာပါတော့သည်။


တကယ်တော့ လောကတွင် ငွေဖြင့်ပေးဝယ်၍ မရသော အရာများစွာ ရှိနေပါသည်။ ဥပမာအားဖြင့် ၁) မေတ္တာ၊ ၂) အချစ်၊ ၃) ကုသိုလ်၊ ၄) ကျန်းမာရေး၊ ၅) ပညာပါရမီ၊ ၆) ကံကောင်းခြင်း၊ ၇) ဉာဏ်ကောင်းခြင်း၊ ၈) ဝီရိယကောင်းခြင်း၊ ၉) အကျင့်စာရိတ္တ၊ ၁၀) ငါးပါးသီလ၊ ၁၁) စည်းကမ်း၊ ၁၂) အသိ၊ ၁၃) သတိ၊ ၁၄)



www.burmeseclassic.com

www.burmeseclassic.com





ဆန္ဒ ၁၅) ယုံကြည်ချက် စသည်ဖြင့် အများကြီး ရှိပါသည်။

သို့ပါသော်လည်း လူတစ်ဦးနှင့်တစ်ဦး ဆုံမိကြလျှင် ဖော်ပြပါ အရာများသည် ငုပ်လျှိုးနေကြမည်ဖြစ်ပြီး အရင်ဦးဆုံး တွေ့ကြရမည်မှာ ၁) ရွှေ၊ ၂) ငွေ၊ ၃) ရုပ်ရည်၊ ၄) အဝတ်အစား၊ ၅) ရာထူး၊ ၆) အာဏာ၊ ၇) စည်းစိမ်ဥစ္စာ၊ ၈) အောင်မြင်မှု ဆုတံဆိပ်များ၊ ၉) သန့်ရှင်းသပ်ရပ်မှု၊ ၁၀) ခမ်းနားထည်ဝါမှု စသည့် ဂုဏ်ပကာသနများသာ ဖြစ်ကြပါသည်။

ဇင်းအရာများသည် စင်စစ်တွင် လူ့ဘဝ၏တစ်ထောင့်တစ်နေရာ၌ ပါဝင်သင့်သည့် အရာများဖြစ်သော်ငြား ရှေ့တွင် ဖော်ပြပြီး အတွင်းအဖွဲ့အရည်အသွေးများလောက် အရေးမပါကြချေ။

(မှတ်ချက်။ ။ လူတစ်ယောက်အကြောင်းကိုသိချင်လျှင် ခရီးတစ်ခုကို အတူတူသွားကြည့်ရန် တိုက်တွန်းလိုပါသည်။ စာရေးသူ)

မည်သို့ပင်ဆိုစေကာမူ လူ့ဘဝဟူသည် "ချမ်းသာလျှင် နတ်ပြည်၊ ဆင်းရဲလျှင် ငရဲပြည်"ဖြစ်နေပြီမို့ လူတိုင်း၏သည်းခြေကြိုက်ဖြစ်သော (သို့မဟုတ်) ချမ်းသာရေးအတွက် အထောက်အကူတစ်ခုဖြစ်သော ငွေဝင်နည်းအစီအရင်များစွာအနက်မှ လူတိုင်းအတွက် ပြုလုပ်ရ၊ အဆင်ပြေလွယ်ကူစေမည့် နည်းလမ်းများကို ဖော်ပြလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com


**အသုံးပြုနည်းလမ်း**




ဤနည်းလမ်းကို အသုံးပြုရန်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -

၁) သံလိုက်တုံး နှစ်တုံး (သို့မဟုတ်) လေးတုံး

၂) တားရော့ကတ် နံပါတ်တစ် Magician ကတ်

၃) တစ်ထောင် (သို့မဟုတ်) တစ်သောင်းတန်တစ်ရွက်တို့ဖြစ်ပါတယ်။

စီရင်ပုံကတော့ ဦးစွာ သံလိုက်တုံးပေါ်သို့ တစ်ထောင်(သို့မဟုတ်) တစ်သောင်းတန် တစ်ရွက်ကို တင်ပါ။ အဆိုပါ တစ်ထောင် (သို့မဟုတ်) တစ်သောင်းတန်ကို ပလတ်စတစ်အမာစားနဲ့ ကတ်လောင်းထားရင် ပိုကောင်းပါတယ်။ စာရွက်ကတောင့်ပြီး အပြားလိုက်ဖြစ်နေပါလိမ့်မယ်။

ဒီနေရာမှာ တစ်ထောင်တန်(သို့မဟုတ်) တစ်သောင်းတန်တို့ကို အသုံးပြုရတဲ့အကြောင်းရင်းက တစ်ထောင်တန်ဟာ အစိမ်းနု၊ တစ်သောင်းတန်ဟာ စိမ်းပြာရောင်ဖြစ်တဲ့အတွက်ကြောင့်ပါ။ အစိမ်းရောင်ဟာ ငွေကြေးအစီအရင်များမှာ အဓိကအသုံးပြုရတဲ့ အရောင်ဖြစ်ပါတယ်။

ငါးရာတန်၊ ငါးထောင်တန်တွေဟာ အနီရောင်တွေဖြစ်တဲ့အတွက် ငွေကြေးအစီအရင်မှာ မသုံးရပါဘူး။ အစိမ်းရောင်အများစုပါဝင်နေတဲ့ ငွေစက္ကူကိုသာ အသုံးပြုရမှာ ဖြစ်ပါတယ်။

ပြီးရင် အဲဒီငွေစက္ကူပေါ်ကနေ တားရော့ကတ်ပြားကို ထပ်တင်ပါ။ တားရော့ကတ်ပြားကိုလည်း ပလတ်စတစ်ကတ်လောင်းထားပါ။ ပြီးတဲ့နောက် အဲဒီတားရော့ကတ်ပေါ်ကမှ သံလိုက်တုံး တစ်တုံး(သို့မဟုတ်) နှစ်တုံးတို့ကို တင်ပါ။

www.burmeseclassic.com

www.burmeseclassic.com


ပြီးရင် အလယ်က ငွေစက္ကူကို ဘယ်လက်နဲ့ကိုင်ထားပြီး ညာလက်နဲ့ အောက်ဆုံးက သံလိုက်တုံးလေးကို ရှေ့တိုးနောက်ဆုတ်လုပ်ပေးပါ။ ဒါဆိုရင် အပေါ်အောက် သံလိုက်တုံးနှစ်တုံးနဲ့ ညှပ်ပြီး တားရော့နံပါတ်တစ်ကတ်ပြားလေးဟာ ရှေ့နောက် တစ်ထောင်တန်စက္ကူပေါ်ကနေ ပြေးနေမှာ ဖြစ်ပါတယ်။

ကိုယ့်ကို ဒီကတ်ပြားရဲ့အစွမ်းသတ္တိနဲ့ ဒီကတ်ပြားမှာပါတဲ့ ဂမ္ဘီရပညာရှင်ရဲ့အကူအညီအထောက်အပံ့တို့ကို ရည်မှန်းတိုင်တည်ပြီးမှ -

"ငါ့ဆီကို ငွေတွေ၊ ငွေတွေ ဝင်လာနေပြီ" ဆိုတာကို မျက်စိမှိတ်၊ အာရုံပြုလို့ (၉)ကြိမ်ရွတ်ဆိုပေးရပါမယ်။ နေထွက်ချိန်တိုင်း အချိန်မှန်မှန်ဖြင့် ပြုလုပ်ပေးနိုင်ရင် သင့်ဆီကို အကြောင်းအမျိုးမျိုးဖြင့် ငွေကြေးများ မြောက်မြားစွာ ဝင်လာတာကို အံ့အားသင့်ဖွယ် မြင်ရပါလိမ့်မယ်။

ဂမ္ဘီရနည်းလမ်းများမှာ သံလိုက်ဓာတ်စွမ်းအင်ဟာ အလွန်အရေးပါတဲ့အရာတစ်ခု ဖြစ်ပါတယ်။ စူးရှတဲ့ပုလွေသံမျိုး၊ ပြင်းပြင်းပြပြ ဆွဲငင်တတ်တဲ့အရာတွေဟာ ဂမ္ဘီရစီရင်နည်းများမှာ အသုံးပြုလို့ရတဲ့ ပစ္စည်းများပဲ ဖြစ်ပါတယ်။

**ဒုတိယနည်းလမ်း**

ဒုတိယနည်းလမ်းကတော့ ပံ့သကူကြဲခြင်း အစီအရင်ဖြစ်ပါတယ်။ ထူးခြားဆန်းပြားသလို၊ လက်တွေ့ချက်ချင်း ထိရောက်အကျိုးပြုစေတဲ့နည်းလမ်းလည်း ဖြစ်ပါတယ်။

လူစည်ကားသည့် လမ်းဆုံ၊ လမ်းခွနေရာမှာ အစိမ်းရောင်များများပါဝင်တဲ့ ငွေစက္ကူ တစ်ထောင်တန် တစ်ရွက်ကို ထွက်ကျသလိုလိုဖြင့် ချထားလိုက်ပါ။ (မှတ်ချက်။ ။ ဒီလိုချထားရာမှာ ကိုယ့်အစီအရင်ကို မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့စေရပါ)

ထွက်ကျအောင်လုပ်ဆောင်ပြီးသည့်အခါမှာ ပါးစပ်ကနေလည်း (လေသံတိုးတိုးဖြင့်) အသံတော့ ထွက်ရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဤသို့ ပံသကူကြဲရခြင်း
အကျိုးအားကြောင့်
ကျွန်ုပ်ဆီသို့ ငွေတွေ ဝင်လာမစဲ၊
တသဲသဲ ဝင်လာပါစေသား"လို့ (၃)ကြိမ်ရွတ်ပါ။ ငွေစက္ကူကို အောက်ငုံ့ကြည့်ခြင်း၊ ငွေစက္ကူအပေါ် စိတ်က အမျှင်တန်းနေခြင်း၊ ကြည့်နေခြင်းတို့ မလုပ်ဘဲ ထိုကဲ့သို့ ငွေစက္ကူကိုချ၊ ပြောဆိုပြီးတာနဲ့ အောက်နဲ့နောက်သို့ လုံးဝ ပြန်လှည့်မကြည့်ဘဲ မျက်လုံးဦးတည်ရာ အရှေ့ဘက်ဆီသို့ ဆက်လက်ထွက်ခွာ သွားရမှာဖြစ်ပါတယ်။

**ဒုတိယနည်းလမ်း**

နောက်တစ်ခုကတော့ တိရစ္ဆာန်အစာကျွေးပြီး ငွေအဝင်ကြမ်းတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒီနေရာမှာတော့ ခွေးကျွေးရမှာဖြစ်ပါတယ်။ သူများ အိမ်ရှေ့မှာ သွားမကျွေးပါနဲ့။ အိမ်ရှင်ကို အနှောင့်အယှက်မဖြစ်ပါစေနှင့်။

မိမိဘာသာ နေရာလွတ်တစ်ခုကို ရှာဖွေပြီး ခွေးများကို အဲဒီနေရာအထိ ခေါ်ဆောင်ကာ ကျွေးမွေးရမှာ ဖြစ်ပါတယ်။ စီရင်ခံ့တာတော့ ငှက်ပျောဖက်များပေါ်သို့ ထမင်းကျန်၊ ဟင်းကျန်များထည့်ပြီး လမ်းဘေးမှာနေထိုင်ကျက်စားတဲ့ ခွေးလေခွေးလွင့်များကို သဒ္ဓါ ကြည်ဖြူစွာ ကျွေးရမှာ ဖြစ်ပါတယ်။

သတိပြုရန်မှာ ဖော်ပြပါ နည်းလမ်းများထဲမှ ပံ့သကူကြဲခြင်းနှင့် ခွေးအစာကျွေးခြင်းတို့ကို နေ့အခါတွင် မပြုလုပ်လိုပါက ညအချိန်တွင်လည်း ပြုလုပ်နိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

လူတိုင်း ကိုယ်၊ စိတ်၊ နလုံး(၃)ပါးလုံး ချမ်းသာကြပါစေ။


စိုးမိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com



# နတ်ကောင်း၊ နတ်ဆိုးနှင့် ကောင်းခြင်း၊ ဆိုးခြင်းများ



အလွန်မှန်ကန်ပါတယ်ဆိုတဲ့ ဗေဒင်ထက်ပိုပြီး တိကျမှန်ကန်တဲ့ တွက်နည်းတစ်မျိုး ဖြစ်ပါတယ်။ သင့်ကို ဒီအရာက သင့်ရဲ့ရောက်ရှိဆဲ တစ်နှစ်တာအတွင်း အကောင်းအဆိုးကို ဖော်ထုတ်ပေးမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့နေထိုင်တဲ့ ဘဒ္ဒကမ္ဘာကြီးမှာ နတ်ကောင်း၊ နတ်မြတ်များရှိသလို၊ နတ်ဆိုးများလည်း ရှိပါတယ်။ (၇)ရက်သားသမီးလို့ခေါ်တဲ့ လူသားတို့ရဲ့သက်ဆိုင်ရာမွေးဖွားရာအလိုက် နေ့(၈)နံကို တစ်နှစ်လျှင် တစ်ပါးကျစီ စောင့်ရှောက်တဲ့ နတ်(၈)ပါးရှိပါတယ်။

ဒီနတ်(၈)ပါးမှာ (၄)ပါးက နတ်ကောင်းများဖြစ်ပြီး ကျန် (၄)ပါးက နတ်ဆိုးများ ဖြစ်ပါတယ်။ နတ်ကောင်း(၄)ပါးရဲ့ အမည်များကတော့ -

၁) စိတ္တနတ်သား



www.burmeseclassic.com

www.burmeseclassic.com





၂) ကာယနတ်သား
၃) သဒ္ဒနတ်သား
၄) မာနနတ်သားတို့ ဖြစ်ပြီး

နတ်ဆိုး(၄)ပါးရဲ့ အမည်များကတော့ -

၁) ဝီရိယနတ်သား
၂) သောကနတ်သား
၃) ပုညနတ်သား
၄) ဆန္ဒနတ်သားတို့ ဖြစ်ပါတယ်။

အမှန်မှာတော့ နတ်(၈)ပါးစလုံးမှာ အကောင်း၊ အဆိုး ရောယှက်နေပြီး အဆိုးဘက်ပိုများ၍ အပြစ်ပေးမှု ပြင်းထန်တဲ့နတ်ကို နတ်ဆိုးလို့ သမုတ်ရခြင်းဖြစ်ပါတယ်။

ယေဘူယျအားဖြင့် နတ်ကောင်းစောင့်ရှောက်တဲ့နှစ်မှာ ကျရောက်သူဟာ အဲဒီတစ်နှစ်တာအတွင်း ကောင်းတာတွေ ဖြစ်ပါတယ်။ နတ်ကောင်း၊ နတ်မြတ်စောင့်ရှောက်တဲ့နှစ်မို့ သူ့အတွက်ကောင်းတဲ့နှစ်လို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့် နတ်ဆိုးစောင့်ရှောက်တဲ့နှစ်မှာ ကျရောက်နေသူဆိုပါက ကိုယ့်အတွက် အစစအရာရာ ကောင်းမွန်ဖို့ရာ ယတြာချေခြင်းများ၊ အစီအရင်များဖြင့် ကံကောင်းအောင်၊ ကံမညံ့အောင်ပြုလုပ်ထားဖို့ လိုအပ်ပါတယ်။

နတ်ဆိုးစောင့်ရှောက်တဲ့နှစ်မှာ မိမိရဲ့ကျန်းမာရေးနှင့်တော်တဆထိခိုက်မှုများကို အထူးသတိထားရှောင်ရှားပါလို့ မှာချင်ပါတယ်။ အဲဒီနှစ်ဟာ သင့်အတွက် မကောင်းကျိုးပေးမယ့်နှစ်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ကဲ . . အခုတော့ သင့်ရဲ့လက်ရှိ၊ ရောက်ရှိ တစ်နှစ်တာမှာ နတ်ကောင်း၊ နတ်ဆိုး ဘယ်သူကစောင့်ရှောက်နေသလဲဆိုတာကို ဆန်းစစ်တွက်ချက်ကြည့်ရမယ့် နည်းလမ်းကို ဖော်ပြပေးပါမယ်။

ရောက်ရှိဆဲနှစ်တွင် သင့်သည် မည်သည့်နတ်သား၏ စောင့်ရှောက်မှုအောက်၌ ရောက်ရှိနေသည်ကို သိလိုပါက -

၁) အသက်ကိုတည်
၂) ၈ နဲ့စား
၃) အကြွင်းကို ကြည့်ရပါမယ်။

အသက်ကိုတည်ဆိုတဲ့နေရာမှာ သင်ဟာ (၂၂)နှစ်ပြည့်ပြီးပါက (၂၃)နှစ်လို့ ယူရမယ်။ (၂၃)နှစ်ပြည့် မွေးနေ့မရောက်ခင်အထိ သင့်ကို (၂၃)နှစ်လို့ သတ်မှတ်ပါတယ်။



ဥပမာအားဖြင့် အသက် (၂၃)နှစ်ရှိတဲ့ ကြာသပတေးသားတစ်ယောက်၊ မည်သည့် နတ်သား၏ စောင့်ရှောက်မှုအောက်မှာ ရောက်ရှိနေသလဲဆိုတာကို တွက်ကြည့်မည်ဆိုပါက -

(၂၃)နှစ်ကိုတည်ပြီး (၈)နဲ့စားတဲ့အခါ အကြွင်း(၇) ထွက်လာပါတယ်။ ဒါကြောင့် ကြာသပတေးရဲ့မူလဗုညနတ်သား၏ နတ်ဗိမာန်ကစ၍ (၁)



www.burmeseclassic.com

www.burmeseclassic.com




ဆိုပြီး ရေတွက်ပါ။


ဖော်ပြပါပုံ အတိုင်း အကြွင်း (၇) ရသည် အထိ လက်ယာရစ် အစဉ်လိုက် ရေတွက်သွားပါက သဒ္ဒနတ်သား၏ ဗိမာန်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ကြာသပတေးသား (၂၃) နှစ်အရွယ်ရှိ သင့်ကို အဲ့ဒီတစ်နှစ်တာအတွင်း မှာ နတ်ကောင်းသဒ္ဒနတ်သားက စောင့်ရှောက်နေတယ်လို့ မှတ်သူရမှာ ဖြစ်ပါတယ်။

ဒါဆိုရင် ရောက်ရှိဆဲနှစ်ကို ကောင်းတဲ့နတ်သားစောင့်ရှောက်သလား၊ ဆိုးတဲ့ နတ်ဆိုးက စောင့်ရှောက်သလားဆိုတာကို မှန်မှန်ကန်ကန် တွက်စစ်ကြည့်နိုင်မှာဖြစ်ပါတယ်။ ထပ်မံ မှာကြားပါရစေ။ နတ်ဆိုးစောင့်ရှောက်တဲ့နှစ်မှာ ကျန်းမာရေးနှင့် မတော်တဆထိခိုက်မှုတို့ ဆိုးဆိုးဝါးဝါးဖြစ်တတ်လို့ သတိထားပါလို့ မှာချင်ပါတယ်။

အဲဒီအချိန်ဟာ သင့်အတွက် ဗြိုဟ်စီးဗြိုဟ်နင်း ညံ့ဖျင်းပြီး ဆုံနိမ့်နေတဲ့အချိန်ဖြစ်လို့ ပြစားတိုက်ခိုက်သူရှိရင်လည်း ခံရနိုင်ပါတယ်။ ဒါကြောင့် အစစအရာရာ မထိခိုက်ရအောင် ကာကွယ်မှုများ ပြုထားပါလို့ မှာချင်မိပါကြောင်း။


www.burmeseclassic.com

# ခြောက်ထောင့်ကြယ်နှင့် အစွမ်းထက်အစီအရင်




ခြောက်ထောင့်ကြယ်ကို အကာအကွယ် အစီအရင်အဖြစ် အသုံးပြုနည်း ဖြစ်ပါတယ်။ စုန်းတိုက်၊ ကဝေတိုက်၊ ဘယ်လို အတိုက်မျိုးကိုပဲဖြစ်ဖြစ် ကာကွယ်နိုင်သလို၊ လမ်းခရီးသွားလာရာမှာ အစားအနေရှောင်စရာမလိုဘဲ ရန်အပေါင်းမှ အလိုအလျောက် ကာကွယ်ပေးနိုင်တဲ့ ခြောက်ထောင့်ကြယ် အစီအရင် ဖြစ်ပါတယ်။

ကံဇာတာညံ့ဖျင်းနေရင်တောင် မဖြစ်သင့်တာတွေ မဖြစ်ရအောင် ဒီအဆောင်ကို ဆောင်ထားသင့်ပါတယ်။ အစွမ်းထက် ခြောက်ထောင့်ကြယ်တစ်ခုကို စီရင်ရာမှာ အခုအစီရင်၌ မည်သည့် မန္တန်ကိုမှ ရွတ်ဆိုစရာမလိုဘဲ ဖော်ပြပါအတိုင်း မှန်မှန်ကန်ကန် စီရင်နိုင်ဖို့ပဲ လိုပါတယ်။

သက်ဆိုင်ရာနေ့သားအလိုက် အရွက်ကို မှန်ကန်စွာရွေးချယ်နိုင်ဖို့ လိုအပ်ပါတယ်။ အရွက်နဲ့စမကို ပေါင်းစပ်ပြီး ကာဗွဲ မတွန့်စေရဆိုတဲ့ နည်းအတိုင်း စီရင်ပါ။

၁) တနင်္ဂနွေသားသမီးအတွက် မရမ်း



www.burmeseclassic.com

www.burmeseclassic.com





၂) တနင်္လာသားသမီးအတွက် သပြေရွက်

၃) အင်္ဂါသားသမီးအတွက် ခရေရွက်

၄) ဗုဒ္ဓဟူး၊ ရာဟုသားသမီးအတွက် စံပယ်ရွက်

၅) ကြာသပတေးသားသမီးအတွက် စွယ်တော်ရွက်

၆) သောကြာသားသမီးအတွက် သီတောက်ရွက်

၇) စနေသားသမီးအတွက် ခလကာရွက်တို့ဖြစ်ပါတယ်။ တနင်္ဂနွေသားသမီးအတွက် မရမ်းရွက်မရရင် သစ္စာပန်း အရွက်အပြားမှာရေးပြီး ဆောင်နိုင်ပါတယ်။

အရွက်ကြီးရင် အရွက်အလယ်ကနေ ဘယ်ညာ(၂)လက်မစီလောက်ဖြတ်ပြီး လေးထောင့် အရွက်အပြားလေးအဖြစ်လည်း ဆောင်နိုင်ပါတယ်။

သက်ဆိုင်ရာအရွက်တွေရပြီဆိုရင် ကိုယ့်မွေးနေ့ နံနက်(၉)နာရီမှာ ခြောက်ထောင့်ကြယ်ကို ပုံမှာပြထားတဲ့အတိုင်း စဆွဲပါမယ်။ ပြီးရင် စ၊ ဓ၊ ဗ၊ ဝ အစွမ်းထက် စမအက္ခရာလေးလုံးကို ဘေးကနေရံမယ်။ ပြီးတော့ ဘေးမရှိရအောင် နဘယံကို န၊ ဘ၊ ယံတို့ကို အစဉ်အတိုင်း ရေးဆွဲသွားပါမယ်။

ပြီးရင် ကိုယ့်မွေးနံကို အလယ်မှာထည့်ပါ။ ပုံမှာပြထားတာကတော့ တနင်္လာသားသမီးအတွက်ဖြစ်လို့ (၂)ဂဏန်းကို ထည့်ထားပါတယ်။ ပြီးတော့မှ နဝယ်ပေါ်ကနေ အမှောင်ပယောဂနဲ့ အဆိုးအညစ်များ လွတ်ကင်းစေလို့ရွတ်ဆိုပြီး အတွန့်လေးကို ထည့်ထိုက်ပါ။

ဒါဆိုရင် သင့်အစီအရင်ဟာ အောင်မြင်စွာပြီးဆုံးပြီဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီခြောက်ထောင့်ကြယ်နဲ့အရွက်၊ အစွမ်းထက်စမလေးလုံးနဲ့ နဘာယံအစွမ်းတို့ကို ထည့်သွင်းထားတဲ့ သက်ဆိုင်ရာအရွက်လေးကို ကိုယ့်အတွက် အကာအကွယ်ကာဗာအစီအရင်တစ်ခုအဖြစ် ဆောင်ထားနိုင်ပါပြီ။

ပြီးရင် ဒီအဆောင်လေးကို ပလတ်စတစ်လောင်းပြီး ပိုက်ဆံအိတ်အထဲမှာ ဆောင်ထားနိုင်ပါတယ်။ ပလတ်စတစ်လောင်းလို့ အရွက်နည်းနည်းညိုသွားပေမယ့် အကာအကွယ်အစွမ်းကတော့ မလျော့နိုင်ပါဘူး။

ဒီအဆောင်လေးကို အကာအကွယ်ပစ္စည်းအဖြစ် ပလတ်စတစ်လောင်းပြီးဆောင်ပြီဆိုတဲ့နေ့မှာ အလှူခံပုဂ္ဂိုလ်တစ်ဦးဦးကို တစ်ထောင်တန်တစ်ရွက် လှူဒါန်းပါ။ နောက် လစဉ်၊ လစဉ်တိုင်းမှာ အဲ့ဒီနေ့ရောက်တိုင်း တစ်ထောင်တန်တစ်ရွက်ဆီ လှူဒါန်းပေးပါ။ ဒါဆိုရင် သင်ဟာ ဒီအဆောင်လေးကို တစ်သက်တာလုံး ကိုယ့်အတွက် အကာအကွယ်ကာဗာအဆောင်အဖြစ် ဆောင်နိုင်ပါပြီ။


မပျောက်ပျက်မချင်း ဒီအဆောင်လေးက သင့်ကို ဘေးအန္တရာယ်များ မကြုံရအောင် တတ်နိုင်သမျှ ကာကွယ်ပေးထားမှာဖြစ်ပါတယ်။ ပျောက်သွားခဲ့ရင်လည်း ဖော်ပြပါနည်းလမ်းများအတိုင်း ပြန်လည်စီရင်ပြီး ဆောင်နိုင်ပါကြောင်း မိတ်ဆွေတို့ရဲ့ အကျိုးမျှော်ကိုးပြီး ဖော်ပြလိုက်ရပါတယ်။

ကိုးကား - နဝင်းသီဟ



www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





"အင်းကောင်းလျှင် တစ်ကွက်၊ ဆေးကောင်းလျှင် တစ်စက်"ဟု ဆိုရိုးစကားရှိပါသည်။ "အင်း"ဆိုသည်ကား မျဉ်းကွက်များအတွင်း ဂဏန်းနှင့် အက္ခရာများ သွတ်သွင်း၍ စီမံရေးဆွဲခြင်း ဖြစ်သည်။

သွတ်သွင်းပုံခြင်းတော့ ကွာခြားလေ၏ ။ အင်းပညာ ထူးချွန်ပါက အခြားသော ထွက်ရပ်ပညာများထက် ပို၍ စွမ်းသည် ဆို၏ ။

အင်းပညာနှင့် ပတ်သက်၍ အင်းချရာ၌ အက္ခရာတစ်ကွက်မှ တစ်ကွက်သို့ကူးရာတွင် အသွားအမျိုးမျိုး ရှိနေလေ၏ ။ အသွားမှန်၊ အက္ခရာလည်း ပီသမှ အကျိုးဖြစ်ထွန်းပါ၏ ။ အင်းအကြောင်းကို အထူးလေ့လာ၍ ဓာတ်နက္ခတ်တို့ကိုလည်း နားလည်ရ၏။ နက္ခတ်ကောင်းကြုံချိန်၌ အင်းတို့ကို စီရင်သော် အောင်မြင်၍ အစွမ်းထက်လေ၏ ။

အင်းမျဉ်းကွက်များအတွင်း အက္ခရာများ သွတ်သွင်းမှုရှိလေရာ အက္ခရာ (က)အစ၊ (အ)အဆုံး၊ (၃၃)လုံးသော ဗျည်းအက္ခရာတို့၏အစွမ်းကို အောက်ပါတိုင်း မှတ်ထားသင့်ပါ၏ ။

က) ပထဝီမြေကြီးနှင့်တူ၍ ဣဋ္ဌိပါတ်နှင့် ပြည့်စုံစေ၏။

ခ) ခုနစ်ရက်သားသမီးတို့ ချစ်ခင်လေးမြတ်၏။

ဂ) သိကြားမင်းကဲ့သို့သော နတ်ကောင်း၊ နတ်မြတ်ကို တွေ့ရစေတတ်၏။

ဃ) မိုးကြိုး၊ လောင်မီးတို့မှ ကင်းလွတ်စေ၏။

င) တိရိစ္ဆာန်တို့ကို စိတ်ဖြင့်ငေါက်၍ တားမြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com





စ) စစ်မက်၊ ဗိုလ်ပါများ ပြည့်စုံစေနိုင်၏။
ဆ) အစွယ်ရှိသော သတ္တဝါများအား နိုင်နင်း၏။
ဇ) သစ်၊ ကျားသတ္တဝါကို နိုင်နင်း၏။
ဈ) နတ်မိစ္ဆာအပေါင်းကို နိုင်နင်း၏။
ည) နဂါး၊ ဂဠုန်တို့ကို နိုင်နင်း၏။
ဋ) နတ်အပေါင်းကို နိုင်နင်း၏။
ဌ) ဖုတ်၊ ပြိတ္တာအပေါင်းကို နိုင်နင်း၏။
ဍ) ရေကြီးစေနိုင်၏။
ဎ) ရေထွက်စေနိုင်၏။
ဏ) မီးလောင်စေနိုင်၏။
တ) ဆွေမျိုးအပေါင်းကို သြဇာညောင်းနိုင်၏။
ထ) ရန်အပေါင်းကို နိုင်နိုင်၏။
ဒ) အမျိုးမျိုးသော လက်နက်တို့ကို နိမ်နင်း၏။
ဓ) သေနတ်၊ အမြှောက် နိုင်နင်း၏။
န) မိုးကြိုး၊ လောင်မီးကျစေနိုင်၏။
ပ) ရေ၌ သောင်ထွန်းစေနိုင်၏။
ဖ) ကာယသိဒ္ဓိ ပြီးမြောက်စေနိုင်၏။
ဗ) ပေါ့ပါး၊ လျှင်မြန်စေနိုင်၏။
ဘ) ရေအနိုး တက်စေနိုင်၏။
မ) အာကာသကို အစိုးရ၏။
ယ) အမှုကို ပြီးမြောက်စေနိုင်၏။
ရ) မိုးရွာသွန်း စေနိုင်၏။
လ) ဆေး၊ အဆိပ်ပြယ်စေ၏။
ဝ) စိတ်၊ နှလုံးကို ကြည်လင်စေ၏။
သ) မှန်တိုင်းကို ကျစေနိုင်၏။
ဟ) ဓာတ်လေးပါးကို ငြိမ်းစေနိုင်၏။
ဠ) ဆေးဝါးတို့ကို ထက်မြက်စေနိုင်၏။
အ) ရုပ်ကို ပြောင်းလဲစေနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



## * စမ,အင်း အသုံး *

ယင်းသို့ (အက္ခရာများ၊ စမများ)သည် အသီးသီး တန်ဖိုးရှိကြလေရာ အောက်ဖော်ပြပါ (ငှ၊ ည၊ စ၊ ဗ) စမလေးလုံးအင်းနှင့် အသုံးချပုံများကိုကြည့်လျှင် အက္ခရာများ၊ စမများ၏ စွမ်းအင်သတ္တိထူးကို သိရှိနိုင်ပါ၏။

| | | | |
|---|---|---|---|
| ငှ | သ | သ | ငှ |
| သ | ငှ | ငှ | သ |
| သ | ငှ | ငှ | သ |
| ငှ | သ | သ | ငှ |

| | | | |
|---|---|---|---|
| စ | ဓ | ဓ | စ |
| ဓ | စ | စ | ဓ |
| ဓ | စ | စ | ဓ |
| ဓ | ဓ | ဓ | စ |

| | | | |
|---|---|---|---|
| ည | ခ | ခ | ည |
| ခ | ည | ည | ခ |
| ခ | ည | ည | ခ |
| ည | ခ | ခ | ည |

| | | | |
|---|---|---|---|
| ဗ | ဝ | ဝ | ဗ |
| ဝ | ဗ | ဗ | ဝ |
| ဝ | ဗ | ဗ | ဝ |
| ဗ | ဝ | ဝ | ဗ |

ယင်း စမ လေးလုံးအင်းကို သုံးလိုမူ -

“ငှ”ကို အစပြု၍ ချသောအင်းကို သိမ်ဝင်သပိတ်ကွဲ၌ ချ၍ ဆောင်ပါမူ အမှုခပ်သိမ်း မဖြစ်နိုင်။

“ည”ကို အစပြု၍ ချသောအင်းကို သိမ်ဝင်သပိတ်ကွဲ၌ ချ၍ ရေနက်ရာ၌ချသော် သောင်ထွန်း၏။

“စ”ကို အစပြု၍ ချသောအင်းကို လက်ဖွဲ့လုပ်၍ဆောင်မူ စုန်း၊ တစ္ဆေ၊ မြွေ၊ ဖုတ်တို့ အန္တရာယ်မပြုနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဗ"ကို အစပြု၍ ချသောအင်းကို သိမ်ဝင်သပိတ်ကွဲ၌ ချ၍ အိမ်၏ထောင့်လေးထောင့်တွင် မြှုပ်ထားမှု သူခိုးတို့မဝင်နိုင်။

ထို့ပြင် ယင်းအင်းလေးခုကိုပင် လက်ဖွဲ့ထိုး၍ ဆောင်မှု ခံသိမ်းသော ရန်သူတို့မှကင်းကွာ၍ သူတစ်ထူးတို့ ချစ်မြတ်နိုး တုန်၏ ။




### * အဆောင်စမပုံများ *

တစ်ကြောင်းဆွဲ (စ.ဓ.ဗ.ဝ) စမ ဖြစ်ပါသည်။ အဆောင်အဖြစ် ထားရှိပါလျှင်မှုကား အန္တရာယ်ရန်စွယ်အပေါင်းတို့မှ ကင်းပစေသည်။



တစ်ကြောင်းဆွဲ (စ.ဓ.ဗ.ဝ) စမ ဖြစ်ပါသည်။ အိမ်အဝင်ဝတွင် ကပ်ထားပါက အနှောင့်အယှက်များ ကင်းပစေပါလိမ့်မည်။




ဤစမပုံကို ငွေပြား၊ ကြေးပြား၊ စက္ကူပေါ်တွင် ကပ်ပြီး အဆောင်အဖြစ် ထားရှိပါက ဘေးအန္တရာယ် အသွယ်သွယ်မှ ကင်းရှင်းစေပါသည်။



www.burmeseclassic.com


www.burmeseclassic.com





ဖော်ပြထားသော စမဘုရားပုံ "အ.ကာလိကော" အင်းကို ကြက်လျှာ အနီတစ်ခုတွင် ကပ်၍ (၇)ရက် လှူဒါန်းထားပါ။ မည်သည့် အခက်အခဲဖြစ်စေ၊ အောင်မြင်ပြီးဆုံးသွားပါလိမ့်မည်။

မိမိအလိုရှိသော မြေ၊ အိမ်၊ မော်တော်ကား၊ တယ်လီဖုန်း စသည်တို့ အလိုရှိပါက ဖီးကြမ်းငှက်ပျောသီး(၁၀)လုံးကို ကြွေပန်းကန်ပြားတွင် အခွံနွာ၍ထည့်ပြီး ထိုငှက်ပျောသီးအပေါ်တွင် သကြား (၁၀)ကျပ်သား ဖြူးပြီးပါက ဖယောင်းတိုင်အဖြူ(၁)တိုင်ကို ထိုအပေါ်တွင် ဖော်ပြပါ (စမ)ပုံကို ကပ်၍ သကြားဖြူးထားသော ငှက်ပျောသီးအပေါ်တွင် တင်၍ ပူဇော်ရပါမည်။ တနင်္ဂနွေနေ့နှင့် သောကြာနေ့တို့တွင် နံနက်(၅)နာရီအချိန်၌ ပူဇော်ထွန်းညှိ၍ လိုရာဆု တောင်းပါလေ။



လိုအပ်သောပစ္စည်းများ -

၁) ဖီးကြမ်းငှက်ပျောသီး (၁၀)လုံး

၂) ကြွေပန်းကန်ပြား(၁)ချပ်

၃) သကြား (၁၀)ကျပ်သား

၄) ဖယောင်းတိုင်(၁)တိုင်

၅) သိကြားမင်းစမပုံ(၁)ရွက်

တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရတနာသုံးပါးအင်း

| | | | | | |
|---|---|---|---|---|---|
| ဗု | ရ | ဏ္ဍာ | ဓ | ရ | ဏ္ဍာ |
| ဂ | | ဒ္ဓံ | ဂ | | မ္မံ |
| သ | မိ | ဏံ | သ | မိ | ဏံ |
| အ | ဒ္ဓု | နှ | သံ | ရ | ဏ္ဍာ |
| အ | | နှိ | ဂ | | ယံ |
| စ္စာ | တ္တာ | က္ခ | သ | မိ | ဏံ |

ဖော်ပြပါ "ရတနာသုံးပါးအင်း" ရေးထားသော အင်းကို မိတ္တူကူး၍ အင်း၏ အလယ်ရှိ အကွက်ရာမပါသော လစ်လပ်အကွက်လေးကွက်တွင် မိမိအလိုရှိရာကို ရေးသွင်းပါ။

(ဥပမာ - အိမ် ဆောင်းရစေ၊ ငွေပြန်ရစေ စသည်ဖြင့် မိမိအလိုရှိရာကို ရေးပါ။)

ထို့နောက် ထိုရေးပြီးသား အင်းကွက်ကို ကြွေပန်းကန်ပြား တစ်ခု၏ အလယ်တည့်တည့်တွင် ကပ်ထားပြီး ထိုအင်းစက္ကူပေါ်၌ ဖယောင်းတိုင်တစ်တိုင်ကို ထွန်း၍ လိုရာဆုတောင်းပါ။ (၅)ရက်ပြည့်သည်အထိ ထွန်းညှိပူဇော်ရပါမည်။

မည်သည့်ကိစ္စမဆို အလိုရှိသလို အသုံးပြုနိုင်ပါသည်။

## သမ္ဗုဒ္ဓေအင်း

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သ | ကေ | မ | ပွ | | | |
| | သိ | သ | သာ | အ | မှု | ပ | ဟံ | သ | |
| | အာ | တော | ဋိ | မာ | ဥ | နေ | ဒွိ | ဋ္ဌိ | |
| ရှ | ဓာ | ရ | ဟာ | သ | ဝေ | ဒွေ | ဇွေ | တေ | တွာ |
| ဒွိ | သ | ဒ | န | ဝ | မ | သေ | က | အ | သ |
| န | န | သ | ဒ | အ | ဘ | ဝိ | ဟံ | ဟိ | သံ |
| ဒွိ | ယ | ဘာ | ယာ | မ | သာ | န | ဏ္ဍ | တ | ဋ္ဌ |
| | နိ | ဒ္ဓါ | ဿု | ဝေ | ရာ | န | န | ဓ | |
| | နု | သံ | သာ | ဥ | ကာ | မ္မ | သ | ဝိ | |
| | | | ရာ | ဥ | ဟာ | သ | | | |

သမ္ဗုဒ္ဓေ ဂါထာတော်များသည် သာမန် ရတနတ္တယ ပဏာမ ဂါထာမျိုး မဟုတ်ဘဲ လောကီ အကျိုးဘက်တွင်ပါ အကျိုးရှိပါသည်။ အဆိုပါ အင်းသည် လိုတိုင်းရစေသော မန္တန်တော်ကြီးဖြစ်၍ လိုအင်သလို အသုံးပြုနိုင်သော




www.burmeseclassic.com

www.burmeseclassic.com



အင်းဖြစ်ပါသည်။ ဉာဏ်ရှိသလို ပြုလုပ်ကြပါလေ။

## ရတနာဒီပံ အင်းတော်ကြီး



ကံဇာတာနိမ့်၍ ယှဉ်ပြိုင်ပွဲများတွင် အနိုင်ရစေရန် အထက်ပါအင်းတွင် "နံ" နေရာ၌ မိမိ မွေးဖွားသော နံကိုထည့်၍ ဤစာရွက်အား မိတ္တူကူးပြီး ဖယောင်းတိုင်တွင်ပတ်ပါ။ ဘုရားစင်အနီး မြင့်မြတ်သော နေရာ၌ ရှင်းအင်းပတ်ထားသော ဖယောင်းတိုင်ကို ဆီမီးထွန်း၍ နံနက်အရုဏ်တက်တွင် ငါးပါးသီလ ခံယူပြီး ထိုဖယောင်းတိုင် ကုန်သည်အထိ ထွန်းပေးပါက ကံဇာတာများ တက်လာပြီး ယှဉ်ပြိုင်ပွဲများတွင်လည်း အနိုင်ရရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



စီးပွားလာဘ်ရွှင်၍ အန္တရာယ်၊ ရန်စွယ်အပေါင်းတို့မှ ကင်းပ စေရေးအတွက် အထက်ပါ စီးပွားလာဘ်ရွှင်၊ အန္တရာယ် ရန်စွယ် ကင်းစေသော "ရတနာဒီပံအင်းတော်ကြီး"ကို ဖယောင်းတိုင်တွင် ထော်၍ တစ်နေ့လျှင် တစ်တိုင်နှုန်းဖြင့် (၅)ရက်တိတိတိုင်အောင် ထွန်းညှိပူဇော်ပေးပါ။

(မှတ်ချက်- အကျိုးထူးစေရန်အတွက် မိမိမွေးနေ့၊ နံနက် (၉:၄၅)နာရီအချိန်တွင် ထွန်းညှိပူဇော်ပါလေ။)

## ကုဏ္ဍာသယသမ္ဗုဒ္ဓေ အင်းတော်ကြီး

| | | | | | |
|---|---|---|---|---|---|
| သ | မ္ဗု | ဒ္ဓေ | ဒ္ဒိ | ဒ | သ |
| ဋ္ဌ | ဘေးရန်<br>ကင်းစေ | အ | ကေ | ဆင်းရဲ<br>ကင်းစေ | ဋ္ဌ |
| သ | ဝိ | ဠ | သာ | ဟ | သ |
| န | မာ | မိ | ပ | ဋ္ဌ | သ |
| ဟံ | တန်ခိုး<br>ကြီးစေ | သိ | နို | ချမ်းသာ<br>တည်စေ | တ |
| မ | သာ | ရ | သာ | ဟ | သ |

ကုဏ္ဍာသယ သမ္ဗုဒ္ဓေ အင်းတော်ကြီး

၍"ကုဏ္ဍာသယသမ္ဗုဒ္ဓေ အင်းတော်ကြီး"သည် စစ်ကိုင်း တိုင်းဒေသကြီး၊ မုံရွာမြို့၏ အရှေ့တောင်ဘက် (၇)မိုင်အကွာရှိ သီဟိုဠ်သမ္ဗုဒ္ဓေစေတီတော် တောင်ဘက်ရှိ "တိရတနပါသာဒ"ပြသာဒ် စေတီတော်နံပါးမှ ရရှိသည်။

ဇယားကွက်၏အလယ်တွင်ရှိသော "ချမ်းသာ ဆင်းရဲ၊



www.burmeseclassic.com


www.burmeseclassic.com


တန်ခိုးကြီး၍ ဘေးရန်ကင်းစေသော အင်းချထားခြင်းဖြစ်၍ အလို ရှိသလို ဆောင်နိုင်ပါသည်။

## နမောတဿ အင်းလက်ဖွဲ့

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဝ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |

အထက်ပါ နမောတဿအင်းကို မိတ္တူကူးယူ၍ ဖယောင်းတိုင်တွင် ပတ်ပါ။ လာဘ်လာဘရရန်အတွက် ခရီးသွားရာတွင် အထက်ပါ နမောတဿအင်း ဖယောင်းတိုင်ကို ထွန်းညှိ၍ ခရီးသွားလာပါက လာဘ်လာဘ ရရှိပါလိမ့်မည်။



### ပစ္စည်းဥစ္စာများ ပြန်ရသည့် စမ

အဖိုးတန်ပစ္စည်းဥစ္စာများ ပျောက်ရသည့်အခါမျိုးတွင် တစ်ဘက်ပါဖော်ပြထားသော စမပုံကို ကူးယူ၍ ဖယောင်းတိုင်တွင်ပတ်ပြီး ပစ္စည်းထားသောနေရာတွင် ထွန်းပါလေ။

ပစ္စည်းပျောက်ပြီး ရက်ပိုင်းအတွင်း ပြန်လည်ရရှိပါလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com


### သံပြာချုပ် လက်ဖွဲ့အင်း

ဤအင်းကို ရွှေပြား၊ ငွေပြားတွင် လက်ဖွဲ့ထိုး၊ အင်းဆံ -

"ဥုံ- ယက္ခ ယက္ခာ လာယန္တိ" နှင့် (၃၇)အုပ်စုပ်၍ အစွဲရှိသော ကလေးများ၏ လည်ပင်းတွင် ချည်ပေးထားပါ။

| | | |
|---|---|---|
| ဥုံ | ယ | လာ |
| ဖ | ဗိန္ဒ | ယ |
| က္ခ | ယ | က္ခာ |

### ရွှေဖျဉ်းညီနောင်အင်း

| | | | |
|---|---|---|---|
| ဗ | ဂ | ဂ | ဗ |
| မ | နု | နု | မ |
| မ | နု | နု | မ |
| ဗ | ဂ | ဂ | ဗ |

| | | | |
|---|---|---|---|
| ဗ | ဝ | ဝ | ဗ |
| ဂ | ဓ | ဓ | ဂ |
| ဂ | ဓ | ဓ | ဂ |
| ဗ | ဝ | ဝ | ဗ |

ဤရွှေဖျဉ်းညီနောင်အင်းကို တန်ခိုးကြီးဘုရားတစ်ဆူ၏ ရှေ့တွင် ငါးပါးသီလခံယူပြီး ပွဲအစုံဖြင့် စည်းတား၍ လက်ဝဲလက်ယာ၊ လက်မောင်းတွင် ထိုးနှံပါ။ အကျိုးမှာ စုန်း၊ ဖုတ်၊ သရဲ၊ အပင်းအသင်း၊ အင်းတိုက်၊ နတ်တိုက်၊ ပုဏ္ဏကတိုက်မှစ၍ မကြံစည်နိုင်။ ဓား၊ လှံ၊ သေနတ်ပြီး၏ ။

www.burmeseclassic.com

www.burmeseclassic.com



## ပြန်ပေါင်းအင်း

| | | |
|---|---|---|
| န | ရုံ | သွား |
| တွေ့ | နံ့ | ယေ |
| ပ | ဟ | ယု |

| | | |
|---|---|---|
| မ္မိ | ယေ | သွား |
| ယေ | နံ့ | ယေ |
| ဝါ | ဟ | မ |

ဤ "ပြန်ပေါင်းအင်း"နှစ်အင်းကို အင်းပေါင်ချင်း ထပ်မိအောင်ချပြီး ခေါင်းအုံးအောက်မှာထား၍ အိပ်ပါက (၇)ရက် မပြည့်မီမှာပင် ကွာရှင်းထားသောသူနှင့် ပြန်ပေါင်းရပါလိမ့်မည်။

| | | | | |
|---|---|---|---|---|
| | | ပ | | |
| | ဂုံ | ဒိ | မ | |
| သံ | ပု | နံ | အာ | ယျ |
| | | ဘ | | |
| | | ဒေ | | |
| | | သ | | |
| | | ဝိ | | |
| | | သ | | |
| | | သ | | |
| | | ဘ | | |
| | ဗု | ရ | စ္စာ | |
| | ဂ | နံ | ဒ္ဓံ | |
| | သ | မ္မိ | ဏံ | |

### အိမ်သားများ ကျန်းမာရေး ညံ့လျှင် ထွန်းညှိပူဇော်ရန်

မိမိတို့၏အိမ်ရှိ အိမ်သားများ တစ်ယောက်ပြီး တစ်ယောက် ကျန်းမာရေးညံ့နေလျှင် အထက်ပါပုံစံကို ကူးယူ၍

"နံ" နေရာတွင် ကျန်းမာရေးညံ့နေသောသူ၏ မွေးနံကိုရေးသွင်း၍ ဖယောင်းတိုင်တွင်ပတ်ပြီး မီးထွန်းညှိ ပူဇော်ပါ။

အညံ့ဟူသမျှပျောက်စေပြီး ကျန်းမာရေး ကောင်းမွန်စေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## ယောဂဒတ်ပြန် အဆောင်လက်ဖွဲ့


| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | လော | | | လော | | | ခဲ | |
| တိ | ဇာ | မာ | ဇာ | တိ | မာ | မိ | ခဲ | ဗျ |
| | လော | | | လော | | | ခဲ | |

ဤအင်းကို ရွှေပြား၊ ငွေပြားတွင်ရေး၍ အင်းဆံ -

"တိလောမာလောဇော၊ ဇာလောမာလောတိ၊ မိခဲဗျ ခဲခဲ" နှင့် (၁၀၀၀)စုပ်၍ ဆောင်ထားပါ။ သူတစ်ပါးပြုစားလျှင် လက်ဖွဲ့ ကြီးပြတ်၏ ။

ဤအင်းကို ပယောဂဖြစ်သူကို ရေစိမ်၍တိုက်လျှင် ပျောက်ကင်း၍ လက်ဖွဲ့ကိုမီးတိုက်လျှင် ပြုစားသူသေ၏ ။

## သူရဿတီ စမပန်းချီအဆောင်ပုံများ





အထက်ဖော်ပြပါ ရေးထားသည့်ပုံတွေအားလုံးသည် မြန်မာအက္ခရာတွေနှင့် ရေးဆွဲထားခြင်း ဖြစ်သည်။ ချည်းသရစုံ



www.burmeseclassic.com

www.burmeseclassic.com





ပါဝင်နေပေသည်။ ယင်းစမပန်းချီပုံတွေကို ပညာသင်တဲ့နေရာတွေမှာ အဆောင်အဖြစ်ထားရှိလျှင် သင်လို၊ တတ်လိုသော ပညာရပ်တွေကို လွယ်လင့်တကူ သင်ယူတတ်မြောက်နိုင်လိမ့်မည်။

ပညာသင်ယူတဲ့နေရာတွေသာမက စကားပြောတဲ့နေရာ၊ ယှဉ်ပြိုင်ကြမယ့်နေရာတွေမှာရော သူရဿတီစမပန်းချီပုံတွေကို ဆောင်ထားကြလျှင် ဆန္ဒရှိသမျှ အောင်မြင်ပါလိမ့်မည်။

ယင်းစမပန်းချီတွေမှာ ဗျည်းအက္ခရာ(၂၅)လုံးကနေပြီး အလုံး(၃၀)အထိ သုံးထားပါသည်။ သရကတော့ (၃)လုံးကနေပြီး (၈)လုံးအထိ ပါဝင်နေလေ၏ ။ ယုံလျှင်ကြည်သည်၊ ယုံကြည်စွာ ဆောင်ရွက်နိုင်ကြပါစေ။

ဧကယ်ဘုန်းပြည့်



www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





။

**စားသောက်ဆိုင်ကြီးများ၏ နံရံများတွင် ကိုယ်လုံးပေါ် မှန်ချပ်ကြီးများကို တပ်ဆင်ထားခြင်းဖြင့် လူဦးရေ နှစ်ဆတိုးသကဲ့သို့ ခံစားရသည်။**

## * ဧည့်ခန်း *

"ဧည့်ခန်း"ဟူသည် ဧည့်သည်များကို လက်ခံတွေ့ဆုံသည့် အဓိကနေရာ ဖြစ်သည်။

ပြတင်းပေါက်သုံးပေါက် တစ်တန်းတည်း ရှိနေခြင်းမျိုး မဟုတ်လျှင် အဆင်ပြေလောက်သည်။ အိမ်ရှင်ထိုင်သော ကုလား ထိုင်သည် တံခါးပေါက်ကို မျက်နှာမူ၍ ရှိနေရပေမည်။

ဧည့်ခန်းထဲတွင် စားပွဲဝိုင်း၊ ခုံဝိုင်းရှိနေခြင်းက ကောင်းပါ သည်။ ဧည့်ခန်းဆောင်တွင် စီးပွားရေး ကောင်းမွန်စေသော အန်းကုံး ကြွေရုပ်ကြီးများကို ထားလေ့ရှိသည်။ ပန်းပင်ပန်းပွင့် ပန်းချီကား ချပ်များကိုလည်း ထားလေ့ရှိရာ ငြိမ်းချမ်းမှု၊ အသက်ရှည်မှုတို့ကို သင်္ကေတပြုသည်ဟူ၏။

အချို့ကလည်း ရှေးခေတ် တရုတ်လေးထောင့် အပေါက် ပါသော ကြေးပိုက်၊ သံပိုက်ပြားများကို ကြိုးနီဖြင့် ချိတ်ဆွဲထား တတ်ကြသည်။ ရှေးခေတ် တရုတ်ကြေးပိုက်တံ(၁၀)ခုကို ဘောလုံး သဏ္ဌာန်စုစည်းပြီး ချိတ်ဆွဲ၍ထားလျှင်လည်း စီးပွားကုံးတက်သည်



www.burmeseclassic.com

www.burmeseclassic.com



နှံသတ္တု ဘေးကင်းပစေသည်ဟု အယူအစွဲရှိကြပေသည်။

ညှော်ခန်းတစ်နေရာရာတွင် ကြွေထည်ဖြင့် ပြုလုပ်ထားသော တရုတ်သူတော်စင်ကြီးများ၏ပုံကို ကံကောင်းခြင်း၊ ကျော်ကြားခြင်း၊ အောင်မြင်ခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်စေခြင်း သင်္ကေတအဖြစ် ထားရှိကြသည်ဟူ၏။

### * မီးဖိုနှင့် စားသောက်ဆိုင် *

တရုတ်လူမျိုးတို့သည် မီးဖိုကို အထူးဂရုပြုကြလေ၏။ ထမင်းအိုးတည်ရာနေရာနှင့် ဟင်းအိုးတည်ရာနေရာသည် မီးဖိုနေရာဖြစ်သည်။ မီးဖိုသည် ကံကြမ္မာ၏သင်္ကေတဖြစ်သည်။ ဤသည်မှာ အစားအသောက်များကို ချက်ပြုတ်ရသည့်အတွက် ဖြစ်သောကြောင့်ပါတည်း။

တရုတ်ဘာသာစကားအားဖြင့် "ဆိုင်း"ဟူသော ဝေါဟာရအသံသည် "စနဉ္စွာ"ဟူသည့် ဝေါဟာရအသံနှင့် အတူတူပင် ဖြစ်ပေ၏။ ထို့အပြင် အစားအသောက်သည် ကျန်းမာရေး၊ စိတ်နေစိတ်ထား၊ အပြုအမူ စသည်တို့ကို အဆုံးအဖြတ်ပေး၏ ။

အကြောင်းမှာမူ အစားအသောက်ကြောင့် ကျန်းမာရေးကောင်းမှု၊ အရည်အသွေးကောင်းမှုတွေကို ဖြစ်စေသည်။

❖

မီးဖိုကို အခန်းဆောင်ကျဉ်းတွင် မထားရပါ။

မီးဖိုဆောင်ကျဉ်းလျှင် ကျယ်ပြန့်သည့် သဘောဆောင်အောင် မှန်များ တပ်ဆင်ထားရပေမည်။ တရုတ်လူမျိုးအများစုသည် မီးဖိုပေါ်တွင် မီးဖိုချောင် နတ်မင်း၏ပုံကို ချိတ်ဆွဲထားတတ်ကြသည်။ မီးဖိုးချောင်နတ်သည် မီးဖိုနှင့်မိသားစုတို့ကို အပေါ်မှနေ၍ စောင့်ရှောက်ကြည့်ရှုသည်ဟူ၏ ။

တရုတ်လူမျိုးတို့၏ အယူအဆအရ တရုတ်နှစ်သစ်ကူးကာလတွင် မီးဖိုဆောင်စောင့်နတ်သည် ကောင်းကင်ဘုံသို့ ခေတ္တ



www.burmeseclassic.com

www.burmeseclassic.com



ခဏ အလည်သွားကာ အိမ်သူအိမ်သားတို့၏ အကြောင်းချင်းရာကို သွားရောက်သတင်းပို့သည်ဟု ဆိုကြလေ၏။

မီးဖိုချောင်မှာ ကျဉ်းမြောင်းပြီး ထောင့်စွန်းကြီးတွေက ဟင်းချက်သူကိုထိုးနေလျှင် ထိုနေရာများတွင် မှန်တပ်ပါ။ သို့မဟုတ်ပါက စပျစ်နွယ်ပင်ကို စိုက်ထားပေးပါ။

အကောင်းဆုံး မီးဖိုချောင်နေရာမှာ ထမင်းဟင်းချက်သူက မီးဖိုချောင်ထဲဝင်လာသူ အားလုံးကို လှမ်းမြင်နိုင်သော နေရာဖြစ်ရပေမည်။ ထမင်းဟင်းချက်သူသည် တံခါးပေါက်ကို နောက်ကျော်ပေးထားလျှင် ကျန်းမာရေး၊ စီးပွားရေး၊ အိမ်တွင်းရေး မကောင်းပါ။

မလွှဲမရှောင်သာ၍ ထိုသို့ဖြစ်ပျက်နေလျှင် မီးဖိုပေါ်တွင် မှန်တစ်ချပ် ချိတ်ဆွဲထားပေးပါ။ သို့မဟုတ် မီးဖိုဝင်ပေါက်တွင် ခေါင်းလောင်း (သို့မဟုတ်) ချူကို ချိတ်ဆွဲထားပါ။

## * စားသောက်ဆိုင်များနှင့် အစီအရင် *

စားသောက်ဆိုင်ကြီးများ၏ နံရံများတွင် ကိုယ်လုံးပေါ် မှန်ချပ်ကြီးများကို တပ်ဆင်ထားခြင်းဖြင့် လူဦးရေ နှစ်ဆတိုးသကဲ့သို့ ခံစားရသည်။ ငွေသိမ်းဆည်းသည့်ကောင်တာတွင် မှန်ချပ်ကြီးများတပ်ဆင်ထားခြင်းဖြင့် ဝင်ငွေ နှစ်ဆတိုးသည့် နိမိတ်ကို ဆောင်သည်။

တရုတ် စားသောက်ဆိုင်အများစုမှာ ရွှေနှင့် အနီရောင်တို့ကို မင်္ဂလာအရောင်အဖြစ် သုံးကြသည်။ နံဘေး၊ နံရံများတွင် ရွှေရောင် ခင်းပုံ၊ ပန်းပုံ၊ သူတော်စင်ကြီးများ၏ပုံတော်များကို ချိတ်ဆွဲထားကြသည်။ အသက်ရှည်ခြင်း၊ ငြိမ်းချမ်းခြင်း၊ စီးပွားဥစ္စာတိုးခြင်း နိမိတ်ဖြစ်ပေသည်။ ထို့ပြင်လည်း -

"ပျော်ရွှင်မှု နှစ်ဆပွားပါစေ"

"သက်တော်၊ ရာကျော်ရှည်ပါစေ"

"ချမ်းသာကြွယ်ဝပါစေ"



www.burmeseclassic.com

www.burmeseclassic.com





ဟူသော ဆောင်ပုဒ်တွေကိုလည်း ရေးသားထားကြသည်။ စားသောက်ဆိုင်များတွင် ငါးအလှမွေးကန်တွေကို လည်း ထားရှိကြသေးသည်။ ထို အရာက ငွေကြေးသရုပ်ကို ဆောင်ခြင်းဟု ဆိုသည်။

*** စတိုးဆိုင်များနှင့် အစီအရင် ***

တရုတ်စတိုးဆိုင်ကြီးများတွင် ဥစ္စာစေကို စောင့်ရှောက်သော နတ်ဘုရားပုံတော်များကို စင်ဖြင့် သီးသန့် ကိုးကွယ်ထားရှိကြသည်။ အချို့က မနေဥစ္စာကို စောင့်ရှောက်သော နတ်ဘုရားပုံတော်များကို ပန်းချီကားချပ်ကြီးအဖြစ်ရေးဆွဲကာ နံရံအမြင့်တွင် ချိတ်ဆွဲထားတတ်ကြသည်။

အရောင်းကျနေသော ရွှေဆိုင်ဖြစ်လျှင် ဆိုင်၏ထောင့်တစ်ထောင့်တွင် စပျစ်အနွယ်ပင် ချိတ်ဆွဲထားလျှင် အရောင်းတက်သည်ဟု ဆို၏ ။

အပင်များကို ချိတ်ဆွဲရာတွင် သက်ရှိ အပင်တွေသာမက ကျောက်ပန်းပင်၊ ပလတ်စတစ်အပင် အတုတွေကိုပါ ထား၍ရသည်။ စတိုးဆိုင်ကြီးများတွင် အပင်တွေ နေရာအနှံ့ထားခြင်းအားဖြင့် ဈေးဝယ်သူများကို အထူးဆွဲဆောင်မှုရှိစေပါသည်။

*** ငါး ***

တရုတ်လူမျိုးတို့သည် မိမိနှင့် ထမင်းဝိုင်းအတူ စားသောက်နေသူ တစ်ယောက်သည် ငါးရိုးစူးနေပါက ထမင်းဝိုင်းတွင် ရှိသောပန်းခွက်အားလုံးတို့ကို နေရာရွှေ့ပြောင်းလိုက်ပါ။ အရိုးစူးနေသူသည် ချက်ချင်း အရိုးကျသွားလိမ့်မည် ဟူ၏။

ငါးကို အကောင်လိုက် ကြော်လှော်၍ စားသောက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းနှင့် အမြီးကိုဖယ်၍ အပေါ်ဘက်က အသားပိုင်းကို ဦးစွာ စားသောက်ပါ။ ထို့နောက် အောက်ပိုင်းက အသားပိုင်းကို အပေါ်သို့ ပြန်လှန်ပြီး မစားသောက်ပါနှင့်။ ငါး၏ အလယ်ကျောရိုးများကို ပြန်လှန်ပြီး စားသုံးပါက မိမိလုပ်ကိုင်သော အလုပ်များသည် ကမြောင်း ကပြန် ဖြစ်ပျက်တတ်သည်ဟု အယူအစွဲရှိသည်။

## * ဂဏန်း *

တရုတ်လူမျိုးတို့၏ မင်္ဂလာအရှိဆုံး ဂဏန်းများမှာ (၉) ဂဏန်းနှင့် (၁)ဂဏန်းတို့ပင် ဖြစ်သည်။ (၉)ဂဏန်းသည် ပြည့်ဝမှု ကိုဖော်ဆောင်သည်။ အင်အားအကြီးဆုံးဂဏန်းပင် ဖြစ်သည်။ (၁)ဂဏန်းသည်အဦးအစ (ဝါ) မွေးဖွားမှုကိုပြသည်။

တရုတ်လူမျိုးတို့၏ အယူအဆအရ-

(၄)ဂဏန်းသည် ကန်တုံဘာသာစကားအရ "မရဏ"ဖြစ် သည်။ တရုတ်လူမျိုးတို့သည် (၄၂၄)ဂဏန်းကို အမြဲရှောင်ကြသည်။ "သေပြီးရင်းသေ"ဟူသော အဓိပ္ပာယ်ရသည်။

## * လက်ဆောင် *

တရုတ်လူမျိုးတို့သည် လက်ပတ်နာရီသော် လည်းကောင်း၊ စားပွဲတင် နာရီကိုသော် လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့် လက်ဆောင်ရရှိခဲ့သော် ကံဆိုးတတ်သည်ဟု အယူရှိကြသည်။

မျိုးစွမ်(၂)ထုပ်နှင့် ကြက်ဥ(၁၀)လုံး လက်ဆောင်ရရှိ ခဲ့သော် လူမမာဖြစ်နေခဲ့လျှင် ကျန်းမာလာနိုင်သည်။ လူကောင်း ပကတိ ဖြစ်ခဲ့သော် မိမိလိုအင်ဆန္ဒများ ပြည့်ဝ ပြီးစီးအောင်မြင်နိုင်သည်ဟု အယူအစွဲရှိကြ၏။

## * အိမ်သစ်ပြောင်း *


အိမ်သန့် မင်္ဂလာပြုလုပ်သောအခါ လိမ္မော်ခွံ၊ သပုရာ ရွက်ခွံသုံးခုကို ရေအပြည့်ထည့်ထားသော ပုံးတွင် ထည့်ပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com





၏ နံရံ၊ ကြမ်းပြင်တွေအနှံ့ လျှောက်၍ တ်ဖျန်းကာ မကောင်းဆိုးဝါး များကို နှင်ထုတ်ရလေ၏ ။

အိမ်ပြောင်းသည့် နေ့ရက်တွင်..ပုလွေတစ်လက် (ပုလွေ သည် အား၏သင်္ကေတ)၊ ပန်းအိုးတစ်လုံး (လုံခြုံမှုနှင့် ငြိမ်းချမ်းမှု သင်္ကေတ)၊ န်းအိုးတစ်လုံး၏ လည်ပင်းနေရာတွင် အနီရောင် ဖဲပြားကိုချည်။

ထို့နောက် ပုလွေနှင့်ပန်းအိုးကို အိမ်ခန်းတွင်းသို့ ယူသွားပါ။ ဤသည်မှာ အိမ်ခန်းတိုင်းကို အိမ်ရှင်သစ်တစ်ဦး ရောက်လာပြီ ဖြစ်ကြောင်း အသိအမှတ်ပြုပါရန် ပန်ကြားခြင်း ဖြစ်ပေသည်။

အိမ်ပေါက်ဝတွင် အိမ်တက်မင်္ဂလာ ဆင်ယင်သည့်အခါ ဗျောက်အိုးတွေ ဖောက်ပါ။ အိမ်တစ်အိမ်၏ အိမ်သားတစ်ဦး ကွယ်လွန်လျှင်လည်း သူ၏ဝိညာဉ်လွင့်ပြယ်သွားရန် ဗျောက်အိုး ဖောက်လေ့ရှိပါသည်။

အိမ်သစ်သို့ ပြောင်းလာသောညတွင် ခုတင်ဟောင်းတွင် မအိပ်ရ။ အိပ်ရာခင်းအသစ်၊ မွေ့ရာအသစ်ဖြင့် မင်္ဂလာနေ့အဖြစ် စတင်ပြီး မင်္ဂလာယူပါ။

### * ဆေးမြီးတို ကုထုံးများ *

တရုတ်လူမျိုးတို့သည် မကောင်းသော အိမ်နားနီးချင်းနှင့် တွေ့လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ပုံမှန်မဟုတ်သော အခန်းများတွင် နေထိုင်ရလျှင် ဖြစ်စေ၊ တစ္ဆေခြောက်သည့်ပမာလို စိတ်အဝင်ထဲ မသိုးမသန့် ခံစားရလျှင်ဖြစ်စေ မှန်တပ်ထားရုံနှင့် ကိစ္စပြီးလေ၏။


ရှေးခေတ်အခါက တရုတ်စစ်သူကြီးများသည် မှန်ကို ဒိုင်း



www.burmeseclassic.com

www.burmeseclassic.com





လှသားများတွင် တပ်ဆင်ကြသည်။ အိမ်အပြင်နှင့် အိမ်အတွင်းမှာ လည်း မှန်ချပ်တွေကို ချိတ်ဆွဲထားလေ့ရှိသည်။

တရုတ်ရှေးဟောင်း သုတေသီများ သည် ရှေးတရုတ်မင်းများ၏ ဂူသင်္ချိုင်းများကို ဖော်ထုတ်သောအခါ မှန်ချပ်ပေါင်း ရာနှင့်ချီပြီး တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

မှန်၏တောက်ပမှုသည် .. "နေ၏အလင်းရောင်"နှင့် "လ၏အလင်းရောင်"နှစ်ခုပေါင်းကို ကိုယ်စားပြုသည်ဟု ယုံကြည်ကြလေ၏။

## * အိမ်သန့်၊ မြေသန့် ဖြစ်စေရန် *

အိမ်သန့်၊ မြေသန့် ပြုလုပ်ရာတွင် အခြေခံနည်း (၃)နည်း ရှိလေ၏ ။

၁) ဟောင်းလောင်းပေါက် ဝါးလုံးတိုင်ကို မြေကြီးထဲသို့ တစ်ဝက်ခန့် ရိုက်သွင်းပါ။ တစ်ဘက်ကို မြေပေါ်မှာ ဖော်ထားပါ။ ထိုဝါးလုံးတိုင်၏ထိပ်တွင် မီးလုံးတပ်ထားပါ။

၂) အိမ်၏ပုံစံ၊ အမျိုးအစား မှုမမှန်ဖြစ်နေလျှင် အစွန်းထွက်သည့်အပိုင်းကို ဖြတ်၊ သို့တည်းမဟုတ် ပုံမှန်သဏ္ဌာန် ညီမည့် အဆောင်ကို တိုးချဲ့ဆောက်ခြင်းဖြင့် ဓာတ်ကိုမျှတအောင် ပြန်လည် တည့်ပေးရာရောက်၏ ။

၃) အိမ်၏မှောင်နေသော နေရာများတွင် မီးထွန်းထားပါ။ အချို့နေရာများတွင် ငါးကန်ထားပါ။ အိမ်ပေါက်ဝတွင် အသံ သာသာ သောချူများ၊ ဆည်းလည်းများ ချိတ်ဆွဲထားခြင်းအားဖြင့် "သာယာ ချမ်းမြေ့သောအိမ်" ဖြစ်လာနိုင်သည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com




## * ကျန်းမာရေးအတွက် တရုတ်အင်း လက်ဖွဲ့ *



၁) ဇန်နဝါရီလမွေးဖွားသူများအတွက် တရုတ်လက်ဖွဲ့ အင်းအဆောင်။

တရုတ်နက္ခတ္တနှင့် ဂမ္ဘီရပညာအရ ဤလမွေးဖွားသူများမှာ မျက်စိရောဂါ၊ ဒိုက်နာရောဂါ၊ အော့အန်ခြင်း၊ အစာအိမ်ရောဂါ၊ ဘယ်ဘက် ခြေထောက်နာခြင်း ဖြစ်လျှင် တစ်ဘက်ဖော်ပြပါ အင်းလက်ဖွဲ့ အဆောင်ကိုဆောင်ထားပါက ရောဂါကင်းဝေးစေနိုင်ပါလိမ့်မည်။



၂) ဖေဖော်ဝါရီလ မွေးဖွားသူများအတွက် တရုတ်လက်ဖွဲ့ အင်းအဆောင်။

ဤလမွေးဖွားသူများမှာ မျက်စိနာ၊ ညာဘက်ခြေလက်၊ ခါးနာကိုက်ခဲလျှင် တစ်ဘက်ပါအင်းကို ဆောင်ထားရပါမည်။



၃) မတ်လမွေးဖွားသူများအတွက် တရုတ်လက်ဖွဲ့ အင်းအဆောင်။ မျက်စိရောဂါ၊ ဝမ်းဗိုက်နာရောဂါ၊ အစာအိမ်ရောဂါ ကင်းဝေးစေရန် တစ်ဘက်ပါအင်းကို ဆောင်ထားပါလေ။

www.burmeseclassic.com

www.burmeseclassic.com





၄) ဧပြီလမွေးဖွားသူများအတွက် တရုတ်လက်ဖွဲ့ အင်းအဆောင်။

နလုံးရောဂါ၊ ပါးစပ်ခံတွင်းရောဂါ၊ မျက်စိ၊ ခြေ၊ လက်၊ ခါးကိုက်ရောဂါတို့ကို အထူးကာကွယ်ပေးသည့်အဆောင်ကောင်း ဖြစ်သည်။



၅) မေလမွေးဖွားသူများအတွက် တရုတ်လက်ဖွဲ့ အင်းအဆောင်။

မျက်စိရောဂါ၊ ဝမ်းဗိုက်၊ အစာအိမ်ရောဂါ၊ ခြေ၊ လက်၊ ခါးကိုက်ခဲရောဂါတို့ကို အထူး ကာကွယ်ပေးသည့်အဆောင် ဖြစ်သည်။



၆) ဇွန်လမွေးဖွားသူများအတွက် တရုတ်လက်ဖွဲ့ အင်းအဆောင်။

မျက်စိရောဂါ၊ ပါးစပ်ခံတွင်းရောဂါ၊ နလုံးရောဂါ၊ ခြေ၊ လက်၊ ခါးကိုက်ရောဂါတို့ကို အထူး ကာကွယ်ပေးသည့် အဆောင်ကောင်းပင် ဖြစ်သည်။

www.burmeseclassic.com


www.burmeseclassic.com





၇) ဇူလိုင်လမွေးဖွားသူများ အတွက် တရုတ်လက်ဖွဲ့ အင်း အဆောင်။

မျက်စိရောဂါ၊ နလုံးရောဂါ၊ ဝမ်းဗိုက်၊ အစာအိမ်ရောဂါ၊ ခေါင်းကိုက်ခဲခြင်း၊ စားမဝင်၊ အိပ်မပျော်ခြင်းအတွက် အထူးကာကွယ်ပေးသည့် အဆောင်ကောင်းတစ်ခုပင် ဖြစ်သည်။



၈) ဩဂုတ်လမွေးဖွားသူများ အတွက် တရုတ်လက်ဖွဲ့ အင်း အဆောင်။

ခေါင်းကိုက်ခြင်း၊ မျက်စိရောဂါ၊ နလုံးရောဂါ၊ ပါးစပ်ခံတွင်းရောဂါ၊ ခြေ၊ လက်ကိုက်ခဲခြင်းရောဂါတို့အတွက် အထူး ကာကွယ်ပေးသည့် အဆောင်ကောင်းတစ်ခုဖြစ်သည်။

၉) စက်တင်ဘာလမွေးဖွားသူများအတွက် တရုတ်လက်ဖွဲ့ အင်း အဆောင်။

ခါးနာခြင်း၊ ခြေ၊ လက်၊ ခါးကြောကိုက်ခဲ၊ နာကျင်ခြင်းတို့ကို အထူးကာကွယ်ပေးသည့် အဆောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com






၁၀) အောက်တိုဘာလမွေးဖွားသူများအတွက် တရုတ် လက်ဖွဲ့ အင်းအဆောင်။

ဝမ်းဗိုက်၊ အစာအိမ်၊ အူရောဂါ၊ ခါးကိုက်ခဲ၊ လက်ကိုက်ခဲရောဂါတို့ကို အထူး ကာကွယ်ပေးသည့် အဆောင်ကောင်းဖြစ်သည်။



၁၁) နိုဝင်ဘာလမွေးဖွားသူများအတွက် တရုတ်လက်ဖွဲ့ အင်းအဆောင်။

မျက်စိရောဂါ၊ ဝမ်းဗိုက်၊ အစာအိမ်ရောဂါ၊ ခြေလက် ကိုက်ခဲရောဂါတို့ကို ကာကွယ်ရန် အဆောင်ကောင်းဖြစ်သည်။



၁၂) ဒီဇင်ဘာလမွေးဖွားသူများအတွက် တရုတ်လက်ဖွဲ့ အင်းအဆောင်။

မျက်စိရောဂါ၊ နလုံးရောဂါ၊ ကိုယ်လက်ကိုက်ခဲရောဂါ၊ ပါးစပ်လျှာရောဂါတို့အတွက် အထူးကာကွယ်ပေးမည့်အဆောင်ကောင်းဖြစ်သည်။

❖




www.burmeseclassic.com

www.burmeseclassic.com



## * ဂန္ဓာလရာဇ်၏ မှဲ့သျှုတ္တရ *



လူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်ပေါ်တွင် ထင်နေသော မှဲ့နှင့်ပတ်သက်၍ ဟောပြောနိုင်သည့် “မှဲ့သျှုတ္တရ”ပညာရပ်သည် ကြန်အင်လက္ခဏာ အကဲဖြတ်ပညာရပ်တွင် ပါဝင်သည်။

တရုတ်လူမျိုးတို့သည် ရှေးအစဉ်အလာကပင် ကြန်အင် လက္ခဏာ အကဲဖြတ်ပညာ (ရုပ်ပိုင်းသျှုတ္တရ)တို့ကို ယုံကြည် လက်ခံခဲ့ကြသည်။ ထိုပညာရပ်နှင့် ပတ်သက်၍ “ဂန္ဓာလရာဇ် မှဲ့သျှုတ္တရ” ကျမ်းပေါင်းများစွာ ရှိခဲ့၏ ။

တရုတ်လူမျိုးတို့၏ အယူအဆတွင် လူတစ်ဦးတစ်ယောက်၏ မျက်နှာပေါ်၌ရှိသော အရေးအကြောင်းများနှင့် ဆက်စပ်ပြီး ဖြစ်ပျက်လာမည့် အဟောနိမိတ်များကိုလည်း ထုတ်လေ့ရှိသည်။

ထို့ကြောင့် ရှေးတရုတ်လူမျိုးတို့ ယုံကြည်စွာ လက်ခံထားသော မှဲ့သျှုတ္တရပုံနှင့် မျက်နှာပေါ်ရှိ အရေးအကြောင်းပုံများကို ဆက်စပ်ပြီး အဟောထုတ်နိုင်ရန် ဖော်ပြလိုက်ရပေ၏။

### * မျက်နှာပေါ်ရှိ မှဲ့များ (ပုံစံ-၁) *

မှဲ့နံပါတ်၏ အကျိုးသက်ရောက်မှု အဟောများ။

www.burmeseclassic.com

www.burmeseclassic.com



၁) အရောင်းအဝယ်လုပ်ငန်းများတွင် ကံကောင်းသူဖြစ်၏။

၂) ကံဆိုးမည်။ သို့ရာတွင် သင်သည် အဆိုပါကံဆိုးမှုများ ကျော်လွန်နိုင်ပေလိမ့်မည်။

၃) သင်သည် ဘဝရဲ့အောင်မြင်မှုပြုလုပ်ရာတွင် အခက်အခဲများ တွေ့လိမ့်မည်။

၄) အကယ်၍ ထိုမှဲ့သည် အနီရောင်ဖြစ်နေခဲ့လျှင် မီးဘေး အန္တရာယ် သတိထားပါ။

၅) သင်သည် ငွေအမြောက်အများကို ရနိုင်ဖွယ်ရှိသည်။

၆) သင့်မှာ ဆန့်ကျင်ဘက်လိင်အတွက် အားနည်းချက်တစ်ခုရှိ၏။

၇) ဇနီးအတွက် ဖြစ်စေ၊ ခင်ပွန်းအတွက် ဖြစ်စေ၊ လုံးဝမကောင်းပါ။

၈) အရောင်းအဝယ်၊ အလုပ်အကိုင်များကို ဆက်ဆံ လုပ်ကိုင်ရာ၌ သတိထားပါ။

၉) သင့် ချက်မြှုပ်ဒေသမှ အခြားဝေးလံသော နေရာဒေသများကို မသွားပါလေနှင့်။

၁၀) သင်သည် မိမိနေအိမ်မှ အခြားသောနေရာ၌ အလုပ်အကိုင်တွေ့ရှိလျှင် အဆိုပါလုပ်ငန်းကို တိုးတက်မှုအတွက် ကံကောင်းပေလိမ့်မည်ဟု မျှော်လင့်နိုင်၏ ။

၁၁) သင့်အား လူသိများဖွယ်ရာ ရှိသည်။ ထို့နောက်များစွာ အောင်မြင်မှု ရရှိလိမ့်မည်ဖြစ်၏ ။

၁၂) သင်၏ အငယ်ဆုံးသား (သို့မဟုတ်) သမီးအတွက် မကောင်းပါ။

၁၃) သင်၏ အကြီးဆုံးသား (သို့မဟုတ်) သမီးအတွက် မကောင်းပါ။

၁၄) သင့်မှာ မတော်တဆ အပြင်းအထန် ထိခိုက်ဒဏ်ရာ ရဖွယ်ရာ ရှိ၏ ။

၁၅) သင့်မိခင် (သို့မဟုတ်) ဖခင်အတွက် မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



၁၆) သင့်ချစ်သူ၊ ရည်းစားအတွက် မကောင်းပါ။ ကံဆိုး
ခတ်၏ ။

၁၇) သင်သည် လျှင်မြန်စွာ ရာထူး တိုးမြှင့်ခံရဖွယ် ရှိ၏။

၁၈) သင်သည် အမှုအခင်းတစ်ခု၌ ပါဝင်ရပေလိမ့်မည်။

၁၉) သင်သည် အချိန်ကြာမြင့်စွာ အလုပ်လက်မဲ့ ဖြစ်ပေ
မည်။

၂၀) ဖြည်းဖြည်းလုပ်ပါ။ အောင်မြင်ပါလိမ့်မည်။

၂၁) ဂုဏ်ပြုခံရမည်။ ပစ္စည်းဥစ္စာ ချမ်းသာမည်။

၂၂) ဝမ်းနည်း ပူဆွေးရမည် ဖြစ်၏ ။

၂၃) အသက်တိုမည် ဖြစ်၏ ။

၂၄) နှုတ်ကို စောင့်စည်းပါ။

၂၅) ကျန်းမာရေးချို့တဲ့မည်။

၂၆) အလုပ်ကို ကြိုးစားမည်။ သည်းခံစိတ်ရှိမည်။

၂၇) သင်၏စိတ်ကို ချုပ်တည်းနိုင်စွမ်းရှိအောင် ကြိုးစားပါ။

၂၈) သင်သည် ငွေအမြောက်အများ ရနိုင်ဖွယ်ရှိသည်။

၂၉) ကြိုးစား၍လုပ်ပါ။ အောင်မြင်မှု ရပေလိမ့်မည်။

၃၀) အချုပ်အနှောင်ခံရပေလိမ့်မည်။

၃၁) သင်၏ငွေကြေးများကို အထူးဂရုစိုက်ပါ။

၃၂) သင်၏ဘဝသည် စိတ်ဝင်စားဖွယ်ရာတွေနှင့် အပြည့်
ရှိနေပေလိမ့်မည်။

၃၃) မိသားစု၏ဘေးဒုက္ခကို အထူးဂရုစိုက်ပါ။

၃၄) အသက်ရှည်ပေလိမ့်မည်။

၃၅) သင်၏ဘဝသည် ပျော်ရွှင်ဖွယ်ရာတွေနှင့် အတိပြီး
နေပါလိမ့်မည်။


❖

www.burmeseclassic.com

www.burmeseclassic.com



## * မျက်နှာပြင်ပေါ်ရှိ မှဲ့အရေးအကြောင်းများ*



လူတစ်ယောက်၏ဘဝကံကြမ္မာကို မှဲ့များကိုချည်း သက်သက်ကြည့်ပြီး မဟောနိုင်ပါ။ မျက်နှာပြင်ပေါ်ရှိ အရေးအကြောင်းများနှင့် ဆက်စပ်ပြီး အဟောနိမိတ်ထုတ်ရလေ၏။

ပမာပြုရလျှင် -

ဘယ်ဘက်ပါးအောက်ပိုင်းတွင် ရှိသော မှဲ့တစ်လုံးက (မှဲ့နံပါတ်- ၂၈)သင်သည် ငွေအမြောက်အများ ရနိုင်ဖွယ်ရှိသည်ဟု ဖော်ပြထားသော်ငြားလည်း အဆိုပါအဟောကို မျက်နှာအရေးအကြောင်းပေါ်တွင် ဖော်ပြထားသော အဆိုပါ ပါးဘက်ရှိ နှာခေါင်းပေါ်မှ ပါးစပ်ထောင့်အထိ ရှည်လျားသောအရေးအကြောင်း လိုင်းနံပါတ်(၈)က ပယ်ဖျက်လိုက်သည်။

၎င်းအရေးအကြောင်း (လိုင်း)ပါသော သူတစ်ဦးတစ်ယောက်သည် ခက်ခဲကြမ်းတမ်းသည့်အချိန်အခါများနှင့် ရင်ဆိုင်ရဖွယ်ရှိပါသည်။

နံပါတ်(၁)အနေဖြင့် ဖော်ပြထားသော နဖူးပြင်ပေါ်ရှိအလျားလိုက် အရေးအကြောင်းသုံးခုက အသက်ရှည်မည်ကို ဖော်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၂) ဘယ်ဘက်မျက်ခုံးပေါ်ရှိ ကန့်လန့်ဖြတ် အရေးအကြောင်းက သင်သည် သတိမထားလျှင် သင် ဒုက္ခ တွေ့ရလိမ့်မည်ဟု ဖော်ပြသည်။ တရုတ်အယူအဆအရ အဆိုပါ အရေးအကြောင်းများကို ဘေးဒုက္ခကို ဖိတ်ခေါ်နေသော အရေးအကြောင်းဟု ခေါ်ဆိုလေ၏။

နံပါတ်(၃)ဖြင့် ဖော်ပြထားသော ဘယ်ဘက်မျက်ခုံးကို ကန့်လန့်ဖြတ်နေသည့် အရေးအကြောင်းကလည်း ဘေးဒုက္ခကို ဖော်ပြသည်။

နံပါတ်(၄)ဖြင့် ဖော်ပြထားသော ဘယ်ဘက် မျက်ခုံးထောင့်ရှိ အရေးအကြောင်းက အမြဲမပြတ် လမ်းလျှောက်ပြီး ပြေးလွှားနေရခြင်းကို ဖော်ပြသည်။ ထိုအရေးအကြောင်းရှိသော လူတစ်ယောက်သည် အသက်မွေးဝမ်းကျောင်းကို ပင်ပန်းခက်ခဲစွာ လုပ်ကိုင်ရပြီး ခရီးများစွာလည်း သွားရဖွယ်ရှိ၏။

အကယ်၍ အဆိုပါ အရေးအကြောင်းသည် နံပါတ်(၅) အရေးအကြောင်းနှင့် ဆက်သွယ်နေလျှင် အဆိုပါပုဂ္ဂိုလ်သည် မိမိ၏ မိမိချက်မြှုပ်ရာဌာနမှ ခရီးဝေးသွားရပေလိမ့်မည်။ သို့ရာတွင် ကြွေးအမြောက်အများရရှိနိုင်သည်။

နံပါတ်(၆)ဖြင့် ဖော်ပြထားသော အရေးအကြောင်းသည် လောင်းကစားသမား တစ်ယောက်ဖြစ်ဖွယ်ရာ ရှိသည်။ သို့မဟုတ်ပါက အကြိမ်ပေါင်းများစွာ လက်ထပ်ရမည်ကို ဖော်ပြလေ၏။

နံပါတ်(၇၊ ၈၊ ၉)တို့ဖြင့် ဖော်ပြထားသော အရေးအကြောင်းများက လူတစ်ဦးတစ်ယောက်သည် အသက် ငယ်ငယ်ရွယ်ရွယ်နှင့် သူတို့ချစ်သူများက စွန့်ပစ်ခြင်းကို ခံကြရပြီး သူ့ဘဝတွင် အချိန်ကြာမြင့်စွာ အထီးကျန်တစ်ယောက်ပမာနယ် နေရတတ်သည်။

နံပါတ်(၁၀)ဖြင့် ဖော်ပြထားသော အရေးအကြောင်းသည် ဇနီးမယား အချုပ်အနှောင်ခံရခြင်းကို ဖော်ပြနေပေ၏။

နံပါတ်(၁၁)ဖြင့် ဖော်ပြထားသော အရေးအကြောင်းမှာ ရုတ်တရက် သေဆုံးရခြင်း၊ အပြင်းအထန် ဒဏ်ရာရပြီး သေဆုံးရ



www.burmeseclassic.com

www.burmeseclassic.com


ခြင်းတို့ဖြစ်နိုင်ကြောင်းကို ဖော်ပြနေလေ၏ ။

နံပါတ်(၁၂)ဖြင့် ဖော်ပြထားသော အရေးအကြောင်းမှာမူ အမွေခံသားသမီး ကင်းမဲ့တတ်သည်ကို ဖော်ပြသည်။ ထိုအချက်မှာ တရုတ်လူမျိုးတို့အယူအဆအရ အရေးကြီးဆုံးအချက်ပင် ဖြစ်သည်။

နံပါတ်(၁၃၊ ၁၄)ဖြင့် ဖော်ပြထားသော ပါးစပ်အောက်နှင့် မေးစေ့တစ်ဝိုက်ရှိ အရေးအကြောင်းများက ရေသချိုင်းကို တွေ့ရှိကြောင်း ဖော်ပြနေလေ၏ ။

နံပါတ်(၁၅)ဖြင့် ဖော်ပြထားသော အရေးအကြောင်းသည် အသက်ရှည်ခြင်း၊ ပစ္စည်းဥစ္စာချမ်းသာ ကြွယ်ဝခြင်း၊ ပျော်ရွှင်ခြင်းတို့ကို ဖော်ပြသည်။

နံပါတ်(၁၆)ဖြင့် ဖော်ပြထားသော အရေးအကြောင်းသည် စိတ်ဝေဒနာကအမျိုးမျိုး ရောက်ရှိပြီး အသက်မွေးဝမ်းကျောင်းအတွက် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရမည်ကို ဖော်ပြနေလေ၏ ။

အထက်ဖော်ပြပါတို့သည်ကား တရုတ်လူမျိုးတို့၏ ရှေးအစဉ်အလာကပင် ယုံကြည်စွာ လက်ခံခဲ့သော ကြန်အင်လက္ခဏာ အကဲဖြတ်ပညာ (ရုပ်ပိုင်းသျှုတ္တရ)၏ တစ်စိတ်တစ်ဒေသပင် ဖြစ်ပါသတည်း။

ကိုမောင်သန်းဝင်း


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




။

လိပ်ကျောအထက်မှ
သချင်္ဂဏန်းများမှတဆင့်
ထူးခြားသော ဂမ္ဘီရအစွမ်းနှင့်
ရှေ့ဖြစ်ဟောပြောမှုများကို
ရခဲ့သည်ဟူ၏ ။

*** တရုတ်တို့၏ ဒဏ္ဍာရီတစ်ပုဒ် ***

ဤကမ္ဘာတွင် လူသားတို့အား ထူးခြားသော အတတ်ပညာကိုသော် လည်းကောင်း၊ ယဉ်ကျေးမှုသော် လည်းကောင်း သင်ကြားပေးသူများထဲတွင် "ဖုဆီ" ဟူသော ပုဂ္ဂိုလ်တစ်ယောက် ပါဝင်သည်။

အာရှတိုက်အလယ်ပိုင်း၊ ကုန်းမြင့်မှ သက်ဆင်းလာသော လူမျိုးနှင့် မြစ်ဝှမ်းဒေသခံတို့ပေါင်းစပ်သော ကာလတစ်ခုတွင် လူသားတို့သည် မယဉ်ကျေး၊ အတတ်ပညာ မရှိ။

ကြေးခေတ်သို့ ကူးစကာလတွင် မြေမှရသော ကြေးနီနှင့် ခဲမဖြူတို့ ပေါင်းစပ်သတ္တုနှင့် ပြုလုပ်သော လက်နက်နှင့် အမဲလိုက်ကြသူတို့နှင့် ကျောက်ခေတ်စိုက်ပျိုးရေးကိုလုပ်ဆောင်ကြသော ဒေသခံ လယ်သမားတို့နှင့် ပေါင်းစပ်ကာ "ရှန်" (Shang)လူမျိုးတို့ ဖြစ်တည်လာခဲ့ကြသည် ဟူ၏။

ကြေးခေတ် အကူးအစကာလတွင် လူတို့သည် ကွယ်လွန်ခဲ့ကြသော ဘိုး၊ ဘေး၊ ဘီ၊ ဘင်များကို ပူဇော်ပသကြသည်။ မိုးကောင်းကင်၊ မြေကြီး၊ ရွာသွန်းသောမိုး၊ တောင်တန်းကြီးများ ရေကန်၊ မြစ်၊ မိုးကြိုး၊ လေတို့ကိုလည်း ပူဇော်ပသကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော အနှစ်လေးထောင်ကျော်က လူသားများသည် ထူးခြားသော စွမ်းအားရှင်များမှာ ကောင်းကင်ဘုံတွင် ရှိပြီး ၎င်းတို့ ကျေနပ်ပျော်ရွှင်စေရန် စားကောင်းသောက်ဖွယ် ကျွေးမွေးပြီး ကခုန်၊ တီးမှုတ် ဖျော်ဖြေကြသည်ဟု ယူဆကြလေ၏။

စိတ်ဆိုးသောအခါ ဒုက္ခတစ်စုံတရာ တွေ့လိမ့်မည်ဟု ယူဆကြပြီး အမဲလိုက်၍ရသော အသားများဖြင့် ပူဇော်ကြသလို၊ ကောက်ပဲသီးနှံတို့နှင့်လည်း ပူဇော်လေ့ရှိကြသည်။

ထိုသို့ မယဉ်ကျေးသော (Shang) ရှန်လူမျိုးများအား ဖုဆီ (Fuhsi)သည် ယဉ်ကျေးသော လူသားများအဖြစ် ဖန်တီးပေးသည်။

စိုက်ပျိုးသော အတတ်ပညာ၊ ရုပ်ပုံကို အခြေခံသော စာပေအက္ခရာ ရေးသားခြင်း၊ ချက်ပြုတ်ခြင်း အတတ်၊ ကြိုးအထုံးလေးများကိုအသုံးပြု၍ တွက်ချက်ရသော သင်္ချာအတတ်၊ မဟာဗြဟ္မာဝဋ္ဋအကြောင်း နက်နဲသော ရှေ့ဖြစ်ဟောခြင်း အတတ်ပညာတို့ကို သင်ကြားပေးသည်။

၎င်းသည်ကား လူပြော၊ သူပြောများသော တရုတ်တို့၏ ဒဏ္ဍာရီပါတည်း။

## * ဒဏ္ဍာရီဆန်သော ဖုဆီ *

ကမ္ဘာ့အရှေ့ဖျား စာပေယဉ်ကျေးမှုတို့၏ ဖခင်ကြီးကား ဖုဆီ (Fuhsi) ဖြစ်သည်ဟု ယနေ့တိုင် သုတေသီပညာရှင်တို့က ဆက်ခံထားသည် ဟူ၏။ ဖုဆီ၏ပုံကို သစ်ရွက်များအကြားမှ တောင်တန်းကြီး ထွက်ပေါ်လာပြီး တောင်တန်းကြီးမှ ထွက်ပေါ်လာသော ဖုဆီသည် "ထိုက်ကျိ ရှစ်ကွက်"ကို စုတ်တံနှင့် ရေးနေသောပုံနှင့် ဖော်ပြထားသည်။

ဒဏ္ဍာရီထဲတွင် ဖုဆီသည် ကျန်စုပြည်နယ် တျဲန်ရွှေတွင် ငါးလပိုင်း၊ ငါးရက်နေ့တွင် မွေးဖွားသည်ဟု အသိအမှတ်ပြုကြပြီး ယနေ့တိုင် ထိုနေ့ကို အမှတ်တရကျင်းပလေ့ရှိသည်ဟု ဆို၏ ။


ကာလအဆက်ဆက်တွင် ဒဏ္ဍာရီသဖွယ် သတ်မှတ်ခံရ



www.burmeseclassic.com

www.burmeseclassic.com





(မြစ်ဝါမြစ်ထဲမှပေါ်ထွက်လာသောလိပ်ကြီး)

သော ဖုဆီနှင့် ရှန် (Shang)လူမျိုးတို့၏ ရှေ့ဖြစ်ဟော အတတ်သည် (၁၈၉၉)ခုတွင် မြစ်ဝါမြစ်ကြီး ရေကြီး၍ ရေတိုက်စားသောကြောင့် မြစ်နံဘေး ကမ်းပါးပြိုရာမှ ရှန်လူမျိုးတို့၏ ပထမဦးဆုံး အရှေ့ဖျား တိုင်းသားတို့၏ ရှေ့ဖြစ်ဟောအတတ်ဆိုင်ရာ ပညာသိုက်ကြီးကို တွေ့ ရှိခဲ့ရလေ၏ ။

လိပ်ခွံပေါ်တွင် ရေးသားထားသော ထောင်သောင်းမကသော ဗေဒင်ကျမ်းများကို တွေ့ရှိရသောအခါတွင် ဖုဆီသည်ကား ဒဏ္ဍာရီ မဟုတ်၊ အမှန်တကယ် ရှိခဲ့ပါကြောင်းကို (၁၉၅၀)တွင် သမိုင်း သုတေ သီတို့က သတ်မှတ်ကြရလေတော့၏။

## * ဖုဆီ၏ တွေ့ရှိချက်များ *

မြစ်ဝါမြစ်ထဲမှ ပေါ်ထွက်လာသော လိပ်ကြီးတစ်ကောင်၏ ကျောအထက်မှ သင်္ကေတအမှတ်အသားမှသည် ထူးခြားသော အတတ်ပညာကို ရရှိခဲ့သည်ဟု ဆိုလေ၏။


လိပ်ကျောအထက်မှ သင်္ချာဂဏန်းများမှတဆင့် ထူးခြား သောဂမ္ဘီရအစွမ်းနှင့် ရှေ့ဖြစ်ဟောပြောမှုများကို ရခဲ့သည်။ ဖုဆီတွေ့ခဲ့သော လိပ်ကျောခွံမှ သင်္ချာဇယားကွက်ကို ယခုနကာလ တွင် အံ့ဖွယ်၊ အံ့ဖွယ် စတုရန်းများ၏အကြောင်း (Magic Square



www.burmeseclassic.com

www.burmeseclassic.com






ရေးရာတွင် မပါမဖြစ်ထည့်သွင်းရေးသားကြလေ၏။

၎င်းဇယားကွက်ကို အနောက်တိုင်းတွင် ဂဏန်းဗေဒင်၏ ဟောကွက်အဖြစ် ဟောကြသည်။

ဂဏန်း (၁)မှ (၉)အထိကို ဇယားကွက်တွင် ဒေါင်လိုက်၊ ကန့်လန့်၊ ဘေးတိုက်ပေါင်းသော် (၁၅)ဂဏန်းကို ရသည်။

*** လိပ်ကျောခွံမှ ဖုဆီတွေ့ခဲ့ရသည်ဆိုသော သင်္ချာဇယားကွက် ***

| | | |
|---|---|---|
| 4 | 9 | 2 |
| 3 | 5 | 7 |
| 8 | 1 | 6 |

ဤဇယားကွက်ကို ဉာဏ်ရှိ သုံးစွဲပါက . . ဤစကြာဝဠာ၏ လျှို့ဝှက်မှုအပေါင်းများစွာကို ရချေမည်ဟု "ဖုဆီ"ကဆိုခဲ့၏။

*** အချိန်ကာလ ဟူသည် ***

ကမ္ဘာဦး လယ်ယာလုပ်သူများ၏ ကနဦးတွေ့ရှိချက်မှာ မျိုးစေ့ချင်း တူလင့်ကစား စိုက်ပျိုးသောအချိန်ပေါ်တွင် မူတည်၍ ကောက်ပဲသီးနှံ အထွက်နှုန်းကောင်းခြင်းဖြစ်ပေါ်သည်ကို သိလာကြသည်။

သလေး၊ ဂျုံ၊ စပါးတို့ကို ဤအချိန်ကာလတွင် စိုက်ပျိုးသော်ဖြစ်ထွန်း၏၊ မဖြစ်ထွန်း၏ ဆိုသည်ကို လူသားတို့ သိရှိလာကြခြင်းမှထူးခြားသော တီထွင်မှုတစ်ရပ် ပေါ်ထွန်းလာသည်ဟူ၏။

"ဖုဆီ"သည်ကား တီထွင်သည်ဟူသော စကားလုံးကို

www.burmeseclassic.com

www.burmeseclassic.com


မသုံးစွဲခဲ့ချေ။ အရာရာသည် သဘာဝအတိုင်း ဖြစ်ပေါ်နေ၏။

"သတိပြုမိခြင်း"နှင့် "စနစ်တကျစီစဉ်ခြင်း"ဟူသော စကား သည်သာ သုံးစွဲသင့်ကြောင်း၊ ဖြစ်ပေါ်မှုတစ်ရပ်ကို သဘာဝထဲမှ တွေ့ရှိသတိပြုမိပြီး ၎င်းကို စနစ်တကျ စီစဉ်ပါက လူ့လောကတွင် အသစ်အဆန်းအကြောင်းအရာများ ဖြစ်ပေါ်လာလိမ့်မည်ဟု "ဖုဆီ" က ဆိုခဲ့သည်။

"ဖုဆီ"သည် ကမ္ဘာတွင် လယ်ယာစိုက်ပျိုးသူတို့ "သတိပြုမိ" သောအချိန်ကို "စနစ်တကျစီစဉ်"၍ ပြက္ခဒိန်ကို ဖန်တီးခဲ့သည်။

မဟာစကြာဝဠာအထက် လူတိုင်း တွေ့ထိနေသော နေမင်း၏အဝင်အထွက် နေ့များ၊ လပြည့်လကွယ်မှတဆင့် တစ်လချင်း ဖြင့် ထူးခြားသော ပြက္ခဒိန်ကို စတင်ခဲ့သည်။

ယနေ့ ကမ္ဘာသုံး (Lunar Calendar) လူနာကလင်ဒါ ဟု ခေါ်သော လမင်းပြက္ခဒိန်သည်ကား "ဖုဆီ"၏ လက်ရာပါပေတည်း။

## * အကြောင်းတိုက်ဆိုင်မှုနှင့် ဖုဆီအမြင် *

ရှေ့ဖြစ်ဟောအတတ်သည် အကြောင်းတိုက်ဆိုင်မှုအပေါ် အခြေခံသည်။ ရှေးဟောင်း တရုတ်ဘာသာစကားအရ "အိုး"(Ou) ဟူသော စကားလုံးနှင့် "ဖုန်" (Peng)ဟူသော စကားနှစ်လုံးသည် "ဖုဆီ"၏ အကြောင်းတိုက်ဆိုင်ခြင်းအပေါ် သုံးသော စကားဖြစ်၏။

ကြုံကြိုက်ခြင်း၊ အကြောင်းတိုက်ဆိုင်စွာ ဖြစ်ပေါ်ခြင်းတို့ ရှေးတရုတ်လူမျိုးတို့က "ညီမျှခြင်း"၊ "တွဲဖက်ပေးခြင်း"၊ "ဆက်သွယ် ပေးခြင်း"၊ "ဆက်စပ်ပေးခြင်း"ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

လွင့်မျောနေသော မဟာစကြာဝဠာကြီးထဲမှ စွမ်းရည်အချို့ သည် လူသားတစ်ဦး၊ တစ်ယောက်ထံသို့ အနိုက်အတန့် ရောက်လာ ခြင်းကား ကြုံကြိုက်ခြင်း၊ အကြောင်းတိုက်ဆိုင်ခြင်းပါတည်း။

ညီမျှခြင်း၊ တွဲဖက်ပေးခြင်း၊ ဆက်သွယ်ပေးခြင်း၊ ဆက်စပ် ပေးခြင်းသည် စကြာဝဠာစွမ်းအားမှတဆင့် လူသားစွမ်းအားကို ဖြစ်စေသည်။ အလိုရှိရာ ရစေသည်။ ဤကား စကြာဝဠာ၏ စီမံချေ


www.burmeseclassic.com

www.burmeseclassic.com



ခြင်းလည်း မဟုတ်။ လူသားက တောင်းဆိုခြင်းလည်း မဟုတ်။ ဖြစ်ပေါ်မှုတစ်ခုသာ ဟူ၍ ဖုဆီက ဆို၏။

ထိုသို့ ကြုံကြိုက်မှုများ ဖြစ်ပေါ်မှုအပေါ် သတိပြုပြီးနောက် စီစဉ်တကျဖြစ်အောင် ဆောင်ရွက်လေ၏။ အချိန်ကိုသုံးခြင်း၊ ကြုံကြိုက်မှု၊ တိုက်ဆိုင်မှုအပေါ် လေ့လာမှုမှ ရှေ့ဖြစ်ဟောအတတ် ပေါ်ထွန်းလာသည် ဟူ၏။

## * လိပ်ခွံကိုဖတ်၍ မှတ်တမ်းတင်ခြင်း *

စကြာဝဠာ၏ စည်းဝါးညီညီ ဖြစ်ပေါ်လည်ပတ်နေသော အချိန်ကာလ၊ အပိုင်းအခြားအမျိုးမျိုးမှ အဖြေရှာရန် "ရှန်"လူမျိုးတို့သည် ကြံစည်ခဲ့ကြလေ၏။ ပြောင်းလဲမှုနှင့် အချိန်ကို မှတ်တမ်းတင်သည်။ တိုက်ဆိုင်ကြုံကြိုက်သော ဖြစ်ရပ်များကို စစ်တမ်းထုတ်သည်။ ကြိုတင်ပြောမှုကို ပြုသည်။

မှန်ကန်သော အယူအဆများကို ယူသည်။ အကြိမ်ကြိမ် အခါခါ ဆန်းစစ်သည်။ ကြိုတင်ဟောကိန်းများကို သန့်စင်အောင် ဆုတ်သင်ဆောင်ရွက်လေသော် ထူးခြားသော နိမိတ်ဖတ်ပညာရပ်ကြီး ပေါ်ထွန်းခဲ့လေ၏။ ဤအတတ်ကို ရီချင်း (Iching)အတတ် ဟူ၍ ခေါ်ဆိုကြသည်။

ထိုသောအခါ ရှန်လူမျိုးတို့သည် စကြာဝဠာနှင့် တိုက်ရိုက်ဆက်သွယ်၍ ဤအရာများကို မှတ်တမ်းတင်ရန် ကြိုးပမ်းကြသည်။ ဆက်ဦးဆရာကြီးသည် "ဖုဆီ"၏ ကနဦးတွေ့ရှိသော လိပ်ကျောခွံကိုသုံးရန် စီစဉ်ကြလေ၏။

စကြာဝဠာကို ကိုယ်စားပြုသောအရာသည် လိပ်သတ္တဝါဖြစ်သည်။ ရှန်လူမျိုးတို့သည် လိပ်သတ္တဝါကို အသက်ရှည်ခြင်း၊ ဉာဏ်ပညာကြီးခြင်းရှိသော သတ္တဝါဟု သတ်မှတ်သည်။

ရှေးအယူအဆအရ လိပ်သတ္တဝါ၏ပုံရိပ်သည် စကြာဝဠာ၏ပုံရိပ်နှင့် ထပ်တူညီသည်ဟု သတ်မှတ်ကြသည်။ လိပ်သတ္တဝါ၏ ကျောကုန်းခွံသည်သည် ခုံးခုံးဝိုင်းဝိုင်း ရှိနေပေရာ ကောင်းကင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တူသည်။ "ကောင်းကင်၏ သင်္ကေတ" ဟု ယူသည်။ မိုးနတ်မင်းကြီး ပိုင်စိုးရာဟု သတ်မှတ်သည်။

လိပ်ခွံ၏အောက်ပိုင်း ဗိုက်ဘက်တွင်ရှိနေသော လေး ထောင့်ကွက်များသည် မြေပြင်တွင်ရှိသော လယ်ကွက်များနှင့် အလားတူသည်ဟု ဆိုသည်။ မြေလွှာဖြစ်သည်။

ကမ္ဘာမြေကြီး မြေနတ်ဒေဝတာကို ကိုယ်စားပြုသည်။

ဤမိုးနှင့်မြေကို တိုင်တည်၍ မဟာစကြာဝဠာ၏ပုံရိပ် ဖြစ် တည်မှုအလုံးစုံကို မှတ်တမ်းတင်ရာတွင် လိပ်ခွံကို အသုံးပြုလေ့ရှိ ကြသည်။


ရှေးအတိတေကာလက လိပ်ခွံကိုကြည့်၍ အဖြေပေးကြ သည်ဟူ၏ ။ မည်သို့သော ရှေ့ဖြစ်လတ္တံ့သော မေးခွန်းမျိုးစုံကို လိပ်ခွံကိုကြည့်၍ တွေ့မြင်ရသော အကွက်အကြောင်းအရာများကို ဖတ်၍၊ မှတ်၍ အဖြေထုတ်၊ အဖြေပေးကြသည်ဟု ဆိုပါသည်။

ထို့ကြောင့် (၁၈၉၉)၊ မြစ်ဝါရေကြီးခြင်းမှ တွေ့ရှိရသော ရှန်မျိုးနွယ်စု၏ ပထမဆုံး ရှေ့ဖြစ်ဟော အဆောက်အဦတစ်ခုတွင် လိပ်ခွံများ (၁၉၅၀-ပြည့်နှစ်အထိ) ထောင်နှင့်ချီ၍ တွေ့ရှိရကာ သင်္ကေတများထုတ်ဖော်၍ သမိုင်းဦးဂမ္ဘီရအတတ်ပညာသည် ပြန်လည် အသက်ဝင်လာရခြင်းဟု ပညာရှင်တို့က သုံးသပ်ခဲ့ကြ လေ၏ ။

မင်းသကျ်းဝင်း

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အမျိုးသမီးများအတွက် ဗန်ဒီသိုင်းကွက်များ



ခေတ်အခြေအနေအရ လူတို့သည် ရုပ်ဝတ္ထုပိုင်းတွင် ခေတ်မီတိုးတက်နေကြသော်လည်း စုန်းပြူး ဟုခေါ်ရမည့် လူတချို့တွင် အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာများတွင် ချို့တဲ့အားနည်းနေကြသေးသည်ကို နေ့စဉ်ထွက်ရှိနေသော သတင်းစာ ဂျာနယ်များမှ မှုခင်းများကိုကြည့်ခြင်းအားဖြင့် ကြားသိနေရပါသည်။

ဤနေရာ၌ အမျိုးသမီးများအတွက် ရင်လေးစရာကောင်းသည်မှာ စစ်တမ်းကောက်ယူမှုများအရ တခြားသော ခိုးမှု၊ လုယက်မှု၊ ဓားပြမှု၊ လူသတ်မှုများထက် မုဒိမ်းမှုများက ပိုများနေခြင်းဖြစ်ပါသည်။

ယခု(၂၀၁၆)ခုနှစ်၊ တစ်နှစ်တည်းတွင်ပင် မုဒိမ်းမှုပေါင်း (၇၆၀)ကျော်သွားပြီဖြစ်ကြောင်း သိရပါသည်။ လူသတ်မှုမှာလည်း (၇၀၀)ကျော်၍ ဒုတိယနေရာမှ လိုက်ပါသည်။

ထို့ကြောင့် ယနေ့ခေတ်လို ယောကျ်ားလေးများနှင့် တန်းတူ ရင်ပေါင်တန်း၍ အလုပ်သွား၊ အလုပ်ပြန်ပြုလုပ်နေရသော အမျိုးသမီးများ၊ ခရီးတိုခရီးရှည် သွားလာနေရသော အမျိုးသမီးများသည် ကိုယ်လုံ့ပညာရပ်များကို စိတ်မဝင်စားလျှင်တောင်



www.burmeseclassic.com

www.burmeseclassic.com





အနည်းဆုံး အခြေခံသဘောတရားများ လောက်ကိုတော့ သိထားသင့်ပါကြောင်း အကြံပေးချင်ပါသည်။

ယခုဖော်ပြမည့် ဗန်ဒိုသိုင်း ကွက်များသည် လွန်စွာ လွယ်ကူ ရိုးရှင်း လှသောကြောင့် အမျိုးသမီးတိုင်း လိုက်လံ ပြုလုပ်နိုင်လိမ့်မည်ဟု မျှော် လင့်မိပါကြောင်း။

**၁) အနောက်မှနေ၍ သိုင်းချုပ်လာသူကို ခုခံတိုက်ခိုက်နည်း**

ယင်းကဲ့သို့ သိုင်းချုပ် လာပါက ခုခံတိုက်ခိုက်နည်း(၂) မျိုး ရှိပါသည်။ ပထမတစ်မျိုးမှာ မိမိ၏ဦးခေါင်းကို အားဖြင့် နောက် သို့လှန်၍ မိမိ၏နောက်စေ့ဖြင့် ရန်သူ၏မျက်နှာကို တိုက်ချပစ်လိုက် ခြင်းဖြစ်သည်။

ဒုတိယတစ်နည်းမှာ ဒေါက်မြင့်ဖိနပ်စီးသူဖြစ်ပါက ပို၍ ထိရောက်စေပါသည်။ ၎င်းနည်းမှာ ဒေါက်မြင့်ဖိနပ်၏ဒေါက်ချွန် ဖြင့် ရန်သူ၏ဒူးအောက်ရှိ ညို့သကျီးကို နောက်ပြန်ဆောင့်ကန် သောနည်းဖြစ်ပါသည်။ ထိုသို့မဟုတ်ပါကလည်း ထိုသူက ခြေ ထောက်အား ဒေါက်ချွန်ဖြင့် နင်းနိုင်သည်။

**၂) အရှေ့မှနေ၍ သိုင်းချုပ်လာသူကို ခုခံတိုက်ခိုက်နည်း**

၎င်းသို့ သိုင်းချုပ်လာပါက ခုခံတိုက်ခိုက်နည်းမှာ ရန်သူ ၏ ခါးအောက်ရှိ ဝှကြားသို့ ဘယ်(သို့) ညာဒူးဖြင့် အားသုံးကာ တိုက် ထည့်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com





### ၃) ဘေးတိုက်မှနေ၍ သိုင်းချုပ်လာသူကို ခုခံတိုက်ခိုက်နည်း

ယင်းကဲ့သို့ သိုင်းချုပ်လာပါက ခုခံတိုက်ခိုက်နည်းမှာ ရန်သူသည် မိမိ၏ညာဘက်ခြမ်းမှနေ၍ သိုင်းချုပ်လာပါက ရန်သူ၏ ခြေထောက်နှစ်ချောင်းကြားထဲသို့ မိမိ၏ညာခြေထောက်ကိုထည့်၍ ရန်သူ၏ရှေ့ ခြေထောက်ကို ဆွဲချိတ်ကာလန့်ကာ လဲကျသွားအောင်ပြုလုပ်ပါ။

တစ်ပြိုင်နည်းတည်းပင် ညာဘက်လက်မှလည်း ရန်သူကို အနောက်သို့ လန့်၍ လဲကျသွားစေရန် မျက်နှာကို အားဖြင့် တွန်းပါ။ (မှတ်ချက်။ ။ အကယ်၍ ရန်သူသည် မိမိ၏ ဘယ်ဘက်ခြမ်းနေ၍ သိုင်းချုပ်လာပါက ၎င်းနည်းအတိုင်းပင်ဖြစ်၍ ကွဲပြားမှုမှာ ဘယ်ခြေနှင့်ဘယ်လက်ကို အသုံးပြုရန်ပင် ဖြစ်ပါသည်)

### ၄) ဆံပင်ကို ဆုပ်ကိုင်၍ ဖမ်းချုပ်သူကို ခုခံတိုက်ခိုက်နည်း

(ဆံပင်ကိုဆုပ်ကိုင်၍ ဖမ်းချုပ်ရန်ကြိုးစားလာသော ရန်သူ) ယင်းကဲ့သို့ ဖမ်းချုပ်လာပါက မိမိ၏ဆံပင်ကို ဆုပ်ကိုင်ထားသော ရန်သူ၏ လက်ကောက်ဝတ်နေရာကို မိမိလက်ဖြင့် အုပ်ကိုင်ပြီး လက်မထိပ်မှ လက်သည်းချွန်ဖြင့် သွေးကြောနေရာကို အားဖြင့် ထိုးစိုက်ချရန် လိုအပ်ပါသည်။

ထိုသို့ပြုလုပ်လိုက်၍ ရန်သူ၏ချုပ်ကိုင်အား ပျော့သွားသည့် အချိန်ကျမှ ရန်သူ၏လက်ကောက်ဝတ်ကို အုပ်ကိုင်ထားသော မိမိ၏ လက်ကို ပက်လက်အနေအထား ပြန်လှန်၍ ရန်သူ၏လက်ကို လှန်ချိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရန်သူ၏လက်မှ မိမိ လွတ်သွားသည်နှင့် အဆင်ပြေသည့် နည်းဖြင့် တိုက်ခိုက်နိုင်ပါသည်။

(ဥပမာ - ခြေ၊ လက်များဖြင့် ထိုးနက်ကန်ကျောက်တိုက်ခိုက်နိုင်သလို၊ မိမိလက်ထဲ၌ ဆောင်ထားသော ထီးရှည် ဖြင့်လည်း ရိုက်နက်၍ တိုက်ခိုက်နိုင် သည်)



**၅) လည်ပင်းကိုညှစ်၍ ဖမ်းချုပ်သူကို ခုခံ တိုက်ခိုက်နည်း**

၎င်းသို့ ဖမ်းချုပ်လာပါက မိမိ၏လက်အစုံဖြင့် ရန်သူ၏ လက် အစုံကို (လက်ကောက်ဝတ်နေရာ)ပြန်လည် ဆုပ်ကိုင်ထားရင်း မိမိ၏ဦးခေါင်းကို ငုံ့၍ ရန်သူ၏လက်ချောင်းများကို မေးစေ့အား ဖြင့် ဖိ၍ကြိတ်ပြီး ဘယ်ညာလှည့်၍ ဖြုတ်ပါ။

ထို့နောက် ရန်သူ၏ အားပျော့ကျသွားသည်နှင့် ရန်သူ၏ မျက်နှာ(သို့မဟုတ်) လည်မြိုသို့ မိမိ၏ဦးခေါင်းဖြင့် ပစ်တိုက်၍ ဆောင့်လိုက်ပါ။

**၆) တွန်းလှဲရန်ကြိုးစားလာသူကို ခုခံတိုက်ခိုက်နည်း**


၎င်းသို့ ကြိုးစားလာပါက အရှေ့တွင်ဖော်ပြခဲ့သော ခုခံ တိုက်ခိုက်နည်းဖြင့် ကာကွယ်နိုင်သော်လည်း အကယ်၍ မိမိသည် ရန်သူ၏တွန်းလှဲမှုကြောင့် ပက်လက်အနေအထားဖြင့် လဲပြိုကျ သွားပါက အရေးကြီးသည်မှာ မိမိ၏ညာဒူး(သို့မဟုတ်) ဘယ်ဒူး တစ်ဘက်ကိုထောင်၍ ထားဖို့ရန် လိုအပ်ပါသည်။

သို့မှသာ မိမိအပေါ်သို့အားဖြင့် လဲပြိုကျလာမည့်ရန်သူ သည် မိမိဆင်ထားသော ထောင်ချောက်(သို့မဟုတ်) ဒူးဖြင့် မိတ်

www.burmeseclassic.com

www.burmeseclassic.com





ဆက်၍ ရှုံးနိမ့်ရမည်ဖြစ်သော ကြောင့်ပင်။

ဖော်ပြပါနည်းများသည် ရန်သူ့လက်မှ ပြေးမလွတ်နိုင်တော့ဘဲ ကျင်းထဲကျပ်ထဲတွင် ပိတ်မိသွားသော နောက်ဆုံးအခြေအနေများတွင် အသုံးပြုနိုင်ရန် စေတနာရှေ့ထား၍ ဖော်ပြပေးထားသော နည်းများသာ ဖြစ်ပါသည်။

တကယ်ဖြစ်သင့်သည်မှာ အမျိုးသမီးများဆိုသည်မှာ ယောကျ်ားသားများထက် အားနွဲ့သော သဘာဝမို့ ခေတ်အခြေအနေအရ ရင်ပေါင်တန်း အလုပ်လုပ်နေကြသော်ငြား၊ မသင့်သော်သောအချိန် ညဥ့်နက်သန်းခေါင်သွားလာခြင်း၊ လူပြတ်သောနေရာ (ဥပမာ-လမ်းကျဥ်း၊ လမ်းသွယ်၊ ဖြတ်လမ်းများ)သို့ သွားလာခြင်းများကို ရှောင်ကြဥ်သင့်ပါသည်။

အကယ်၍ မဖြစ်မနေသွားလာရန်လိုအပ်လာပါကလည်း အနည်းဆုံးအဖော်တစ်ဦးပါရန် လိုအပ်ပါသည်။ ၎င်းအဖော်မှာလည်း ဆွေမျိုးအရင်းပင်ဖြစ်သော်ငြားလည်း မယုံကြည်ရသော ခေတ်ဖြစ်ပေသမို့ လူတိုင်းကို မယုံကြည်သင့်ဘဲ အကောင်းဆုံးမှာ မိသားစုအဖော်ပင်ဖြစ်ပါကြောင်း အကြံပြုချင်ပါသည်။

ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် အကူအညီပေးသော ဆရာရန်နိုင် DRAGON KING (ကွန်ဖူး၊ ဝန်ဒို၊ ထိုက်ကျိ အထူးသင်တန်းကျောင်း)ကို ကျေးဇူးတင်ရှိပါသည်။

အမှတ်(၂)ကိုလည်း စောင့်မျှော်အားပေးကြပါရန်။

မိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com



# မျက်ခုံးမွေးသင်္ကေတနှင့် လူ့စရိုက်သဘာဝများ



လူ့သဘော၊ လူ့စရိုက်သဘာဝကို မျက်ခုံးမွေးများကလည်း ဖော်ပြလျက်ရှိပါတယ်။ သာမန်အားဖြင့်ကြည့်လျှင် မျက်ခုံးနှင့် လူ့စရိုက်သဘာဝ မပတ်သက်၊ အရေးမကြီးလှဟု ထင်ပေလိမ့်မည်။ သို့ရာတွင် မျက်နှာပြင်သင်္ကေတများကို ကြည့်ရာမှာ တိကျမှန်ကန်စွာ အဓိပ္ပါယ်ဖော်နိုင်ဖို့ မျက်ခုံးများက အထောက်အကူ အပြည့်အဝ ပေးကြောင်း သိရပါတယ်။


၁) မျက်ခုံးတွင် "အဖြောင့်နှင့်အကောက်" နှစ်မျိုး ရှိပါတယ်။ အကောက်ဟာ ပရိယာယ်စေစားမှုကို ရည်ညွှန်းပြီး အဖြောင့်ကတော့ ပွင့်လင်းမှုကို ဖော်ညွှန်းပြသပါတယ်။ ဒီအဆို မှန်၊ မမှန်ဆိုတာကို သက်ဆိုင်ရာပုံများကြည့်ပြီး လေ့လာကြည့်ကြပါစို့။


ပုံ ၂) မျက်ခုံးမွေးဖျက်ကြီးပြီး ထူနေပါက ကြမ်းကြမ်းတမ်းတမ်း အလုပ်များကို နှစ်သြိုက်တတ်ပါတယ်။ စိတ်ထဲမှာ ရှိတာကို ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သူ ဖြစ်ပါတယ်။ မျက်ခုံးမွေးအများဆုံးတိပြတ်နေပါက မိတ်ဆက် မရှည်တတ်၊ အဖျားရှူးပါက မိတ်ဆက်ရှည်တတ်သူလို့ သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com







ပုံ ၃) ဒီလို မျက်ခုံးမွေးမျိုးကို "ဓားမောက် မျက်ခုံးမွေး" လို့ ခေါ်ပါတယ်။ ဒီလိုမျက်ခုံးမွေးပိုင်ရှင်များဟာ နိုင်ငံရေးသမားငယ် များ (ခေါင်းဆောင်မဟုတ်) ဖြစ်တတ်ပါတယ်။ ပြင်ပအလုပ်အကိုင် ဆိုရင်တော့ မန်နေဂျာရာထူးအဆင့်ရှိသူမျိုးမှာ ဒီလိုမျက်ခုံးမျိုး ပိုင်ဆိုင်တတ်ပါတယ်။ သွက်လက်ပေါ့ပါး၊ လျှင်မြန်ဖျတ်လတ်ခြင်း ရဲ့ သင်္ကေတဖြစ်ပါတယ်။

ပုံ ၄) ဖျက်ကြီးခြင်း၊ အဖျားသွယ်ခြင်း၊ ဖြောင့်တန်းခြင်း ရှိပါမူ သည်းခံခြင်း၊ အမျက်ကို သိုသိပ်ပြီး ခေါင်းဆောင်တစ်ဦးဖြစ် စေနိုင်တဲ့ အရည်အချင်းသင်္ကေတတစ်ခုလို့ ဆိုပါတယ်။

ပုံ ၅) မျက်ခုံးမွေးဟာ နှာရင်းမှာကော့ပြီး စုနေပါက စဉ်းစားဉာဏ်ရှိခြင်း၊ ဆင်ခြင်တိုင်းထွာတတ်ခြင်း၊ အိမ်ထောင် ဘက်များအား ဉာဏ်စေစားပြီး မိမိအလိုကျ၊ တစ်ဖက်သားအလိုကျ ဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိသူမျိုး ဖြစ်ပါတယ်။


ပုံ ၆) အလယ်မှပြတ်နေသော မျက်ခုံးမွေးမျိုးကြောင့် ရည်းစားဦး၊ အိမ်ထောင်ဦး ပျက်တတ်တယ်။ အဲဒီကနေမှ အဖျား



www.burmeseclassic.com

www.burmeseclassic.com













အရင်း အလယ် သုံးပိုင်းပိုင်းပြီး နှာရင်းမှပြတ်နေပါက ငယ်ရွယ်စဉ်က ဖြစ်တတ်ပါတယ်။ အဖျားတွင်ပြတ်နေပါမူ သက်ကြီးမှ ဖြစ်တတ်ခြင်းလို့လည်း ခွဲခြားမှတ်ယူရပါမယ်။

ပုံ ၇) မျက်ခုံးမွေး အဖျားကော့ထောင်နေသူများဟာ မာနကြီးလှပါတယ်။ ရာဇဂုဏ်မောက်ပြီး ဘုရင်အကျင့်စရိုက် ပြုမူတတ်ပါတယ်။ ငါနှင့်ငါသာ နိုင်းစရာလို့ ဆိုသကဲ့သို့ ဘဝမြင့်တတ်တဲ့ အကော်တအမှတ်အသားတစ်ခု ဖြစ်ပါတယ်။

ပုံ ၈) နှာရင်း မျက်ခုံးမွေးအရင်းမှ ကော့ထောင်ပြီး အဖျားသို့နိမ့်ဆင်းသွားသော မျက်ခုံးမွေးပိုင်ရှင်များကတော့ အိမ်ထောင်ရေးသုခ အလျဉ်းရကြသူများ မဟုတ်တတ်ချေ။ ယင်းထက် ပိုမိုဆိုးပါမူ ဆိုင်ရာကိုပေးမိပြီး မှိုင်ခါဆွေးပူရသူ၊ သက်ကြီးရွယ်အိုများ၏ သွေးဆောင်ခြင်း၊ ဖွတ်အခမွှသိမ်းပိုက်ခြင်းကို ခံရတတ်တဲ့ အိမ်ထောင်ရှင်များ ဖြစ်တတ်ပါတယ်။


ပုံ ၉) မျက်ခုံးမွေးဟာ မျက်လုံးဘေးရှိ မျက်ခုံးမွေးများပေါ်သို့ ဖြတ်ကျော်သွားသောကြောင့် ထိုသူများဟာ မာနတခွန် လွင့်



www.burmeseclassic.com


www.burmeseclassic.com













လွှင့်ထူနေတတ်သော အိမ်ထောင်ဘက်၊ ကြေး(ကျီး)များခြင်း၊ မိမိနှင့် တော်မတော် မချင့်ချိန်နိုင်ခြင်း၊ အမြင့်ကို အမြဲတမ်း ချိန်နေသူများလို့ ဆိုရပါလိမ့်မယ်။

ပုံ ၁၀) အလယ်၌ ထောင့်ချွန်းသဖွယ်ဖြစ်နေသော မျက်ခုံးမွေးကို တွေ့ရပါလိမ့်မယ်။ အလယ်ချွန်းလေးက အသွေးအရောင်ကျွမ်းကျင်မှုကို ဖော်ပြပါတယ်။ အရောင်အစပ်ကောင်းမှု၊ အလင်းအမှောင်ခွဲခြားတတ်မှု၊ ပုံဖော်သရုပ်ဖော်ကောင်းမှုကို ဖော်ပြပါတယ်။

ဒီမျက်ခုံးမွေးကို ကမ္ဘာကျော် ပန်းချီဆရာကြီး ရှူးဘင်းစ်ကို အစွဲပြုပြီး ရှူးဘင်းစ်ပွင့် ပန်းချီဆရာ မျက်ခုံးမွေးလို့ ခေါ်ပါတယ်။ ဒါ့အပြင် မျက်ခုံးမွေးတစ်ခုရဲ့အပြင်ဘက်အစွန်းဟာ မျက်လုံးရဲ့အပြင်ဘက်အစွန်းနဲ့ များစွာဝေးနေပါက အပျော်အပါးကို ပြင်းပြင်းထန်ထန် ဝါသနာပါတတ်ပါတယ်။ ငြင်းခုံတတ်လေ့ မရှိပါဘူး။

ပုံ ၁၁) ဒီပုံကိုကြည့်ပါက အလယ်မှ အောက်ဘက်သို့ပြီး ချိုင့်နေတာကို မြင်တွေ့ရပါတယ်။ ဒီလိုမျက်ခုံးမွေးမျိုးဟာ ကြောက်စရာကောင်းတဲ့ မျက်ခုံးမွေးမျိုး ဖြစ်ပါတယ်။ နာကြည်းစိတ်မွေးတတ်တဲ့ မျက်ခုံးမွေးမျိုးဖြစ်ကာ မနာလိုဝန်တိုစိတ် အား



www.burmeseclassic.com

www.burmeseclassic.com



ကြီးတတ်ပါတယ်။ မခံချင်စိတ်များပြီး လွန်စွာ နာကြည်းတတ်ပါ တယ်။ အရှိုင့်ဟာ ပိုပြီး ချိုင့်နေပါက ရန်ငြိုးဖွဲ့တတ်ပါတယ်။

ပုံ ၁၂) မျက်ခုံးမွေးနစ်ခုရဲ့ အပြင်စွန်းဟာ အောက်ဘက် ကို လျှောဆင်းပြီး မျက်လုံးနှင့်ထိလုနီးဖြစ်နေတာကို တွေ့နိုင်ပါ တယ်။ အငြင်းသန်တဲ့ သဘာဝကို ပြခြင်းဖြစ်ပြီး ငြင်းခုံရာမှာလည်း သာယူ၊ အနိုင်ယူလိုစိတ် ရှိတတ်ပါတယ်။

ဒါကြောင့် အငြင်းသန် မျက်ခုံးမွေးလို့ ခေါ်ဆိုပြီး အစိုးရ ရာရှိများ၊ နိုင်ငံရေးသမားများမှာ တွေ့မြင်ရတတ်ပါတယ်။ တယ်လို့ မျက်လုံးရဲ့အောက်မျက်ခမ်းအခြေမှာ ပိုမိုရှိနေပါက ပြောကောင်းပြီး ဆွေးနွေးငြင်းခုံမှုကို အလွန်နစ်သက်တတ်သူ ဖြစ်ပါတယ်။


ပုံ ၁၃) ဒီမျက်ခုံးမွေးမျိုးဟာ ကြောက်စရာကောင်းတဲ့ မျက်ခုံးမွေးထဲမှာ ပါဝင်ပါတယ်။ ကောက်ကျစ်စဉ်းလဲတတ်လို့ စဉ်းလဲမျက်ခုံးမွေးလို့ ခေါ်ပါတယ်။ အပေါ်နံဘေးကိုကားပြီး ကောင်တတ်သွားတာကြောင့် အကြည့်ရတစ်မျိုးဖြစ်နေပါတယ်။

ဒီလိုမျက်ခုံးမွေးမျိုးကို တရုတ်လူမျိုးများမှာ အများဆုံး တွေ့တတ်ပါတယ်။ ကောက်ကျစ်စဉ်းလဲတယ်၊ ရန်ငြိုးပြုတတ် တယ်၊ ဖော့လည်ရှောင်ပတ် ပြောတတ်တယ်၊ လိမ်ညာတတ်တယ်၊ လှည့်ဖြားတတ်တယ်၊ လျှို့ဝှက်လုပ်ဆောင်တတ်ပါတယ်။ မျက်လုံး ပါ မျက်ခုံးမွေးစောင်းထောင်တတ်သွားတဲ့အတိုင်း လိုက်ပါ ထည့်ရှိပါက လုံးဝမကောင်းသောသူလို့ သတ်မှတ်နိုင်ပါတယ်။

နောက်ဆုံးအချက်ကတော့ သူငယ်ချင်း၊ မိတ်ဆွေတွေထဲ မှာ မျက်စိစွေစောင်း ရှိနေပါက သတိထားပါ။ ဒီလိုလူမျိုးဟာ ကောင်းတတ်သူများ ဖြစ်ပါတယ်။ ဒါကြောင့် ရှေးလူကြီးများက "မျက်စိစွေစောင်း၊ မပေါင်းကောင်း"လို့ ဆိုထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးနိုင်

# စိုးမိုးနိုင် ခုတင်ပေါ်မှ ဆွဲအချခံရခြင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





။။

**သတ္တဝါကြီးမှ ကျွန်တော့အား အခန်းအဝအထိ ဒရွတ်တိုက် ဆွဲခေါ်သွားသောကြောင့် ဖြစ်သည်။ ထိုအချိန်တွင် အသည်းတွေ၊ အူတွေ ပြောင်းဆန်သွားပြီး ကြောက်ရွံ့စိတ်က ငယ်ထိပ် တက်ဆောင့်နေပြီ ဖြစ်၏ ။**

ရွှေမိုဘုရားဖူးပို့ဆောင်ရေး မှန်လုံ Express ကားကြီးသည် ဘုရားဖူးခရီးသည် အယောက်(၅၀)ကို တင်ဆောင်လျက် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ထဲရှိ ကမ္ဘာကျော် (ကမ္ဘာ့အံ့ဖွယ်(၇)ပါးထဲတွင် (၁)ပါးအပါအဝင်ဖြစ်သော) တပ်ချ်မဟာ အဆောက်အဦကြီးဆီသို့ ဦးတည်လျက် မောင်းနှင်နေပါသည်။

(မှတ်ချက် - ရွှေမိုဘုရားဖူးပို့ဆောင်ရေးသည် ၎င်း၏ လုပ်ငန်းခွဲအဖြစ် ယခုအခါတွင် တာမွေမြို့နယ်၌ ရွှေမိုပရိဘောဂဆိုင်ကြီးပါ ဖွင့်လှစ်ထားပါသည်)

ကျွန်တော်တို့သည် နယူးဒေလီမြို့ထဲရှိ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ ကြာပန်းပုံဝတ်ပြုခန်းမကြီးနှင့် Shopping Mall များသို့လည်း ဝင်ခဲ့ကြပြီးဖြစ်ရာ ဝင်ရောက်လေ့လာရန် ကျန်ရှိနေသော တပ်ချ်မဟာသို့ ဦးတည်လာနေကြခြင်း ဖြစ်ပါသည်။

နောက်နေ့နံနက်တွင်မှ ဘုရားရှင်ပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ သွားရောက်ဖူးမျှော်ကြမည် ဖြစ်ပါသည်။ ကျွန်တော့အနေဖြင့် ကားလမ်းမတစ်လျှောက်၌ မြင်တွေ့နေရသော နယူးဒေလီမြို့၏



www.burmeseclassic.com

www.burmeseclassic.com



...အခြေအနေကို အားမနာတမ်းဝေဖန်ရလျှင် . .

ဇင်းမြို့သူမြို့သားများသည် စည်းကမ်းပိုင်းတွင် များစွာ အားနည်းနေသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် ဆိုရချေသော် တစ်လျှင်လစ်သလို ကားလမ်းကြောကို ပြောင်းပြန် မောင်းတတ်ကြ သဖြင့် မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်နေကြခြင်း။

လမ်းဘေးတစ်လျှောက် တွေ့ကရာနေရာများ၌ အပေါ့အလေး စွန့်တတ်ကြခြင်း၊ တစ်ဦးနှင့်တစ်ဦး မချေမငံစကားပြောမိကြရာမှ ၍ ရိုက်ပုတ်တိုက်နိုက်ကြခြင်းများကို သွားရောက်လည်ပတ်ရာ နေရာတိုင်းများ၏ ကားလမ်းမတစ်လျှောက်၌ တွေ့မြင်နေရပါသည်။

အနိဋ္ဌာရုံများအနေဖြင့် ရထားလမ်းချော် တိမ်းမှောက်မှုများ၊ ရထားချင်း ဝင်တိုက်မှုများ၊ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်နေ သော ကုန်ကားကြီးများကိုလည်း တွေ့ခဲ့ရပါသေးသည်။

ထို့နောက် ကျွန်တော်တို့သည် အိန္ဒိယ၏ နာမည်ကျော် (သို့) ကမ္ဘာကျော် တပ်ချ်မဟာအဆောက်အဦကြီး၏ရှေ့သို့ ရောက်ရှိခဲ့ကြ ချိန်တွင် မြောက်မြားလှစွာသော လူတန်းကြီးကို တွေ့ရှိကြရပါသည်။

စုံစမ်းသိရှိရသည်မှာ ဇင်း အဆောက်အဦကြီးထဲသို့ ဝင် ရောက် လေ့လာလိုသူများသည် တန်းစီစနစ်ဖြင့် အလှည့်ကျ ဝင် ရောက်ရမည်ဖြစ်ပြီး ဝင်ကြေးသည် အိန္ဒိယရူပီးငွေ(-)ဖြစ်ပြီး မြန်မာ ငွေနှင့်တွက်ကြည့်မည်ဆိုပါက တစ်ဦးလျှင် ငါးထောင်ကျပ်ခန့်ကျ ပါသည်။

ထိုနေ့တွင် လေ့လာမိသမျှကို ဖော်ပြရသော် ကမ္ဘာကျော် အတ်ရာများဖြင့် အနုစိပ်ထုံမွမ်းထားသော ဇင်းတပ်ချ်မဟာ အဆောက်အဦကြီးသည် အပြင်ဘက်တွင် ထုထည်ကြီးမား၍ ခိုင်ခန့်သလောက် အတွင်းပိုင်းတွင်လည်း အသုံးပြုထားသော အမြဲရောင် စကျင်ကျောက်ပြားကြီးများမှာ လွန်စွာကြီးမား၍ ဇင်း အပေါ်၌ ရှေးခေတ်အရုပ်ပုံများကို ထွင်းထုရေးဆွဲထားသည်မှာ အံ့မခန်းစွာကြည့်ကောင်းလှပါသည်။

အဆင်းလှေကားထစ်များမှာ တစ်တောင်မျှ မြင့်မား၍



www.burmeseclassic.com

www.burmeseclassic.com



အကျယ်အဝန်းမှာ ပေ (၂၀)ခန့် ရှိပါသည်။ ကျောက်တိုင်လုံးကြီးများမှာလည်း လူနှစ်ဖက်စာမျှ ထုထည်ရှိပါသည်။

ငင်းအဆောက်အဦကြီး၏ အပေါ်ထပ်တွင် အောက်မှ ရှုခင်းများကို ကြည့်ရန်အတွက် ပေ(၅၀)မျှ ကျယ်ဝန်းသော ဝရံတာကြီးများမှာလည်း မျက်နှာစာ(၃)ဘက်တွင် ရှိပါသည်။ (ဝရံတာမရှိသော ကျန်မျက်နှာစာ(၁)ဘက်မှာ အတက်အဆင်း လှေကားထားရှိရာ အပေါက်ရှိနေ၍ဖြစ်သည်)

မြေညီထပ်၌မူ လွန်စွာရှည်လျားသော စင်္ကြံန်လမ်းကြီးများ ရှိပါသည်။ ယနေ့ခေတ်အခေါ် (Underground)၊ သူတို့အခေါ် မြေအောက်ခန်းထဲ၌မူ ဖောက်ထွင်းမြင်နိုင်သော သံဇကာဓာတ်လှေကားလိုပုံစံမျိုး၌ မှန်စီရွှေချထားသော အခေါင်းကြီးနှစ်ခုကို ဘေးချင်းယှဉ်လျှက်ထားသည်ကိုလည်း ကျောချမ်းဖွယ် တွေ့ခဲ့ရပါသည်။ (အခေါင်းနှစ်ခုမှာ တစ်ခုမှကြီးမား၍ တစ်ခုမှ သေးငယ်ပါသည်)

ငင်းအခေါင်းနှစ်ခုမှာ ဤတပ်ချိမဟာအဆောက်အဦကြီးကို တည်ဆောက်ခဲ့ကြသော ဘုရင်နှင့်မိဖုရားတို့၏ အခေါင်းများဟု သိရှိရပါသည်။

သာမကအနေဖြင့်ဆိုရသော် ဤတပ်ချိမဟာကြီး ဖြစ်တည်လာရေးအတွက် ကြိုးပမ်းတည်ဆောက်ရန် တိုင်းပြည်၏အတော်ဆုံး ဗိသုကာပညာရှင်ကြီးတစ်ဦးကို ဦးဆောင်စေပါသည်။

နောက်ဆုံးတွင် ငင်းပညာရှင်ကြီးမှ ပြောင်မြောက်သောလက်ရာများဖြင့် တပ်ချိမဟာအား ဖန်တီးပေးသော်ငြား၊ ဘုရင်ကြီးမှ စိတ်တိုင်းမကျဖြစ်ကာ ငြူစူစိတ်ဖြင့် ထိုက်တန်သောဆုလာဒ်အစား လက်နှစ်ဖက်လုံးအား ဖြတ်စေခြင်းဖြင့် ရက်စက်စွာ ပြစ်ဒဏ်ပေးခဲ့ပါသည်။

ထို့နောက် ကျွန်တော်တို့အားလုံးသည် ရှေးလွန်ခဲ့ပြီးသော ဘီစီ(-)ရာစု၌ ဗိသုကာပညာရှင်များနှင့် ကျေးကျွန်ပေါင်း အယောက်(၁)သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ကြသော ကမ္ဘာကျော် တပ်ချိမဟာမှ ပြန်လည်ထွက်ခွာလာခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့က တည်းခိုရာ ဟိုတယ်ကို ပြန်ရောက်တော့ ညနေ (၆)နာရီခန့် ရှိနေပြီဖြစ်၏။ မိခင်ဖြစ်သူက -



"သားရေ .. အမေတို့ နယူးဒေလီကိုရောက်တုန်း သား အဖေမှာလိုက်တဲ့ Titan နာရီလေး သွားဝယ်မလို့ .. လိုက်ဦးမလား"

"မလိုက်တော့ပါဘူး အမေရာ .. တစ်နေ့လုံး လျှောက်သွားထားရတာ ညောင်းနေလို့ ဟိုတယ်မှာပဲ သား နားနေလိုက်တော့မယ်"

"အေးလေ .. ဒါဆိုလည်း သားအစ်ကိုနဲ့ အစ်မကိုပဲ ခေါ်သွားတော့မယ်"

"ဟုတ်ကဲ့ .. အမေ"

ထိုနေ့က (၁)နာရီခန့်အကြာ၌ မိခင်၊ အစ်ကိုနှင့် အစ်မတို့ ပြန်ရောက်လာတော့ အဖေ့အတွက် Titan နာရီနှင့်အတူ အနွေးထည်များ ပါ.ပါလာ၏။ အိန္ဒိယနိုင်ငံတွင် အနွေးထည်များသည် အခြားနိုင်ငံများထက် ဈေးနှုန်းသက်သာသည်ဟု သိရပါသည်။

နာရီလက်တံက ည(၉)နာရီကို ညွှန်ပြနေ၏။ ကျွန်တော်မှာ အိပ်ရန် အချိန်စောသေးသဖြင့် ဟိုတယ်မှ ဖွင့်ပေးထားသော TV အစီအစဉ်၊ Channelများကို တစ်လိုင်းပြီးတစ်လိုင်း ပြောင်းကြည့်နေမိ၏။

အခန်းထဲတွင် ခုတင်မှာ နှစ်လုံးရှိ၍ ကျွန်တော်နှင့် အစ်ကိုက တစ်လုံး၊ အမေနှင့် အစ်မတို့တစ်လုံး ယူထားပါသည်။ အခန်းသည် ပေ(-)ခန့် ကျယ်ဝန်း၍ ပရိဘောဂများမှာ သစ်လွင်တောက်

www.burmeseclassic.com

www.burmeseclassic.com


ပြောင်နေသော ကျွန်းသစ်များဖြင့်ပြုလုပ်ထားပါသည်။

ထို့နောက် နာရီလက်တံက ည(၁၀)နာရီသို့ ရောက်လာ၏။ အစ်ကိုဖြစ်သူက -

"ကဲ . . အမေတို့တော့ အိပ်သွားပြီ။ ငါလည်း အခု အိပ်ချင်လာပြီကွာ၊ တစ်နေ့လုံး ပင်ပန်းထားတာတာ အိပ်တော့မယ်။ မင်းရော မအိပ်သေးဘူးလား"

"အင်း . . အိပ်လေ၊ စိုးမိုးတော့ . . မအိပ်ချင်သေးဘူး ကိုကြီး တီဗွီကြည့်ဦးမယ်"

"ဒါဆိုလည်း ငါအိပ်ပြီဟေ့"

သို့ဖြင့် ညက တဖြည်းဖြည်း နက်လာသလို၊ အအေးထုကလည်း အေးသည်ထက် ပို၍အေးလာခဲ့၏။ ဒါတောင် မိမိသည် ဟိုတယ်အခန်းထဲမှာ ဂွမ်းကပ်စောင်အထူကြီးနှင့် နွေးနွေးထွေးထွေးမို့ တော်သေး၏။

နေ့လယ်ကကြားခဲ့ရသော သတင်းများအရဆိုလျှင် အိန္ဒိယနိုင်ငံ၏ ဆင်းရဲသားရပ်ကွက်များ၌ ပြင်းထန်သော အအေးဒဏ်ကြောင့် နှစ်စဉ် လူအသေအပျောက်များသည်ဟု သိရ၏။

ထို့နောက် ကျွန်တော်လည်း တစ်ယောက်တည်း ကြည့်ရသည်မှာ ပျင်းပျင်းရှိလာသည်က တစ်ကြောင်း၊ အနည်းငယ်လည်း ငိုက်မြည်းစပြုလာသည်ကလည်း တစ်ကြောင်းတို့ကြောင့် အိပ်စက်အနားယူရန် ဆုံးဖြတ်လိုက်တော့၏။

ကျွန်တော် မှေးခနဲ အိပ်ပျော်သွားသည်မှာ အချိန်အားဖြင့် (၅)မိနစ်မျှပင် ကြာဦးမည်မထင်။ (စင်စစ်တွင် အိပ်၍ မပျော့်တပျော်အချိန်ဟု ဆိုရပေမည်)

ကျွန်တော်တို့တည်းခိုရာ အခန်းတံခါးသည် မအိပ်စက်မီတသေချာစွာ ဂျက်ထိုးထားပါလျက်နှင့် ဖြေးညင်းစွာ ဖွင့်လာသည်ကိုတွေ့လိုက်ရပါသည်။

"ကျွီ . ."

တံခါးပတ္တာအသံနှင့်အတူ အခန်းတွင်းသို့ ဝင်ရောက်လာ


www.burmeseclassic.com

www.burmeseclassic.com


၂။

**မိစ္ဆာကောင်ကြီးမှ ဓာတ်လိုက်ခံရသလို တွန့်ခနဲဖြစ်သွားပြီး စူးစူးဝါးဝါး တစ်ချက်အော်လိုက်ပြီး ကျွန်တော့်ကို ဝုန်းခနဲလွှတ်ချကာ အခန်းပေါက်မှနေ၍ ထွက်ပြေးသွားတော့၏ ။**

...ကား မိမိထင်မှတ်ထားသလို ဟိုတယ်ဝန်ထမ်းလည်း မဟုတ်။ ...သေချာစွာ ကြည့်လိုက်မိတော့ မဖိတ်ခေါ်ဘဲ ဝင်ရောက်လာသူကား ...ကိုယ်အထက်ပိုင်း မပါ။ (မမြင်ရ)

ကြံ့ခြေထောက်လို ကြီးမားတုတ်ခိုင်၍ လူဝံလို နီကြောင်သော ...အမွေးရှည်ကြီးများ ဖုံးလွှမ်းထားသော ခြေထောက်ကြီးနှစ်ချောင်း ...ကိုသာ ချောက်ချားဖွယ် မြင်တွေ့နေရ၏။

ထို့နောက် ၎င်းခြေထောက်ပိုင်ရှင်သည် ကျွန်တော်၏ ...ခုတင်ဘေး၌ ရပ်တန့်သွား၏။ ထိုအချိန်တွင် ကျွန်တော်သည် လုံးဝ ...အိပ်မောကျခြင်းအဖြစ်သို့ မရောက်ရှိသေးသလို တစ်ကိုယ်လုံး ...သည်း လှုပ်ရှား၍မရသလိုဖြစ်နေ၍ ၎င်းသတ္တဝါကြီး၏ လှုပ်ရှားမှု ...များကို အစအဆုံးမြင်တွေ့နေရပါသည်။

"ဟာ! . ."

ခန္ဓာကိုယ်လုံးတစ်ခုလုံးရှိ ကြက်သီးမွေးညှင်းများ တပြိုင် ...တည် ထောင်ထသွားရ၏။ မကြောက်ရှိရိုးလား။ ၎င်းအမွေးထူ ...သတ္တဝါကြီးသည် ကြည့်နေရင်းမှ လက်တံကြီးများသည် တဖြည်း ...ဖြည်းရှည်ထွက်လာပြီး (မျက်နှာနှင့်ကိုယ်ထည်တော့ မမြင်ရချေ။)

"ဘုန်း! . ."

"အင့်! . ."

ခြေထောက်နှစ်ချောင်းလုံးကို စုံကိုင်၍ ဆွဲချလိုက်သည့် ...အရှိန်နှင့် ကြမ်းပြင် (ပါကေး)အပေါ်သို့ ကျွန်တော်ခြေလွတ်လက် ...လွတ် ပြုတ်ကျသွားပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"အင့်! . ."

ဟူသောအသံသည် စင်စစ်တွင် ကျွန်တော့်၏စိတ်ထဲ၌သာ ဖြစ်ပေါ်သွားခြင်းဖြစ်ပြီး အသံသည် အပြင်သို့ထွက်မလာဘဲ လည်ချောင်းထဲ၌ တစ်ဆို့ကြီး ဖြစ်နေပါသည်။

"အား! . . ကယ်ကြပါဦး" (စိတ်တွင်းမှ)

ထို့နောက် ထမင်းလုံးတစ္ဆေ ခြောက်သည့်နယ် လူက ငြိမ်ကနဲ ဖြစ်သွားပြန်သည်။ အကြောင်းမှာ ဂုဏ်းသတ္တဝါကြီးမှ ကျွန်တော့်အား အခန်းအဝအထိ ဒရွတ်တိုက်ဆွဲခေါ်သွားသောကြောင့် ဖြစ်သည်။

ထိုအချိန်တွင် ဖြစ်အင်မှာ အသည်းတွေ၊ အူတွေ ပြောင်းဆန်သွားပြီး ကြောက်ရွံ့စိတ်က ငယ်ထိပ်တက်ဆောင့်နေပြီ ဖြစ်၏။ ရှေ့တော်သူလို အာခေါင်တွေ ခြောက်ကပ်အက်ကွဲနေပြီး အော်ဟစ်အကူအညီတောင်းသံက အပြင်သို့ မထွက်တော့။

စာဖြင့် ရေးသားဖော်ပြရာ၌ ကြာသော်လည်း ထိုအချိန် စက္ကန့်ပိုင်းလေးတွင်မှု လွတ်မြောက်ရေးအတွက် ဦးနောက်သည် ကွန်ပျူတာတစ်လုံးနယ် အမြေးအလွှား တွက်ချက်နေပြီဖြစ်၏။

ထိုမိစ္ဆာကောင်လက်မှ လွတ်မြောက်ရန် "သံဗုဒ္ဓေ"ရွတ်ရင် ကောင်းမလား။ သံ(၈)ချက် ဂါထာရွတ်ရင် ကောင်းမလား။ စက်ကြီး (၁၃)ပါးရွတ်ရင် ကောင်းမလား စသည်ဖြင့် မည်သည့် ဂါထာ၊ ပရိတ် ရွတ်ဖတ်လျှင် ကောင်းမည်နည်းဆိုတာကို အမြေးအလွှား စဉ်းစားနေမိသည်မှာ စက္ကန့်ပိုင်းအတွင်းတွင် ဖြစ်၏။

တဖြည်းဖြည်းနှင့် အခန်းဝအနားသို့ပင် ရောက်တော့မည်။ သည့်ထက် အချိန်ကြာမြင့်လာပါက မိမိ၏လိပ်ပြာ အနတ်ခံရတော့လားမသိ။ အေးစိမ့်သော ဆောင်းတွင်းကာလမှာပင် ဇောချွေးများ စိမ့်ထွက်လာ၏။


နောက်ဆုံးတွင် ကိုယ်စောင့်နတ်၏ တိုက်တွန်းနှိုးဆော်မှုကြောင့်ပေလောပင် မသိ။ တခြားဂါထာများ ရွတ်ဖတ်နေပါက အချိန်မရနိုင်တော့မှန်း သိလာ၏။ ထိုလျှပ်တပြက် ဝင်ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com





အတွေးဉာဏ်အရ တိုတိုတုတ်တုတ်နှင့် ထိရောက်လှသော "သရဏဂုံ (၃)ပါး"ကို ပင် စိတ်ထဲမှ ရွတ်ဖတ်လိုက်မိ၏။

"အူး! . ."

"ဝုန်း! . ."

သရဏဂုံ အစွမ်းကြောင့်လားပင် မသိ။ မိစ္ဆာကောင်ကြီးမှ ဓာတ်လိုက်ခံရသလို တွန့်ခနဲဖြစ်သွားပြီး စူးစူးဝါးဝါးတစ်ချက် အော်လိုက်ပြီး ကျွန်တော့်ကို ဝုန်းခနဲလွှတ်ချကာ အခန်းပေါက်မှနေ၍ ထွက်ပြေးသွားတော့၏။ ထိုအခါကျမှ ကျွန်တော်၏ အော်သံသည်လည်း လည်ချောင်းမှတဆင့် အပြင်သို့ထွက်လာပြီး -

"အား! . ."

ထိုအခါ ကျွန်တော်နှင့် ဘေးချင်းယှဉ်လျက်တွင် အိပ်စက်နေသော အစ်ကိုဖြစ်သူသည် လန့်နိုးလာပြီး -

"ဘာ . . ဘာဖြစ်တာလဲ"

ကျွန်တော်မှ ချက်ချင်း ပြန်မဖြေနိုင်သေးဘဲ ရေတစ်ခွက်ကို အရင် ငုံ့သောက်လိုက်ပြီးမှ -

"ခုတင်ပေါ်က ဆွဲအချခံရလို့ ကိုကြီးရေ . . ကြောက်စရာကြီး"

"ဟင်! . . ဘယ်သူက ဆွဲချတာလဲ"

"ဟိုတယ်ဝန်ထမ်းကလား"

"အား! . . ကျွန်တော်တို့ တံခါးပိတ်အိပ်တာပဲဗျာ၊ ဘယ်သူက ဘာကိစ္စနဲ့ ဆွဲချရမှာလဲ"

"ဒါဆို . . သရဲက ဆွဲချတာလား"

နောက်ထပ်ရောက်ရှိ မေးမြန်းလာသူက အမေနှင့် အစ်မ



www.burmeseclassic.com

www.burmeseclassic.com





တို့ဖြစ်၏။ သူတို့လည်း ကျွန်တော့်အော်သံကြောင့် လန့်နိုးလာကြဟန်တူ၏။

"ဟုတ်တယ် .. အမေ"

ကျွန်တော့်အဖြေကြောင့် အခန်းတွင်း ခေတ္တမျှ တိတ်ဆိတ်သွား၏။ အတန်ငယ်ကြာမှ အမေက -

"အင်း .. ဒါ အခန်းမသန့်လို့ ဖြစ်မယ်။ ဘုရားရှိခိုး .. စည်းချပြီးမှ ပြန်အိပ်လေ"

"ဟုတ်ကဲ့"

မနက်မိုးလင်း၍ မျက်နှာသစ်ပြီး ဟိုတယ်မှကျွေးသော Morning စာကို စားသောက်ကြရင်း ညက ကျွန်တော်ကြုံခဲ့သော အဖြစ်နှင့်ပတ်သက်၍ သိလိုသည်များကို အစ်ကိုမှမေးလာ၏။

"ညက ဘယ်လိုဖြစ်ရတာလဲကွာ .. မထိတ်သာ မလန့်သာ ရှိလိုက်တာ"

"ဩော် .. ညကကိစ္စကို ပြောတာလား"

"အေးလေ .."

"အဲဒါ တစ္ဆေခြောက်တာလေ"

"တစ္ဆေခြောက်တာတော့ သိတာပေါ့ဟဲ့ .. ငါတို့ သိချင်တာက ညက ခုတင်ပေါ်က နင်ဆွဲချခံရတော့ ဟိုဗီဒီယိုကားတွေထဲကလို လူတစ်ကိုယ်လုံး ပါသွားတာလား"

စကားဝိုင်းထဲသို့ ဝင်လာသူက တစ်ချိန်လုံး နားထောင်ရုံ သက်သက်လုပ်နေခဲ့သူ အစ်မမှဖြစ်သည်။

"အဲဒီလိုမျိုး မဟုတ်ပါဘူး အစ်မရာ .. သူတို့တွေက ကိုယ် ကိုယ်တိုင်လည်း အခြောက်ခံရဖူးတာ မဟုတ်ဘဲနဲ့ ထင်ရာမြင်ရာ



www.burmeseclassic.com

www.burmeseclassic.com




တွေ လျှောက်ရိုက်ထားကြတာ ပါ"

ကျွန်တော်မှ စကားကို ခဏရပ်လိုက်ပြီး ကော်ဖီ တစ်ငုံ သောက်လိုက်၏။ ပြီးမှ -

"တကယ်က အစ်မတို့ Spiderman ကား ကြည့်ဖူးတယ်မဟုတ်လား။ အဲဒီမှာ ပင့်ကူမျှင်တန်းတွေ ပါတယ်လေ။ အဲဒီ သဘောအတိုင်းပါပဲ အစ်မရာ

အမှန်က ဒီတစ္ဆေကြီးဆွဲခေါ်ရာနောက်ကို ကျွန်တော့်ရဲ့ ရုပ်ရော၊ နာမ်ရော ပါသွားတာ မဟုတ်ပါဘူး။ ရုပ်ခန္ဓာကိုယ်ကြီးကတော့ အိပ်ရာပေါ်မှာ ပုံမပျက်၊ အိပ်နေတဲ့အတိုင်းပဲ ရှိနေပါတယ်"

"ဒါဆို . . အိပ်မက်မက်နေတာပေါ့"

"အိပ်မက်မက်နေတာလည်း မဟုတ်ပါဘူး။ ကျွန်တော် အကုန်လုံး သိနေတယ်၊ လုံးဝ အိပ်မပျော်သေးဘူး။ မေးနေတာ သေချာတာတစ်ခုကတော့ သူက ကျွန်တော့်ရဲ့ရုပ်ကို ဆွဲချတာ မဟုတ်ဘူး။ သူ့ရဲ့နာမ်ဝိညာဉ်က ကျွန်တော့်ရဲ့နာမ်ဝိညာဉ်ကို ဆွဲချသွားတာ"

"မင်းရဲ့နာမ်ဝိညာဉ်ကို ဆွဲချသွားတာဆို မင်း သေသွားရမှာပေါ့"

"ကိုကြီးပြောသလို၊ ရုပ်နဲ့နာမ်နဲ့က အဲဒီအချိန်မှာ လုံးဝ ပြတ်တောက်သွားတာ မဟုတ်ပါဘူး။ ကလေးတွေစားတဲ့ ပီကေ အမျှင်လိုတန်းပြီး တောက်လျှောက်ပါသွားတာပါ။ အမျှင်မပြတ်ပါဘူး"

"ဪ . ."

ထို့နောက် အစ်ကိုဖြစ်သူက တစ်ခုခုကို တွေးတွေးဆဆ


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်လာမိဟန်ဖြင့် -

"ဒါနဲ့ . . ငါတို့ မနေ့က တပ်ချုံမဟာကိုသွားတုန်းက မင်း အခေါင်း(၂)လုံးကို ဓာတ်ပုံရိုက်လာသေးတယ် မဟုတ်လား"

"ဟာ ! . . ဟုတ်တယ် ကိုကြီး . . ကျွန်တော် အဲဒီဓာတ်ပုံ ထည့်ထားတဲ့အိတ်ကို ကျွန်တော်အိပ်တဲ့ဘေးနားမှာ ထားပြီး အိပ် မိတယ်။ ဒါပေမယ့် အဲဒီဓာတ်ပုံနဲ့လည်း ဆိုင်ချင်မှဆိုင်မှာပါ ကိုကြီး ရာ . . ဟိုတယ်အခန်းတွေဆိုတာကလည်း အရင်တည်းခိုခဲ့ဖူးတဲ့ သူတွေထဲမှာ နာမကျန်းဖြစ်လို့ အခန့်မသင့်ဘဲ သေဆုံးခဲ့ဖူးသူတွေ ရှိချင်ရှိနေမှာလေ"


မည်သို့ပင်ဆိုစေကာမူ ထိုနေ့ နေ့လယ်ပိုင်းတွင်မူ မိသားစု အားလုံး၏ သဘောတူညီမှုဖြင့် ရိုက်ကူးထားမိသော တပ်ချုံမဟာ မှ ဘုရင်မင်းမြတ်နှင့် မိဖုရားတို့၏ မှန်စီရွှေချအခေါင်းဓာတ်ပုံကို မီးရှို့ဖျက်ဆီးပစ်လိုက်လေသတည်း။

စိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





॥

ယနေ့ခေတ်တွင်
သိပ္ပံပညာတွေ မည်မျှ
ထွန်းကားနေစေကာမူ
မြင်အပ်၊ မမြင်အပ်သည့် ပုဂ္ဂိုလ်
တွေကတော့ နေရာတိုင်းမှာ ရှိနေ
တတ်သည်ဆိုတာကိုတော့
ယုံကြည်သင့်ပေသည်။

"ချစ်စုမတစ်ယောက် သရဲဝင်ပူးခံရလို့ ဘုန်းကြီးကျောင်းထဲ ရောက်နေပြီတဲ့"

ထိုသတင်းကြောင့် ကျွဲဖြူကန်ရွာ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ အချို့က မယုံသဖြင့် ဘုန်းကြီးကျောင်းအထိ သွားကြည့်ကြသည်။ အချို့ကလည်း သရဲပူးတာကို ကြည့်ချင်သဖြင့် လုပ်လက်စအလုပ်များကိုပင် ပစ်ထားခဲ့ပြီး ဘုန်းကြီးကျောင်းသို့ ပြေး ကြသည်။

အကျဉ်းချုပ်ဆိုရလျှင် လမ်းမလျှောက်နိုင်သည့် သက်ကြီး ရွယ်အိုအချို့သာလျှင် ရွာထဲတွင် ကျန်ရစ်ခဲ့ကြသည်။ ကျန်သည့် လူကြီး၊ လူငယ်၊ လူပျို၊ အအိုတို့နှင့် နပ်တွဲလောင်း၊ ကလေးငယ် တွေကအစ ကျောင်းဝိုင်းထဲသို့ ရောက်ကုန်ပြီဖြစ်သည်။

တကယ်တော့ ဤကျွဲဖြူကန်ရွာ တည်လာခဲ့သည်မှာ နှစ် ပေါင်းငါးဆယ်ပင် မကတော့ချေ။ ယင်း နှစ်ပေါင်းငါးဆယ် အတော အတွင်း ယခုကဲ့သို့ သရဲဝင်ပူးသည့်အဖြစ်ကို ကြုံဖူးဖို့ နေနေသာ သာ သရဲခြောက်ခံရသည်ဆိုသည့် အသံကိုပင် မကြားဖူးကြချေ။

ယခုတော့ သရဲက ခြောက်လှန့်သည့်အဆင့်ကိုပင် ကျော်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝင်တောင်ပူးနေပြီတဲ့ . .။ ဒီတော့ တစ်ရွာလုံး အံ့ဩပြီး စိတ်ဝင်တစား ဖြစ်ကြရသည်မှာလည်း လွန်အံ့ပင်မထင်။

❖

ဤနေရာတွင် ချစ်စုမအကြောင်းကို အနည်းငယ် ပြောပြချင်သေးသည်။ "ချစ်စုမ"ဆိုတာ ရွာအလယ်ပိုင်းက ဦးဖိုးစိန်၊ ဒေါ်အေးကြည်တို့၏ သမီးထွေးဖြစ်သည်။ ချစ်စုမအထက်တွင် အစ်ကိုနှစ်ယောက် ရှိသေးသည်။ အကြီးကောင်နာမည်က ရန်နောင်ဦး ဖြစ်ပြီး အလတ်ကောင်နာမည်က ရန်နောင်ထူးဖြစ်သည်။

နှစ်ယောက်စလုံးက အသက်သုံးဆယ်ကျော်စ ပြုနေသည့် လူပျိုကြီးတွေဖြစ်ပြီး မိဘလယ်ယာလုပ်ငန်းကို ဝိုင်းကူ၊ လုပ်ကိုင်နေကြသူများ ဖြစ်သည်။ ပြီး . . အနေအထိုင်ကလည်း အလွန် ရိုးအေးလွန်းကြသည်။

ချစ်စုမကြတော့ အစ်ကိုနှစ်ယောက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အသက်ကနှစ်ဆယ်ကျော် အပျိုအရွယ်ကလေးဖြစ်ပေမယ့် အနေအထိုင် အပြောအဆိုက ကြမ်းတမ်းလွန်းလှသည်။ ပြီး နေရာအကာလည်း စပ်စပ်စုစုနိုင်လှသူဖြစ်သည်။

ရွာထဲက အမျိုးသမီးကြီးတွေ တစ်ယောက်ခေါင်းကို တစ်ယောက် သန်းရှာပြီး အတင်းတုတ်(ပြော)နေကြပြီဆိုလျှင် ချစ်စုမကလည်း ထိုအမျိုးသမီးတွေနှင့် ရောယောင်ကာ အတင်းဝင် တုတ်(ပြော)တတ်သည်။

တစ်ဖန် ရွာထဲတွင် ရန်ဖြစ်ပြီဟေ့ဆိုလျှင်လည်း ချစ်စုမက ကိုယ်နှင့် ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ဝင်ပါတတ်ပြန်သည်။ တစ်ခါကလည်း ရွာထဲမှ ရန်ပွဲတစ်ပွဲတွင် သူမက မဆီမဆိုင် ဝင်ပါမိတာ။ ထိုတာ ပစ်လွှတ်လိုက်သည့် အုတ်ခဲကျိုးက နဖူးကိုလာမှန်သဖြင့် နဖူးကွဲသွားပြီး ငါးချက်လောက်ချုပ်လိုက်ရသေးသည်။

ယင်းလည်း အမှတ်က မရှိချေ။ ပိုဆိုးသည်က အရှက်အကြောက် မရှိခြင်းပင်။ မိန်းကလေးဖြစ်ပေမယ့် ပါးစပ်က မျိုးစုံ



www.burmeseclassic.com

www.burmeseclassic.com


အောင် ပြောတတ်သည်။ ရံဖန်ရံခါ၌ မိခင်ဖြစ်သူက -

"ဟဲ့ . . ညည်းမိန်းကလေးဖြစ်ပြီး အနေအထိုင်၊ အပြော အဆိုက နည်းနည်းလေးမှ ဏ္ဏန္တြေမရှိဘူး။ ကိုယ့်ကိုကိုယ် ပြင်စမ်း ပါအေ"ဟု ဆုံးမရသေးသည်။

ယင်းလည်း ပုံစံမပြောင်းချေ။

ယခုတော့ သရဲ ဝင်ပူးခံရပြီတဲ့ . .။ ဘာတွေများ မဟုတ် တာ လုပ်ထားလို့ပါလိမ့်။

❖

ကျွဲဖြူကန်ဘုန်းကြီးကျောင်း။

ထိုကျောင်းသည် ကျွဲဖြူကန်ရွာမှ ဆောက်တည်လှူဒါန်း ထားသောကြောင့် ရွာနာမည်ကို အစွဲပြုကာ "ကျွဲဖြူကန်ကျောင်း" ဟု အမည်တွင်နေခြင်းဖြစ်သည်။

ထိုကျောင်းတွင် ကိုရင်၊ ကျောင်းသားရယ်လို့မရှိဘဲ ကျောင်း ထိုင် ဆရာတော်ကြီးတစ်ပါးသာ သီတင်းသုံး နေထိုင်တော်မူ သည်။ ဆရာတော်ကြီးသည် လွန်စွာမှ အေးဆေးတည်ငြိမ်ပြီး အချိန် တိုင်းအလိုလိုပင် ကျောင်းပေါ်တွင်သာ စာဖတ်နေလေ့ရှိသည်။

နေ့လယ်နေ့ခင်းဆိုလျှင် ကျောင်းအောက်ထပ်ရှိ ခုတင် ပေါ်တွင် တရေးတမော ကျိန်း(အိပ်)စက်တော်မူလေသည်။ ကျောင်းသည် ခြေတံရှည်ကျောင်းဖြစ်ပြီး အောက်ထပ်တွင် ကာ သည့် အကာအရံမှ မရှိသဖြင့် လေဝင်၊ လေထွက်လည်း အလွန် ကောင်းလှလေသည်။

ယခု ဆရာတော်ကြီးသည် ခုတင်ပေါ်တွင် တင်ပျဉ်ခွေ ထိုင်နေရချေပြီ။ ခုတင်၏အောက်ခြေတွင် သားအဖသုံးယောက် က ချစ်စုမကို ချုပ်ကိုင်ထားကြလေသည်။ အမေဖြစ်သူက အနားတွင် ငိုနေသည်။

ချစ်စုမကို တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားကြသော် လည်း သားအဖသုံးယောက်ခမျာ ခပ်လန့်လန့် ဖြစ်နေကြရှာသည်။


www.burmeseclassic.com

www.burmeseclassic.com




အဘယ်ကြောင့်ဆိုသော် ချစ်စုမက အံတကြိတ်ကြိတ် လုပ်ကာ ဒီလူ့ကို မျက်လုံးကြီးပြူးပြီး ဆတ်ခနဲ ကြည့်လိုက်၊ ဒီလူ့ကို မျက်လုံးကြီး ပြူးပြီး ဆတ်ခနဲကြည့်လိုက်နှင့် လုပ်နေသောကြောင့် ဖြစ်သည်။

ဒီကြားထဲ ပါးစပ်က ညည်း တအင်းအင်းနှင့် အဆက်မပြတ် မြည်တမ်းလို့နေလေသည်။ ခင်းတို့ သားအဖငါးယောက်၏ အနောက်ဘက်တွင် ရှိနေသည့် ရွာသူ၊ ရွာသားများကလည်း ချစ်စုမ၏အဖြစ်ကို မျက်တောင် မခတ်တမ်း ကြည့်နေကြလေသည်။

အတန်ကြာသောအခါ ဆရာတော်ကြီးက ချစ်စုမကို ကြည့်ပြီး တည်ငြိမ်စွာဖြင့် မေးတော်မူသည်။

“ကိုင်း .. ကိုယ့်ဘာသာကိုယ်မနေဘဲ ဘာဖြစ်လို့ ဒီဒကာမလေးကို နှောင့်ယှက်ရတာလဲ”

ထိုအခါ ချစ်စုမက အံတကြိတ်ကြိတ်လုပ်ရင်း -

“ဒီကောင်မပေါ့ .. ကျုပ်နေတဲ့ အပင်အောက်မှာ လာပြီး ပေါက်ကရတွေလုပ်လို့”

“အဟိ ..”

ရွာသူရွာသားများမှာ ကြိတ်ရယ်မိသွားကြသည်။ ချစ်စုမ၏ အစ်ကိုနှစ်ယောက်နှင့် မိဘနှစ်ပါးမှာမူ မျက်နှာပျက်သွားကြသည်။

ချစ်စုမဆိုတာ သိတယ်မဟုတ်လား။ နဂိုကတည်းကမှ အရှက်အကြောက်က ခပ်ကင်းကင်းရယ် ..။ ဒီတော့ လူကွယ်လျှင် ဒါမျိုးလုပ်တတ်တာ မဆန်းချေ။ ဆရာတော်ကြီးက -

“ဒါဖြင့် ဒကာမကြီးက ဘယ်အပင်မှာနေတာလဲ”

ဟု မေးလေရာ ချစ်စုမက -


www.burmeseclassic.com

www.burmeseclassic.com



"ငွေဘိုရွာကိုသွားတဲ့လမ်းက မန်ကျည်းပင်မှာ နေတယ်"

ဟု ပြန်ဖြေလေသည်။

ထိုအခါ ရွာသူရွာသားများမှာ အလွန် အံ့ဩသွားကြသည်။ အချို့ဆိုလျှင် ကြက်သီးမွေးညင်းပင် ထသွားကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုမန်ကျည်းပင်သည် အလွန် အရိပ်ကောင်းလှသောကြောင့် နွားကျောင်းသားများကလည်း ထိုအပင်အောက်သို့ ဝင်ပြီး နေရိပ်ခိုကြသလို၊ မြို့သို့သွားသည့် လှည်းဆရာများကလည်း ထိုအပင်အောက်တွင်သာ အပန်းဖြေလေ့ရှိသောကြောင့် ဖြစ်သည်။

"ကဲ . . ဖြစ်ပြီးတာတွေလည်း ဖြစ်ပြီးခဲ့ပြီပဲ။ အခု ဒကာမကြီး စိတ်ကျေနပ်အောင် ဘုန်းကြီးတို့ ဘာလုပ်ပေးရမလဲ"

ဆရာတော်မေးတော့ ချစ်စုမက -

"ဘာမှလုပ်မပေးပါနဲ့ . . နောက်ဆို ဒီကောင်မလေး၏ အနေအထိုင် ဆင်ခြင်နိုင်း"

ယင်းသို့ဆိုပြီးနောက် ချစ်စုမသည် သူမအား ချုပ်ကိုင်ထားသည့် သားအဖသုံးယောက်အနက် ဖခင်ဖြစ်သူ ဦးဖိုးစိန်ဘက်သို့ လှည့်ပြီး -

"ငါ ဒီမှာနေရတာ စိတ်ညစ်လာပြီ . . ကျောင်းဝိုင်းအပြင်ဘက်ကို ပို့ပေး . . ဒါဆို ငါထွက်သွားမယ်"

ဟု တီးတိုးပြောလိုက်လေရာ ဦးဖိုးစိန်က အထိတ်တလန့်ဖြင့် -

"ဟာ!. . သူ . . သူပြောနေတယ်ဘုရား၊ ကျောင်းဝိုင်းအပြင်ဘက်ပို့ပေးရင် ထွက်သွားမယ်တဲ့ ဘုရား"ဟု ထအော်လေ၏။ ဆရာတော်ကြီးက -

"ကဲ . . ကဲ ဒါဆိုလည်း ပို့ပေးလိုက်ပါကွယ်"ဟု မိန့်ကြားလိုက်လေသည်။

ယင်းနောက် သားအဖသုံးယောက်သည် ချစ်စုမကို ချုပ်ကိုင်ပြီး ကျောင်းဝိုင်းအပြင်ဘက်သို့ ခေါ်လာခဲ့ကြသည်။ အမေဖြစ်သူ ဒေါ်အေးကြည်နှင့် ရွာသူ ရွာသားများကလည်း အနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



...ဝပ်ပါလာကြသည်။

ဤသို့ဖြင့် ကျောင်းဝိုင်းအပြင်သို့ ရောက်သောအခါ၌ ...ချစ်စုမသည် အချုပ်ခံထားရသည့်ကြားမှ အတင်းရုန်းပြီး ထွက်ပြေး ...လာသည်။

"ဟာ! . . ချစ်စုမ ထွက်ပြေးပြီဟေ့ . . လိုက် လိုက်"

သားအမိ သားအဖ လေးယောက်နှင့်တကွ ရွာသူရွာသား ...များလည်း ချစ်စုမနောက်သို့ ပြေးလိုက်ကြလေတော့သည်။ သို့သော် ...ည်သူမှမမှီဘဲ ပြတ်ကျန်ခဲ့ကြသည်။ ချစ်စုမ ပြေးသည်ကလည်း ...အလွန် မြန်လွန်းလှသည်။

ဤသို့ဖြင့် ငွေဘိုရွာသို့သွားသည့် လှည်းလမ်းမနှင့် ခပ် ...လှမ်းလှမ်းတွင်ရှိသည့် မန်ကျည်းပင်အောက်သို့ အရောက်တွင် ...တော့ ချစ်စုမသည် ဘုန်းခနဲ ပစ်လဲကျသွားသည်။

ပြီးနောက် ချက်ချင်းပြန်ထပြီး သူမထံသို့ ပြေးလာကြသည့် ...သားအမိသားအဖ လေးယောက်နှင့်တကွ ရွာက လူအုပ်ကြီးကိုပါ ...မြင်လိုက်ရတော့ အလွန်အမင်း ဝမ်းသာသွားလေသည်။

ထိုသူတွေအားလုံး အပင်အောက် ရောက်လာကြတော့ ...ချစ်စုမက -

"ဟိုလူကြီး သုံးယောက်ရော ဟင်!"ဟု ဆီးကြိုပြီး မေး ...လိုက်လေရာ အားလုံး မည်သို့ဆိုရမှန်းပင် မသိဘဲ တစ်ယောက် ...မျက်နှာတစ်ယောက် ကြည့်မိကြလေသည်။ ယင်းနောက် အမေ ...ဖြစ်သူက -

"ကဲ . . ဘာ လူကြီးသုံးယောက်မှ မရှိဘူး။ အိမ်ကို လိုက်ခဲ့ ...တော့"ဟုဆိုကာ ချစ်စုမကို အိမ်သို့ ခေါ်လာခဲ့လေတော့သည်။

❖

ယင်းအဖြစ်အပျက်တွေ ဖြစ်ပြီးသည့်နောက် ချစ်စုမ တွေ့ ...ခဲ့ရသောက် အနေအထိုင်၊ အပြောအဆိုတွေ သိသိသာသာ ပြောင်းလဲ ...လာသည်။

www.burmeseclassic.com

www.burmeseclassic.com


ဟိုယခင်ကလို နေရာတကာ စပ်စပ်စုစု မလုပ်တော့သလို စကားကိုလည်း ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်း မရှိတော့ သည်တော့ အစ်ကိုနစ်ယောက်နှင့်မိဘနစ်ပါးမှာ ဝမ်းသာရ တော့သည်။

ပို၍ ဝမ်းသာရသည်မှာ ဥပုသ်နေ့ရောက်တိုင်း ဘုန်းကြီး ကျောင်းသို့သွားပြီး ဥပုသ်သီလ ဆောက်တည်လာတတ်ခြင်းပင် ယနေ့လည်း ဥပုသ်နေ့ဖြစ်သည်မို့ ချစ်စုမတစ်ယောက် အခြား ဒကာ၊ ဒကာမများနှင့်အတူ သီလယူပြီးနောက် ဝိုင်းဖွဲ့ကာ စကား မြည် ပြောဆိုနေလေသည်။

ယင်းအချိန်၌ ဒေါ်စိန်အမည်ရှိ ဥပုသ်သည်က -

"ဟဲ့ မိချစ်စု ..ငါလည်း မေးမယ် မေးမယ်နဲ့ မမေးဖြစ်ဘူး ဒီလိုအေ့ .. ညည်း သရဲဝင်ပူးခံရတုန်းက ညည်းရဲ့အသိစိတ် ဘယ်ကို ရောက်နေတာလဲအေ့ .. သိရင် တို့ကိုပြောစမ်းပါဦး"

ဟုဆိုလေရာ ချစ်စုမလည်း မျက်မှောင်ကြုံ့ပြီး စဉ်းစား သည်။ ပြီးနောက်မှ -

"အင်း .. အဲဒီတုန်းက ကျွန်မက မန်ကျည်းပင်အောက် မှာပါ။ ဘာတွေလုပ်နေလဲဆိုတာတော့ မပြောပါရစေနဲ့။ အဲ့အချိန် မှာ မန်ကျည်းပင်ပေါ်ကနေ တောက်ခေါက်သံ ထွက်ပေါ်လာတော့ ကျွန်မလည်း အပင်ပေါ်ကို မော့ကြည့်လိုက်တယ်။

မကြာပါဘူး .. အပင်ပေါ်ကနေ အရိပ်မည်းကြီးက ဘုန်း .. ဆို ကျွန်မဘေးကို ခုန်ချလာတော့ ကျွန်မလည်း တော်တော် ထိတ်လန့်သွားမိတယ်။ နောက်ပြီး ကြောက်စိတ်ကြောင့် ကျွန်မ ခန္ဓာကိုယ်ဟာလည်း အားအင်ချည့်နဲ့သွားသလို ခံစားလိုက်ရတယ်။

အဲ့အချိန်မှာ အရပ် ထောင်ထောင်မောင်းမောင်းနဲ့ လူ သုံး ယောက်က ကျွန်မဆီကိုရောက်လာပြီး -

ဟဲ့ .. ကလေးမ၊ နင် ငါတို့နဲ့ လိုက်ခဲ့ရမယ်ဆိုပြီး ကျွန်မ ဆွဲခေါ်တော့ ကျွန်မကလည်း မလိုက်နိုင်ဘူးဆိုပြီး ရုန်းတာပါပဲ"

ဟု ရှည်လျားစွာ ရှင်းပြလေသည်။ ချစ်စုမ၏ စကားအဆုံး



www.burmeseclassic.com

www.burmeseclassic.com



၃။ ဒေါ်စိန်က -

"အေး . . ညည်း မန်ကျည်းပင်အောက်ကနေ အိမ်ကို ပြန်ရောက်လာတော့ ဖိုးစိန်ကို လက်ညှိုးထိုးပြီး ဂူးဂူးဝါးဝါးနဲ့ ဘာတွေပြောနေမှန်း မသိဘူး။ နောက်ပြီး ဒန်အိုးတွေကိုလည်း ရိုက်ခွဲ၊ ဟိုခွဲဒီခွဲလုပ်နေတာ . . အဲ့အချိန်မှာ ညည်းအစ်ကိုနစ်ယောက်က ရောက်လာပြီး -

"ဒါ သွေးရိုးသားရိုး မဟုတ်ဘူး . . သရဲပူးနေတာ ဖြစ်မယ်" ဆိုပြီး သားအဖသုံးယောက် ညည်းကိုချုပ်ကိုင်ပြီး ဆရာတော်ကြီးဆီကို ပို့လိုက်တာအေ့ . . ဟု ထပ်ဆင့် ရှင်းပြလိုက်လေတော့သည်။

❖

ယနေ့ခေတ်တွင် သိပ္ပံပညာတွေ မည်မျှ ထွန်းကားနေစေကာမူ မြင်အပ်၊ မမြင်အပ်သည့်ပုဂ္ဂိုလ်တွေကတော့ နေရာတိုင်းတွင် ရှိနေတတ်သည်ဆိုတာကိုတော့ ယုံကြည်သင့်ပေသည်။

ကိုယ်က လူတွေ မမြင်ဘူးဟုတွေးကာ ကွယ်ရာတွင် လုပ်ချင်ရာတွေ လုပ်၍ မရချေ။ ထိုပုဂ္ဂိုလ်များက ကိုယ့်ကို မျက်ခြေမပြတ်စောင့်ကြည့်နေကြသည်ဆိုတာ သတိမူအပ်ပေသည်။

ချစ်စုမ၏အဖြစ်ကို သင်ခန်းစာယူကြပါကုန်။

အားလုံး အေးချမ်းပါစေ


လှိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com



# တြိဂံနှစ်ခုပေါင်းစပ်သည့် ခြောက်ထောင့်ကြယ်



Hexagram ခြောက်ထောင့်ကြယ်ကို Star Of David ဒေးဗစ်ကြယ်လို့ ခေါ်ပါတယ်။ ဒီအမှတ်တံဆိပ်ဟာ ဘာသာရေးဆိုင်ရာနဲ့ လျှို့ဝှက်နက်နဲတဲ့အကြောင်းအရာတွေကို လေ့လာတဲ့နေရာမှာ သိပ်ကို အထင်ကရရှိတဲ့ အမှတ်လက္ခဏာတစ်ခု ဖြစ်ပါတယ်။ သီအိုဆိုဖီအသင်းကြီးမှာလည်း ဒီအမှတ်တံဆိပ်ကို အသုံးပြုထားပါတယ်။

## ကျော်ကြားခြင်း၏အစ

ခြောက်ထောင့်ကြယ်အဖြစ် လူသိများ ထင်ရှားမှု စတင်ခဲ့တာကတော့ ပထမကမ္ဘာစစ်အတွင်းမှာ အဒေါ့ဖ်ဟစ်တလာက ဂျာမနီမှာရှိတဲ့ ဂျူးတွေအားလုံးကို ဒီသင်္ကေတနဲ့ အမှတ်အသားပြုခဲ့ရာကနေ သိပ်ကို လူသိများခဲ့တာ ဖြစ်ပါတယ်။

ဒီကြယ်ဟာ လူသားတွေရဲ့ဝေဒနာခံစားမှုနဲ့ ဆက်နွယ်မှုများစွာရှိတဲ့အပြင် ထူးခြားနက်နဲတဲ့ဉာဏ်အမြင်၊ ယုံကြည်မှုတွေ၊ ဘာသာအယူဝါဒတွေမှာ အမှတ်အသားတစ်ခုအဖြစ် ထဲထဲဝင်ဝင် ပါဝင်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ခြောက်ထောင့်ကြယ် ကိုယ်စားပြုမှု



ခြောက်ထောင့်ကြယ်မှာ ထောင့်(၆)ထောင့်ပါဝင်ပြီး တြိဂံ နှစ်ခုကို ဖင်ပြန်ခေါင်းပြန် ပေါင်းစပ်ရာကနေ ခြောက်ထောင့်ကြယ် ဖြစ်လာတာ ဖြစ်ပါတယ်။ အပေါ်ဘက်ကတြိဂံဟာ အမျိုးသားတို့ရဲ့ စွမ်းအား၊ ကောင်းကင်ဘုံနဲ့ မီးဓာတ်ကို ကိုယ်စားပြုပါတယ်။

အောက်ဘက်က တြိဂံကတော့ အမျိုးသမီးတို့ရဲ့စွမ်းအင်၊ ရေဓာတ်နဲ့ ကမ္ဘာမြေကြီးကို ကိုယ်စားပြုပါတယ်။ ဒါကြောင့် ခြောက်ထောင့်ကြယ်ဆိုတာဟာ ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကြီး၊ အမျိုးသားနဲ့ အမျိုးသမီး၊ မီးနဲ့ရေတို့ရဲ့ပေါင်းစပ်မှုတို့ကို ကိုယ်စားပြုထားခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် အစ္စရေးနဲ့ဂျူးတို့ရဲ့ပေါင်းစပ်မှုလို့လည်း မှတ်ယူနိုင်ကြောင်းသိရပါတယ်။ ဂျူးနဲ့အစ္စရေးတို့ရဲ့ပူးပေါင်းမှုကိုဖန်တီးပေးခဲ့တာက ဒေးဗစ်ဘုရင်ဖြစ်တဲ့အတွက် Star Of David ဒေးဗစ်ကြယ်လို့ ခေါ်တာဖြစ်ပါတယ်။

ဂရိမှာတော့ ခြောက်ထောင့်ကြယ်ဟာ Androgyne လို့ခေါ်တဲ့ ပုလ္လိင်နဲ့ ဣတ္ထိလိင်တို့ရဲ့ စရိုက်လက္ခဏာပေါင်းစပ်မှုလို့လည်း ပြောနိုင်ပါတယ်။ နောက်ပြီး ပိုက်သာဂိုးရပ်စ်ရဲ့ လေ့လာမှုတွေအပြင် ရှေးခေတ်အီဂျစ်တို့ရဲ့ Androgyne နဲ့ဆက်စပ်တဲ့ စာသားတွေမှာလည်း တွေ့ရပါတယ်။


Androgyne ဆိုတာ အထီးအမမရှိခြင်းရဲ့မူရင်းဖန်တီးသူပါ။ ယောကျာ်းမိန်းမဆိုတာထက် Androgyne မှာ လိင်နှစ်ခုလုံးရဲ့ စွမ်းအားတွေရှိပါတယ်။ ပြီးတော့ တစ်ခုချင်းစီခွဲပြောလို့မရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com






## ဂန္ဓာရီနဲ့ သက်ဆိုင်တဲ့ ခြောက်ထောင့်ကြယ်

နောက်တစ်ခုကတော့ ခြောက်ထောင့်ကြယ်နဲ့ (၆)ဂဏန်း ကို ဂန္ဓာရီနဲ့ဆိုင်တဲ့ အစဉ်အလာစကားတွေမှာ မကြာခဏတွေ့ရပါ တယ်။ The Greater Key Of Solomon မှာတော့ ခြောက်ထောင့် ကြယ်ဟာ အကာအကွယ်ဖြစ်စေတဲ့ တံဆိပ်တစ်ခုအဖြစ် ပါဝင်နေ တာတွေ့ရပါတယ်။

လောကီပညာရပ်ဆိုင်ရာ ပစ္စည်းတွေရောင်းတဲ့ ဆိုင်တွေ မှာ ဖယောင်းတိုင်တွေမှာ ခြောက်ထောင့်ကြယ်ထွင်းထားတာ တွေ့ ရပါတယ်။




ခြောက်ထောင့်ကြယ်ရဲ့ ထောင့်စွန်းတွေဟာ Faith ယုံကြည်မှု၊ Justice တရား မျှတမှု၊ Land ကမ္ဘာမြေကြီး Power စွမ်းအား၊ People လူ Hope မျှော်လင့်ချက်တို့ကို အသီးသီး ကိုယ်စားပြုပါတယ်။


နောက်တစ်ချက်ကတော့ ခြောက်ထောင့်ကြယ်မှာ ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အကွက်(၇)ကွက်ဟာ နေ့ရက် (၇)ရက် ကို ကိုယ်စားပြုပြီး အလယ်ပါတ်ဖြစ်တဲ့ (၇)ဟာ Lucky Number 7 လို့ လည်း မှတ်ယူကြပါတယ်။ ခြောက်ထောင့်ကြယ် ရဲ့ အတွင်းထဲမှာ ဆယ့်နှစ်လရာသီကို ကိုယ်စားပြုတဲ့ Star Sign များလည်း ပါဝင်ပါတယ်။




ဒီခြောက်ထောင့်ကြယ်ကို ဂျူးဘုရားကျောင်း၊ ဂျူး အုတ်ဂူများနဲ့ အစ္စရေးအလံတို့မှာ တွေ့ရပါတယ်။ ပြီးတော့ ဗူးဒူးနဲ့ ဟူးဒူး ပညာရပ်တွေမှာ အကာအကွယ် ပြုလုပ်ဖို့အတွက် လူသိများတဲ့ အမှတ်အသားတစ်ခုလည်း ဖြစ်ပါတယ်။

ခရစ်ယာန်ဓမ္မဟောင်း သမ္မာကျမ်းမှ ဆာလံကျမ်းလာ ဓမ္မသီချင်း Pslam 23 အတွက် ဖယောင်းတိုင်ကိုလည်း အခြားသော အမှတ်အသားများ၊ စာလုံးများနဲ့အတူ ခြောက်ထောင့်ကြယ်ကိုပါ တွေ့ရပါတယ်။

ဒါ့အပြင် ကမ္ဘာတစ်လွှားမှာရှိတဲ့ ဌာနဆိုင်ရာနဲ့ အရာရှိတို့ရဲ့ အမှတ်တံဆိပ်တွေမှာလည်း ခြောက်ထောင့်ကြယ်ကို အသုံးပြုကြပါတယ်။ ဂမ္ဘီရပညာရပ်မှာပါရှိတဲ့ အစွဲချွတ်တာတို့၊ အကာအကွယ်ရရှိအောင် လုပ်ဆောင်တာတို့မှာလည်း ခြောက်ထောင့်ကြယ်ဟာ နီးနွယ်မှုရှိတယ်ဆိုတဲ့အကြောင်း ခြောက်ထောင့်ကြယ်နဲ့ ပတ်သက်လို့ လေ့လာမိသမျှ ဖော်ပြလိုက်ပါတယ်။

နန်းကေသရှိ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မြွေဆိပ်သင့်ခံရသူများ

စံရတီ



www.burmeseclassic.com

www.burmeseclassic.com




။

"ဒီနေ့မနက်ပဲ နှစ်ယောက်လုံး ဆုံးသွားတာ အဘရဲ့..၊ ကားအက်ဆီးဒင့်စ်ဖြစ်တဲ့ နေ့ကတည်းက သတိမလည်တော့တာ။ ဆယ်ရက်လောက်ရှိပြီလေ"

(၁)

မိုးကုတ်မြို့ရှိ အထင်ကရ ရတီနဒီစံအိမ်ကြီးသည် ယခင်ကဲ့သို့ စည်ပင်သာယာခြင်းမရှိဘဲ တိတ်ဆိတ်လျက်။ ကျွန်မ ရွာပြန်သွားသည့် ဆယ်ရက်အတွင်း ဤတိုက်ကြီးမှာ ဘာတွေဘယ်လိုဖြစ်ခဲ့သည်ကို မသိ။

ယနေ့မနက် ကျွန်မ ပြန်ရောက်လာချိန်မှာ အိမ်သူအိမ်သားတွေ တစ်ယောက်မှမရှိ။ ကျွန်မ မသိသော မျက်မမြင်ခါးကုန်းကြီးနှင့် အပေါက်ဆိုးဆိုး ကောင်လေးတစ်ယောက်သာ ရှိလေ၏။ ကျွန်မလည်း သူတို့မသိအောင် ခြံထဲသို့ ခိုးဝင်ပြီး တိုက်ကြီး၏ အနောက်ဘက် တန်းလျားလေးထဲမှာ ဝင်ပုန်းနေမိသည်။

ထိုသူတို့ မြင်တွေ့သွားမည်ကို စိုးရိမ်သဖြင့် အပြင်လည်း မထွက်ရဲဘဲ အခန်းကျဉ်းလေးထဲမှာ တစ်နေကုန်ပိတ်မိနေ၏။ ထို့နောက် ကျွန်မ၏ စိတ်အစဉ်တို့သည် ဤတိုက်ကြီး၏ နောက်ကြောင်းမှ ရှုပ်ထွေးမှုများဆီသို့ ပျံ့လွင့်သွားပြန်သည်။

❖



www.burmeseclassic.com

www.burmeseclassic.com


(၂)

ဤတိုက်ကြီး၏ပိုင်ရှင်မှာ ကျောက်တွင်းသူဌေး ဦးပြည်သိန်းနှင့် ဒေါ်နှင်းကလျာတို့ ဖြစ်သည်။ ကျွန်မကတော့ သူတို့၏ ကလေးတွေကို ထိန်းကျောင်းခဲ့ရသူ။ ယခုဆို ကျွန်မ ထိန်းကျောင်းခဲ့ရသော ကလေးတွေပင် အရွယ်ရောက်နေပြီ။

ထို့ကြောင့် ဤတိုက်ကြီးနှင့်ပတ်သက်သမျှ တော်တော်များများကို ကျွန်မသိနေသည်။ ဤတိုက်ကြီး၏ ရှုပ်ထွေးမှုများသည် ဦးပြည်သိန်းတို့ လင်မယားဆီမှ မြစ်ဖျားခဲ့သည်။ တစ်ဦးတည်းသော သမီးလေးရတီ အဖော်ရစေဖို့အတွက် ရတီနှင့်ရွယ်တူ ကလေးတစ်ယောက်ကို မိဘမဲ့ကျောင်းမှ ခေါ်ယူမွေးစားခဲ့သည်။

ထိုအကြောင်းအရာသည်ပင် အမှားတစ်ခု ဖြစ်ခဲ့ရပြီ။ မသိသူများကဆို ရတီနှင့်နဒီကို အမြွှာပူးညီအစ်မလို့ ထင်မှတ်မှားရလောက်အောင် နဒီ့အပေါ် သူတို့ချစ်ခဲ့၏ ။

သို့သော် ဉာဉ်ဆိုးလေးရှိသော နဒီက ငယ်စဉ်ကလေးဘဝမှာပင် ရတီ့လက်ထဲမှ မုန့်၊ ရတီ့လက်ထဲမှ ကစားစရာကိုမှ အကောင်းထင်သည်။ အမြဲလုသည်။ ရတီကတော့ နဒီ လုသမျှ အရာအားလုံးကို လိုက်လိုက်လျောလျော ပေးခဲ့သည်ချည်း။

ထို့အပြင် မိဘနှစ်ပါးစလုံး ဆုံးပါးသွားသည့်တိုင် ရတီက နဒီ့အပေါ် ညီမလေးအရင်းလို စောင့်ရှောက်နေမြဲ။ သို့သော် သန္ဓေဆိုးပါလာသော နဒီက ရတီ့ခင်ပွန်း ဦးနေဘုန်းလျှံကိုပါ လုချင်နေသည်။ ဦးနေက အစမှာတော့ တည်တည်တံ့တံ့နေခဲ့၏ ။

သို့သော် သမီးလေးတစ်ယောက်ရလာလို့ ဦးနေ နောက်ကို ရတီတစ်ယောက် တကောက်ကောက် မလိုက်နိုင်ချိန်မှာတော့ ဦးနေနှင့် နဒီ၏သတင်းတွေက ဘာလိုလို၊ ညာလိုလို ထွက်လာခဲ့သည်။ ရတီ့မှာ နေ့စဉ် မျက်ရည်နှင့် မျက်ခွက်။

ပြီးတော့ ဒီတိုက်ကြီးမှာ ခြံစောင့်မြဒင်နှင့် ထမင်းချက်လှခင်က ဦးနေခန့်ထားသော အလုပ်သမားတွေ။ ဒရိုင်ဘာ ထွန်းမောင်ကလည်း သူ့အလုပ်သူလုပ်ပြီး အေးအေးနေတတ်သူ။ ဒီ


www.burmeseclassic.com

www.burmeseclassic.com


တော့ ရတီ့အတွက် တိုင်ပင်ဖော်သည် ကျွန်မတစ်ယောက်တည်းသာ။

ကျွန်မမှာလည်း ပူစရာဆိုလို့ ရွာမှာကျန်ခဲ့သော ဖခင်ကြီးတစ်ယောက်သာ ရှိသည်။ သို့သော် ဖခင်ကြီးကိုလည်း ညီမ မိသားစုက စောင့်ရှောက်ပေးနေ၍ သိပ်ပူစရာ မလို။ ဒါကြောင့် ကျွန်မက ရတီ့ကို ပြုစုစောင့်ရှောက်ပြီး ဘဝကို ကုန်ဆုံးနေမိသူ။

❖

(၃)

ခြံရှေ့မှ အဆက်မပြတ် တတီတီမြည်နေသော လူခေါ်ဘဲလ်သံကြောင့် ကျွန်မအတွေးတွေ ရပ်တန့်သွားသည်။ ဟို မြေအသျှိုး အပြင်များ ထွက်သွားလေသလား တွေးမိ၏ ။ ကျွန်မ ငြိမ်ငြိမ်နေ၍ မရတော့။ ပြင်းပြနေသော သိလိုစိတ်က စေ့ဆော်နေပြီ။ တိုက်ဘေးမှကွေ့ပိုက်၍ ထွက်ခဲ့၏ ။ တိုက်ရှေ့သို့ မထွက်ခင် ပတ်ဝန်းကျင်ကို အကဲခတ်မိသည်။ ထင်ထားသည့်အတိုင်းပင် ဟိုမြေအဘိုး မရှိ။

ခြံဝမှာ တွေ့လိုက်ရသည်က ရတီနှင့်ထွန်းမောင်။ ရတီက ကျွန်မကိုတွေ့သွားပြီး လှမ်းခေါ်နေသည်။ ကျွန်မ ခြံဝသို့ ပြေးထွက်၏ ။ တံခါးကိုတွန်းဖွင့်ပြီး ရတီ့ကို အားရဝမ်းသာ ပြေးဖက်လိုက်သည်။

"ရတီရယ် . . ဘယ်လိုများ ဖြစ်ကုန်တာလဲ၊ ဒေါ်ဒေါင်း ပြန်လာတော့ ဘယ်သူမှလည်း မရှိဘူး။ ဟိုခါးကုန်းကြီးမြေအဘိုးကရော ဘယ်သူတွေလဲ။ ဦးနေရဲ့လူတွေလား"

ရတီက ကျွန်မရင်ခွင်ထဲမှ ရုန်းထွက်သည်။ ကျွန်မရဲ့အမေးကို နားမလည်သလို ပြန်မေး၏ ။

"ဘယ် ခါးကုန်းကြီးလဲ . . ဒေါ်ဒေါင်းရဲ့ . . ဘာတွေပြောနေတာလဲ"

"ဟင်! . . ဒါဆို ရတီလည်း ဘာမှမသိဘူးပေါ့"


www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"လာပါ မြေးရယ်.. တို့မြေးအဘိုးလည်း ဒီတိုက်ကြီးမှာ သိပ်မနေရတော့ပါဘူး။ သူဌေးကတော်နဲ့ ထွန်းမောင်တို့ရဲ့ ခွေးဇာတ်ကို မေ့ပစ်ချင်လို့ သူဌေးက ဒီတိုက်ကြီးကို ရောင်းဖို့ ဆိုင်ထားပြီးပြီ"

---

"ဘာကိုသိရမှာလဲ . . ဒေါ်ဒေါင်းရယ်၊ ဒေါ်ဒေါင်းရှေ့တင် ရတီ ရန်ကုန်ဆင်းသွားတာလေ။ ခုမှ ပြန်ရောက်တာ။ ဒါနဲ့ သမီး လေးရော"

ထိုစဉ် လမ်းထိပ်ဘက်ဆီမှ ခါးကုန်းကြီးတို့မြေးအဘိုး တရွေ့ရွေ့ လှမ်းလာနေသည်။

"ဟင် ! . . ဒုက္ခပဲ"

ကျွန်မ၏ ရေရွတ်သံကြောင့် ရတီနှင့်ထွန်းမောင်က လမ်းမ ဘက်ဆီသို့ ပြူးကြောင်ကြောင် လှမ်းကြည့်သည်။ ရတီတို့ကို ဆွဲ ခေါ်လာပြီး တိုက်နောက်ဘက်သို့ ကျွန်မ တဟုန်ထိုးပြေး၏ ။ ကျွန်မ ဆွဲခေါ်ရာနောက်သို့ ရတီတို့ ဝရုန်းသုန်းကား လိုက်ပါလာသည်။

"တိုက်နောက်ကို ပြေးဝင်သွားတဲ့ လူရိပ် တွေ့လိုက်တယ် အဘိုး"

တိုက်ရှေ့ဘက်မှ ကောင်လေး၏အော်သံကို ကြားလိုက်ရ သည် ကျွန်မရင်ထဲ ဒိန်းခနဲ။ ရတီနှင့်ထွန်းမောင်ကို အခန်းကျဉ်းလေး ထဲသို့ တွန်းပို့။ ကျွန်မလည်း အခန်းထဲသို့ ပြေးဝင်။ အခန်းတံခါးကို အသေအချာစေ့ပိတ်လိုက်ရပြီ။

တံခါးကို ကျောမှီရပ်ရင်း အသက်အောင့်ထားမိ၏ ။ ရတီ နှင့် ထွန်းမောင်လည်း အခန်းထောင့်မှာ ဘုမသိ၊ ဘမသိ ထိတ်လန့် လျက်။ တိုက်ဘေးမှပြေးလာနေသော ကောင်လေး၏ခြေသံတဘုတ် ဘုတ်နှင့် တရွေ့ရွေ့လှမ်းလာနေသော မျက်မမြင်ခါးကုန်းကြီး၏



www.burmeseclassic.com

www.burmeseclassic.com





တုတ်ကောက်သံ တဒုတ်ဒုတ်တို့က ကျွန်မရင်ကို ခြောက်လှန့်နေပြီ။

တန်းလျားလေးရှေ့မှာ ကောင်လေးက ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အော်နေသည်။

"ဒီထဲမှာ ဝင်ပုန်းနေလား မသိဘူး။ ဖွင့်ကြည့်လိုက်မယ်"

စကားသံနှင့်အတူ ကျွန်မ ကျောမှီထားသော တံခါးရွက်တို့က လှုပ်ခါသွားသည်။ ကျွန်မ အားကုန် ပြန်ဆွဲထားရ၏။

"ဖွင့်မရလည်း ဖွင့် မနေပါနဲ့..ငါ့မြေးရယ်။ မင်း စိတ်ထင်နေလို့ နေမှာပါ။ သွားရအောင်"

ခါးကုန်းကြီး၏ စကားသံအဆုံးမှာ လှုပ်ခါနေသော တံခါးရွက်တို့ ငြိမ်ကျသွားသည်။ ကောင်လေး၏ မကျေမချမ်း စကားသံက ပေါ်ထွက်လာ၏။

"တောက် !..မနက်ကလည်း ဒီလိုပဲ တစ်ယောက် လွတ်သွားတယ်"

"လာပါ မြေးရယ်..တို့မြေးအဘိုးလည်း ဒီတိုက်ကြီးမှာ သိပ်မနေရတော့ပါဘူး။ သူဌေးကတော်နဲ့ ထွန်းမောင်တို့ရဲ့ ဒေါဇာတ်ကို မမေ့ပစ်ချင်လို့ သူဌေးက ဒီတိုက်ကြီးကိုရောင်းဖို့ ဆိုင်ထားပြီးပြီ"

"အဘိုး သူဌေးကတော်က ဘာလို့များ ဒရိုင်ဘာနဲ့မှ လိုက်ပြေးရတာလဲဟင်"

"မသိပါဘူးကွယ်..အဘိုးကို ခြံစောင့်လုပ်ဖို့ လာခေါ်သွားတုန်းကတော့ မမလေးနဒီက ပြောသွားတယ်။ သူဌေးက အလုပ်ပဲ မဲလုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့အစ်မရတီက အနေနီးစပ်မှုအပေါ် သာယာသွားတယ်လို့ ပြောတာပဲ"

"ဒါနဲ့ မူလခြံစောင့် ဦးမြဒင်နဲ့ သူ့မိန်းမ ဒေါ်လှခင်တို့က ဘာလို့ ရုတ်တရက် အလုပ်ထွက်သွားရတာလဲ"

"အဘိုးလည်း သေချာမသိဘူး။ ကဲပါလေ . . ကိုယ်နဲ့ ဆိုင်တာတွေ လျှောက်တွေးမနေပါနဲ့။ တို့မြေးအဘိုးတာဝန်က ဒီ တ်ကြီးကို ရောင်း မထွက်မချင်း စောင့်ရှောက်ဖို့ပဲ"

မြေးအဘိုးနှစ်ယောက်၏စကားသံတွေက တဖြည်းဖြည်း လို့သွားသည်။ ရတီနှင့်ထွန်းမောင်က နားမလည်ခြင်း၊ ထိတ်န့်ခြင်းနှင့် အံ့ဩခြင်းတို့ ရောယှက်နေသော အကြည့်တို့ဖြင့် ျှန်မကိုကြည့်နေ၏ ။ ရတီက ကျွန်မအနားသို့ ပြေးလာပြီး–

"ဘာတွေဖြစ်ကုန်တာလဲ ဒေါ်ဒေါ်ခင်း . . သမီးလေးရော . ဘယ်မှာလဲ"

ကျွန်မလည်း ဘာကိုမှ တိတိကျကျမသိသေး၍ ဘယ်က ယ်လို ရှင်းပြရမှန်းမသိ ဖြစ်လျက်။ သို့သော်လည်း ကျွန်မက ရတီ တ် အနည်းငယ် ပိုသိထား၍–

"ဒေါ်ဒေါ်ခင်းသိသလောက် ရှင်းပြပါ့မယ် . . ရတီရယ်"

ကျွန်မအသံတွေက တုန်ရီမောဟိုက်လျက် နာကျင်ဖွယ် ထိတ်နေ့ရက်များဆီသို့ လွင့်ပျံလို့သွားလေပြီ။

❖

(၄)

ဦးနေအတွက် သောကပိုနေသော ရတီက ကျွန်မကို ပေါ်ထပ်ရှိ သူ့အခန်းထဲမှာခေါ်၍ တိုင်ပင်နေရှာသည်။

"ဦးနေနဲ့ အနေဝေးအောင်ဆိုပြီး နဒီကို ရန်ကုန်ရုံးခွဲကို လိုက်တာ မှားသွားပြီလား မသိဘူး ဒေါ်ဒေါ်ခင်းရယ်"

ကျွန်မ သက်ပြင်းချမိ၏ ။ အလုပ်ကိစ္စဟူသော အကြောင်း ချက်ဖြင့် ဦးနေ၊ ရန်ကုန်ဆင်းသွားသည်မှာ တစ်ပတ်ကျော်ပြီ။



www.burmeseclassic.com

www.burmeseclassic.com


ရတီက သူ့အတွေးကို ဆက်ပြောသည်။

"မဖြစ်ဘူး . . ဒေါ်ဒေါ်ငါး။ သူတို့ကို လက်ပူးလက်ကြပ် အောင်ဖမ်းပြီး ဒီပြဿနာကို ဖြေရှင်းရမယ်။ ရတီ ရန်ကုန်ကို လိုက် သွားမယ်"

"ကလေးက ငယ်သေးတယ်လေ . . ရတီ"

"သမီးလေးကို ဒေါ်ဒေါ်ငါးပဲ ကြည့်ထားပေးပါ"

"စိတ်ချပါ ရတီရယ်၊ ရန်ကုန်ဆင်းဖို့ကိုလည်း ဒေါ်ဒေါ် ထွန်းမောင်နဲ့ တိုင်ပင်ပြီး စီစဉ်လိုက်ပါ့မယ်။ ခုတော့ နားလိုက်နော်"

အခန်းအပြင်ဘက်သို့ ကျွန်မထွက်လာစဉ် အပေါ်ထပ် လှေကားမှ အောက်ထပ်သို့ ပြေးဆင်းသွားသော လုခင်ကို ရိပ်ခနဲ တွေ့လိုက်ရ၏။ စိတ်ထဲမှာ နည်းနည်းတော့ မသိုးမသန့်ဖြစ်မိသည်။

❖

(၅)

ရတီနှင့်ထွန်းမောင်တို့ ထွက်သွားပြီး သိပ်မကြာခင်မှာ ဖုန်းသံမြည်လာသည်။ ကျွန်မ ဖုန်းကောက်ကိုင်လိုက်၏ ။

"ဒီတိုက်မှာ အလုပ်လုပ်နေတဲ့ ဒေါ်ဒေါ်ငါးနဲ့ စကားပြော ချင်လို့ပါရှင်"

တစ်ဖက်မှ ကြားလိုက်ရသည်က ရွာက ညီမငယ်ရဲ့အသံ

"ဟဲ့ မိနွယ် . . ငါပြောနေတာ"

"အဖေမူးလဲလို့ ဆေးရုံတင်ထားရတယ် အစ်မ။ ဦးနှောက် သွေးကြောပေါက်တာတဲ့။ အခြေအနေ မကောင်းဘူး။ ပိုက်ဆံ လည်း လိုတယ်။ အစ်မ အမြန်ပြန်လာခဲ့ပါ"

တစ်ဖက်မှ ညီမလုပ်သူရဲ့စကားကြောင့် ပြန်လာခြင်း အကြောင်း အတန်တန်ပြောရင်း ဖုန်းချလိုက်ရ၏ ။

ထိုစဉ် တိုက်ရှေ့မှ ကားဟွန်းသံကြောင့် ကျွန်မ ထိတ်လန့် သွားသည်။ ရတီလည်း မဖြစ်နိုင်။ ဒါဆို ဦးနေဖြစ်မည်။ ပြဿနာ တွေက တစ်ခုပြီးတစ်ခု၊ ကျွန်မဆီ ပြေးလာနေပြီ။ ကျွန်မ တိုက်



www.burmeseclassic.com

www.burmeseclassic.com


ပြေးထွက်ကြည့်မိ၏ ။

မြဒင်က ခြံတံခါးကို ပြေးဖွင့်ပေးသည်။ ကားက တိုက်ရှေ့ အောက်မှာ ထိုးရပ်သွားပြီ။ ဦးနေက ကားပေါ်မှ ဆင်းလာသည်။ လှခင်က ပြေးကြို၏။ ကျွန်မမှာတော့ ကျောက်ရုပ်တစ်ရုပ် လှုပ်မရ။ ဦးနေက ကျွန်မဆီသို့ တည့်တည့်မတ်မတ် လျှောက်နေသည်။ သူ့ပုံစံက တစ်စုံတစ်ခုကို ကြိုသိနေသလို၊ မထီတရီ နှင့်လှ၏ ။

"ဒေါ်ဒေါ်ဝင်း ရတီရော . ."

ဦးနေ၏အသံက မကောင်းဆိုးဝါးတစ်ကောင်၏ အသံလို နှင့်လှုပ် ချောက်ချားဖွယ်၊ ထိတ်လန့်မှုတို့ကြောင့် ကျွန်မအသံ ထွက်မလာ။ သို့သော် လှခင်က သွက်လက်စွာ ဝင်ဖြေသည်။

"ထွန်းမောင်နဲ့ နှစ်ယောက်တည်း ထွက်သွားတာပဲ . . ဘယ်လဲတော့ ကျွန်မတို့ မသိဘူး။ သမီးလေးကိုတော့ ကျွန်မတို့နဲ့ ထားခဲ့တယ် ဦးနေ"

"ဘာ! . ."

ကျယ်လောင်လှသော ဦးနေရဲ့အသံက ကျွန်မကို လှုံ့ဆော် လိုက်ပြီ။

"ဟို . . ဟို ရန်ကုန်ကို ဆင်းသွားတာပါ။ နဒီနဲ့ စကားပြော စရာရှိလို့တဲ့"

ဦးနေက သိသိသာသာ ပျက်ယွင်းသွားသော မျက်နှာကို ချက်ချင်း ဣန္ဒြေဆည်လိုက်သည်။ ခါးကြားထဲမှ ဖုန်းကိုထုတ်ယူပြီး ခြံထဲသို့ဆင်းသွား၏။ လှခင်နှင့် မြဒင်က ဦးနေ၏ အထုပ်အပိုးတွေ ကို သယ်ပြီး အိမ်ထဲသို့ဝင်သွားပြီ။

ကျွန်မမှာတော့ ဖိစီးလွန်းသောစိတ်တို့ဖြင့် နေရာမှရွေ့ ရ။ အဖေကလည်း ဆေးရုံမှာ သေရေးရှင်ရေး။ ရတီကလည်း ရှေ့ ဆက်ပြီး ဘယ်လိုပြဿနာတွေကို ရင်ဆိုင်ရဦးမည်မသိ။ အတွေး ခုက လွန်ဆွဲလျက်။

နောက်ဆုံးမှာတော့ ကျွန်မ တစ်စုံတစ်ခုကို အသေအချာ


www.burmeseclassic.com

www.burmeseclassic.com





ရွေးချယ်လိုက်၏။ ဖုန်းပြောနေသော ဦးနေဆီ ခြေလှမ်းတို့ကို ဦးတည်လိုက်သည်။

ကျွန်မကို ကျောပေးပြီး ဖုန်းပြော သော ဦးနေ၏အသံက သာမန်ထ တိုးလျှလွန်းနေ သည်။ ကျွန်မခြေ ကြောင့် ဦးနေ ဆတ်ကနဲ လှ ကြည့်၏။ ဖုန်းကို လက်ဝါးဖြ အုပ်ပြီး ကျွန်မကို မေးဆတ် သည်။ ကျွန်မလည်း အကျ အကြောင်း ပြောပြပြီး ပြန်ဖို့ ခွ တောင်းမိ၏။

ဦးနေက ချက်ချင်းပင် ပြန်ခွ ပြုလိုက်သည်။ ဦးနေ တစ်ဖက် ပြန်လှည့်သွား၏။ ကျွန်မ တိုက်ကြ ဆီသို့ လှည့်ပြန်ဖို့ ပြင်ပြီးမှ သိလိုစိတ်ကြောင့် ခပ်တိုးတိုးပြော သော ဦးနေ၏ စကားသံတွေကို နိုး နားထောင်လိုက်မိသည်။

"စိတ်ချပါ နဒီရာ . . ကိုယ့်ဘက်က လက်ဦးမှု ရထားပြီး ပဲ သိပ်ပူစရာ မလိုပါဘူး။ ဒီပွဲမှာ ကိုယ်တို့နိုင်မှာပါ"

ဖုန်းပြောပြီး ပြန်လှည့်လာသော ဦးနေနှင့်ကျွန်မ အကြည် ချင်း ဆုံသွားသည်။ ဦးနေက ဦးစွာ အကြည့်လွှဲလိုက်ပြီး မလုံမလဲ ဖြင့် ကျွန်မရှေ့မှထွက်သွား၏။ ကျွန်မတစ်ယောက်တည်း ခပ်တိုး တိုး ရေရွတ်လိုက်မိသည်။

"ဘုရား . . ဘုရား ရတီ ဘေးမသီ ရန်မခပါစေနဲ့ အေးအေး . . သမီးလေးမျက်နှာလည်း ရှိနေသေးတာပဲ၊ ဆိုးဆိုးရွားရွားတော့ မဖြစ်တန်ပါဘူး"

ကျွန်မလည်း ကြံဖန် စိတ်ဖြေလိုက်ပြီး မပြန်မဖြစ် အိမ်ပြ ခရီးကို စိတ်မဖြောင့်စွာဖြင့်ပင် ပြန်လာခဲ့ရ၏။

❖



www.burmeseclassic.com

www.burmeseclassic.com


(၆)

"ဒါပါပဲ . . ရတီ၊ ဒေါ်ဒေါင်း ထွက်သွားပြီးနောက် ဒီတိုက်ကြီးမှာ ဘာတွေဆက်ဖြစ်တယ်ဆိုတာ မသိတော့ဘူး။ ဒါနဲ့ ရတီတို့ကရော ဘာတွေဖြစ်ခဲ့ကြတာလဲ"

ရတီ သက်ပြင်းမောတစ်ချက်ကို ခပ်လေးလေးချသည်။ တစ်ချိန်လုံး သူများပြောသမျှ နားထောင်နေသော ထွန်းမောင်က ဝင်ပြော၏။

"ရန်ကုန်အဆင်းမှာ ကားဘရိတ်ပေါက်ပြီး အက်စီးဒင့် ဖြစ်တယ်။ ဒါနဲ့ ဆေးရုံရောက်ပြီး ကြာနေတာ . . ခုမှ ဆေးရုံက ဆင်းရလို့ ဒီကိုပြန်လာတာ"

"ဟင် . . ခရီးမထွက်ခင် နင်က ကားကို သေချာမစစ်ဘူးလား"

"စစ်ပါတယ် ဒေါ်ဒေါင်းရယ်၊ ဒါပေမယ့် အဲဒီနေ့ မနက်က ကားကို စက်ဖုံးဖွင့်ပြီး ကိုမြဒင် ဟိုနှိုက်၊ ဒီနှိုက်လုပ်နေတာ တွေ့တယ်။ စိတ်ထဲ မသင်္ကာတာနဲ့ ကားကို ပြန်စစ်မလို့ရှိသေး မမရတီက သွားမယ်ဆိုလို့ မောင်းထွက်ခဲ့ရတာ"

"ဟင် . . ဒါဆို ဦးနေနဲ့ရတီက ရတီ့ကို အကွက်ချပြီး လုပ်ကြံခဲ့တာများလား"

ကျွန်မအသံမှာ ခံပြင်းခြင်း၊ နာကျည်းခြင်းတို့ ရောယှက်ချက်။ ထွန်းမောင်က တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်သည်။ ရတီကတော့ မျက်ရည်တွေကျလျက် သူ့သမီးလေးကိုသာ တွင်တွင်မေးပြီး ငိုနေရှာ၏။

ထိုစဉ် အပြင်ဘက်မှ တရွေ့ရွေ့လှမ်းလာသော ခြေသံတွေကြောင့် ကျွန်မတို့အားလုံး အသံတိတ်လိုက်သည်။ တံခါးကို အသာဟပြီး ကြည့်မိ၏။ ဦးနေ၊ ခါးကုန်းကြီးနှင့် ကောင်လေး။ သူတို့ စကားတပြောပြောဖြင့် လှမ်းလာနေသည်။ ဦးနေမျက်နှာက


www.burmeseclassic.com

www.burmeseclassic.com


အတော် ညှိုးနွမ်းနေ၏။ သူတို့စကားသံတွေက လွင့်ပျံလာပြီ။

"ဒီနေ့ မနက်ပဲ နစ်ယောက်လုံး ဆုံးသွားတာ အဘရဲ့ . . ကားအက်စီးဒင့်ဖြစ်တဲ့နေ့ကတည်းက သတိမလည်တော့တာ . . ဆယ်ရက်လောက်ရှိပြီလေ"

ဦးနေ၏ စကားသံကြောင့် ရတီနှင့် ထွန်းမောင်ကို ကျွန်မ အလန့်တကြား ကြည့်မိသည်။ သူတို့လည်း ဖြူးကျယ် ဝိုင်းစက်သော မျက်လုံးတွေဖြင့် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်နေမိကြ၏။ ကျွန်မ အထိတ်တလန့်ဖြင့် အခန်းကျဉ်းထဲက ပြေးထွက်ဖို့ ပြင်လိုက်မိချိန် . .။

"ပိုဆိုးတာက ဒီနေ့မနက်မှာပဲ ဒေါ်ဒေါင်းလည်း သူ့ရွာက နေ ဒီကိုပြန်အလာ လမ်းမှာ ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးသတဲ့များ ကျွန်တော့ရင်ထဲ ဖြေမဆည်နိုင်ဘူး"

ဦးနေ၏စကားသံက ကျွန်မရင်ကို အစိတ်စိတ်အမွှာမွှာ ကွဲစေပြီ။ ပြေးထွက်ဖို့ပြင်နေသော ခြေလှမ်းတွေက ဆန့်ကျင်ဘက် လားရာဆီသို့။ ကျွန်မတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် တင်းတင်းကြပ်ကြပ် ဖက်တွယ်ထားမိ၏။ အပြင်မှ စကားသံတွေက လွင့်ပျံလာပြန်သည်။

"အော် . . နဒီလား၊ ပြန်တွေတိုင်း သူ့ကို စိတ်နာတယ်များ ကျွန်တော့မိန်းမအပေါ် အထင်အမြင်လွဲခဲ့မိတာတွေကို ရင်ထုမနေ ပါပဲ။ ဒီမိန်းမ သိပ်အကြံပိုင်တယ်ဗျာ"

"ဘယ်လိုကြံတာလဲ သူဌေး . ."

"ကျွန်တော်နဲ့သူ့ကို ရတီ အထင်လွဲအောင် ဖန်တီးတယ်၊ ကျွန်တော့ကိုကျတော့ ရတီနဲ့ ထွန်းမောင်ကို အထင်လွဲအောင် တိုက်တယ်"

"ခု . . မမလေးနဒီ အဖမ်းခံနေရတာက"

"ဒါကတော့ဗျာ . . နောက်ဆုံးမှာ မြဒင်တို့လင်မယားနဲ့ ပေါင်းပြီး ရတီကို လုပ်ကြံခဲ့လို့လေ၊ ရတီတို့ ကားအက်စီးဒင့်ဖြစ်ပြီး တော့ မြဒင်နဲ့လှခင်က စိတ်မလုံဘဲ အလုပ်က ချက်ချင်းထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကို ရဲက မသင်္ကာလို့လိုက်ရင်း ပေါ်တာပေါ့"

"အို . . ဘာလို့များ ဒီလောက်ထိ ကြံစည်ရတာလဲဗျာ"

"အမွေပေါ့ဗျာ . . အမွေ"

"ဟင်! . . ဒါဆို အန်တီရတီ သနားပါတယ်နော်"

ဦးနေ၏ စကားကို ကောင်လေးက မှတ်ချက်ချသည်။ ဦးနေကတော့ တိုက်ကြီးကို လွမ်းလွမ်းဆွေးဆွေး ကြည့်နေ၏။ မျက်ဝန်းမှာလည်း မျက်ရည်စက်တို့ တွဲခိုလျက်။ ခါးကုန်းကြီးက သူ့မြေး၏ခေါင်းကို အသာပုတ်လိုက်ပြီး -

"မတော်လောဘတွေပေါ့ မြေးရယ် . . ဒါကြောင့် လောဘဟာ အဆိပ်ပြင်းတဲ့ မြွေနဲ့တူတယ်လို့ ဘုရားရှင်က ဟောကြားခဲ့တာပေါ့"

ခါးကုန်းကြီးက ဦးနေဘက်သို့လှည့်ပြီး -

"အားတင်းထားပါ သူဌေးရယ် . . သမီးလေးအတွက် သူဌေး ရှင်သန်နေရဦးမယ်လေ။ ရတီ့နာရေးအတွက် ဒီအိမ်ကြီးကို ချည့်သည်တွေလာမှာမို့ ဒီတန်းလျားလေးကို ဝင်ပြီး ရှင်းပေးရမယ် မဟုတ်လား။ အားလုံး အဆင်ပြေစေရပါ့မယ်"

သူတို့ သုံးယောက်က ပြောဆိုပြီး ထွက်သွားကြပြီ။ အခန်းကျဉ်းလေးထဲမှာတော့ အရာရာဟာ ပြောင်းလဲခြင်းမရှိဘဲ ငြိတ်ဆိတ်လျက်။

မြွေဆိပ်သင့်ခံရသူ ကျွန်မတို့ သုံးယောက်မှာသာ . . ။


စံရတီ

www.burmeseclassic.com

www.burmeseclassic.com



# စာဖိုနှင့် စာမ ဟူသည် အဘယ်နည်း



သုပညာ နဂရ ဆိန္ဒမင်း လက်ထက် သာသနာ သက္ကရာဇ်(၆၂၉)ခုနှစ်၊ အတိုသက္ကရာဇ် (၇)ခုတွင် ဥတ္တမသီရိမထေရ် စီရင်သည်ဟုဆိုသော ကပ္ပါလင်္ကာရကျမ်းအလိုအားဖြင့် မြန်မာ အက္ခရာတို့တွင် "စာဖို၊ စာမ"ဟူ၍ အက္ခရာနှစ်မျိုးရှိသည် ဟူ၏။

"ဂဠုန်ငှက်"ဟု အမှတ်သညာပြုကြသော နေမင်းက ညွှန်းဆိုသည့် အက္ခရာများသည် "စာဖိုအက္ခရာ"ဖြစ်၍ "ကရဝိတ်ငှက်"ဟု အမှတ်သညာပြုကြသော လမင်းက ညွှန်းဆိုသည့် အက္ခရာများသည်"စာမ အက္ခရာ"ဖြစ်သည်။

စာဖိုကို "စဖို"ဟူ၍ လည်းကောင်း၊ စာမကို "စမ"ဟူ၍ လည်းကောင်း အသံထွက်လေ့၊ ရေးလေ့ရှိသည်။

❖

## * စာဖို (စဖို) *

နေမင်းသည် သတ္တဝါတို့အကျိုးငှာ မူလ အက္ခရာတစ်လုံး ဘူတအက္ခရာ(၂)လုံးကို တစ်နေ့လျှင် (၃)ကြိမ်ကြွသည်။ (မူ



www.burmeseclassic.com

www.burmeseclassic.com


အက္ခရာဆိုသည်မှာ အရင်းအမြစ်ဖြစ်သော အက္ခရာဖြစ်၍ ဘူတအက္ခရာကား မူလအက္ခရာမှပြန့်ပွားသော အက္ခရာဖြစ်သည်။)

နေမင်းပြသည့်မူလအက္ခရာမှာ နေဝန်း၏ ပကတိ ပုံသဏ္ဍာန်ဖြစ်သော "ဝ"အက္ခရာဖြစ်၏။ နေထွက်သည့်အချိန်တွင်မူ "ဝ"တစ်ခြမ်းဖြစ်သော "ဂ"အက္ခရာပုံကိုသာ မြင်ရ၏။ နေဝင်ချိန်တွင်လည်း ထိုနည်းတူ "ဂ" အက္ခရာပုံကိုပင် မြင်ရ၏။ ထို့ကြောင့် "ဂ" အက္ခရာ (၂)လုံးမှာ နေမင်းပြသော ဘူတအက္ခရာ (၂)လုံးဖြစ်၏။

ယင်းအက္ခရာ (၂)လုံးအနက်၊ တစ်လုံးမှာ ထွက်အက္ခရာဖြစ်၍ ကျန်တစ်လုံးမှာ ဝင်အက္ခရာဖြစ်၏။ ယင်း အက္ခရာများမှ ပြန့်ပွားသော် အက္ခရာတို့သည် စဖိုအက္ခရာများ ဖြစ်၏။

ထို့ကြောင့် "နေထွက် ဂငယ်၊ နေ့လယ် ဝပင်၊ နေဝင် ဂ ဖြစ်ပြန်၊ သုံးတန် အက္ခရာ၊ နေမူလာ၊ မှတ်ပါ စဖိုဂိုဏ်း"ဟူ၍ ဆိုလေ၏။

## * စာမ (စမ) *

စမအက္ခရာများတွင် မူလ စမအက္ခရာ ဓာတ်စမ အက္ခရာဟူ၍ (၂)မျိုး ရှိ၏။ မူလ စမအက္ခရာတို့သည် ကာယသိဒ္ဓိ၊ သုစသိဒ္ဓိ၊ ဓီသသိဒ္ဓိ၊ ဓနသိဒ္ဓိဟူသော သိဒ္ဓိ(၄)ပါးကို ပြီးစေနိုင်၏။

## * မူလ စမ *


လမင်းသည် မူလအက္ခရာ (၁)လုံး၊ ဘူတအက္ခရာ (၄)လုံး၊ ပေါင်း (၅)လုံးကို တစ်လလျှင် (၅)ကြိမ်ပြ၏။ လဆန်း (၃၊ ၄)ရက်တို့တွင် လ၏သဏ္ဍာန်သည် "ဂ" အက္ခရာနှင့် တူသည်။ ယင်း "ဂ" အက္ခရာသည်ပင် လမင်းပြသော ဘူတအက္ခရာတစ်လုံးဖြစ်၏။

လဆန်း(၈)ရက်ခန့် ရောက်သောအခါ "ဓ"အက္ခရာပုံကို တွေ့ရသည်။ လပြည့်နေ့တွင်ကား လ၏အဝန်းကို အကုန်အစင် တွေ့ရသဖြင့် "ဝ"အက္ခရာသဏ္ဍာန်ဖြစ်၏။ လဆုတ် (၈)ရက်တွင်လည်း "ဗ"အက္ခရာနှင့်တူ၍ လကွယ်ခါနီးတွင်မူ "ပ"အက္ခရာပုံ


www.burmeseclassic.com

www.burmeseclassic.com






သင်္ချာနံ့တွေ့မြင်ရ၏။

ယင်းသို့အားဖြင့် ...
လမင်းပြသော အက္ခရာများမှာ
"ဝ" အက္ခရာဟူသော မူလအက္ခ
ရာတစ်လုံးနှင့် ဂ၊ ခ၊ ပ၊ ဗ
ဟူသော ဘူတအက္ခရာ (၄)လုံး
ဖြစ်၏။

ယင်းအက္ခရာ (၅)လုံး
ပေါ်လာပုံကို တစ်နည်း ပြကြသေး၏။ လယ်ကိုင်းဘုန်းတော်ကြီး ဦး
ဝရဉ်ပဏ္ဍာမိ၏ အလိုအရ လဆန်း၌ "ဂ"အက္ခရာ၊ လပြည့်ခါနီး
တွင် "ဗ"အက္ခရာ၊ လပြည့်လျှင် "ဝ" အက္ခရာပြ၍ လပြည့်ကျော်တွင်
လဆန်းကဲ့သို့ "ဂ"နှင့် "ဗ"ပင် ပြသည် ဟူ၏။

လမင်းပြသည့် ဂ၊ ခ၊ ပ၊ ဗ ဟူသော အက္ခရာ(၅)လုံးတွင်
အစအက္ခရာ (၂)လုံးဖြစ်သော (ဂ၊ ခ)နှင့် အဆုံးအက္ခရာ(၂)လုံး
ဖြစ်သော (ပ၊ ဗ)တို့ သဘောချင်း တူညီသည်ဟု ဆို၏။ အကြောင်း
ကား "ဂ"ကို ပက်လက်လှန်လျှင် "ပ"၊ "ဗ"ကို မှောက်လိုက်လျှင် "ခ"
ဖြစ်သောကြောင့်ပင် ဖြစ်၏။ ယင်း တူညီသောအက္ခရာ (၄)လုံးမှ "ဂ"
နှင့် "ဗ" အက္ခရာ(၂)လုံးကို ပယ်လိုက်လျှင် (ပ၊ ဝ၊ ခ) ဟူ၍ အက္ခရာ
(၃)လုံးကျန်၏။

အထက်တွင် နေမင်းမှ ဂ၊ ဝ၊ ဂ အက္ခရာ (၃)လုံးရကြောင်း
ဆိုခဲ့ပြီ။ ထိုသုံးလုံးမှ "ဂ"နှင့် "ဂ"ကိုပေါင်းစပ်လိုက်လျှင် "က"ကို
ရသည်။ ထိုနေမင်းမှအက္ခရာကို လမင်းမှအက္ခရာနှင့် ပေါင်းလိုက်
ပြန်လျှင် က၊ ဝ၊ ပ၊ ဝ၊ ခ ဟူသော အက္ခရာ (၅)လုံးကို ရပြန်သည်။

အထက်ပါ (၅)လုံးတွင် ဘူတအက္ခရာများဖြစ်သော က၊
ပ၊ ခ အက္ခရာ (၃)လုံးကို အောက်အထက်လှန်လိုက်လျှင် က၊
ခ၊ ဃ၊ ဂ၊ ဗ ဟူသော အက္ခရာ (၆)လုံးရ၏။ မူလအက္ခရာ "ဝ"
(၂)လုံးပေါင်းလိုက်ပြန်လျှင် က၊ ဝ၊ ပ၊ ဝ၊ ခ ဟူသော အက္ခရာ (၅)
လုံးရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ (၅)လုံးတွင် ဘူတအက္ခရာများဖြစ်သော က၊ ခ အက္ခရာ (၃)လုံးကို အောက်အထက်လှန်လိုက်လျှင် က၊ ပ၊ ဓ၊ ယ၊ ဂ ဟူသောအက္ခရာ (၆)လုံးရ၏။ မူလအက္ခရာ "ဝ"(၂)လုံး ပေါင်းလိုက်လျှင် (၈)လုံး ရ၏။ ယင်းအက္ခရာ(၈)လုံး ကို အထက်တစ်တန်း၊ အောက်တစ်တန်း အောက်ပါအတိုင်းစီ၍ ထားရသည်။

က၊ ပ၊ ဓ၊ ဝ

ယ၊ ဂ၊ ဗ၊ ဝ

ယင်းအက္ခရာ (၈) လုံးသည် ဂဏန်း အရေအတွက်အားဖြင့် (၃၃)ဖြစ်လျှင် မှန်သည်ဟု အဆိုရှိ၏ ။ နံသင့်ကောက်၍ ပေါင်းလျှင် (၃၃)ရသည်။

က၊ ပ၊ ဓ၊ ဝ . . ၂+ ၅+ ၇+ ၄ =၁၈

ယ၊ ဂ၊ ဗ၊ ဝ . . ၄+ ၂+ ၅+ ၄ =၁၅

ထို့ကြောင့် က၊ ပ၊ ဓ၊ ဝ, ယ၊ ဂ၊ ဗ၊ ဝ ဟူသော အက္ခရာ (၈)လုံးသည် အတုမရှိသော အကျိုးကိုပေးစွမ်းနိုင်သည့် လေးလုံးသော "စမ"တို့ကို ကောက်ယူရာ၊ ကောက်ယူကြောင်းဖြစ်သော အခြေခံအက္ခရာဖြစ်၏။

## * ဓာတ်စမ *

ခနသိဒ္ဓိနှင့် ပီယသိဒ္ဓိဟူသော သိဒ္ဓိ(၂)ပါးကို ပြီးစေနိုင်သော ဓာတ်အက္ခရာများသည် ဓာတ်(၄)ပါးကို ဆုံးဖြတ်ဝေဖန်နိုင်ခြင်းသာလျှင် လိုရင်းဖြစ်ပေ၏။ ယင်း ဓာတ်(၄)ပါးကို အမှီပြု၍သော (၄)လုံးသော အက္ခရာတို့ဖြစ်လာကြပေ၏။

ဓာတ်စမအက္ခရာ (၄)လုံးတွင် တစ်လုံးကို နေနှင့်လတို့မှ ဖြစ်သော အက္ခရာကိုပေါင်း၍ ယူရမည်ဟု ဆို၏။ ယင်းအက္ခရာကား "ဝ"အက္ခရာဖြစ်၏။

အက္ခရာတစ်လုံးကို သမုဒ္ဒရာမှ မငြိမ်မသက် လျှပ်ပေါ်လော်သီသော ငါးတွင် ယူအပ်၏ဟု ဆိုသည်။ ယင်းအက္ခရာသည် ငါးရဲ့



www.burmeseclassic.com

www.burmeseclassic.com




အမြီးဖျားရှိ "ဗ"အက္ခရာဖြစ်၏။

အက္ခရာတစ်လုံးကို ကောင်းကင်တွင် ပျံသန်း၍ မြေ၌ [illegible] ရှာသော ဆန်းကြယ်သောအဆင်းရှိသည့် ငှက်၌ယူအပ်၏ဟု ဆို[illegible] ၌ ဥဒေါင်းငှက်၏အမြီးဖျား၌ရှိသော "စ"အက္ခရာကို ဆိုလို၏။

ကျန်အက္ခရာတစ်လုံးကိုမူ ဦးခေါင်းမရှိဘဲ ခြေထောက်[illegible] သော ငါး၌ ယူအပ်၏ ဟုဆိုခြင်းကြောင့် ခြေရှစ်ချောင်းရှိ ပုဇွန်[illegible] ၏ ကျောမှ "ဓ"အက္ခရာကို ယူရသည်။ ဤသို့ဖြင့် စ၊ဓ၊ ဗ၊ ဝ[illegible] သော ဓာတ်စမအက္ခရာ (၄)လုံးရ၏။ ထို့ကြောင့် "နေ၊ လ၊ ဥဒေါင်း[illegible] တွပိုးအောင်း ပုဇွန်၊ ဖော်ညွှန်ငါးရံ့၊ လေးတန့်အက္ခရာကို စ၊ [illegible] ဗ၊ ဝ ဟူ၍ မှန်ယူရာ၏"ဟု အဆိုရှိလေသည်။

❖




ကပ္ပါလက်ာရဝဏ္ဏနာကျမ်းလာ ဓာတ်စမအက္ခရာ ၄ လုံး ကောက်ယူနည်းတမျိုး



www.burmeseclassic.com

www.burmeseclassic.com



က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

ခတ်စမအက္ခရာများကို ကေစိဝါဒအားဖြင့် ကောက်ယူပုံမှာ တစ်မျိုးဖြစ်၏။ နေလမှပြသော "ဝ"အက္ခရာ (၂)လုံးကို ပေါင်းလျှင် "ထ" အက္ခရာရ၏။ သမုဒ္ဒရာထဲ၌ ကျက်စားသော ဒိုင်းငါးရံ့၏ အမြီးရှိ "ဝ"အက္ခရာတစ်လုံး၊ ဒေါင်းငှက်အမြီးရှိ "စ" အက္ခရာ တစ်လုံး၊ အခြေများ၌ ခေါင်းမရှိသော လယ်ပုဇွန် လုံး၏ ကျော၌ရှိသော "င"အက္ခရာတစ်လုံးအားဖြင့် င၊ ထ၊ စ၊ ဝ ဟူသော ခတ်စမ (၄)လုံးရသည်ဟု ဆိုသည်။

တစ်နည်းအားဖြင့်လည်း အက္ခရာတစ်လုံးကို တရားဂုဏ် (၆)ပါးဖြင့် ရှာအပ်၏ဟု ဆိုရာ၌ "က"မှစ၍ ရေတွက်သော် (၆)ခု မြောက်ဖြစ်သော "စ" အက္ခရာကိုရ၏။ အက္ခရာတစ်လုံးကို ကောင်းကျိုး(၅)ပါး သိအပ်၏ဟုဆို၏။

"က"မှစ၍ ရေသော် (၅)ခုမြောက်အက္ခရာသည် "င" ဖြစ်၏။ အက္ခရာတစ်လုံးသည် ဆင်ကိုဟောသော ဂဇ အက္ခရာတို့ဖြင့် သူအပ်၏ဆိုသဖြင့် ဆင်ဖြင့်ညွှန်ပြသောအက္ခရာသည် "ထ"ဆင် များဖြစ်၏။

ကျန်အက္ခရာတစ်လုံးမှာ ခြသေ့်၊ ပူးသတ္တဝါ (၂)ခုဖြင့် သိအပ်၏ဟု ဆိုသည်။ ခြသေ့်မှာ အင်္ဂါနံဂြိုဟ်သက် (၈)နှစ်၊ ပူးမှာ သောကြာနံဂြိုဟ်သက် (၂၁)နှစ်၊ ပေါင်း (၂၉) ဖြစ်၏။ "က"မှစ၍ရေသော် (၂၉)ခုမြောက်အက္ခရာသည် "ဝ"ဖြစ်၏။ ဤသို့ ကောက်ယူခြင်းဖြင့် စ၊ င၊ ထ၊ ဝ ဟူသော အက္ခရာ(၄)လုံးရ၏။

တစ်နည်းကား တရားဂုဏ်(၆)ပါးဖြင့် သိအပ်သောအက္ခရာ ကား "က"မှစ၍ရေသော် (၆)ခုမြောက်သော "စ"ဖြစ်၏။ ကောင်း



www.burmeseclassic.com

www.burmeseclassic.com





ကျိုးငါးပါးဖြင့် ရအပ်သော အက္ခရာ
ကား(၅)မှာ ကြာသာပတေးဖြစ်၍
ဂြိုဟ်သက် (၁၉)ဖြစ်၏။ "က"မှစ
၍ (၁၉)ခုမြောက် အက္ခရာသည်
"ဓ" ဖြစ်၏။

ဆင်ဖြင့် ညွှန်ပြအပ်သော
အက္ခရာဟူရာ၌ ဆင်ကား ပါဠိ
အခေါ် ဂဇ ဖြစ်၏။ "ဂ"မှာ တနင်္လာနံ
ဂြိုဟ်သက် (၁၅)နှစ်၊ "ဇ"မှာ အင်္ဂါနံဂြိုဟ်သက် (၈)နှစ်ဖြစ်၍ (၂)ခု
ပေါင်း (၂၃)ဖြစ်၏။ "က"မှစ၍ ရေတွက်သော် (၂၃)ခုမြောက်
အက္ခရာကား "ဗ"ဖြစ်၏။

ခြသေ့်၊ ပူးသတ္တဝါ(၂)ခုဖြင့် သိသာသော အက္ခရာကား
ခြသေ့်မှာ အင်္ဂါနံ၊ ဂြိုဟ်သက် (၈)နှစ်၊ ပူးမှာ သောကြာနံ၊ ဂြိုဟ်သက်
(၂၁)နှစ်၊ ပေါင်း (၂၉)ဖြစ်၏။ "က"မှစ၍ရေတွက်သော် (၂၉)ခု
မြောက် အက္ခရာကား "ဝ"ဖြစ်၏။

ဤသို့ကောက်ယူခြင်းဖြင့် စ၊ ဓ၊ ဗ၊ ဝ ဟူသော စမ
အက္ခရာ(၄)လုံးကို ရပြန်၏။

ဤသို့လျှင် ဓာတ်စမအက္ခရာများကို ကောက်ယူရာ၌ ဝါဒ
အမျိုးမျိုးရှိလေ၏။ ဝါဒတစ်မျိုး၌ကား ဓာတ်စမသည် စ၊ ဓ၊ ဗ၊ ဝ
ဟူသော စမအက္ခရာ(၄)မျိုးဖြစ်သည်ဟု ဆိုသည်။

အခြားဝါဒတစ်မျိုးမှာမူ စ၊ ဓ၊ ဗ၊ ဝ. င၊ ထ၊ စ၊ ဝ ဟူ၍ (၂)
မျိုးရှိသည်။ လက်ဝဲ စမနှင့် လက်ျာစမ (၂)မျိုးဖြစ်သည်ဟု ဆို၏။

ကေစီဝါဒ၌ကား ဓာတ်စမသည် င၊ ထ၊ စ၊ ဝ ဟူ၍ (၄)လုံး
သာရှိသည်ဟု ဆို၏။ ထို့ကြောင့်ပင် ကပ္ပါလင်္ကာရဝဏ္ဏနာ ကျမ်းပြု
ဆရာဒီးဒုတ်ဦးဘချိုက နောင်းဆရာတို့ပညာဖြင့် ညှိနှိုင်း၍ မှန်ကန်
အောင် ကောက်ယူကြရန် တိုက်တွန်းရေးသားခဲ့လေ၏။

အထက်တွင် ရေးသားဖော်ပြခဲ့သော အကြောင်းအရာများ
သည်ကား ကပ္ပါလင်္ကာရကျမ်းအရ ကောက်ယူနည်းအမျိုးမျိုး ဖြစ်

www.burmeseclassic.com



သော၏။



ယခုကာလ အများသိကြသည် စ၊ ဓ၊ ဗ၊ ဝ ဟူသော စမလေးလုံးသည်ကား ပုစွန်၏ ကိုယ်၊ ဝံ၏ ရင်ဘတ်၊ ငါးရံ့ဒိုင်း၏ အမြီး၊ ဒေါင်း၏အမြီးဖျားရှိ စာလေးလုံးဖြစ်သည်ဟု နားလည်ထား ရှိကြလေ၏။

အချို့က ကမ္ဘာဦးတည်စက သတ္တဝါများ၏ ကိုယ်တွင် ရှိ၍ မည်သည့်အခါမှ မပျောက်နိုင်သည့် စာကြီးများဖြစ်သည်ဟု ဆိုကြသည်။

ဦးပုည၏ ဝိဇယပြဇာတ် "ပုဇွန်၊ ဝံ၊ ငါး၊ ဒေါင်းမြီးဖျားမှာ စာလေးပါးကျေကာမှ သွေပ့ါမယ် လှယဉ်ကြူးငဲ့" ဟု စပ်ဆိုထားသော၏။

ပုဇွန်၏ကိုယ်တွင် "ဗ"အက္ခရာ၊ ဝံ၏ရင်ဘတ်တွင် "ဝ" အက္ခရာ၊ ငါးရံ့ဒိုင်း၏အမြီးတွင် "စ"အက္ခရာ၊ ဒေါင်းမြီးဖျားတွင် "ဓ"အက္ခရာဟူ၍ စမအက္ခရာလေးလုံးကို ဖွဲ့ဆိုထားသည်ဟု ယူဆကြလေ၏ ။

မင်းသက်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အဖြူနှင့်အမည်း တိုက်ပွဲ

ဂမ္ဘီရဆရာ လှမျိုး (B.Sc)

www.burmeseclassic.com

www.burmeseclassic.com





၂။

**အမြွှာနှင့်အမည်း အပြန်အလှန်**
**တိုက်ခိုက်နေကြတာ**
**ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်**
**လောက်ကြာတော့**
**အမည်းတွေ အရှုံးပေးသွားကြတယ်။**
**ကျုပ်လည်း လန့်နိုးသွားတယ်။**
**သေချာပြန်စဉ်းစားကြည့်တော့..**

ရန်ကုန်မြို့၏ ရွှေးဟောင်းသမိုင်းဝင် ထင်ရှားသော စေတီတော်ကြီးတစ်ဆူအနီးတွင် ဘုရားဂေါပကမှ တည်ဆောက် ငှားရမ်းထားသော ဆိုင်ခန်းများရှိ၏ ။ ထိုဆိုင်ခန်းများတွင် နိဗ္ဗာန်ကုန်ဆိုင်၊ စာအုပ်ဆိုင်၊ အုန်းငှက်ပျောသီးဆိုင်၊ ပန်းဆိုင်၊ ဆေးပစ္စည်းဆိုင်နှင့် ဗေဒင်ဟောခန်းများ တွေ့မြင်ရပါသည်။

ဗေဒင်ဟောခန်းမှာ သုံးလေးခန်း တွေ့ရသည်။ တစ်ခန်းမှာ ဂမ္ဘီရဆရာကြီးတစ်ဦး၏ တပည့်၊ တစ်ခန်းမှာ နက္ခတ်ဗေဒင်ဟောခန်း၊ အစွန်ဆုံးအခန်းမှာ နဝင်းပညာရှင် ဆရာဦးလှအောင်အခန်းဖြစ်သည်။

ဗေဒင်ဟောခန်းသုံးခန်း၏ဆိုင်းဘုတ်မှာ (၁)ပေခွဲ၊ (၂)ပေသာရှိသော သွပ်ပြားကို ဘောင်ကွတ်ထားသော ဆိုင်းဘုတ်ကလေးဖြစ်ပါသည်။ ဆရာဦးလှအောင်မှာ ဗေဒင်လည်းဟော နဝင်းယတြာလည်း ချေပေးပါသည်။ သူဟောသော နည်းပညာမှာ မဟာဘုတ်ပါရဂူ (ဆရာကြီးဦးကြာမြင့်)၏ ဂြိုဟ်ရှစ်ခွင်နှင့်လောကခံရှစ်ပါး သက္ခတ်အဟော၊ အင်္ဂဝိဇ္ဇာအဟောများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးလှအောင်မှာ ဗေဒင်အဟောအပြော ကောင်းသလို၊ ဆေးဖက်ဝင်၊ ဂျာနယ်များတွင် ဆောင်းပါးရေးသားလေ့ ရှိပါသည်။ ကျွန်ုပ်နှင့် မိတ်ဆွေ ကိုတင်ဦးတို့သည် အလုပ်အားသည့်အချိန်တွင် ဆရာဦးလှအောင်ထံ သွားရောက်ကြသည်။

ဆရာဦးလှအောင်ဟောခန်းတွင် လူငယ်နှစ်ဦး၊ သုံးဦး တွေ့ပါသည်။ သူတို့သည် အရွက်အခက်များကို ညီညာစွာ စီ၍ အပ်ချည်ကြိုးဖြင့် ချည်နေကြသည်။ တစ်ယောက်မှာ အပ်ချည်ကြိုးကို ချည်မန်းကွင်းပြုလုပ်နေတာ တွေ့မြင်ရသည်။

ကျွန်ုပ်တို့သည် နေ့လယ်ပိုင်း ဆရာလှအောင် နားချိန်အမီ ရောက်သွားကြသည်။ ပြီးတော့ သိချင်တာကို မေးမြန်းကြ၊ အနီး ကပ် ချဉ်းကပ် ပညာယူကြသည်။ ကျွန်ုပ်မှာ "ဆရာ ဂြိုဟ်ရှစ်ခွင်နဲ့ ကာကစံရှစ်ပါး ဘယ်လိုဆက်စပ်ပြီး ပေါင်းထားတာလဲ"ဟု မေး သောအခါ-

"မြန်မာရိုးရာဗေဒင်ပညာမှာ အစကတည်းက ရှိပြီးသားပါ။ ဆရာဟောတရားတော့ မဟုတ်ပါဘူး။ ရှေးဆရာကြီးတွေ စီရင် ဆောင်ရွက်ထားတဲ့ ပညာပါ"

"ဘုရားစေတီတွေမှာတွေ့ရတဲ့ ဂြိုဟ်ရှစ်ခွင်အတိုင်း လက်ယာရစ်လှည့်ထားတာလား"

"ဟုတ်တယ်လေဗျာ . . တနင်္ဂနွေမှစပြီး သောကြာဂြိုဟ် အထိ ရှစ်ခုရှိတယ်။ ရှေးကျမ်းတွေမှာတော့ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုကို (ပါပ)အပူဂြိုဟ်အဆိုး၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသာပတေး၊ သောကြာဂြိုဟ်လေးခုကိုတော့ (သောမ)အအေးဂြိုဟ် အကောင်း လို့သတ်မှတ်ထားတယ်"

၁ ၃ ၇ ၈ (ပါပ) အပူ - ဆိုး (နေ)
၂ ၄ ၅ ၆ (သောမ) အအေး ကောင်း (လ)။

အပူဂြိုဟ်သက်ရောက်ရင် အဆိုးဟောတယ်။ သူ့ကို နေ ဂြိုဟ်လို့သတ်မှတ်ပြီး သောမဂြိုဟ်သက်ရောက်ရင် အကောင်း



www.burmeseclassic.com

www.burmeseclassic.com


ဟောတယ်။ သူ့ကိုကျတော့ လဂြိုဟ်သတ်မှတ်တယ်။

"ဟုတ်ကဲ့ပါဆရာ၊ သဘောပေါက်ပါပြီ။ ဆရာတို့နည်း ပညာကျတော့ ဘယ်လိုပြောင်းလိုက်တာလဲ"

"ဆရာတို့ကတော့ ဗုဒ္ဓရဲ့ဓမ္မတရား လောကဓံရှစ်ပါးနဲ့ ပေါင်းပြီး အကောင်းအဆိုး ခွဲလိုက်တာ"

"ရာဟုဂြိုဟ်မှ တနင်္လာဂြိုဟ်ကို အကောင်းအုပ်စု၊ အင် ဂြိုဟ်မှ ကြာသပတေးဂြိုဟ်ကို အဆိုးအုပ်စု"

ဆရာလူအောင်မှ နံရံတွင်ရေးဆွဲထားသောပုံကို လှမ်း သည်။ သူရေးထားပုံမှာ-

| အကောင်း | အဆိုး |
|---|---|
| ၁။ ပသံသာ | နိန္ဒာ |
| ၂။ လာဘော | အလဘော |
| ၃။ သုခံ | ဒုက္ခံ |
| ၄။ ယသော | အယသော |

၁နွေဂြိုဟ်သက်ရောက်ပါက ပသံသာ- ချီးမွမ်းခံရခြင်း သက်ရောက်ကောင်း။

တနင်္လာ လာဘော- လာဘ်ရခြင်း။

ရာဟု- ယသော- အခြွေအရံများခြင်း၊ သုခံ- ချမ်းသာ ခြင်း စသည်ဖြင့် သတ်မှတ်ထားပါသည်။

အယသော- အင်္ဂါ- အခြွေအရံမဲ့ခြင်း၊

၄ဟူးဂြိုဟ် - ဒုက္ခံ- ဆင်းရဲခြင်း၊

စနေဂြိုဟ် - နိန္ဒာ -ကဲ့ရဲ့ခံရခြင်း၊

၅တေးဂြိုဟ် - အလာဘော- လာဘ်မရခြင်းလို့ သတ်မှတ် ဆက်စပ်ဟောပြောပါသည်။


ကျွန်ုပ်တို့လည်း သိချင်တာမေးပြီးသောအခါ ဆရာလူ အောင်လည်း ဆိုင်ပိတ်ချိန်နီးလာ၍ အခန်းတံခါးပိုင်းပိတ် ပစ္စည်း တွေကူသိမ်းပြီး ပြန်လာကြပါသည်။

နောက်တစ်ပတ်ရောက်သောအခါ ဆရာလူအောင်မှာ


www.burmeseclassic.com

www.burmeseclassic.com





လူတစ်ယောက်အား နဝင်း ထိုင်ခေးနေပါသည်။ ထိုလူမှာ ဘယ်ညာ နှစ်ကြိုးစီစွပ်ထားပြီး အလယ်(ရှေ့မှာ)တစ်ကြိုးစွပ်ထားပါသည်။

ငါးမိနစ်ခန့်ကြာသောအခါ ထိုင်နေသူကို ခြေထောက်ဆင်းခိုင်းပြီး အရွက်များနှင့် ရိုက်ချပေးပါတော့သည်။ ထို့နောက် ထိုသူကို အပြင်ထွက်ခိုင်းပြီး ဆရာလှအောင်တပည့်များမှ အရွက်အညွန့်များကို ပြန်ကောက်၊ ပြန်စုပြီး ချည်မန်းကွင်းများဖြင့် ချည်နေပါသည်။ ကြိုးငါးကြိုးမှ လေးကြိုး၊ လေးကွင်း ချည်ပြီးသွားသောအခါ တစ်ကြိုးကိုချန်ထားပါသည်။

ချန်ထားသောကြိုးမှာ ဆီမီးထွန်းရန်ဟု သိရပါသည်။ နဝင်းချေခြင်းကိစ္စ ပြီးသွားသောအခါ နဝင်းထိုင်သူ ပြန်လာပြီး နဝင်းပွဲထွန်းပေးပါသည်။

နဝင်းပွဲဆိုသည့်အတိုင်း လှူသောပစ္စည်းများမှာ ဆန်(၉)လုံး၊ ဆီ(၉၀)သား (ယခု ၄၅ကျပ်သား)၊ ဖယောင်းတိုင် (၉)တိုင်၊ လက်ဖက် (၉)ပုံ၊ ကွမ်း (၉)ယာ စသည်တို့တွေ့မြင်ရပါသည်။

မိတ်ဆွေဖြစ်သူ ဦးတင်ဦးမှာ ဗေဒင်ဝါသနာပါပြီး ဗေဒင်စာအုပ်တွေလည်း ဖတ်မှတ်ထားပါသည်။ သူက ဆရာကြီးဦးကြာမြင့်၏ "ဗေဒင်အချုပ် မဟာဘုတ်နိဒါန်း"စာအုပ် ဖတ်ထားသည်။

ဦးတင်ဦးမှ ဆရာလှအောင်အား "ချည်မန်းကွင်းက ဘာအဓိပ္ပာယ်လဲဆရာ"ဟု မေးပါသည်။ ဆရာလှအောင် အနီးနားရှိ စီးကရက်တစ်လိပ်ကိုထုတ်ကာ ဟန်ကျပန်ကျစွာ ဖွာလိုက်ပါသည်။

"တကယ်တော့ အများခေါ်သလို ချည်မန်းကွင်း မဟုတ်ဘူး။ အပ်ချည်မန်းလို့ခေါ်တယ်။ လူဆိုတဲ့ ဗုဒ္ဓဟူးနံ (ဗုဒ္ဓတိုင်)



www.burmeseclassic.com

www.burmeseclassic.com


အထက်သုံးလုံးကိုယူပြီး ပြုလုပ်ထားတာ"

"ဗုဒ္ဓဟူးတိုင် အထက်သုံးလုံးမှာ (၁၅၂)ဖြစ်ပါသည်။ အင်္ဂဝိဇ္ဇာပညာအရ အထက်သုံးလုံးကို အမည်ပေးရာတွင် ပဌပွတ် ဆပွတ်၊ အညွန့် သုံးခုတွဲပေးလေ့ရှိသည်။ ထို့ကြောင့် (၁၅၂)ဆေး ကြသည်။

ဆရာကြီးမင်းသိခ် ဤနည်းဖြင့်အမည်ပေးပါသည်။ ငှက သားဆိုပါက (အောင်ကောင်းမြတ်၊ အေးချမ်းမေ၊ အောင်ကောင်းမြ အေးကျော်မောင်၊ ဥက္ကာမင်း)စသည်ဖြင့် ပေးပါသည်။

စာရေးသူအား ဆရာကြီးမှ "အောင်ကောင်းမြ"ဟု ပေး လိုက်ပါသည်။ ထို့ကြောင့် လူတိုင်းအတွက် (၁၂၅)အပ်ချည်မန်း ဟုခေါ်သည်။ အပ်ချည်မန်း(ချည်မန်းကွင်း)သည်ပင် အထ အလျောက် အစွမ်းရှိပြီးသားဖြစ်သည်။

အုန်း+ငှက်ပျော (၁၂၅)သည်လည်း ဗုဒ္ဓဟူး (လူတိုင်) အထက်သုံးလုံးနှင့် တိုက်ဆိုင်နေပါသည်။

"အပ်ချည်မန်း ဘယ်လိုပြုလုပ်တာလဲ ဆရာ"

"လူတစ်ယောက်ရဲ့အရပ်နဲ့ အပ်ချည်ကိုတိုင်းပြီး ၉ပတ် ၉ထုံး ပြုလုပ်တာပါ"

"အခုလုပ်နေတာကျတော့ လူနဲ့မတိုင်းဘဲ မှန်းလုပ်နေတာ လားဆရာ"

"လူတစ်ယောက်ရဲ့ ဘယ်ညာ လက်နှစ်ဖက်ဆန့်တန်းရင် အဲဒီလူရဲ့ အရပ်နဲ့ညီပါတယ်။ အခုလုပ်နေတာ အပ်ချည်ကြိုးကို ဘယ်ညာ လက်နှစ်ဖက်ဆန့်တန်းပြီး လက်ကွေးတာပါလို့ တစ်ထွာ လောက်ပိုယူပြီး ၉ပင်ခေါက်ယူပြီးမှ ဖြတ်လိုက်ပါ။

အချိန်မကြာအောင် ကြိုလုပ်ထားတဲ့ သဘောလည်းပါ တယ်။ ပြီးတော့ အရမ်းကွာခြားမှုလည်း မရှိဘူး။ လက်တွေ့လည်း အကျိုးရှိတယ်"

"အပ်ချည်က အနီရောင်သုံးတာလား"

"အနီရောင်က တရုတ်ကလာတဲ့ ရွက်လေ့တဆိပ်၊ ကာ


www.burmeseclassic.com

www.burmeseclassic.com





ထိုက်ဝယ်ရတယ်။ ချည်အစစ်ဖြစ်တယ်၊ ချည်ကောင်းတယ်။ မီးခွန်းလို့အဆင်ပြေတယ်။ ဒါကြောင့်သုံးတာပါ။ အဖြူရောင်လည်း သုံးလို့ရပါတယ်"

(ယခုနောက်ပိုင်းတွင် အဖြူရောင်များ အသုံးပြုလာကြသည်။)

"၉ပင်၊ ၉ထုံး ထုံးပြီးမှ ထိပ်မှာပြန်ချည်တာလား"

"မဟုတ်ပါဘူး။ အစနစ်ခု ပေါင်းမှ ၉ထုံး၊ အတွင်းမှာ ၈ထုံးပါတယ်။ တစ်ထုံးနဲ့တစ်ထုံး တစ်မိုက်လောက် အထုံးပါတယ်"

အပ်ချည်မန်းကို ထုံးပြီးကွင်းလုပ်လိုက်တော့ ချည်မန်းကွင်းဖြစ်သွားပါတော့သည်။ စာရေးသူမှ ဆရာလှအောင်အား-

"ဆရာ အထုံးမပါဘဲလုပ်လို့ရလား"

ဟုမေးသောအခါ-

"အထုံးမပါရင် အစွမ်းမထက်ဘူး။ အထုံး,ထုံးတဲ့အခါ ဂါထာမန္တန်မရွတ်ပါဘူး။ အထုံးကိုက အစွမ်းရှိနေတာပါ"

ချည်မန်းကွင်းအထုံးက ဘာဂါထာမန္တန်မှ မမန်းဘဲ အစွမ်းရှိနေကြောင်း၊ အထုံးမပါရင် ဘာမှအစွမ်းမရှိကြောင်း ပြောသောအခါ ကျွန်ုပ်တို့မှ ဇဝေဇဝါသံသယဖြစ်သွားကြသည်။

ဤသည်ကို ဆရာဦးလှအောင် ရိပ်မိပုံရသည်။

"မောင်ရင်တို့က အထုံးအစွမ်းရှိတာမယုံရင် ဖြစ်ရပ်မှန်တစ်ခုပြောပြမယ်။ နားထောင်ကြည့်ပေါ့"

တစ်နေ့တွင် လူမမာတစ်ဦးအတွက် အမျိုးသမီးတစ်ဦး ဗေဒင်လာမေးသည်။ သူ၏အမျိုးသားမှာ ကျန်းမာရေးအခြေအနေမကောင်း၍ ဆေးရုံတင်ထားရကြောင်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com





ဆရာလူအောင်မှာ အမျိုးသမီး
လာရောက်ချိန် လူနာ၏ သက်ရောက်ကို တွေ့
ကြည့်ပြီး အခြေအနေမဟန်ဟု သိလိုက်သည်။
ထို့ကြောင့် အိတ်ထဲတွင် ချည်မန်းကွင်းတ
ထည့်ပြီး ကာယကံရှင်အမျိုးသမီးကို ခေ
စောင့်နိုင်းကာ ဆေးရုံကြီးသို့ ကားနှင့် လိုက်
သွားသည်။

“ဆေးရုံကြီးဆိုတာ ရောဂါစုံ
လူမျိုးစုံ၊ မကောင်းတဲ့ နာနာဘာဝစုံ
တယ်။ ရန်ကုန်မြို့ရဲ့ အကြီးဆုံးဂိုဏ်းချုပ်
သရဲကြီးတောင် ဆေးရုံကြီးက ဩောင်ဝင်
အကြီးဆုံးမှာ ရှိတယ်လို့ ဆိုတယ်”

“လူနာကို နဝင်းချေကြည့်ဖို့ လိုက်သွားတာလား”

“ချက်ချင်း ချေလို့မရသေးဘူး။ လူနာအခြေအနေပေါ် ကြည့်ပြီး လုပ်ပေးရတယ်။ ရောဂါဆိုးနေသူကို ဆေးအပြင်းစား ချက်ချင်းထိုးပေးလို့မရဘူး။ လူနာ ခံနိုင်ရည်ရှိ မရှိ စမ်းသပ်ကြည့် ရမယ်။

အချို့ဆရာဝန်တွေ အားဆေးပုလင်းတွေ ချက်ချင်းချိတ် အကောင်းဆုံးအားဆေးတွေ ထိုးလိုက်လို့ လူနာကြွသွားတာတွေ ရှိတယ်”

“ဒါနဲ့ ဆေးရုံရောက်တော့ လူနာက ထမထိုင်နိုင်ဘူး။ ဒါ့ကြောင့် လူနာရှင်အကူအညီတောင်းပြီး ချည်မန်းကွင်း တစ်ကွင်း ပဲ စွပ်ပေးခဲ့ရတယ်။

ချည်မန်းကွင်းစွပ်ပြီး သူ့ခေါင်းရင်းမှာ အညွန့်၊ အရွက် တင်ဖို့လည်း မှာထားခဲ့တယ်။ ဦးစွာမထမ အထက်ဆောင်ပ အောက်နင်းကြမ်းနဲ့ နောက်တစ်နေ့မှာ လာလုပ်ပေးတယ်။

ဘာမှ မပူနဲ့ . . မကြာခင်ကောင်းသွားမှာပါ စသည်ဖြင့် အားပေးစကားပြောပြီး ပြန်လာတယ်”



www.burmeseclassic.com

www.burmeseclassic.com





ဆရာဦးလူအောင် ပြောလက်စ စကားကို ခေတ္တနားပြီး အနီးရှိ ဓာတ်ဘူးမှ ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်သည်။ ကျွန်ုပ်တို့လည်း ထိုလူနာအခြေအနေ ဘာထူးမလဲဆိုတာ သိချင်နေကြသည်။

"နောက်တစ်နေ့ အရွက်၊ အညွှန့်ယူပြီး ဆေးရုံတစ်ခေါက် ဆပ်သွားတော့ လူနာက သူ ညက အတွေ့အကြုံကို တအံ့တသြ ပြောပြပါတယ်"

"ဘာတွေပြောတာလဲ ဆရာ"

"ညသန်းခေါင်လောက်မှာ သူ့ခုတင်နားကို လူမဲကြီး တစ်ကောင် ရောက်လာတယ်။ အဲဒီလို ရောက်လာတဲ့အချိန်မှာ သူ့ကိုယ်ပေါ်က အဖြူရောင်လူနှစ်ယောက် ထွက်လာပြီး လူမည်းကြီးကို တိုက်ထုတ်လိုက်တယ်။

ခဏနေတော့ လူမည်းကြီးနှစ်ကောင် ရောက်လာတယ်။ သူ့ကိုယ်ပေါ်က လူဖြူ တစ်ကိုယ်လုံးဖြူဖွေးနေပြီး အပေါ်ဖြူ၊ အောက်ဖြူ ဝတ်ထားသောပုံစံကြီးပါ။

ရုပ်ကိုတော့ သဲသဲကွဲကွဲ မမြင်ရဘူး။ အရိပ်လိုလို ပုံစံမျိုး ဖြစ်နေတယ်။ အဲဒီအဖြူရောင်ကြီး သုံးယောက်ပေါ်လာပြီး အမည်းနှစ်ကောင်ကို တိုက်ခိုက်လိုက်ပြန်တယ်။ အမည်းကောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း နောက်ပြန်ဆုတ်သွားတယ်။

အဲဒီလိုနဲ့ အမည်းကောင်တွေ ရောက်လာလိုက်၊ အဖြူကောင်တွေက တိုက်ထုတ်လိုက်။ အမည်းကောင်တွေ ရှေ့တိုးပြီး ကျုပ်အနားကပ်လာလိုက်၊ ကျုပ်ကိုယ်ပေါ်က အဖြူရောင်ကြီးထွေထွက်ပြီး တိုက်ထုတ်လိုက်နဲ့ . .

အဖြူနဲ့အမည်း အပြန်အလှန် တိုက်ခိုက်နေကြတာ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်ကြာတော့ အမည်းတွေ အရှုံးပေးသွားကြတယ်။ ကျုပ်လည်း လန့်နိုးသွားတယ်။ သေချာပြန်စဉ်းစားကြည့်တော့ -

ဆရာစွပ်ပေးခဲ့တဲ့ ချည်မန်းကွင်း အထုံးနေရာတွေကနေ အဖြူရောင်ပုဂ္ဂိုလ်တွေ ထွက်ထွက်လာတာ ပြန်မြင်ယောင်နေမိတယ်"

အဲဒီလို လူနာက တအံ့တဩ ပြန်ပြောလိုက်တော့ ဆရာလည်း ချည်မန်းကွင်းအထုံးထဲက အဖြူရောင်တွေက လူနာကိုလာခေါ်တဲ့မိစ္ဆာတွေ မကောင်းဆိုးဝါးကောင်တွေကို အနိုင်ယူလိုက်တာလို့ မှတ်ချက်ချလိုက်ပါတယ်။

"ဆရာ ချည်မန်းကွင်းသာ စွပ်မပေးခဲ့ရင် အဲဒီညက အဲဒီလူနာ သေရှာပါသွားနိုင်တယ်နော် ဆရာ"

"ဖြစ်နိုင်ပါတယ်။ ဆရာလည်း လူနာကိုယ်တိုင် ပြောပြလို့ သိရတာ၊ ပထမဆုံး အတွေ့အကြုံတစ်ခုပါပဲ"

"နောက်ဘာတွေ ဆက်လုပ်ပေးခဲ့လဲဆရာ"

"အထက်ဆောင်ပန်း၊ အောက်နင်းကြမ်းနဲ့ ဓာတ်ရိုက်ဓာတ်ဆင် ပြုလုပ်ပေးခဲ့တယ်"

"လူနာရောဂါ သက်သာသွားလားဆရာ"

"တစ်ပတ်လောက်ကြာတဲ့အခါ နာလန်ထူလာပြီး ရောဂါဆေး တွေ့သွားပါတယ်။ ဆရာလည်း သူ့အကျီနဲ့ ဓာတ်ပုံတောင်းပြီး နဝင်းပွဲထွန်း၊ နဝင်းယတြာ သုံးခါချေပေးလိုက်တယ်"

ကျွန်ုပ်စာရေးသူကိုယ်တိုင် နဝင်းပညာသင်ယူပြီးသော



www.burmeseclassic.com

www.burmeseclassic.com



...ခါ ကြာသာပတေးသား ဦးဘဆန်းဆိုသူ အစာအိမ်သွေးကြော ...ပါက်၍ ဆေးရုံကြီးတွင်တင်ထားချိန် ယတြာသွားချေခဲ့ဖူးပါ ...သည်။

ထိုသူကို သူ၏အကျီနှင့် ခတ်ပုံတောင်းပြီး ဦးစွာပထမ ...မ်မှာ နဝင်းချေပေးလိုက်သည်။ ဆေးရုံမှာ တစ်ကြိမ်ပြုလုပ်ပေး ...သည်။ ထိုသူဆေးရုံမှ ပြန်ဆင်းလာသောအခါ-

"ကျွန်တော့ အတွေ့အကြုံပြောရဦးမယ်။ ဆေးရုံတက်ပြီး ...နောက်တစ်နေ့ မိုးလင်းခါနီးမှာ မနက် (၃)နာရီကျော်လောက်ရှိ ...ယ်။ ဆေးရုံကို ရှပ်ဆိုးဆိုးနဲ့ လူသုံး,လေးယောက် ရောက်လာတယ်။ ...တို့လက်ထဲမှာ ပေါက်တူး၊ ဂေါ်ပြားလိုပစ္စည်းတွေ ကိုင်ထားတယ်။ ...ျွန်တော့ ခုတင်နားရောက်လာတော့ ခေါင်းဆောင်လို တစ်ယောက် ...-

"ဒီလူကို ခေါ်လို့မရသေးဘူး။ သူ့ကို ဆရာတစ်ယောက် ...ယ်ထားတယ်။ မခေါ်သွားနဲ့ဦး . . ထားခဲ့လိုက်၊ သူ့လိပ်စာသိ ...ယ်။ အချိန်မရွေးခေါ်လို့ရတယ်။

အဲဒီလိုတွေပြောပြီး ခုတင်နားကနေ ဟိုဘက် ဆက်လျှောက် ...သွားတယ်။ ဆရာ နဝင်းချေပေးထားလို့ မသေတာ၊ ကျွန်တော်လည်း ...ခန့်နိုးသွားပြီး နောက်နေ့ သက်သာတာနဲ့ ဆရာဝန်ကို ဆင်းခွင့် ...တောင်း ဆင်းလာခဲ့တာ"ဟု ပြောဆိုပါသည်။

"နဝင်းပညာနှင့် ချည်မန်းကွင်း"မှာ ထူးခြားအံ့ဩဖွယ် ...ကောင်းလှပါတော့သည်။

ဂမ္ဘီရဆရာလှမျိုး (B. Sc)

www.burmeseclassic.com

www.burmeseclassic.com



# အိမ်ဝင်ပေါက်တံခါးနှင့် အကျိုးအပြစ်များ



မြန်မာ့ရိုးရာ အိမ်မြေနေရာချထားခြင်းပညာတွင် အိမ်၏ အဓိက ဝင်ပေါက်တံခါးထားရှိရာ အရပ်မျက်နှာသည် ထိုအိမ်တွင် နေသူများအတွက် ကောင်းကျိုးဆိုးပြစ်ကို ထင်ရှားစွာ ဖြစ်စေတတ် ကြောင်း ဖော်ညွှန်းပြချက်များ ရှိပါသည်။

အိမ်တွင်နေထိုင်သူများ မကြာခဏ သေဆုံးတတ်ခြင်း မကြာခဏ မီးလန့်တတ်ခြင်း စသည့် အိမ်များအတွက် ၎င်းတို့အိမ် ၏ အဓိကဝင်ပေါက်တံခါးထားရှိရာအရပ်နှင့် ကိုက်ညီနေကြောင်း မကြာခဏပင် တွေ့ရှိရသည်။

ထို့ကြောင့် နေအိမ်နှင့် အမြဲထာဝရ မကင်းကွာဘဲ နေထိုင် ကြရသည့် လူသားများအတွက် အကျိုးများစေရန် ဖော်ပြပေးအပ် ပါသည်။

၁) အိမ်၏ အဓိကဝင်ပေါက်တံခါးကို အရှေ့ဘက်တွင် ထားရှိပါက အိမ်တွင်နေထိုင်သူအား စီးပွားတက်စေပါသည်။

၂) အိမ်၏ အဓိကဝင်ပေါက်တံခါးကို အရှေ့တောင်ဘက် တွင် ထားပါက ထိုအိမ်သည် မကြာခဏ မီးဘေးသင့်စေတတ်၏ ။

www.burmeseclassic.com

www.burmeseclassic.com



လန့်တတ်၏ ။

၃) အိမ်၏ အဓိကဝင်ပေါက်တံခါးကို တောင်ဘက်တွင်ထားပါက အိမ်တွင်နေထိုင်သူများအား သေပျောက်ပျက်စီးလွယ်စေတတ်ပါသည်။

၄) အိမ်၏ အဓိကဝင်ပေါက်တံခါးကို အနောက်တောင်ဘက်တွင် ထားရှိပါက စီးပွားလာဘ်လာဘများ ပေါများစေတတ်ပါသည်။

၅) အိမ်၏အဓိကဝင်ပေါက်တံခါးကို အနောက်ဘက်၌ထားရှိပါက အများ၏လေးစားခြင်း၊ ပူဇော်ခြင်းကို ခံယူရတတ်ပါသည်။

၆) အိမ်၏အဓိကဝင်ပေါက်တံခါးကို အနောက်မြောက်ဘက်တွင် ထားရှိပါက စီးပွားတိုးတက်စေခြင်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာစေခြင်းကို ဖြစ်စေတတ်ပါသည်။

၇) အိမ်၏အဓိကဝင်ပေါက်တံခါးကို မြောက်ဘက်တွင်ထားပါက လူအများ၏ လေးစားကြည်ညိုခြင်းကို ခံယူရတတ်ပါသည်။

၈) အိမ်၏အဓိကဝင်ပေါက်တံခါးကို အရှေ့မြောက်ဘက်တွင်ထားပါက ထင်ရှားသော အကျိုးအပြစ် မရှိတတ်ပါချေ။


အထူးသတိထားရမည်မှာ အရှေ့တောင်ဘက်၌ အိမ်၏ဝင်မဝင်ပေါက်တံခါးထားရှိခြင်းဖြင့် မီးမကြာခဏ လန့်တတ်ခြင်းနှင့် အနောက်တောင်ဘက်တွင် ပင်မအိမ်ဝင်ပေါက်တံခါးထားရှိခြင်းဖြင့် ကျန်းမာရေးညံ့လွန်းတတ်ကာ လူသေပျောက်မှု မကြာခဏ ဖြစ်တတ်ခြင်းတို့ကို တိုက်ဆိုင်စွာ ကြုံတွေ့ရတတ်ပါသည်။

ယခုနည်းမှာ ရှေးမြန်မာ့ပညာရပ်နှင့်လည်း ကိုက်ညီနေသောကြောင့် အများသူငါ အကျိုးရှိစေရန် အလို့ငှာ ဖော်ပြအပ်ပါသည်။

နှင်းမိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မရဏတောင်ချောက်

တင့်ထူး (ဇေယျဝတီ)



www.burmeseclassic.com

www.burmeseclassic.com





"ကျုပ်မိတ်ဆွေက
အထူးအဆန်း၊ အံ့ဩစရာ
ကောင်းတဲ့ အဖြစ်အပျက်၊
ဇာတ်လမ်းတွေရေးပြီး
နာမည်ကြီးနေတဲ့
စာရေးဆရာတစ်ယောက်ဗျ"

ထွန်းအောင်ကျော်မှာ စာရေးဆရာတစ်ယောက်ဖြစ်၏။ သူ၏ စိတ်ဝင်စားဖွယ်၊ ဆန်းကြယ်သောဝတ္ထုဇာတ်လမ်းများဖြင့် နာမည်ရနေလေသည်။

ထူးဆန်းပြီး ဆန်းကြယ်လှသော ဇာတ်လမ်းများရရှိနိုင်ရေး အတွက် မကြာခဏဆိုသလို နယ်ဘက်သို့ ခရီးထွက်လေ့ရှိလေ သည်။

သူ့အနေနှင့် စိတ်ကူးစိတ်သန်းနှင့် ဇာတ်လမ်းရေးဖွဲ့သည် ထက် တကယ့်အဖြစ်အပျက်များကို ရေးသားတင်ပြရသည်ကို ပို၍ နှစ်သက်သဘောကျမိ၏။

တကယ်တော့ စာဖတ်ပရိတ်သတ်မှာ အမှန်တကယ်ဖြစ် ပျက်ခဲ့သည့် အကြောင်းအရာများကို ဖတ်ရှုကြရသည်ကို ပို၍ စိတ်ဝင်စားတတ်ကြသည်။

ထိုအချက်ကိုသိထားသော ထွန်းအောင်ကျော်မှာ ထူးဆန်း ပြီး စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာ၊ အဖြစ်အပျက်များကို တကူးတက သွားလာရှာဖွေကာ ဇာတ်လမ်းများ ရေးသားတင်ပြ

www.burmeseclassic.com

www.burmeseclassic.com


မြင်းဖြင့် နာမည်ရစာရေးဆရာတစ်ယောက် ဖြစ်လာခဲ့ရလေသည်။

"ဪ . . ငါ၀တ္ထုဇာတ်လမ်းတွေရေးလာခဲ့တာ နှစ်တွေကြာလာခဲ့တော့ ရေးကွက်က ရှားပါးလာခဲ့ရပါလား။ ဒီတစ်ခါတော့ မိတ်ဆွေတစ်ယောက်ရှိတဲ့ ချင်းပြည်နယ်ဘက်ကို လေ့လာရေးခရီးထွက်မှပဲ၊

ဟိုရောက်ခဲ့ရင်တော့ ထူးခြားဆန်းသစ်တဲ့ဇာတ်လမ်းတစ်ခုခုတော့ ရနိုင်ကောင်းပါရဲ့"

ထိုရည်ရွယ်ချက်ဖြင့် တစ်နေ့တွင် ချင်းပြည်နယ် ဟားခါးမြို့ကလေးသို့ ကားဖြင့် ထွက်ခွာလာခဲ့လေသည်။

ဟားခါးမြို့ကလေးက ချင်းပြည်နယ် တောင်ပေါ်မြို့ကလေးဖြစ်သည်။ လမ်းတစ်လျှောက် တောင်ကုန်း၊ အနိမ့်အမြင့်များအတိုင်း တက်ချည်၊ ဆင်းချည် မောင်းနှင်လာခဲ့သော အဝေးပြေးဟီးနိုးဘတ်စ်ကား၏ မှန်ပြူတင်းမှမြင်တွေ့နေရသည်။

တချို့နေရာများတွင် ကားလမ်းမှာ တောင်ကုန်း၊ တောင်စောင်းနံဘေးအတိုင်း ကပ်၍ဖောက်ထားသဖြင့် ထိုလမ်းမှဖြတ်မောင်းနေစဉ်တွင် လမ်းဘေးသို့ လှမ်းမျှော်ကြည့်မိလေရာ အသူရာ နက်ရှိုင်းလှသော ချောက်ကြီးကိုတွေ့မြင်ရ၏။

ထိုတောင်စောင်းဘေး နှုတ်ခမ်းကွေ့ကွေ့ ကောက်ကောက် ဖောက်လုပ်ထားသောလမ်းပေါ်တွင် ဘတ်စ်ကားသမားက သတိကြီးစွာထား၍ မောင်းနှင်နေ၏။

ကားပေါ်ပါခရီးသည်တို့မှာလည်း တောင်စောင်းဘေးလမ်းအတိုင်း မောင်းနှင်နေသော ကားပေါ်တွင် ငြိမ်သက်စွာပင်လိုက်ပါလာခဲ့ကြ၏။

"ဘုရား . . ဘုရား ကားသာတစ်ခုခုဖြစ်ပြီး ချောက်ထဲသာထိုးကျသွားမယ်ဆိုရင် ကားလည်း တစ်ခု၊ တခြားစီဖြစ်ပြီး ကားပေါ်စီးလိုက်လာတဲ့ ခရီးသည်တွေလည်း တစ်ယောက်မှအသက်ရှင်နိုင်ဖွယ် မရှိပါလား"

ထွန်းအောင်ကျော်မှာ ထိုလမ်းခရီးတွင် ထိုဘတ်စ်ကား


www.burmeseclassic.com

www.burmeseclassic.com



ကြီးကို စီးလိုက်လာမိပြီဖြစ်၍ အန္တရာယ်ကင်းနိုင်စေရန် ကားစီးရင်း သံဗုဒ္ဓေဂါထာကို အကြိမ်ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်လာခဲ့မိ၏။

"အင်း . . တော်ပါသေးရဲ့ . . ကားက တောင်စောင်း ချောက်ကမ်းပါးဘေးက လွန်လာခဲ့လို့၊ တောင်ကုန်းပေါ်လမ်း အတိုင်း မောင်းလာနေပြီပဲ"

ကား၏နံဘေးဝဲယာတွင် တောင်ကမ်းပါးယံများကို တွေ့ မြင်မိမှ ထွန်းအောင်ကျော်ပင့်သက်ချကာ စိတ်အေးသွားခဲ့သည်။

"နောင်ကြီး . . ဒီလမ်းခရီးမှာ မိုးတွင်းဘက်မှာ တောင်ပြို ပြီး လမ်းပိတ်တာတွေရှိခဲ့ဖူးသလားဗျ"

"အို . . ရှိပြီလား မောင်ရင်ရယ် မိုးသည်းကြီးမည်းကြီး ရွာ တဲ့အခါမျိုးမှာ ကားကို ဖြည်းဖြည်းပဲ မောင်းတက်၊ မောင်းဆင်း ရတာကလား။

ဒါမှ ရှေ့မှာတောင်ပြိုပြီး လမ်းပိတ်နေရင် ရုတ်တရက် ကားဘရိတ်အုပ်ပြီး ရပ်လို့ရမယ်မဟုတ်လား"

"အင်း ဦးကြီးတို့တောင်ပေါ်ဒေသမှာ နေကြတဲ့သူတွေ အဖို့တော့ တောင်ပြိုပြီး လမ်းပိတ်တဲ့အတွေ့အကြုံတွေတော့ မိုးတွင်းဘက်မှာ မကြာခဏကြုံကြရမှာပေါ့နော်"

"ဒီလိုလည်း မဟုတ်ပါဘူး။ လမ်းဖြတ်ဖောက်ထားတဲ့ တောင်ကုန်း၊ တောင်စောင်းတွေက သက်ရင့်မြေမာမျိုးတွေဖြစ် လေတော့ ပြိုခဲပါတယ်လေ။

အကယ်၍ တောင်ပြိုခဲ့ရင်လည်း ပိတ်ဆို့နေတဲ့လမ်းကို သက်ဆိုင်ရာ လမ်းတံတားအဖွဲ့က ချက်ချင်းဆိုသလို ရောက်လာကြ ပြီး ရှင်းလင်းပေးကြတာပါ"

ထွန်းအောင်ကျော်ထိုင်ခုံ၏ အနီးမှဦးလေးကြီးမှာ ထို အရပ်တွင် အနေကြာပြီး ထိုလမ်းခရီးကို အကြိမ်ကြိမ်သွားခဲ့ပုံ ကြောင်း သူ၏အတွေ့အကြုံဖြင့် ရှင်းပြနိုင်သည်ကိုကြည့်၍ နဲ့မှန်း မိလေသည်။

"အင်း . . မောင်ရင်က ဒီလမ်းခရီးကို အရင်က မရောက်ဖူး

www.burmeseclassic.com






သွားထင်တယ်"

"ဟုတ်ပါတယ် နောင်ကြီး၊ ကျွန်တော်က ရန်ကုန်ကပါ။ စာရေးဆရာတစ်ယောက် ဆိုပါတော့ . . အခုဒီခရီးကိုလာခဲ့တာက လည်း ဟားခါးမြို့မှာ ဆရာဝန်တာဝန်ကျနေတဲ့ ကျွန်တော့မိတ်ဆွေ ဆီကို အလည်လာရင်း လေ့လာရေးခရီးထွက်လာခဲ့တာပဲ ဆိုပါ တော့ဗျာ"

"ဩော် . . မောင်ရင်က ဒီမြို့မှာ တာဝန်ကျနေတဲ့ဆရာဝန် မိတ်ဆွေလား။ အဲဒီဆရာဝန်က တော်တော်ပြည့်ဝတဲ့ ဆရာဝန် တစ်ယောက်ပါ။ ကျုပ်တို့တစ်မြို့လုံး သာမကပဲ ပတ်ဝန်းကျင်က တောင်ပေါ်သားတွေပါ အားထားနေကြရတာပါပဲ"

"ဟော . . ဟော စကားပြောရင်းလိုက်ပါလာကြတာ တို့ရှေ့က မြင်နေရတဲ့မြို့ဟာ ဟားခါးမြို့ကလေးပါပဲ ရောက်တော့ မယ်လေ"

ကားလမ်းထိပ်ဘက် မိုင်ဝက်ခန့်အကွာရှိ တောင်ကုန်း တလေးပေါ်တွင် မြင်နေရသော ဟားခါးမြို့ကလေးကို လှမ်းမြင် တွေ့ကြရပြီဖြစ်သည်။

"မောင်ရင် . . ဆရာဝန်အိမ်ကိုသွားမယ်ဆိုရင်တော့ တို့ရှေ့ကမြင်နေရတဲ့ တောင်ကုန်းအမြင့်ပေါ်က အဆောက်အဦ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ အဲဒီမှာ ဆရာဝန်နေတယ်လေ"

"ဪ . . ဟုတ်ကဲ့ အခုလိုကူညီပေးတာ ကျေးဇူးတင်ပါ
တယ် နောင်ကြီးရယ်"

ထို့နောက်တွင်တော့ လမ်းခွဲကြကာ ထွန်းအောင်ကျော်
လည်း ထိုတောင်ကုန်းမြင့်ကလေးဆီသို့ လျှောက်လာခဲ့တော့သည်။

"ဟေး . ."

"ဟာ ! . . ထွန်းအောင်ကျော် မင်းငါ့ဆီရောက်လာတယ်
ငါ အံ့လည်းဩပြီး တအားဝမ်းသာမိတယ်ကွာ"

"အေး . . ကားပေါ်ပါလာတဲ့ ဦးကြီးလမ်းညွှန်ပေးလိုက်လို့
မင်းနေတဲ့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်လာခဲ့နိုင်တာကွ"

"ဟုတ်ပါပြီကွာ . . မင်းတနင်္ဂနွေနေ့မှာ ရောက်လာတော့
ငါ့ကို အိမ်မှာတွေ့နိုင်တာပေါ့လေ၊ ရုံးဖွင့်ရက်မှာဆိုရင် ဒီအချိန်ဟာ
ဆေးရုံရောက်နေမှာကွ"

"ဒီနေ့ တနင်္ဂနွေနေ့မှာ အားသလား"

"အားတယ်ရယ်တော့ မဟုတ်ဘူးကွ၊ အရေးပေါ်လူနာ
ရောက်လာလို့ ဖုန်းဆက်ရင် အရောက်ပြေးရတာပဲ သူငယ်ချင်းရဲ့"

"ကဲ . . မင်းတစ်လမ်းလုံး ကားစီးလာခဲ့ရတာဆိုတော့
ရေချိုးလိုက်ပါလားကွာ . . လန်းသွားတာပေါ့"

ထို့နောက်တွင်တော့ နံနက်စာစားသောက်ကြရန် လက်
ဖက်ရည်ဆိုင်သို့ နှစ်ယောက်အတူ ထွက်လာကြလေသည်။

"ဟာ . . ဆရာတို့ရောက်လာတာပဲ၊ ဘာသုံးဆောင်ကြမလဲ
ဆရာ"

"နက်စ်ကော်ဖီနှစ်ခွက်နဲ့ မုန့်ပါချပေးဗျာ၊ ကျုပ်မိတ်ဆွေ
က အခုမှရောက်လာတာဆိုတော့ ဗိုက်ဆာနေမှာဗျ"

နှစ်ယောက်သား ချပေးလာသောမုန့်များကို စားသောက်
နေကြသည်။

"ဟာ . . မင်းဆိုင်ရှင်က လက်တစ်ဖက်ပြတ်နေပါလား
မွေးရာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ . . ဒီဆိုင်ရှင်ရဲ့ လက်တစ်ဖက်ပြတ်ရတဲ့ အကြောင်းက ပြောပြမယ်ဆိုရင် အရှည်ကြီးပဲကွ၊ ရာဇဝင်နဲ့ချီပြီး ပြောပြရမှာလေ"

"ဟင် . . ဒီလောက်တောင်ပဲ ရှည်သလားကွာ"

"မင်းညွှန်းတာနဲ့တင် ငါတောင် စိတ်ဝင်စားသွားပြီကွာ"

"အိုး . . မင်းသူ့အကြောင်းကို ကြားရရင် စိတ်ဝင်စားရုံတင် မဟုတ်ဘူး၊ သိပ်ကို အံ့သြသွားရမှာကွ"

"အေးကွာ . . ဒီလူ့အကြောင်းတော့ ငါ့ကို ပြောပြစမ်းပါဦးကွာ၊ ငါ့အတွက် ရေးကွက် တစ်ကွက်ရလာမှာပေါ့ကွာ"

"မင်းက သူ့အကြောင်း စာရေးချင်လို့လားကွ"

"ဟုတ်တယ်လေကွာ၊ ငါ မင်းဆီလာခဲ့တဲ့ အကြောင်းထဲမှာ ဒေသတစ်ခုရဲ့ စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းကလေးများ ရလေလားဆိုတဲ့ ရည်ရွယ်ချက်က အဓိကပဲကွ"

"ဟုတ်ပြီ . . ဒါဆိုရင်တော့ ပိုပြီးအသက်ဝင်အောင် အဲဒီလူနဲ့ တစ်နေ့မှာသွားဆုံပြီး သူကိုယ်တိုင်ပြောနိုင်းရင် ပိုပြီး ပြည့်စုံနိုင်တာပေါ့ . . ဟုတ်ဖူးလား သူငယ်ချင်း"

"အေး . . ဒီလိုဆို ပိုကောင်းတယ်။ သူနဲ့တွေ့ရအောင် မင်းစီစဉ်ပေးကွာ"

ညတစ်ည၏ ညဉ့်ဦးပိုင်းတွင် ကိုးနာရီခန့်တွင် လက်ဖက်ရည်ဆိုင်၌ လူပါးနေချိန်တွင် ထွန်းအောင်ကျော်နှင့်ဆရာဝန်လည်း လက်ဖက်ရည်ဆိုင်သို့ ရောက်လာခဲ့ကြသည်။

"ကဲ . . ဒီက ကျွန်တော့မိတ်ဆွေက ခင်ဗျားရဲ့ဇာတ်ကြောင်းကို သိချင်လို့လာခဲ့ကြတာပဲဗျ၊ အဲဒါ အဖြစ်အပျက် အစမှအဆုံး ပြောပြပေးပါလို့ မေတ္တာရပ်ခံပါရစေဗျာ . .

ကျုပ်မိတ်ဆွေက အထူးအဆန်း၊ အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်၊ ဇာတ်လမ်းတွေရေးပြီး နာမည်ကြီးနေတဲ့ စာရေးဆရာ တစ်ယောက်ဗျ"

"ဟာ . . ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့



www.burmeseclassic.com

www.burmeseclassic.com


ဆီ တကူးတကလာပြီး မေးကြတာဆိုတော့ ပြောပြပေးရတာပေါ့ ဗျာ"

"ဟုတ်ပါပြီဗျာ . . ခင်ဗျားရဲ့စေတနာလည်းပါအောင် ကျွန်တော်ရေးမှာပါဗျာ"

"ကျွန်တော့အကြောင်း ပြန်ပြောရမယ်ဆိုရင်တော့ . . ကျွန်တော့ရဲ့အဖေအကြောင်းကို အရင်ပြောပြမှ ပြည့်စုံလိမ့်မယ် ထင်တယ်ဗျ"

"ပြောပါဗျာ . . ကျွန်တော်တို့ နားထောင်နေကြပါတယ် လေ"

"ဒီလိုပါဗျာ . . ဒီဟားခါးမြို့လေးမှာ ကျွန်တော့အဖေ နေလာခဲ့တာလေဗျာ၊ ပြီးတော့ . . ကျွန်တော့အဖေက တောလိုက် မုဆိုးတစ်ယောက်ဗျ . .

မုဆိုးဆိုတော့ဗျာ . . တော၊ တောင်ထဲအနှံ့ သားကောင် တွေ လိုက်ရှာဖွေပြီး ပစ်ခတ်ခဲ့တဲ့တာပေါ့၊ ဒီတော့ ကျုပ်အဖေဟာ ဒီမြို့ပတ်ဝန်းကျင်မှာ သူမရောက်ဖူးတဲ့တောတောင်ဆိုတာ မရှိ လောက်ပဲပေါ့ဗျာ

ကျုပ်အဖေက တောလည်း တော်တော်ကျွမ်းတယ်ဗျ"

"အင်း . . ဟုတ်ပါပြီဗျာ၊ အခု ခင်ဗျားပြောပြနေတာ ခင်ဗျားရဲ့အဖေ မုဆိုးကြီးအကြောင်းပဲဗျ . . ခင်ဗျားအကြောင်း မပါ သေးဘူးနော်"

"ဟုတ်တယ်လေဗျာ . . ကျုပ်အဖေအကြောင်းကို အခြေခံ ထားပြီးပြောပြမှ ကျုပ်အကြောင်းကို တဖြည်းဖြည်း ရောက်လာမှာ လေဗျာ"

"ဪ . . ဒီလိုလား၊ ဟုတ်ပါပြီဗျာ . . ဆက်စမ်းပါဦးဗျာ"

"ကျုပ်ရဲ့အဖေဟာ တောထဲ နှစ်ရက်၊ သုံးရက်ခြားဆို သွား တောလည်ထွက်လေ့ရှိပြီး ပြန်လာရင်လည်း တောပစ်လို့ရတဲ့ သား ကောင်အသေနဲ့ တောထဲမှာတင်ဖျက်ပြီး ကျပ်တင်ခြောက်လုပ်ထား တဲ့ အသားခြောက်တွေ ပါ.ပါလာခဲ့တာပေါ့ဗျာ . . တချို့ အိမ်မှာထား


www.burmeseclassic.com

www.burmeseclassic.com



ကျန်တာကိုရောင်းချရင်းဖြင့် အသက်မွေးလာခဲ့ရတာပေါ့"

"ဘာသားကောင်အရများလဲဗျ၊ ဥပမာဗျာ . . ငြောင်တို့၊ ဆတ်တို့လို သားကောင်မျိုးကြီးတွေပေါ့ဗျာ"

"ဟာ . . ရပြီလားဗျာ . . မှတ်မှတ်ရရ ကျုပ်ပူဆာလွန်းလို့ ကျုပ်အဖေနဲ့အတူ ကျုပ်တောလည်လိုက်ခဲ့တဲ့ တစ်နေ့မှာပေါ့ဗျာ၊ သားအဖနှစ်ယောက် တောလည်ထွက်ကြရင်း သက်ငယ်ကျင်းပြန့် တစ်ပြန့်ထဲ ရောက်သွားကြရောဗျ။

အဲဒီသက်ငယ်ကျင်းပြန့်ထဲရောက်တော့ ကျောကုန်းမည်း မည်းကြီးတစ်ခုကို အဖေပြလို့ လှမ်းမြင်ရတယ်လေ"

"ငါ့သား . . ဟိုးခပ်လှမ်းလှမ်းက သက်ငယ်ကျင်းပြန့်ထဲကို ကြည့်စမ်း . . ကျောကုန်းမည်းမည်းကြီးပေါ်နေတာ တွေ့လား"

"တွေ့တယ်အဖေ . . အဲဒါ ဘာကောင်ကြီးလဲ"

"အဲဒါ ငြောင်လို့ခေါ်တဲ့ သတ္တဝါပဲကွ၊ ဒီသတ္တဝါမျိုးက ချက်ကောင်းကို လဲအောင်ပစ်နိုင်မှ နို့မဟုတ်ရင် လူဆီပြေးလာပြီး ခန်းမှုတတ်လို့ သေကြရတဲ့မှုဆိုးတွေ အများကြီးပဲကွ"

"ကဲ . . သားက ဟောဒီသစ်ပင်ကြီးပေါ်ကို တက်နေကွ၊ အဖေ အဲဒီငြောင်ကြီးကို နေရာကောင်းကောင်းယူပြီး ပစ်မယ်။ ငြောင်ကြီးလဲကျသွားမှ သားသစ်ပင်ပေါ်က ဆင်းနော်"

"ဟုတ်ကဲ့ပါ အဖေ"

မကြာမီ သူ့ဖခင်ပစ်ခတ်လိုက်သော သေနတ်သံ တစ်ချက် ကြားလာခဲ့သည်။

"ဟင် . . ငြောင်ကြီးက ချက်ကောင်းကိုမမှန်လို့ သူ့အဖေဆီကို ရန်ပြုဖို့ ပြေးလာနေပါလား"

အဖေက သူတက်နေသောအပင်ကြီးဆီ ပြေးလာကာ နောက်ထပ် ကျည်ထပ်ထိုး၍ ထပ်ပစ်ရန် ဟန်ပြင်နေသည်။

"အဖေ . . ငြောင်ကြီး အဖေ့ကို ရန်မူဖို့ပြေးလာနေပြီဗျ"

"ငါသိတယ်ဟေ့ . . သား မင်းသာ သစ်ကိုင်းကို သေချာ ကိုင်ထားပြီး သတိနဲ့နေဟေ့ . ."

www.burmeseclassic.com

www.burmeseclassic.com



ပြောင်ကြီးလည်း ဒေါ်သတကြီးနှင့် ပြေးလိုက်လာကာ သူ့
အဖေကို ခေါင်းထိပ်နှင့် ပြေးဆောင့်ရန်အလာတွင် သူ့ဖခင်တ
ဦးအောင်ဆီး၍ ပစ်လိုက်တော့မှ ပြောင်ကြီးလည်း သစ်ပင်ဆီသို့
ရောက်ရန် ဝါးတစ်ပြန်ခန့်အကွာတွင် မြေပြင်သို့ လဲကျသွားခဲ့
တော့သည်။

"ကံကြီးလို့သာပဲ သားရေ . . အဖေသာ နောက်ထပ်ပစ်
တာလွဲသွားရင် ဒီပြောင်ကြီးဟာ သစ်ပင်ကို သူ့ခေါင်းထိပ်နဲ့ ပြေး
ဆောင့်ရင် ငါ့သား သစ်ပင်ပေါ်က လွင့်စင်ကျပြီး ကျိုးပဲ့ပြီးတော့
သေသွားနိုင်တယ်ကွ"

မုဆိုးသားအဖလည်း ထိုပြောင်ကြီး၏ အသားများကို
ဖျက်ကာ အမြှောင်များလှီးဖြတ်၍ မီးဖိုပြီး ကျပ်စင်တွင် ကျပ်တင်
ခြောက်လုပ်ယူကာ ပြန်ခဲ့ကြလေသည်။

"ဒီလိုနဲ့နေလာကြရာက တစ်နေ့မှာပေါ့ဗျာ . . ကျုပ်အဖေ
ဆီကို လူစိမ်းနှစ်ယောက် ရောက်လာတယ်ဗျ၊ သူတို့က ကျုပ်အဖေ
ကို သူတို့မှာပါလာတဲ့ မြေပုံတစ်ခုထုတ်ပြပြီး မေးတယ်။

ကျုပ်အဖေက မြေပုံထဲမှာပါတဲ့ ရဲတိုက်ပျက်ဟောင်းကြီး
ကို သူတွေ့ဖူးကြောင်းပြောတော့ အဲဒီလူနှစ်ယောက်က အဖေ့ကို
လမ်းပြပေးဖို့နဲ့ ရဲတိုက်ဟောင်းထဲက သူတို့ရှာဖွေနေတဲ့ အဖိုးတန်
ရတနာတွေရရင် ဝေစုပေးမယ်လို့ ပြောလေတော့ ကျုပ်အဖေ
လည်း ဝေစုရလိုတာနဲ့ လမ်းပြအဖြစ်လိုက်သွားခဲ့တယ်ဗျာ . .

ဒါနဲ့ တစ်ပတ်လောက်ကြာတော့ ကျုပ်အဖေတစ်ယောက်
ထဲ ပြန်ရောက်လာခဲ့တယ်။ အဖေ့မှာ ဒဏ်ရာဒဏ်ချက်တွေ ဗလ
နဲ့ဗျ . . အဖေပြောပြတာကတော့ ရဲတိုက်ဟောင်းကြီးနားရောက်
မိုင်ဝက်လောက်အလိုမှာ တောကောင်ကြီးတစ်ကောင်နဲ့တိုးမိပြီး
အဲဒီပါသွားတဲ့လူနှစ်ယောက်က တောကောင်တိုက်ခိုက်လို့ သေ
ခဲ့ရကြောင်း . .

အဖေနဲ့တောကောင် တိုက်ခိုက်နေတုန်းမှာ အဖေ
သေနတ်ပြန်ရသွားပြီး ပစ်ခတ်နိုင်ခဲ့လို့ တောကောင်ကြီး တော



www.burmeseclassic.com

www.burmeseclassic.com



ခင်ပြေးသွားကြောင်း အဖေဟာ ဒဏ်ရာဒဏ်ချက်တွေနဲ့ သေလု နှစ်ယောက်ဆီကိုကြည့်ပြီး ရှာကြည့်တော့ မြေပုံကိုတွေ့လို့ယူပြီး အိမ်ကို ခက်ခက်ခဲခဲပြန်လာခဲ့ရတာပေါ့ဗျာ၊

အဖေ့ကို ဆေးရုံတင်ပြီး ကုသခဲ့ပေမယ့် ဒဏ်ရာတွေက ပြင်းထန်လေတော့ တစ်ပတ်လောက်ပဲ ဆေးကုခံလိုက်ရတယ် လေ။ အဖေဟာ အဲဒီဒဏ်ရာဒဏ်ချက်တွေနဲ့ပဲ ဆုံးပါးသွားခဲ့ရ တယ်ဗျာ၊

အဲ . . အဖေမသေမီကလေးမှာ သူရခဲ့တဲ့မြေပုံကို ကျုပ် ကိုပေးပြီး ငါ့သား မင်းဟာ အဲဒီမြေပုံထဲမှာပါတဲ့ ရဲတိုက်ဟောင်း ကိုတွေ့အောင်ရှာပါ။ ရဲတိုက်ထဲမှာ အဖိုးထိုက်တန်တဲ့ ရတနာတွေ ရှိကြောင်းပြောပြီး အသက်ထွက်သွားခဲ့ရတယ်လေ"

"အင်း . . ခင်ဗျားတို့ အဖြစ်အပျက်က တဖြည်းဖြည်း အထွတ်အထိပ်ရောက်ပြီး စိတ်ဝင်စားစရာကောင်းလာပြီဗျ၊ နောက်ဘာတွေဆက်ဖြစ်တယ်ဆိုတာသာ ဆက်ပြောပြပါဗျာ"

"ကျုပ်ဖခင်ကြီးပေးသွားတဲ့ မြေပုံကိုရတော့ ဖခင်ကြီးမှာ သွားတဲ့အတိုင်း ရဲတိုက်ဟောင်းကြီးကို တွေ့အောင်ဆက်ရှာဖို့ ဆုံး ဖြတ်ခဲ့တယ်လေ။

ဒီလိုဆုံးဖြတ်ပြီးတာနဲ့ ကျုပ်နဲ့ဝါသနာတူ စွန့်စားချင်တဲ့လူ တွေ ရှာရတာပေါ့ဗျာ၊ သတ္တိကောင်းပြီး စွန့်စားလိုတဲ့ အဖော် လေး ယောက်တွေ့ပြီး စိတ်တူကိုယ်တူနဲ့ စွန့်စားရှာဖွေကြမယ် တွေ့လာ သည့်ရတနာတွေကိုလည်း အညီအမျှ ခွဲဝေပြီးယူကြမယ်လို့ သဘော တူညီနိုင်ကြပြီး ရဲတိုက်ဟောင်းကြီးကိုရှာဖွေဖို့ စားနပ်ရိက္ခာ အပြည့်အစုံနဲ့ ထွက်လာခဲ့ကြတာပေါ့ဗျာ။

ရဲတိုက်ပျက်ဟောင်းကြီးဟာ နှစ်ဘယ်လောက်ကြာပြီလဲ တော့ မသိဘူးဗျ။ အတော့်ကို ဟောင်းပြီး ပြိုပျက်နေပြီ။ ရဲတိုက်ထဲ သတိနဲ့ဝင်ကြတော့ ရဲတိုက်ထဲ အောင်းနေတဲ့ လင်းနို့အုပ်ကြီးဟာ လန့်ပြီး ပျံထွက်လာကုန်ကြတယ်လေ။

အထဲဘက်ကို အတော်လေးဝင်လာမိကြတော့ လူအရိုးစု



www.burmeseclassic.com

www.burmeseclassic.com


နဲ့အတူ ရတနာပစ္စည်းတွေကို တွေ့ကြတော့တာပဲဗျ"

"ဒါနဲ့ . . ခင်ဗျားတို့လည်း တွေ့တဲ့ရတနာတွေယူပြီး ပြန်လာခဲ့ကြရောလားဗျ"

"မဟုတ်သေးဘူးဗျ . . ကျုပ်တို့ရဲတိုက်ဟောင်းကြီးထဲ ရောက်သွားတဲ့အချိန်ဟာ ညနေစောင်းအချိန်ဆိုတော့ ရဲတိုက် ဟောင်းထဲမှာပဲ စခန်းချပြီး တစ်ညအိပ်နားပြီးမှ မနက်ဖက်မှာ ရတနာတွေယူပြီး ပြန်ကြဖို့ လုပ်ကြတာပေါ့ဗျာ . .

ညဖက်ရောက်တော့ ရဲတိုက်ထဲမှာ မီးဖိုထားကြတယ် အလှည့်နဲ့ကင်းစောင့်ချထားပြီး အိပ်ကြသူတွေက အိပ်ခဲ့ကြတာ ပေါ့လေ။

ဒီလိုနဲ့ ကျုပ်ကင်းစောင့်ရမယ့် အချိန်ရောက်လာတော့ ထိုင်စောင့်နေရတာပေါ့ . . ဒီလိုစောင့်နေရင်း လက်နိပ်ဓာတ်မီးကို ဘေးဘီကို ဝေ့ဝိုက်ထိုးကြည့်နေမိတယ်ဗျ . .

"ဟာ . . မီးရောင်ထဲမှာ ဟိုစင်မြင့်မှာ အရောင်တောက်နေ ပါလား။ ဘာများပါလိမ့်"

ကျုပ်လည်း သိချင်ဇောနဲ့ အဲဒီစင်မြင့်ရှိရာကို ရောက်သွား တော့ ဘီလူးရုပ်တစ်ရုပ်ကိုတွေ့မြင်ပြီး အဲဒီဘီလူးရုပ်ရဲ့ ပါးစပ်ထဲ ထားတဲ့အထဲမှာ အရောင်တောက်လွန်းတဲ့ စိန်တုံးကြီးတစ်တုံးကို တွေ့ရတော့တာပဲဗျ။

ကျုပ်လည်း အားရဝမ်းသာနဲ့ စင်မြင့်ပေါ်တက်ပြီး အဲဒီ စိန်တုံးကြီးကို ဘယ်လက်နဲ့ လှမ်းနှိုက်အယူမှာပဲ ဘီလူးရုပ်ကြီးရဲ့ ပါးစပ်ကြီးပိတ်သွားပြီး ကျုပ်ရဲ့ဘယ်ဘက်လက် တံကနဲပြတ်ကျ သွားရတာပဲလေဗျာ . .

ကျုပ် ကြောက်လန့်နာကျင်ပြီး တအားအော်ဟစ်လိုက်တော့ ကျုပ်ရဲ့အဖော်တွေ နိုးလာခဲ့ပြီး ဒီရဲတိုက်ထဲဆက်နေကြရင် အန္တ ရာယ်တွေ ဆက်တွေ့နိုင်တယ်ဆိုပြီး

ကျုပ်ကို စောင်ပုခက်နဲ့ ထမ်းသူက ထမ်း၊ ရတနာပစ္စည်း သယ်ယူသူက သယ်ရင်း ကျုပ်တို့ ဒီဟားခါးမြို့ကို ပြန်ရောက်လာ


www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲဗျ"

"နောက်တော့ ဘာဆက်ဖြစ်သေးလဲဗျာ"

"ကျုပ်တို့ရလာခဲ့တဲ့ ရတနာတွေကို အညီအမျှ ခွဲဝေယူခဲ့ကြတယ်လေ။ ကျုပ်လည်း ကျုပ်ရဲ့ လောဘဇောကြောင့် ဖြစ်လာမည့်အန္တရာယ်ကို မမြင်မိဘဲ နှိုက်ယူခဲ့လေတော့

စိန်တုံးကို မ.ပြီး ယူလိုက်တာနဲ့ ဘီလူးရုပ်ကြီးရဲ့ ပါးစပ်ကြီးဟာ ရုတ်တရက်ပြန်ပိတ်သွားခဲ့တော့ စိန်တုံးတင်ထားတဲ့နေရာဟာ ဘီလူးပါးစပ်ပေါက်ကို ပိတ်စေတဲ့ မရဏထောင်ချောက်ဆိုတာ သိခဲ့ရတယ်ဗျာ

ဒါပေမယ့် ကျုပ်အသိနောက်ကျခဲ့ရတာပဲလေ။ ဒါ့ကြောင့် ကျုပ်ရဲ့ ဘယ်လက်တစ်ဖက်ဟာ လက်မောင်းရင်းက ပြတ်ကျန်ခဲ့တာပေါ့ . .

ကျုပ်အသက်ရှင်ရက် ပြန်ရောက်တာတောင် ကျုပ်ရဲ့ အဖော်တွေ သစ္စာရှိကြပြီး ကောင်းခဲ့ကြလို့သာပဲဗျ"

ထိုဆိုင်ရှင်က သူ့အဖြစ်အပျက်များကို စိတ်ရှည်ရှည်နှင့် အစအဆုံးပြောပြခဲ့၍ အကြောင်းစုံကိုသိခဲ့ရတော့သည်။ ယခုတော့ သူရသော ရွှေငွေရတနာများနှင့်ရင်းနှီးပြီး လက်ဖက်ရည်ဆိုင်ဖွင့်ကာ အေးအေးချမ်းချမ်းနေလာခဲ့ကြောင်းပါ သိလာရသည်။

"အင်း . . ခင်ဗျားဟာ တွေ့တဲ့ရတနာတွေကို သာယူပြီးပြန်ရင် ဒီလိုလက်တစ်ဖက် မဆုံးဘူးပေါ့ဗျာ။ အခုတော့ လောဘဇောတက်ခဲ့လို့ ဖြစ်ခဲ့ရတာဆိုတော့ သင်ခန်းစာယူစရာပဲပေါ့ဗျာ"

တင့်ထူး (ဇေယျာဝတီ)

www.burmeseclassic.com

www.burmeseclassic.com



# တစ်သက်တာကောင်းစားရန် နာမည်ပေးနည်း




လူတစ်ယောက်မှာ နာမည်ဟာ အရေးကြီးပါတယ်။ နာ
ဆိုတာ လူ့ဂုဏ်သိက္ခာတစ်ခုဖြစ်ပြီး ဒီနာမည်ဟာ ကိုယ့်အ
ကောင်းခြင်းတွေ၊ ဆိုးခြင်းတွေကိုလည်း ပေးပါတယ်။

ဒါကြောင့် ကလေးကို နာမည်ပေးမယ်ဆိုရင် ခေါ်
ကောင်းတဲ့ နာမည်မျိုးပေးတာထက် သူ့အတွက် လာဘ်ကော
စေမယ့်၊ ဘဝတစ်လျှောက်အကျိုးပေးမယ့် နာမည်မျိုးကို ရွေးချ
ပေးသင့်ပါတယ်။

မိမိတို့ရဲ့သားသမီးကို နာမည်ပေးမယ်ဆိုရင် တစ်သ
တာကောင်းစားစေမယ့် နာမည်ကို မွေးနံကိုအစပြုထားလျ
အမည်ကို ဆန်ပြီး မှည့်ရပါမယ်။

ဥပမာအားဖြင့် ဗုဒ္ဓဟူးသားသမီး ဖြစ်မယ်ဆိုရင် ဗုဒ္ဓ
ကြာသပတေး၊ သောကြာ နေ့နံမျိုး ပေးသွားရပါမယ်။ ဗုဒ္ဓဟူး
သမီးကိုမှ ဗုဒ္ဓဟူး၊ အင်္ဂါ၊ တနင်္လာနံ နောက်လန်နေတဲ့ နာမည်မျ
မပေးသင့်ပါဘူး။

ပြီးတော့ နာမည်မှည့်ခေါ်တဲ့နေရာမှာလည်း ဆပ္ပတ



www.burmeseclassic.com

www.burmeseclassic.com



ချောင်ရမယ်လို့ ဆိုပါတယ်။
မည်ကောင်းတစ်လုံး
ညှိခေါ်ရာမှာ မွေးနံကို
အညွှန့်နံအုပ်ပြီး အမည်
ပေးခြင်းဖြင့် တစ်သက်
တာလုံး ဆုတ်ယုတ်
ခြင်း မရှိ၊ ကောင်း
ကျိုးကို ဖြစ်ထွန်း
စေတယ်လို့ ဆိုပါတယ်။




အညွှန့်ဆိုတာ မွေးနံရဲ့နောက်နေ့ဟာ အညွှန့်ဖြစ်ပါတယ်။ ဥပမာ တနင်္ဂနွေရဲ့အညွှန့်ဟာ တနင်္လာ၊ တနင်္လာရဲ့အညွှန့်ဟာ အင်္ဂါ၊ အင်္ဂါရဲ့အညွှန့်ဟာ ဗုဒ္ဓဟူး၊ ဗုဒ္ဓဟူးရဲ့အညွှန့်ဟာ ကြာသပတေး၊ ကြာသပတေးရဲ့အညွှန့်ဟာ သောကြာ၊ သောကြာရဲ့ အညွှန့်ဟာ စနေ၊ စနေရဲ့အညွှန့်ဟာ တနင်္ဂနွေဖြစ်ပါတယ်။

ဒါ့အပြင် မွေးနံကို ပဉ္စပွတ်နံအုပ်ပြီး အမည်ပေးခြင်းဖြင့် ကောင်းကျိုးမင်္ဂလာပွားစေတယ်။ စီးပွားဖြစ်စေတယ်။ ရောဂါ ဘေးအန္တရာယ်ဆိုးများ ကင်းဝေးစေတယ်လို့ ဆိုပါတယ်။

ပဉ္စပွတ်နံဆိုတာ မိမိမွေးနံကနေ ရေတွက်ရင် ငါးခု မြောက်၊ ပဉ္စမမြောက်နံကို ခေါ်ဆိုတာဖြစ်ပါတယ်။ ဥပမာ တနင်္ဂနွေဆိုရင် တနင်္ဂနွေက စရေပြီး တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးဆိုတော့ ကြာသပတေးဟာ ငါးခုမြောက်ဖြစ်တဲ့ ပဉ္စပွတ်နံဖြစ်ပါတယ်။ ဒါကြောင့် တနင်္လာရဲ့ပဉ္စပွတ်နံဟာ သောကြာ၊ အင်္ဂါရဲ့ ပဉ္စပွတ်နံဟာ စနေ၊ ဗုဒ္ဓဟူးနံရဲ့ ပဉ္စပွတ်နံဟာ တနင်္ဂနွေ၊ ကြာသပတေးရဲ့ ပဉ္စပွတ်နံဟာ တနင်္လာ၊ သောကြာရဲ့ပဉ္စပွတ်နံဟာ အင်္ဂါ၊ စနေရဲ့ပဉ္စပွတ်နံဟာ ဗုဒ္ဓဟူးတို့ ဖြစ်ပါတယ်။

ဆပွတ်နံဆိုတာကတော့ မိမိမွေးနံကနေ ရေတွက်ရင် ခြောက်ခုမြောက်ဟာ ဆပွတ်နံဖြစ်ပါတယ်။ ဥပမာ တနင်္ဂနွေရဲ့ ဆပွတ်နံဟာ သောကြာ၊ တနင်္လာရဲ့ဆပွတ်နံဟာ စနေ၊ အင်္ဂါရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆပွတ်နံဟာ တနင်္ဂနွေ၊ ဗုဒ္ဓဟူးရဲ့ဆပွတ်နံဟာ တနင်္လာ၊ ကြာ
ပတေးရဲ့ဆပွတ်နံဟာ အင်္ဂါ၊ သောကြာရဲ့ဆပွတ်နံဟာ ဗုဒ္ဓဟူး
စနေရဲ့ဆပွတ်နံဟာ ကြာသပတေးတို့ဖြစ်ပါတယ်။

ဒါကြောင့် နာမည်ပေးမယ်ဆိုရင် အကောင်းဆုံးအကြံ
လိုတာကတော့ (မွေးနံ၊ အညွန့်နံ၊ ပဥ္စပွတ်နံ)သုံးမျိုးပေါင်းပြီး ပေး
တာ အကောင်းဆုံးဖြစ်ပါတယ်။ ဥပမာအားဖြင့် တနင်္လာသား
ဆိုရင် (တနင်္လာ၊ အင်္ဂါ၊ သောကြာ)ဆိုတဲ့ မွေးနံ၊ အညွန့်နံ
ပဥ္စပွတ်နံ သုံးမျိုးပေါင်းပြီးပေးတာ ကောင်းပါတယ်။

| | | |
|---|---|---|
| ငွေ | + စိုး | + သိန်း |
| (တနင်္လာ) | + (အင်္ဂါ) | + (သောကြာ) |

ငွေစိုးသိန်းဆိုတဲ့ နာမည်ဟာ ငွေ(မွေးနံ)၊ စိုး(အညွန့်နံ)
သိန်း(ပဥ္စပွတ်နံ) သုံးမျိုးပေါင်းပြီး ပေးထားတာဖြစ်ပါတယ်။ ဆ
ကြီး မင်းသိခ်ရဲ့နာမည်ကလည်း ဒီလိုနာမည်မျိုးပါပဲ။ အတ
နာမည်မျိုးဖြစ်ပါတယ်။

မင်း(မွေးနံဆိုပါစို့)၊ သိ(အညွန့်နံ၊ သောကြာ)၊ ခ်(ပဥ္စပွ
နံ)အုပ်ပြီး ပေးထားတဲ့ နာမည်ဖြစ်ပါတယ်။ မိမိမွေးနံနဲ့ အညွန့်
နှစ်မျိုးတွဲပြီးလည်း ပေးနိုင်ပါတယ်။ ဥပမာ- ငွေစိုးဆိုတဲ့ နာမည်
မျိုးဖြစ်ပါတယ်။


ဒါပေမယ့် ငွေစိုး(သို့မဟုတ်) ငွေစိုးသိန်း နေရာမှာ
ငွေစိုးထွန်းဆိုရင်တော့ ရှောင်ရမယ့်နာမည်မျိုးဖြစ်သွားပါတယ်
အမည်နာမမှည့်ခေါ်ရာမှာ ဆပွတ်နံကိုရှောင်ပါလို့ ရှေးဆရာကြီး
များက ဆိုထားပါတယ်။ ငွေ(မွေးနံ)၊ စိုး(အညွန့်နံ)၊ ထွန်း
(ဆပွတ်နံ) ဖြစ်သွားလို့ ဖြစ်ပါတယ်။

ဒီလို မွေးနံ၊ အညွန့်နံနဲ့ ဆပွတ်နံမှည့်မိတဲ့လူများဟာ
ဘုန်းရှေးကံကြောင့် အောင်မြင်သော်ငြားလည်း ဘဝကို ခက်ခဲ
ခဲခဲဖြင့် ရုန်းကန်ကြိုးစားခဲ့ရသူများဖြစ်တတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





||

ကျွန်မ ပဋ္ဌာန်းရွတ်သံကို
သူ မခံနိုင်တော့ပေ။
"ဪ.. ဖုတ်ဝင်တယ်ဆိုတာ
ဒီလိုပါလား"
ဒီအဖြစ်အပျက်ကလေးကတော့
(၁၉၉၀)ခုနှစ်က ကျွန်မ
ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်သာ
ဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခု ဖြစ်သည်။ မွေးချင်း(၄)ယောက်မှာ စာရေးသူက အငယ်ဆုံး၊ ကျန်သော အစ်မ(၂)ယောက်က သူ့အိမ်ထောင်နှင့်သူ နေကြ၏။ အမေရယ်၊ အစ်မအကြီးဆုံးနှင့် ကျွန်မက အတူနေမိသားစုဆိုတော့ အစ်မအကြီးဆုံး၏ ကိစ္စမှန်သမျှ ကျွန်မ အသိဆုံးဖြစ်သည်။

အမေက အကြီးဆုံးသမီးကိုမွေးတော့ ပဲခူးဆေးရုံမှာ ညှပ် နှင့်ဆွဲပြီး မွေးရပါသည်။ မွေးတုန်းက ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေး ဆိုတော့ လူအများက တွေ့တိုင်းချစ်ကြသည်။

လက်တစ်ဖက် မသန်တာလည်း မသိပေ။ (၆)လလောက် ရောက်မှ မုန့်လက်ညှိုးလေးတွေပေးပြီး ကိုင်ခိုင်းတော့မှ ညာလက် တစ်ဖက် မသန်မှန်းသိတော့သည်။ ပဲခူးဆေးရုံတွင် ကုကြည့် သည်မရပါ။ နောက်ပိုင်း အခါလယ်အရွယ်ရောက်မှ လက်တစ် ဖက်က တဖြည်းဖြည်း သိမ်လာသည်။

သူမ(၃)နှစ်ခွဲ အရွယ်လောက်ရောက်တော့ အတက်ရော စဖြစ်လာ၏။ မိဘနှစ်ယောက်လည်း ကလေးကိုခေါ်ပြီး ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့သည်။ ရန်ကုန်ရောက်တော့ အမျိုးသမီးတစ်ယောက်အိမ်မှာတည်းပြီး အမျိုးမျိုးကုကြည့်ပါတော့သည်။ သေပြီဟုပင် ထင်ရသည်။ ယင်ကောင်အမဲကြီးတွေ ဘယ်ကလာမှန်းမသိ၊ အုံလာသည်။

အဲဒီမှာပင် အမေလည်း အမှတ်မထင် သတိတစ်ခုရသွားသည်။ ပဲခူးမှ ရန်ကုန်သို့ ကားနှင့်လာစဉ် လူရိပ်သဏ္ဌာန် "ရိပ်ခနဲ ရိပ်ခနဲ" ဖြတ်သွားတာ အမေ့မျက်စိထဲတွင် တွေ့နေရသည်။ အမေသတိရပြီး အဖေ့ကိုပြောပြတော့ အဖေလည်း ဒါမရှိးသားဘူးဟုဆင်၏ ။ ဘုန်းကြီးတွေပင့်ပြီး ကုတော့တာပေါ့။

အဖေလည်း သမီးဖြစ်သူကို ဆေးကုရာကနေ သူပါ ဆရာဝိုက်းတက်ပြီး ဆရာတစ်ပိုင်းဖြစ်နေတော့သည်။ ထို့နောက် အမျိုးသမီးတစ်ယောက်ကို ဝင်ပူးပြောလေ၏ ။ သမီးအကြီးက ဥစ္စာစောင့် ဝင်စားတာဖြစ်ကြောင်း၊ ပဲခူးမြို့ ကိုးသိန်းကိုးသန်း ဘုရားကအိုလူးသိုက်ဖြစ်သည်။

အစ်ကိုတစ်ယောက်နှင့် ညီမတစ်ယောက် သူမနှင့်ဆိုလျှင်မောင်နှမသုံးယောက်ရှိကြောင်း၊ သူမကို ဘယ်ဆရာနှင့်မှလည်းမကုဖို့ပြောသည်။ အဲဒီတော့ ကျွန်မ၏မိဘများက "ကောင်းပြီ၊ မကုပါဘူး။ မိမွေးတိုင်း၊ ဖမွေးတိုင်း ဖြစ်ပါစေ"ဟုပြောပြီး အသက်ကိုဆုံးတောင်းခဲ့သည်။

အဲဒီကတည်းက ကျွန်မအစ်မလည်း ညာဘက် လက်တစ်ဘက်မသန်တာကလွဲလို့ ကျန်းမာရေး ပြန်လည် ကောင်းမွန်လာပါတော့သည်။ နောက်ပိုင်း ကျွန်မကိုမွေးပြီး ကျွန်မ(၆)နှစ်သမီးလောက်မှာ ကျွန်မတို့မိသားစု ပဲခူးအိမ်ကိုရောင်းပြီး ရန်ကုန်ကိုအပြီး ပြောင်းလာပါတော့သည်။

ရန်ကုန်ရောက်တော့ အဖေက ဆရာတစ်ပိုင်းဖြစ်နေတော့ဆေးတိုက်ဖွင့်ပြီး အမေကတော့ ဘောလီကျောဇာရုံ ထောင်ခဲ့ပါသည်။ သမီးအကြီး(၂)ယောက်က ဇာထိုးပန်းထိုးလုပ်ပြီး ကျွန်မနှင့်အထက်မကတော့ ကျောင်းသားပေါ့။ အစ်မအကြီးက လက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်မသန်တာကလွဲလို့ ဇာထိုးပန်းထိုးကို ကျွမ်းကျွမ်းကျင်ကျ
လုပ်နိုင်ခဲ့သည်။

အိမ်မှုကိစ္စများကိုလည်း လုပ်နိုင်၏။ ဒါပေမဲ့ သူမ ဘဲ
သိုက်ကလာတဲ့သူပီပီ စိတ်ကတော့ ကြမ်းလေသည်။ ဒေါသ
လျှင် မနိုင်ပေ။ သူ့ဘဝဟောင်းက အစ်ကိုဖြစ်သူဆိုသူက အေး
အေးဆေးဆေးနေပေမယ့် သူ၏ညီမလုပ်သူဆိုသူကတော့ သူ
ဆီ မကြာခဏဆိုသလိုလာ၏။ ကျွန်မကတော့ မသိ၊ သူမကတော့
သိသည်။

သူမ၏ညီမလာပြီဆိုလျှင် သူမရဲ့နောက်ကျောကုန်း
ဖျင်းဖျင်းနင့် ဖြစ်လာသည်ဟု ဆို၏။ အဲ့ဒီအချိန်ဆိုရင် တိုးတိုး
နှင့် သူတစ်ယောက်ထဲ ပြောနေပါတော့သည်။

"ကောင်မ . . နင်လာပြီး ငါ့ကို မနှောင့်ယှက်နဲ့ သေ
တောင် နင်တို့သိုက်ထဲ ပြန်မလာဘူး"ဟု ဆိုသည်။ သူ အဲဒီလိုဖြ
လာပြီဆိုလျှင် အမေက ဘုရားစင်က ရေမန်းယူပြီး သူမ၏ခေါင်း
ပေါ်ဖြန်းပေးပြီး တိုက်လိုက်လျှင် ပြီးသွားပြန်၏။ ဒီလိုပုံစံအတိုင်း
နေလာလိုက်တာ၊ သူမ၏အသက်(၂၂)နှစ်လည်းပြည့်ရော မကြာ
ခဏဆိုသလို သတိလစ်တဲ့ရောဂါ စဖြစ်လာတော့သည်။

အဲဒီအချိန်က အဖေကလည်း မရှိတော့၊ အဖေက ကျွန်မ
(၈)တန်းနှစ်လောက်မှာပဲ ဆုံးသွား၏။ နောက်ပိုင်း သူမ သတိလစ်
ရာကနေ အတက်ရောဂါပြန်ဖြစ်လာသည်။ အမေလည်း ရန်ကုန်
ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောမှာ သူ့ကိုသွားပြပြီး ဆေးရုံက
ပေးတဲ့ "အယ်ပီလင်"ဆိုတဲ့ဆေးကို စတင်တိုက်ရတော့၏။

မနက်(၁)လုံး၊ ည(၁)လုံး ဆေးပြတ်၍ လုံးဝ မရပါ။ မှ
မိသေးသည်။ (၁၉၈၈)ခုနှစ် အရေးအခင်းကလည်း ဖြစ်၊ ဆေးဆိုင်
တွေကလည်း ပိတ်၊ ကျွန်မဖြင့် ဆေးကိုမရရအောင် လိုက်ရှာ
ရသည်။ (၁၉၉၀)ခုနှစ်ရောက်တော့ သူမ အသက်(၃၆)နှစ် အား
အင်တွေ ဆုတ်ယုတ်ပြီး အစားတောင် သိပ်မစားနိုင်တော့
အရည်လောက်သာ သောက်နိုင်တော့၏။ ဒီရောဂါနှင့် ဆေး

www.burmeseclassic.com





ည်း ခဏ ခဏ တက်ရ၊ ဝဋ်ရောဂါ တစ်ခုလို ဖြစ်နေတော့သည်။

တစ်နေ့မှာတော့ သူမအခြေအနေဆိုးလာပြီး အကြော တွေဆွဲလာသည်။ ဆရာဝန်ပင့်ပြီး သွေးပေါင်ချိန်ကြည့်တော့လည်း (၅၀-၂၀)ဆိုတော့ အခြေအနေက မကောင်းပေ။ အဲဒီအချိန် တစ်ကိုဝမ်းကွဲက အိမ်ကိုရောက်လာသည်။ သူမကိုကြည့်ပြီး လက် တွေနှိပ်ပေး၊ နားရွက်အကြောတွေ နှိပ်ပေးနှင့် သူမငြိမ်ပြီး အိပ် ပျော်သွားလေသည်။

မနက်မိုးလင်းတော့ သူမအစာနည်းနည်း ပြန်တောင်းလာ၏။ ကျွန်မနှင့်အမေလည်း အားရဝမ်းသာနှင့် အစားတွေ ပြန်ကျွေး၊ ဆရာဝန်ပင့်ပြီး အားဆေးတွေသွင်း၊ ဆေးတွေထိုးနှင့် အခြေအနေ ပြန်ကောင်းပြီဟု ထင်သည်။ နွားနို့၊ ဆိတ်နို့တောင် မနည်းဝင် အောင် တိုက်နေရတဲ့သူက ထမင်းတော်တော်လေး ပြန်စားနိုင် လာ၏။

တစ်နေ့တော့ ကျွန်မအိပ်မက်မက်ပါတော့သည်။

"ကျွန်မတို့အိမ်ရှေ့ ခြံဝန်းအတွင်းမှာ ဇာတ်စင်ကြီးထိုးပြီး သူမ၏ညီမဆိုသူက မင်းသမီးဝတ်စုံနှင့် ဘီလူးခေါင်းဆောင်းပြီး ဘီလူးဆိုင်းတီး၍ ကနေပါတော့သည်"

ဒီလိုအိပ်မက်မျိုးကို (၂)ရက်ဆက်တိုက်မက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ဒီလိုမက်တာပါလဲ။ သူမလည်း မသေသေးဘဲ သူ့ညီမ ဆိုသူ က ဘာလို့ အားရဝမ်းသာကနေရတာလဲ။ ကျွန်မ သိပ်ဘဝင် မကျပါ။

အဲဒီမှာ ကျွန်မပဋ္ဌာန်းနိဒ္ဒေသကြီးကို ညနေတိုင်း စရွတ် ပါတော့သည်။ (၇)ရက်မြောက်တဲ့နေ့၊ ညနေ(၆း၀၀)နာရီလောက် မှာတော့ ခြံစည်းရိုးတံခါးကို ချောက်ခနဲ တွန်းဖွင့်ပြီး ထွက်သွားတဲ့ အသံကို ကျွန်မရော အမေပါ ကြားလိုက်ပါတော့သည်။

အိမ်ရှေ့သံဇန်းတံခါးက ပိတ်ထားသည်။ ခြံတံခါးကတော့ လှုပ်ပြီး ဟသွားသည်။ ကျွန်မတို့ သားအမိ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ သဘောပေါက်သွားသည်။ နောက်နေ့ မိုး လင်းတော့ သူမဘာမှ မစားတော့၊ မျက်စိလည်း မပွင့်၊ အသက်ရှူသံ ကြီးကလည်း ပြင်း၊ ခြေဖျားလက်ဖျားတွေလည်း အေးစက်လာသည်။

တဖြည်းဖြည်း ဗိုက်က ဖောင်းလိုက်၊ ပိန်လိုက်ဖြင့် ရင်ဘတ်၊ ရင်ဘတ်ကနေ လည်ပင်း၊ တဖြည်းဖြည်းနှင့် မနက် (၉း၃၀)နာရီမှာ သူမ၏ဝိညာဉ် ချုပ်သွားပါတော့သည်။ သူမဆုံးသွားတော့ (၃)ရက် ပြည့်အောင်တောင် ထားဖို့မလွယ်ပေ။ ဆုံးပြီး တစ်ခဏအတွင်းမှာ ပင် အနံ့အသက်က မကောင်းပါ။

ဒါနဲ့ပဲ ကျွန်မတို့လည်း အမျိုးတွေနဲ့တိုင်ပင်ပြီး ချက်ချင်း ချဖို့ ပြင်ကြပါတော့သည်။ အဲဒီအချိန်အခါက တာမွေသုသာန်က မဖျက်သိမ်းသေးတော့ အဆင်ပြေပါသည်။ သူမကို ညနေ(၃)နာရီ အချိန်တွင် သင်္ဂြိုဟ်လိုက်ပါတော့သည်။


တကယ်တော့ သူမကို အမှီပြု၍ မကောင်းဆိုးဝါးက ဝင် ရောက် မှီခိုစားသောက်နေခြင်းဖြစ်သည်။ ကျွန်မ ပဋ္ဌာန်းရွတ်သံကို သူမခံနိုင်တော့ပေ။ "သြော် . . ဖုတ်ဝင်တယ်ဆိုတာ ဒီလိုပါလား"။ ဒီအဖြစ်အပျက်လေးကတော့ (၁၉၉၀)ခုနှစ်က ကျွန်မ ကြုံတွေ့ခဲ့ ရသော ဖြစ်ရပ်မှန်သာ ဖြစ်ပါသည်။

အင်ကြင်းနိုင်(မြို့)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





ကိုမောင်တင်လှသည် ကြံ့ခိုင်သော လူငယ်တစ်ယော ဖြစ်၏။ သူက ကျွန်တော့်ထက် (၇)ခန့် ကြီးသည်။ ထိုအချိ က သူ့အသက် (၂၃)နှ ခန့်ရှိ၏။ သူက ပြုံးရွှင် စကားစမြည် ပြောဆိုနေ တတ်၍ အေးဆေးတည်ငြိမ် စွာ နေတတ်သည်။

ခင်မင်ဖော်ရွေ နေ၍ ရွာထဲတွင် လူကြီး အစ မသိသူ မရှိပေ။ စူးစမ်း ရှာဖွေတတ်ရန် တတ်ကြ လန်းဆန်းသော လူမျိုးလူစ လည်းဖြစ်၏။

၁၉၆၅ ခုနှစ်၊ မိုးဦးကျအချိန်ဖြစ်မည်ထင်ပါသည်။

တစ်နေ့တွင် ကျွန်တော်သည် ကျောင်းပိတ်သဖြင့် မြို့မ ရွာသို့ပြန်အရောက်တွင် သတင်းတစ်ခုကြားရ၏။ ညက ကိုတင် ကို သရဲခြောက်လို့တဲ့ . . ဟူ၍ ပြောဆိုနေကြ၏။

ကျွန်တော် ပြုံးမိသည်။ ကြံကြံဖန်ဖန် ဒီလိုပြုံးစိစိ၊ ရှ နောက်နောက်လူကိုမှ သရဲက ခြောက်ရသလားပေါ့ . .။ သရဲဆို တာရော တကယ်ရှိလို့လား။ ငါတို့တော့ တစ်ခါမှ အခြောက်မခံ ဘူး။ ယုံရခက်၊ မယုံရခက်ကြီးပါဟူ၍ တွေးမိသည်။

ဒီကိုတင်လှဟာ ကြောက်တတ်သူလည်း မဟုတ်။ သ အကြောင်းလည်း တစ်ခါဖူးမှ မပြောဖူးသူပါ။ ဘယ်လိုဖြစ် ဟု စဉ်းစားကြည့်သည်။ သိပ်မကြာပါ။ ရွာထဲတွင် သူ့သတင်း ဟိုးလေးတကျော် ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ကလည်း မှောင်ရီပျိုးစ နွားရိုင်းသွင်းချိန်ကွာ၊ ဒါကလည်း မဆင်မခြင် အမဲသားဆွဲလာတယ်။ ပြီးတော့ . . အဲဒီနားကလည်း သရဲရှိသလိုလို၊ အစိမ်းသရဲရှိသလိုကိုး။

မသစ်ချောင်းဖျားနဲ့ အဲဒီပျဉ်းမပင်နဲ့ ကူးသန်းသွားလာနေသလိုမျိုး ကိုလှထွန်း တို့ပြောတာ ကြားဖူးတယ်ကွ။ ဒါပေမယ့် ငါကကြုံဖူးတော့ မယုံဘူးကွ။ ခုတော့ လက်တွေ့ကြုံတာပေါ့ကွာ . . ကိုယ့်ဘက်ကလည်း သတိနဲ့ ဆင်ခြင်ရတော့မှာပေါ့ကွာ"

"ဟုတ်တာပေါ့ဗျာ . . ဒါကြောင့် ကျွန်တော်တို့မူလတန်းကျောင်းသာတုန်းက ကျွန်တော်တို့ဆရာလေး ဦးမောင်ထွေးပြောပြတာ ကြားဖူးမှာပေါ့ဗျာ"

"အေး . . ဟုတ်တယ်။ မင်းပြောမှ သတိရတယ်ကွာ . . ပြန်ပြောစမ်းပါဦးကွ"

"ဒီလိုဗျ . . သူ့ကဗျာလေးက
နွားရိုင်းသွင်းချိန် ပြင်မထွက်နဲ့ . .
သရဲဆွဲတတ်တယ်။
သရဲဆိုတာ ကြောက်စရာလားကွဲ့ . .
အနန္တငါးပါးကို ပူဇော်မယ်။
ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံရွတ်ကွဲ့ . .
သရဲသဘက်ပြေးလိမ့်မယ်၊
ရွတ်ကွယ် ရွတ်ကွယ်"

"အေး ဟုတ်ပြီ ငါသတိရပြီ။ ငါတို့တုန်းကလည်း အဲဒါပြောဖူးတယ်ကွ၊ ငါတို့ ရွတ်ဆိုခဲ့ရတယ်။

အဲဒါနဲ့ဆက်ပြောရဦးမယ်။ ငါလည်း နောက်တစ်နေ့မှာ ဒေါ်သထွက်ထွက်နဲ့ ငါ့ကို ဟင်းစားငတ်အောင်လုပ်တဲ့ ဒီလောက်တော်ကြီးကျတဲ့သရဲ တွေ့ကြသေးတာပေါ့ကွာဆိုပြီး ကိုယ်တွေ့လက်တွေ့ နာနေတဲ့ကြားက ဓားကို ပြတ်အောင်သွေးပြီး အဲဒီပျဉ်းမပင်ဆီကို ငါသွားရောဟေ့ . . အဲဒီအပင်ရဲ့ ရှေ့ဘက်နားက ဦးကံသာအိမ်ကိုရောက်တော့ ဦးကံသာကို အကြောင်းစုံပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com


တယ်"

"သူက အေးကွာ . . တင်လုရာ၊ မိုးချုပ်ပြီးမှောင်ကာစမှာ တဝုန်းဝုန်းအသံကြားတော့ ငါက ကျွဲလူးနေတာပဲလို့ မှတ်တာကွ၊ နောက်နေ့မနက် သတင်းကြားမှ ငါလည်းအံ့သြရောပေါ့ တင်လုရေ"

"ဟုတ်တယ် ဦးကြီးရေ . . ဒီအပင်က ဦးကြီးလယ်ထဲမှာရှိတော့ ဦးကြီးအပင်ပေါ့။ သရဲက ဦးကြီးသရဲ မဟုတ်ပါဘူးနော်"

"ဟာကွာ . . တင်လုရာ၊ မင်းကတော့လုပ်ပြီ ကြံကြံဖန်ဖန်ကွာ"

"အဲဒါကြောင့် သစ်ကိုင်းတွေကိုချိုင်မလို့ ဦးကြီးကို ခွင့်တောင်းတာပါ"

"အေး . . ကြိုက်သလိုလုပ်ကွာ တင်လုရာဆိုတာနဲ့ ငါလည်း ကိုင်းမှန်သမျှ အခက်အရွက်ကုန်အောင် ရှင်းခုတ်ပြီး အပင်ကတုံးဖြစ်သွားတာပဲကွာ

အဲဒီညမှာပဲ ဦးကံသာရဲ့သမီး ခင်ရှိန်ကို သရဲကဝင်ပူးပြီး ပြောသတဲ့ . .

ငါက မစားရတာကြာလို့ ငတ်ငတ်နဲ့ အမဲသားစားချင်လွန်းလို့ ဝင်လုတာပါ။ ငါ့ကို မနင်ကြပါနဲ့ . . မနှိပ်စက်ကြပါနဲ့ဆိုပြီး သရဲငိုပြီးပြောတယ်လို့ ကြားရတာပါပဲကွာ"

"အေးဗျာ . . သဗ္ဗေသတ္တာ အဝေရာ ဟောန္တုပေါ့ဗျာ"

နာမည်ကအစ တကယ့်ဖြစ်ရပ် အမှန်အတိုင်းဖြစ်ပါသည်။ ဇာတ်လိုက်ကြီး ကိုမောင်တင်လုခေါ် ဦးတင်လုမှာ ယနေ့တိုင် သက်ရှိထင်ရှားရှိပြီး တရားဘာဝနာနှင့် အေးဆေးစွာ နေထိုင်လျှက်ရှိပါသည်။

ဘစောနိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



# အလင်းရောင်၏စွမ်းအား Power Light



မီးဓာတ်သည် တောင်ဘက်အရပ်နှင့်ဆက်စပ်မှုရှိပြီး အားကောင်းသော ဓာတ်သဘာဝမျိုးဖြစ်သည်။ သို့သော် ၎င်းကို နည်းလမ်းရှိသမျှနှင့် ဖြတ်တောက်ထားရသည်။ မီးကို တရစပ် မရှိစေရ။ မီးကို ထိန်းသိမ်းမထားရ။ သို့ပေမယ့် မီးကို ဖန်တီးပေးရမည်။

မီးဓာတ်သဘာဝသည် အထက်သို့မြင့်တက်သော သဘာဝမျိုး ရှိသည်။ လူထုအတွင်း ထင်ပေါ်ကျော်ကြား၊ လူသိများကာ အောင်မြင်စေနိုင်သည်။ လူထုအတွင်း၌ တောက်ပြောင်ထူးချွန်စေနိုင်သည်။ သို့သော် ၎င်းကို ကောင်းစွာ ထိန်းသိမ်းပေးရမည်။

မီးဓာတ်လွန်ကဲလျှင် ကောင်းကျိုးမရှိတော့ဘဲ ဆိုးကျိုးဖြစ်ပေါ်စေနိုင်သည်။ မီးဓာတ်မှနေ၍ ကောင်းကျိုးရရှိခံစားရစေရန် နေအိမ်၏တောင်ဘက်အရပ်ထောင့်တွင် ထိန်းသိမ်းပေးရသည်။

နေအိမ်ရှိ အခန်းများသည် အလင်းရောင် ကောင်းစွာ ရစေရမည်။ ဆောင်းရာသီကာလအတွင်း မီးဓာတ်စွမ်းအင် အနည်းဆုံး ကာလတွင် အိမ်ရှိအခန်းများကို လင်းလင်းချင်းချင်း ထားရှိပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"သူက အေးကွာ . . တင်လုရာ၊ မိုးချုပ်ပြီးမှောင်ကာစမှာ တဝုန်းဝုန်းအသံကြားတော့ ငါ့က ကျွဲလူးနေတာပဲလို့ မှတ်တာကွ၊ နောက်နေ့မနက် သတင်းကြားမှ ငါလည်းအံ့သြရောဟေ့ တင်လုရေ"

"ဟုတ်တယ် ဦးကြီးရေ . . ဒီအပင်က ဦးကြီးလယ်ထဲမှာရှိတော့ ဦးကြီးအပင်ပေါ့။ သရဲက ဦးကြီးသရဲ မဟုတ်ပါဘူးနော်"

"ဟာကွာ . . တင်လုရာ၊ မင်းကတော့လုပ်ပြီ ကြံကြံဖန်ဖန်ကွာ"

"အဲဒါကြောင့် သစ်ကိုင်းတွေကိုချိုင်မလို့ ဦးကြီးကို ခွင့်တောင်းတာပါ"

"အေး . . ကြိုက်သလိုလုပ်ကွာ တင်လုရာဆိုတာနဲ့ ငါလည်း ကိုင်းမှန်သမျှ အခက်အရွက်ကုန်အောင် ရှင်းခုတ်ပြီး အပင်ကတုံးဖြစ်သွားတာပဲကွာ

အဲဒီညမှာပဲ ဦးကံသာရဲ့သမီး ခင်ရှိန်ကို သရဲကဝင်ပူးပြီး ပြောသတဲ့ . .

ငါက မစားရတာကြာလို့ ငတ်ငတ်နဲ့ အမဲသားစားချင်လွန်းလို့ ဝင်လုတာပါ။ ငါ့ကို မနင်ကြပါနဲ့ . . မနှိပ်စက်ကြပါနဲ့ဆိုပြီး သရဲငိုပြီးပြောတယ်လို့ ကြားရတာပါပဲကွာ"

"အေးဗျာ . . သဗ္ဗေသတ္တာ အဝေရာ ဟောန္တုပေါ့ဗျာ"

နာမည်ကအစ တကယ့်ဖြစ်ရပ် အမှန်အတိုင်းဖြစ်ပါသည်။ ဇာတ်လိုက်ကြီး ကိုမောင်တင်လုခေါ် ဦးတင်လုမှာ ယနေ့တိုင် သက်ရှိထင်ရှားရှိပြီး တရားဘာဝနာနှင့် အေးဆေးစွာ နေထိုင်လျက်ရှိပါသည်။

ဘစောနိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



# အလင်းရောင်၏စွမ်းအား Power Light



မီးဓာတ်သည် တောင်ဘက်အရပ်နှင့်ဆက်စပ်မှုရှိပြီး အားကောင်းသော ဓာတ်သဘာဝမျိုးဖြစ်သည်။ သို့သော် ၎င်းကို နည်းလမ်းရှိသမျှနှင့် ဖြတ်တောက်ထားရသည်။ မီးကို တရစပ် မရှိစေရ။ မီးကို ထိန်းသိမ်းမထားရ။ သို့ပေမယ့် မီးကို ဖန်တီးပေးရမည်။

မီးဓာတ်သဘာဝသည် အထက်သို့မြင့်တက်သော သဘာဝမျိုး ရှိသည်။ လူထုအတွင်း ထင်ပေါ်ကျော်ကြား၊ လူသိများကာ အောင်မြင်စေနိုင်သည်။ လူထုအတွင်း၌ တောက်ပြောင်ထူးချွန်စေနိုင်သည်။ သို့သော် ၎င်းကို ကောင်းစွာ ထိန်းသိမ်းပေးရမည်။


မီးဓာတ်လွန်ကဲလျှင် ကောင်းကျိုးမရှိတော့ဘဲ ဆိုးကျိုးဖြစ်ပေါ်စေနိုင်သည်။ မီးဓာတ်မှနေ၍ ကောင်းကျိုးရရှိခံစားရစေရန် နေအိမ်၏တောင်ဘက်အရပ်ထောင့်တွင် ထိန်းသိမ်းပေးရသည်။

နေအိမ်ရှိ အခန်းများသည် အလင်းရောင် ကောင်းစွာ ရစေရမည်။ ဆောင်းရာသီကာလအတွင်း မီးဓာတ်စွမ်းအင် အနည်းဆုံး ကာလတွင် အိမ်ရှိအခန်းများကို လင်းလင်းချင်းချင်း ထားရှိပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com





**အလင်းတိုင်စွမ်းအား**

အလင်းတိုင် (ဖယောင်းတိုင်)များသည် တောင်ဘက်အရပ်ထောင့်အတွက် စွမ်းအား တိုးတက်စေနိုင်သည်။ သို့သော် သတိထား၍ အသုံးပြုရမည်။ မီးတောက်သည် ယန်စွမ်းအား ပြင်းထန်လွန်းပြီး ထိန်းသိမ်းရခက်၍ ဖြစ်သည်။

တချို့သောကိစ္စများတွင် တောင်ဘက်အရပ်ထောင့်၊ ထိခိုက်ညှိုးဖျင်းမှု ဖြစ်ပေါ်နေပါက၊ ဆိုလိုသည်မှာ တောင်ဘက်အရပ်တွင် အိမ်သာတည်ရှိနေခြင်းနှင့် နှစ်ကာလအပြောင်းအလဲအရ နက္ခတ်မသင့်ပါက ၎င်းအရပ်ထောင့်တွင် မီးဓာတ်ကို အားမဖြည့်ပေးသင့်ပါ။

**တောင်ဘက်အရပ်ထောင့် ထိခိုက်ခြင်း**

တချို့သောနှစ်များတွင်မူ တောင်ဘက်အရပ်ထောင့် ထိခိုက်ခြင်းမျိုးလည်း ဖြစ်တတ်၏။ ဤကား မီးဓာတ်အလင်းရောင်ကို လျှော့ချမထား၍ ဖြစ်သည်။

ဥပမာ ၁၉၉၉ခုနှစ်တွင် ပျံသန်းနက္ခတ်စနစ်အရ အဝါရောင်ငါးမျိုး ပျံသန်းနက္ခတ် ကျရောက်ခဲ့သည်။ ၎င်းအတွက် ဆုံးရှုံးမှုကြီးများ၊ ဘဏ်အပ်ငွေကြေးပြဿနာပေါ်ခြင်း၊ ပြင်းထန်သောရောဂါဝေဒနာမျိုး ခံစားရခြင်းနှင့် ထိခိုက်ဒဏ်ရာဖြစ်ခြင်းများ ကြုံရတတ်ပါသည်။

ဤအခါမျိုးတွင် နေအိမ်၏တောင်ဘက်အရပ်ရှိ အလင်းရောင်ပေးသည့် မီးသီး၊ မီးချောင်းခလုတ်များအားလုံးကို ပိတ်ထားပေးရသည်။ အလင်းရောင် လျှော့ချသည်လောက်မျှနှင့် မလုံလောက်သေးပေ။ သို့မှသာ အဝါရောင်ငါးမျိုး နက္ခတ်၏ လှုပ်ရှားမှုကို ထိန်း



www.burmeseclassic.com

www.burmeseclassic.com


ချပ်ပေးနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ဂှင်းအဝါရောင် ငါးမျိုးနက္ခတ်သည် မြေဓာတ်ကို ထိခိုက်စေပြီး မီးဓာတ်ကို ထကြွအားကောင်းစေ၍ ဖြစ်ပါသည်။ သို့သော် ဂှင်းအချက်ကို ပုံသေ မသတ်မှတ်သင့်ပါ။

ကာလ၊ ဒေသ၊ ပယောဂ ဆိုတဲ့ ပြောင်းလဲသော နှစ်အလိုက် အကျိုးသက်ရောက်မှုနှင့် နက္ခတ်သဘာဝ ပြောင်းလဲသွားသတ်၍ ဖြစ်ပါသည်။

(၁၉၉၉)ခုနှစ်တွင် နာမည်ကျော် ဟောင်ကောင်မှ ပရိဘောဂကုမ္ပဏီကြီးတစ်ခုသည် ဂှင်းပြဿနာမျိုး ကြုံခဲ့ရသည်။ ကုမ္ပဏီကြီးတစ်ခုသည် ဂှင်းပြဿနာမျိုး ကြုံခဲ့ရသည်။ ကုမ္ပဏီ၏ ဝင်ပေါက်မှာ တောင်ဘက်တွင်ရှိ၍ ဝင်ပေါက်ဝရှိ မီးအလင်းရောင်ပေးထားခြင်းကို ပိတ်ထားရန် သတိမေ့နေခဲ့သောကြောင့် အကြီးအကျယ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ဖူးပါသည်။

သတိပေးလိုသည်မှာ မီးဓာတ်သည် တက်ကြွခြင်း၊ ရှင်သန်ခြင်း၊ လျှင်မြန်စွာ တိုးတက်ခြင်းတို့ကို ပေးသော်လည်း သတိဖြင့် အသုံးပြုရမည့်အရာများ ဖြစ်ပါသည်။

(၂၀၁၇)ခုနှစ်တွင် တောင်ဘက်အရပ်မှ မီးသီး၊ မီးချောင်း၊ မီးလုံး၊ မီးအိမ်များကို အလင်းရောင် လုံလောက်စွာရအောင် ထွန်းညှိပေးရပါမည်။ (၂၀၁၈)ခုနှစ်တွင်ကား တောင်ဘက်အရပ်ရှိ မီးခလုတ်များအားလုံးကို ပိတ်ထားရပါမည်။

စိုးမိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးအောင် (သန်လျင်)

# အမျှဝေပါ ဝိညာဉ်ရှာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အတိတ်မှ ကံအကြောင်းတရားသာ ဖြစ်သည်။

ငင်းတို့၏ အစားအစာများသည် သဘာဝအားဖြင့် ဖြစ်ပေါ် နေသော ကျောက်မှော်၊ ကျောက်ပွင့်၊ ကျောက်သဲ၊ ကျောက်ဝမ်း ကျောက်နှစ်တို့ဖြစ်သည်။ လွန်စွာမှ အရသာရှိသည်ဟု ဆိုသည်။ ထူးကဲသော အရသာရှိသည်ဟု ဆို၏ ။

အရောင်သည် အဖြူ၊ အနီ၊ အညို၊ အစိမ်း၊ အဝါ၊ အပြာ ရောင်စုံလေးများ ဖြစ်သည်။ ကျောက်ကျောတုံးလေးများနှင့် တူ သည်ဟု ဆိုသည်။ ကြည့်၍ ကောင်းသည်။ စားလို့ကောင်း ကောင်း၊ အထူးချက်စရာ မလို။ အဆင်သင့်စားလိုက်ရုံမျှပင် စား လိုက်သည်နှင့် အာဟာရပြည့်ဝသွားသည်ဟု ဆိုသည်။

ဝိညာဉ်တို့၏မျက်နှာများသည် လူတို့အတိုင်းပင် ဖြစ်၏။ မှတ်ညီကြ၊ ကွဲပြားခြားနားကြသည်။ အသားအရေသည် ပွစိစိ၊ ရောင်းရောင်း၊ မျက်နှာတို့သည် ပွစိစိဖြင့် အက်ကွဲနေပြီး ဖောသွပ် နေသော ပုံစံ၊ လွန်စွာမှ ဖောသွပ်နေသည့်ဟန် ရှိ၏ ။

ဝတ်ဆင်သောအဝတ်သည် တစ်ပုံစံတည်း တစ်ရောင် တည်းသာ ဖြစ်၏ ။ အဖြူရောင်ဝတ်စုံများသာ ဖြစ်ကြသည်။ အဖြူ ရောင်လက်ရှည် အင်္ကျီပွပွ၊ အဖြူရောင်ဘောင်းဘီရှည် ပွပွ၊ ပိတ် သားဖြစ်ဟန် မတူ။ ပိုးသားနုနုလေး ဖြစ်ဟန်ရှိ၏ ။ အကြောင်း အကျား၊ အကွက်အဆင်း မရှိ။ အဖြူရောင်သက်သက်မျှသာ။

အချို့ဆိုလျှင် အဝတ်ဝတ်ဆင်ထားခြင်း မရှိ။ အရှက်ဖုံး မျှသာ ဖုံးကွယ်ထားကြ၏ ။

ကြည်လင်နေသော ပင်လယ်ရေပြင်ကျယ်ကြီး၏ ရေထဲ တွင် ဝိညာဉ်သားတို့သည် ဥဒဟိုသွားလာနေကြသည်။ သွားလာ နေကြသော်လည်း ရေသည် ဝိညာဉ်သားတို့ကို မစို၊ စိုစွတ်ခြင်း မရှိ အံ့ဩစရာ ကောင်းလွန်းပါဘိ။

နေရောင်၏အလင်းရောင်သည် ရေပြင်ပေါ်၌ ဖြာကျနေ ၏ ။ အောက်ခြေဖြစ်သော ရေပြင်၏ အနက်ဆုံးကြမ်းပြင်၌လည်း တောက်ပသော အလင်းရောင်သည် သဘာဝအတိုင်း ဖြစ်ပေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



၏ ။ ပင်လယ်ရေပြင်ပေါ်၌ သွားလာနေကြသော နိုင်ငံရပ်ခြား သင်္ဘောကြီးငယ်များမှ အချို့အချို့သည် သဘာဝမုန်တိုင်းဒဏ် ကြောင့် နိုင်ငံခြားသင်္ဘောကြီးသည် တိမ်းမှောက်ပြီး ဤပင်လယ် ပြင်ဖြစ်သော ရေပြင်ကျယ်ကြီး၏အောက်ဆုံးသို့ စုန်းစုန်းမြုပ်ကြ ရသည်။

သင်္ဘောကြီးမြုပ်သည်နှင့် သင်္ဘောကြီးပေါ်တွင်ပါလာကြ သော ခရီးသည်အားလုံး(လူသား)အားလုံးတို့သည်လည်း "ဤ ရေအောက်ကမ္ဘာ"သို့ ရောက်ရှိကြရပြီး "ဝိညာဉ်ရွာ"ကြီး၌ ဝိညာဉ် များအဖြစ် နေကြရတော့သည်။

❖

ဤပင်လယ်ရေပြင်ကျယ်ကြီး၌ အပျော်စီး နိုင်ငံခြား သင်္ဘောကြီး ခုတ်မောင်းလာသည်။ သင်္ဘောကြီးပေါ်၌ နိုင်ငံခြား သားပေါင်းစုံ ပါရှိသည်။ လူမျိုးပေါင်းစုံ ပါဝင်သည်။

သည်အထဲတွင် မြန်မာပြည်ဖွား၊ မြန်မာပြည်သားဖြစ်သူ အသက်(၂၇)နှစ် အရွယ်မျှသာရှိသော "ရာဇလင်း"အမည်ရှိ ခေတ် ပညာတတ် ဆရာဝန်တစ်ယောက်နှင့်အတူ ခေတ်ပညာတတ် ဆရာဝန်မလေး"နှင်းပပဖြူ"လည်း ပါရှိသည်။ အသက်သည်(၂၄) နှစ်မျှသာ ရှိသေး၏ ။

၎င်းတို့နှစ်ယောက်သည် လက်ထပ်ပြီးခါစ အသစ်စက် စက်တော် ကြင်စဦးဇနီးမောင်နှံဖြစ်သည်။ သူတို့နှစ်ယောက်သည်ကား အဖြစ်ဆိုးလှ၏ ။ ရင်နှင့်ဖွယ်ရာ၊ ကြေကွဲဖွယ်ရာလည်း ကောင်းလှ ၏ ။

နိုင်ငံခြား အပျော်စီးသင်္ဘောကြီးဖြင့် အပျော်ခရီးထွက်ခဲ့ ရာမှ မုန်တိုင်းဒဏ်ခံကြရပြီး သင်္ဘောကြီးတိမ်းမှောက်သွားခဲ့ရာမှ အပျော်စီးလာကြသော အပျော်သမားအားလုံးတို့သည် မပျော်နိုင် ကြတော့ဘဲ ကယ်ပါ ယူပါ တစာစာ အော်ဟစ်ရင်းဖြင့် "ရေအောက် ကမ္ဘာ"သို့ ရောက်ရှိကြရရှာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





သင်္ဘောကြီးတစ်စီးလုံး "ရေအောက်ကမ္ဘာ"သို့ မြုပ်သည် နည်းတူ သင်္ဘောကြီးပေါ်တွင် ပါ လာကြသော အပျော်ခရီးသည် အားလုံးတို့သည်လည်း "ရေ အောက်ကမ္ဘာ"သို့ ရောက်ရှိကြ ရပြီး "ရေအောက်ကမ္ဘာ"ရှိ ဝိညာဉ် ရွာကြီး၌ ဝိညာဉ်များအဖြစ် နေကြ ပါတော့သည်။

❖

ရာဇာလင်းနှင့် နှင်းပပြ တို့သည် ဆုတောင်းကောင်းခဲ့ကြသည်လား မပြောတတ်။ ကြ ဖြစ်လျှင် တစ်ကျင်းထဲ၊ ဝက်ဖြစ်လျှင် တစ်ကျင်းထဲ၊ ငှက်ဖြစ်လျှ တစ်ကိုင်းထဲ နားရပါလို၏ဟု ဆုတောင်းခဲ့ကြသည်ထင်၏ ။ အ တစ်ဂူထဲမှာ နှစ်ယောက်အတူ နေကြရသည်။

ရွှေရောင်၊ ငွေရောင်တောက်နေသော လွန်စွာမှ လှသော ငါးအကြီးကြီးများကို တွေ့ရ၏ ။ ဝိညာဉ်တစ်ကိုယ်စာမျှရှိသော သည့်ထက်ကြီးလွန်းသော ငါး၊ ငါးမန်းကြီးများကိုလည်း တွေ့ရ သည်။ ခြေ၊ လက် အများကြီးပါသော ရေဘဝဲကြီးများကိုလည်း မြ ရသည်။ သည်ကြားထဲ အမျိုးအမည်မသိသော ငါးကြီးကြီးများ လည်း တွေ့မြင်ရ၏ ။

တစ်ခါတရံတွင် မုတ်ကောင်ကြီးများကို တွေ့ရ၏ ။ ၎င်း မုတ်ကောင်ကြီးများသည် နိုင်ငံတော်အတွက် အသုံးဝင်သည် ဆိုသည်။ ၎င်းမုတ်ကောင်မှ ပုလဲရတနာသည် လူသားတို အတွက် တန်ဖိုးထိုက်တန်သော ရတနာတစ်ပါးဖြစ်၏ ။ ထို့ပြ နိုင်ငံတော်အတွက် အများကြီး အကျိုးပြုသည်။

တွေ့သည်၊ မြင်သည်ဟုဆိုရာ၌ ဝိညာဉ်များနေထိုင်



www.burmeseclassic.com

www.burmeseclassic.com



"ဝိညာဉ်"ရွာကြီး၏ ပရဝုဏ်အတွင်း၌ မဟုတ်။ ရွာကြီး၏ အပြင်ဘက်ဖြစ်သော ရေပြင်၌ အောက်ဆုံးကြမ်းပြင်တွင် သွားလာလှုပ်ရှားနေကြခြင်းသာ ဖြစ်သည်။ ကြည့်၍ အလွန်ကောင်းသည်။

လူ့ပြည်လူ့ရွာတွင် လူ့စည်းကမ်းရှိသည့်နည်းတူ ဝိညာဉ်ရွာကြီးတွင်လည်း ဝိညာဉ်တို့အတွက် စည်းကမ်းထားရှိသည်။ ဝိညာဉ်တို့၏ အကြီးအကဲဖြစ်သူ ဝိညာဉ်ခေါင်းဆောင်တို့ သတ်မှတ်ထားသည့် ကြီးလေးသော စည်းကမ်းများကို ဝိညာဉ်သားတိုင်း လိုက်နာကြရသည်။

သွားသင့်၊ လာသင့်သောနေရာများသို့ သွား၍ လာ၍ သတ်မှတ်ထားသည့်နေရာများ၌သာ နေကြရသည်။ စည်းကျော်ခြင်း၊ ဘောင်ကျော်ခြင်း မပြုရ။ "ရေအောက်ကမ္ဘာ"ရှိ ဝိညာဉ်ရွာမှ ဝိညာဉ်သားအားလုံးတို့သည် အတိတ်ဘဝ၏ကံအကြောင်းကြောင့် ဖြစ်လာရသည့် အကြောင်းဆက်၊ အကျိုးဆက်ပင်ဖြစ်သည်။

သက်ဆိုင်သူ မိဘဆွေမျိုးများ၏ ပြုကြသော ကုသိုလ်ကောင်းမှု၏ အမျှပေးဝေမှုကို ဝိညာဉ်များ၏ အကြီးအကဲများမှ ယူဆောင်လာခဲ့လျှင် ဝိညာဉ်သားအားလုံး သာဓုခေါ်ခွင့်ရှိကြသည်။ မိမိပြုခဲ့သည့် ကုသိုလ်ကောင်းမှုအပေါ် မူတည်၍ သည်ဘုံ၊ သည်ဝိညာဉ်လောကမှ လွတ်မြောက်ခွင့်ရှိသည်။

သည်အချက်သည်ပင် ဝိညာဉ်သားအားလုံးအတွက် အထူးလိုလားတောင့်တနေသော ဝမ်းမြောက်ဝမ်းသာစရာ အချက်ပင်ဖြစ်ပါတော့သည်။

❖

ရာဇာလင်းသည် လူ့လောက၊ လူ့ပြည်၊ လူ့ရွာတွင် နေစဉ်ကာလ၌ အများအကျိုးဆောင်ရွက်သော "ပရဟိတ"လုပ်ငန်းများကို တစ်ဦးတည်းသော်လည်းကောင်း၊ အဖွဲ့အစည်း အသင်းဖြင့်သော်လည်းကောင်း၊ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သည်။

မျက်မမြင်ကျောင်း၊ ဆွံ့အနားမကြားကျောင်း၊ မိဘမဲ့



www.burmeseclassic.com

www.burmeseclassic.com


ကလေးများကျောင်း၊ ဘိုးဘွားရိပ်သာ၊ နာရေးကူညီမှုအသင်းများ သို့ တစ်ဦးတစ်ယောက်တည်းအနေဖြင့် တစ်မျိုး၊ အဖွဲ့အသင်းဖြင့် တစ်ဖုံ လှူဒါန်းခဲ့သည်။

သဘာဝဘေးဒဏ်ခံကြုံရရှာသော လေဘေး၊ ရေဘေး၊ မီး ဘေးနှင့် စစ်ဘေးဒုက္ခသည်များကို အဖွဲ့အသင်းဖြင့် ငွေအားဖြင့် တစ်မျိုး၊ လုပ်အားဒါနဖြင့် တစ်သွယ် ပါဝင်ကူညီပြီး စွမ်းစွမ်းတမံ ကြိုးစား၊ ပမ်းစား ဆောင်ရွက်ခဲ့၏ ။ ကုသိုလ်ဒါနပြုခဲ့သည်။

သာသနာ့ဘောင်ဝင်၍ ရဟန်းဝတ်ခဲ့စဉ်ကလည်း ရက် ပေါင်း(၉၀)၊ သုံးလတိတိဝတ်ခဲ့ပြီး သမထ၊ ဝိပဿနာတရားများကို ရှုမှတ်ပွားများ ကျင့်ကြံအားထုတ်ခဲ့ဖူးသည်။

ဆိုတော့ကာ လှူ့ပြည်လှူ့ရွာမှ မိဘနှစ်ပါး ပြုလုပ်ပေး သော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂ အမျှပေးဝေမှုကို ရာဇာလင်း ရရှိပါတော့သည်။ ရာဇာလင်း နာမည်တပ်၍ အမျှပေးဝေသံသည် ရာဇာလင်းအတွက် ကြက်သီးမွေးညှင်းထမတတ် ဖြစ်ခဲ့ရပြီး ဝမ်း မြောက်ဝမ်းသာစွာဖြင့် ရာဇာလင်းသည် သာဓု(၃)ကြိမ်၊ (၃)ခါ ခေါ် မိပါတော့သည်။

တစ်ကြိမ်တစ်ခါတည်းနှင့်ပင် ရာဇာလင်းသည် ပြင်ပကမ္ဘာ ဖြစ်သော အခြားဘုံသို့ ရောက်ရှိသွားလေတော့၏ ။ အဆင့်မြင့်သော ဘုံ၊ အထက်ဘုံ၊ ရွှေရောင်ငွေရောင် တပြောင်ပြောင်နှင့်။

ရွှေအဆင်း၊ ငွေအဆင်းတဝင်းဝင်းနှင့် ရှိနေသောဘုံ နတ်ကောင်းနတ်မြတ်တို့၏ဘုံ၊ နတ်ပြည်နတ်နန်းတွင် နတ်သမီး အပါး ငါးရာဖြင့် စံမြန်းခါနေလေတော့သည်။

ကျန်ရစ်သူ နင်းပပဖြူသည် သနားစရာ။ တစ်ဦးတည်း တစ်ယောက်တည်း ဝိညာဉ်ဘဝ၌ပင် ရှိနေသေး၏ ။ အဖော်မရှိ အားကိုးရာမရှိ။

"ကိုလင်းကို သိပ်သတိရတာပဲကွယ်၊ နင်းပပတစ်ယောက် ထဲရယ်ပါ။ နင်းပပ အားငယ်မိတယ် ကိုလင်းရယ်။ ကိုလင်းလို လှူ့ဘုံလှူ့ရွာက သာဓုခေါ်နိုင်ရင် အကောင်းသား"


www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ နင်းပပ မိဘတွေက လှူ.ဘုံလှူ.ရှာကနေ ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေတဲ့ အသံကို မကြားရသေးတော့ နင်းပပ သာဓု မခေါ်နိုင်သေးဘူးလေ။ ဝိညာဉ်ဘဝမှာ ဘယ်ထိအောင်များ နေရဦးမလဲ မသိပါဘူးကွယ်"

မှန်သည်။ နင်းပပဖြူ ဝိညာဉ်ဘဝ၌ပင် ရှိနေသည်။ နင်းပပဖြူ မသေမီ လူ.ဘဝမှဖြစ်စဉ်အချို့ကို ကွက်ကွက်ကွင်းကွင်း မြင်နေသလိုလို၊ သိနေသလိုလို၊ သတိရနေသလိုလို။

အခမဲ့ဆေးခန်းတွင် လူနာများကို သနားကြင်နာခြင်း များဖြင့် ဆေးကုသပေးနေသည့် ပုံရိပ်များ။

ဆေးခန်းဖွင့်၍ ငွေကြေးယူပြီး ဆေးခန်းဖွင့်၊ ဆေးကုနေသော်လည်း မရှိနွမ်းပါးသူများကို ဈေးလျှော့ယူခြင်း၊ အခမဲ့ကုသပေးခြင်း၊ ရဟန်းသံဃာများကို ငွေမယူဘဲ အခမဲ့ကုသိုလ်ဖြစ်ကုသပေးခဲ့သည့် ပုံရိပ်တို့သည် တီဗီဖန်သားပြင်ပေါ်တွင် မြင်တွေ့ရသလို၊ နင်းပပဖြူ၏ ဖြစ်စဉ်များကို နင်းပပဖြူတစ်ဖြစ်လဲ ဝိညာဉ်ကိုယ်တိုင် မြင်တွေ့နေရသည်။ အံ့ဩစရာတော့ အကောင်းသား။

မိဘများ ပြုလုပ်လှူဒါန်းသော အလှူပွဲကြီးတွင် သိမ်ဝင်ပြီးထွက်လာကြသော ရဟန်းအပါး(၉၀)ကို နင်းပပဖြူကိုယ်တိုင် သိမ်ဆွမ်းလောင်းလှူခဲ့သည့် ပုံရိပ်တို့သည်လည်း ပီပီပြင်ပြင်၊ ကြည်ကြည်ထင်လင် မြင်နေရ၏ ။

ဝါဆိုလပြည့်နေ့ကြီးတွင် သံဃာ(၉)ပါးကို တစ်ပါးစီဖြင့် ဝါဆိုသင်္ကန်း(၉)စုံကို နင်းပပဖြူကိုယ်တိုင် ဆပ်ကပ်လှူဒါန်းခဲ့သည့်ပုံရိပ်သည်လည်း ထင်ထင်ရှားရှား။ မကြာလိုက်ပါ။

ဝိညာဉ်အကြီးအကဲများ ယူဆောင်လာသော နင်းပပဖြူ၏ မိဘများပြုလုပ်လှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှု၏ အမျှပေးဝေမှုကို နင်းပပဖြူတစ်ဖြစ်လဲ ဝိညာဉ်ကိုယ်တိုင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုမှုပင် နင်းပပဖြူဝိညာဉ်ဘုံမှပင် လွတ်မြောက်ခဲ့ရလေ၏ ။

ခင်ပွန်းဖြစ်သူ စံမြန်းရာဘုံ၊ အထက်ဘုံ၊ အလက်နန်းတွင်

www.burmeseclassic.com

www.burmeseclassic.com


ရာဇာလင်းနှင့်အတူ နင်းပပဖြူသည် နတ်သမီးကြီးအဖြစ်နှင့် ပျော်ရွှင်စွာ စံမြန်းကာနေလေတော့သည်။

သည်အချက်သည်ပင် လူ့ဘဝ၊ လူ့ပြည်လူ့ရွာတွင် ပြု ဖူးသော ကုသိုလ်ကောင်းမှု၏ စေတနာ၊ သဒ္ဓါတရားတို့၏ အရှိန် အဝါစွမ်းအားများကြောင့်သာလျှင် သည်သို့ အထက်ဘုံ၊ အထက် နန်းတွင် စံမြန်းရခြင်း ဖြစ်ပေသည်။

လူ့ဘဝတွင် လူ့စည်းစိမ်နှင့်နေခဲ့ရသလို၊ နတ်ဖြစ်တော့ လည်း နတ်စည်းစိမ်ဖြင့် နေကြရသည်မှာ စေတနာ၊ မေတ္တာ၊ သဒ္ဓါ တရားတို့ပင် ဖြစ်ပါသည်။

"ချီးတွင်းထဲက လောက်၊ ချီးတွင်းထဲမှာပဲ ပျော်သည်" ဆိုရိုး စကား ရှိသည်။ မှန်၏ ။ ကိုယ်ဖြစ်ရာဘဝ၊ ကိုယ်ကျရာဘုံမှာ ပျော် နေကြသူတွေချည်းပါပဲ။ ခုလည်းကြည့် . . ရေအောက်ကမ္ဘာရှိ ဝိညာဉ်ရွာမှ ဝိညာဉ်သူ၊ ဝိညာဉ်သားအားလုံးတို့သည် သူတို့ဘဝ နှင့် သူတို့ပျော်နေကြသည် မဟုတ်ပါလား။

ကုသိုလ်ထုပ် ကြီးကြီးပိုက်ထားသူ၊ ကုသိုလ်များသူတို့ သည် ရောက်ရာဘဝ၊ ရောက်ရာဘုံတွင် အကောင်းဆုံး၊ အမြတ်ဆုံး အထက်ဘုံ၊ အထက်နန်းသို့ တက်လှမ်းရ၏ ။ ရောက်ကြရ၏ ။

ကုသိုလ်ထုပ်သေးသူ၊ ကုသိုလ်နည်းသူတို့သည်ကား ထိုက်တန်ရာဘုံ၊ အလတ်စားဘုံ၊ အလတ်စားနန်းသို့ တက်လှမ်းရ ၏ ။ ကုသိုလ်ထုပ် အကြီးအသေး၊ အနည်းအများကိုလိုက်၍ ဖြစ် လေရာဘဝ၊ ဖြစ်လေရာဘုံတွင် ထိုက်တန်သော ဘုံအဆင့်သို့သာ ရောက်ရှိကြရသည် မဟုတ်ပါလော။

ကုသိုလ်ထုပ်မပါသော ဘာတစ်ခုမျှ ကုသိုလ်မပြုခဲ့သော အကုသိုလ်ကြီးမားသော သူတို့သည်ကား သူတို့နှင့် မထိုက်တန် သော မကောင်းသောဘုံသို့သာ သက်ဆင်းကြရတော့မည် ရာနှုန်းပြည့် သေချာနေပါတော့သည်။

ပို၍ဆိုးသည်မှာ လူ့ပြည်လူ့ရွာတွင် ကောင်းမှုပြုခဲ့ခြင်း မရှိခဲ့သော ယခု ကောင်းမှုပြုခွင့်မရကြရှာသော ရေအောက်ကမ္ဘာ


www.burmeseclassic.com

www.burmeseclassic.com



ရှိ ဝိညာဉ်ရှာမှ ဝိညာဉ်သားအားလုံးတို့သည် လူ့ပြည်လူ့ရွာမှ ကောင်းမှုကုသိုလ်၏ အဖို့ဘာဂ၊ အမျှပေးဝေမှု၊ အမျှပေးဝေသံကို အမှန်တကယ် အားထားရာ၊ အားကိုးရာ၊ မှီခိုရာ၊ ဆောက်တည်ရာ ဖြစ်တော့သည်။

ဎင်းအမျှဝေသံများကို ဝိညာဉ်ရှာမှ ဝိညာဉ်ဘုံသား အားလုံး အားလုံးတို့သည် လွန်စွာမှ မျှော်လင့် တောင့်တနေကြသည်မှာ အမှန်။ သံသရာတစ်လျှောက် သုံးဆယ့်တစ်ဘုံ၊ ဘဝမျိုးစုံ၌ ကျင်လည်ကြကုန်သော လူ့ဘဝသည်ကား ရလဲလှုပါဘိခြင်း။

ရခဲလှသော လူ့ဘဝသည် မြတ်၏။ ထူး၏။ ဤသို့ ထူးခြား နှင့်မြတ်လှသော လူ့ဘဝမှ လူသားအားလုံး၊ အားလုံးတို့သည် ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်ကို ပြုလုပ်ခွင့်ရှိကြ၏။

ကောင်းမှုကုသိုလ်ပြုသည်ဟု ဆိုရာ၌ အကောင်းဆုံး တရား၊ တရားထူး တရားမြတ်၊ အကျင့်ထူး အကျင့်မြတ်ဖြစ်သော နိဗ္ဗာန်ရောက်ကြောင်းတရားဖြစ်သည့် ဝိပဿနာ၊ ကမ္မဋ္ဌာန်းတရား ကို ကြိုးစား ကျင့်ကြံ ပွားများ အားထုတ်သင့်ပါသည်။ ကြိုးစား ကျင့်ကြံ ပွားများ အားထုတ်ပြီး ပြုပြုသမျှသော ကုသိုလ်ကောင်းမှု အစုစု၏အဖို့ဘာဂကို အမျှပေးဝေကြရမည်ဖြစ်၏ ။

မရရှိကြသေးသော ရေအောက်ကမ္ဘာရှိ ဝိညာဉ်တို့ ပျော်ရာ ဝိညာဉ်ရှာမှာ ဝိညာဉ်ဘုံသားအားလုံးတို့သည် အများနည်းတူ ညီမှန်း၍ ပေးဝေသောအခါ အမျှကို ပြည့်ပြည့်ဝဝရရှိကြပြီး သာဓု သုံးကြိမ်ခေါ်ဆိုနိုင်ခွင့်ရှိပြီ ဆိုပါလျှင် . . ။

သုခိအတ္တာနံ ပရိဟရန္တု
မောင်လေးအောင် (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



သန်လျင်မောင်ကျော်ခဲ

# ကတိသစ္စာ

www.burmeseclassic.com

www.burmeseclassic.com





။

"နပဲကွင်းပိုင်ကြီး ခင်ဗျား..
ကွင်းပိုင်ကြီးကို လက်ဖက်နှင့်
တင်မြှောက်ပါတယ်။
တပည့်အား
သုံးလုံးဂဏန်း အိပ်မက်ပေးပါ။
ချဲထီပေါက်လျှင် နပဲကွင်းပိုင်ကြီးကို
ကြက်၊ အရက်နဲ့ လာမြှောက်ပါမယ်။

(၁)

ဆိုရိုးစကားရှိသည်။

"မင်းမှာ သစ္စာ၊ လူမှာ ကတိ"တဲ့။

ကတိသစ္စာတည်သောအခါ နွယ်၊ မြက်၊ သစ်ပင် ဆေးဖက်ဝင်ပြန်သတဲ့။ ဟိုးရှေးအတေအတီထဲက ရှိခဲ့သည့် စကား။ ယခုမျက်မှောက်အထိ သုံးစွဲပြောဆိုနေကြသည်။

ကတိမတည်၍ ဘဝပျက်ခဲ့သည့်သူတစ်ယောက်ရှိသည်။ သူကတော့ သပြေစမ်းရွာက လှမောင်။ အဖေအို၊ အမေအိုနှင့် နေထိုင်သည်။ အသက်(၄၀)မှ သူ့ကိုမွေးတာ။ "နွားအို နောက်ကျသား"လို့ တချို့က ခေါ်သေးတယ်။

မိဘလက်ငုတ်လယ်လေးကို အရွယ်ရောက်ပေမယ့် မလုပ်ချင်၊ လူငှားနဲ့ လုပ်ရသည်။ ပညာရေးကြတော့လည်း မကြိုးစား။ ကကြီးရေက.က မတတ်။ အရွယ်ရောက်လာတော့ လယ်ယာ ပြန်စားရေးအလုပ်ပေါ့။

မိုးလင်းထွက်၊ စားချိန်ပြန်၊ တစ်ရေးအိပ်၊ ရွာထဲပြန်ထွက်။

www.burmeseclassic.com

www.burmeseclassic.com



ည(၉)နာရီ (၁၀)နာရီမှပြန်လာ၊ မိဘကို နည်းနည်းမှမငဲ့။ ဘယ်လို ပြောရမလဲ . . ဆန်ကုန်မြေလေး အစားထဲက . . ခြေလက်ကို စား ဖို့ကလွဲ၍ မမြှောက်ချင်၊ အပင်ပန်းမခံချင်သူ။

မိဘစုဆောင်းထားတာလေးတွေ ထိုင်စား၊ အလုပ်လုပ်ဖို့ ချားပြောရင် –

"အဖေရယ် . . ခုလည်း ထမင်းစားနေရတာပဲ။ သားက ဒီက လယ်အလုပ်၊ ယာအလုပ်မလုပ်ချင်ဘူး"

"ဒါဆိုမင်းက ဘာလုပ်ချင်တာလဲကွ"

"ဟိုလေ အဖေရာ . . ကိုယ်ပိုင်ကားလေးစီးပြီး ငွေပေါပေါ နဲ့ အလုပ်လုပ်ချင်တာ"

"ငါ ထရိုက်လိုက်ရ။ ပညာသင်ပေးတော့ တတ်အောင် မသင်၊ လုပ်ချင်တာက ငါမပြောချင်ဘူး။ တကယ်ပဲ . . မအေကြီး၊ မင်းသားက ခေတ်သစ်ကုဋ္ဌေလေးဆယ်၊ သူဌေးသားဖြစ်နေပြီ။ အဲ့ဒါတွေ မင်းကြောင့်ဖြစ်တာ မအေကြီး။ သားကိုပြောရင် မင်းက ရှေ့က ကာဆီး၊ ကာဆီးနဲ့"

ဦးစိန်သောင်း၊ သားကိုပြောရင်း ဇနီးဖြစ်သူ ဒေါ်ဌေးကိုပါ ပြောလိုက်သည်။ ဦးစိန်သောင်းပြောသည်မှာ မမှားပေ။ အသက် ကြီးမှရသည့် သားလေးကို နှစ်ဦးစလုံးက အချစ်ပိုကြသည်။ သူတို့ အတွက် အနာဂတ်၊ ကယ်တင်ရှင်လေးပေါ့။ သူတို့အသက်ကြီးလာ ရင် သားလေးက သူတို့အားကိုးရာ တောင်ဝှေးလေးဖြစ်မှာလို့ လင် မယားနှစ်ယောက် ယုံကြည်ထားကြသည်။

လူမောင် သည်လိုဖြစ်တာ၊ ဒေါ်ဌေးတာဝန်မကင်း။ သား လေးကို အလိုလိုက်၊ အကြိုက်ဆောင်သည်။ အလုပ်ခိုင်းဖို့ ဝေလာ ဝေး။ နေပူမှာစိုး၊ ပင်ပန်းမှာ မကြည့်ရက်၊ ခု အသက်နှစ်ဆယ် ကျော်လာပြီ။ အချိုးက မပြောင်း။ ကိုယ့်ခါးကဝတ်သည့် လုံချည် တောင် မလျှော်ချင်။ အမေက လျှော်ပေးရသည်။

ဟိုဟာ စားချင်၊ သည်ဟာ ချက်ပါဆိုတာကလည်း တစ် မျိုး၊ ဒေါ်ဌေးက အကုန်လုပ်ပေးသည်။ တောင်းသမျှငွေ၊ ဖအေ

www.burmeseclassic.com

www.burmeseclassic.com


ကြီးသိတာ ရှိသလို၊ မသိတာတွေက များသည်။ ရှာရှိးကိုးပေါက် လျှောက်တော့ အပေါင်းအသင်း စုံသည်။

လုမောင်က ငွေစရှင်တော့ မိတ်များသည်။ အားလုံး "သာ ပေါင်း ညာစား"သမားတွေ။ မြှောက်ပေးကြတယ်။ စာမတတ်၊ ပေ မတတ် လုမောင်ကလည်း မြှောက်ပေးရင် ဟိုဟာတက်အောင် ကတဲ့ အကောင်။

ခုဆို လုမောင် ပညာစုံတတ်နေပြီ။ ဆေးလိပ်၊ ကွမ်း အရက်၊ ဘယ်ဘက်က စမ်းစမ်း၊ လုမောင်တို့က အဆင်သင့်ပဲ။ ဟို စကားလိုပေါ့။ "လုပ်လိုက်လေ . . ကြာသလားလို့"။ အဲဒီလို လူမျိုး က နောက်ထပ် ပညာတိုးလာသေးတယ်။ ဖဲလေးရယ်၊ နှစ်လုံး၊ သုံး လုံး၊ ချဲလေးပါ လုပ်တတ်နေပြီ။

သည်တော့ ဦးစိန်သောင်း၊ ဒေါ်မြွေးတို့ ငွေထုပ်၊ အတွင်း ပစ္စည်းတွေ ခေါင်းလှုပ်လာပြီပေါ့။ ဒီသာပါမောက္ခဆရာကြီးတွေက အရက်ဆိုင်မှာ လုမောင်ကို လက်ချာပေးတယ်။ လုပ်ပုံလုပ်နည်း အနီးကပ် သင်ကြားပေးသည်။ ဒီလိုနဲ့ နေကြလာရာ . .

(၂)

သည်နေ့မှ ဆိုက်ဆိုက်မြိုက်မြိုက် မသွားဘူးတဲ့ ရှာဦး ကျောင်းဘက်ကို ရောက်သွားတယ်။ ဒါကလည်း တရားကိစ္စ မဟုတ်၊ ကျောင်းနောက် ဝါးတောထဲမှာ ချိုးငှက်ပစ်ဖို့သာ ကျောင်း ခြံစည်းရိုးနံဘေးမှ အသာကပ်၍ ကျောင်းနောက်သို့ အရောက်သွား လိုက်သည်။

ကန်မြောက်ဘက် နပဲပင်ကြီးအောက်မှာ ဦးမြမင်းတို့ လင် မယားကို တွေ့လိုက်သည်။ အရက်နှင့်ကြက်သားဟင်းတွေနဲ့ နပဲ ပင်ခြေရင်းမှာ ပြင်ထားတယ်။ ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး ဦး မြမင်းမှ –

"နပဲပင်မှ ကွင်းပိုင်ကြီးခင်ဗျား . . သားတော်တို့အရက်နဲ့ ကြက်သားဟင်းနဲ့ တင်မြှောက်မပါတယ်။ သုံးဆောင်တော်မူပါ


www.burmeseclassic.com

www.burmeseclassic.com



ဆွေမြအောက် မဂ္ဂဇင်း

သခုလုပ်နေသော အလုပ်(၃)လအတွင်း အဆင်ပြေ၍ လုပ်ငန်း အောင်မြင်လျှင် နောက်တစ်ခါ အရက်၊ ကြက်နဲ့ တင်မြှောက်ပါ့မယ်လို့ ကတိပေးပါတယ်။ ကွင်းပိုင်ကြီး မစတော်မူပါ"

ဦးမြမင်းသည် နပဲပင်ကွင်းပိုင်ကြီးအား (၃)ကြိမ်၊ (၃)ခါ ဇာတိပြုတောင်းဆိုသည်ကို လှမောင် မျက်မြင်၊ ကိုယ်တွေ့ ကြားလိုက်ရသည်။ အတော်အံ့သြနေသည်။ သူ့အကြံတစ်ခု ရသွားသည်။

စာပညာ ဟုတ်တိပတ်တိ မတတ်ပေမယ့် ဖြတ်ထိုးဉာဏ်ဘာ အရှိသား။ ဦးမြမင်းတို့ အခြေအနေကို စောင့်ကြည့်မည်။ နောက် (၃)လပြည့်၍ ဦးမြမင်းတို့ ကွင်းပိုင်ကြီးကို လာကန်တော့ရင် ဟုတ်ပြီ . . အဲဒီအခါ သူလည်း တောင်းစရာရှိသည်။ တေးမှတ်ထားလိုက်သည်။

ကန်မြောက်ဘက်ရှိ နပဲပင်သည် ကွင်းပိုင်ကြီးနေသည်ဟု မြောက်ကွင်းတစ်ကွင်းလုံး ယုံကြည်ကြသည်။ သပြေစမ်းရွာသားများလည်း သည်နပဲပင်ကို ရိုသေကြသည်။ အကြောင်းမဲ့ အပင်အောက် မပြောနဲ့။ အပင် ပတ်ဝန်းကျင်နားတောင် မသွားကြပေ။ အပြောအဆို၊ အနေအထိုင် အမှားမခံ။ မှားတာနဲ့ တစ်ခုဟုတ်၊ တစ်ခုဖြစ်သည်။

ယုံကြည်၍ ပူဇော်ပသရင်လည်း လက်တွေ့မစတယ်လို့ ပြောကြသည်။ ခုလည်း လှမောင်တစ်ယောက်၊ သည်ကိစ္စကို ဘယ်သူ့မှ ပြန်မပြော။ ကိုယ့်စိတ်ကူးနဲ့ကိုယ် ပျော်နေသည်။

အကြံသမားလှမောင် ဒီရက်အတွင်းမှာ အဖေတို့ အမေတို့ ယုံကြည်အောင် အိမ်လည်တာ လျှော့ပြီး အိမ်မှာ ထင်းခွဲ၊ ရေခပ်လေးကို ဟန်ပြလုပ်ပေးနေသည်။ အရက်သောက်ချင်ရင် ခယ်၍ထားပြီး အဖေအမေ အိပ်မှသောက်သည်။ ဒါကိုမြင်ရတော့ ဒေါ်ငွေးတစ်ယောက်။

"ဘယ့်နယ် အဖေကြီး၊ သားလေးကို သိပ်မဆူပါနဲ့။ ခုဆလော ကျွန်မတို့သားလေး လိမ္မာလာပါပြီ။ အိမ်အလုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဝိုင်းကူလုပ်ပေးတယ်ရှင့်"

"အေးပါ . . စောင့်ကြည့်ပါဦး မိန်းမရယ်။ ခွေးမြီးကောက် ကျည်တောက်စွပ်ရင် ဘယ်နှဲ့လုပ်မလဲ။ အရမ်းလည်း အထင်မကြီး နဲ့ဦး"

"အိုရှင် . . ဖအေကြီးက အမြဲတမ်း သားလေးကို အပြစ် မြင်နေတာကိုး။ တဖြည်းဖြည်း ချော့ပြောရင် ရပါတယ်။ အဖေကြီး မပြောချင်နေ၊ မဆူနဲ့ . . ကျွန်မပြောရင် နားထောင်ပါတယ်။ ကျွန်မ တာဝန်ထား"

"အေးပါ . . အေးပါ၊ ကြည့်သေးတာပေါ့။ ဘယ်အချိန် ဇာတိရုပ်ပေါ်မလဲဆိုတာ"

သားလေးတစ်ယောက် ရှိပါတယ်။ ရှေ့ရေး တွေးကြည့်ရင် ကာယ့်ကို ရင်လေးစရာ။ သူတို့အရွယ်တွေက တတိယအရွယ်ထဲ အတော်ရောက်နေပြီ။ တွေးရင်းနဲ့ သက်ပြင်းချရတာလည်း ဦးစိန် သောင်းအဖို့ မရေတွက်နိုင်တော့ပေ။

(၃)

သပြေစမ်းရွာလေးသည် ဘာမှမပြောင်းလဲ။ အရင်အတိုင်း သာ ရွာသားများသည်လည်း "ပိုနေမြဲ . . ကျားနေမြဲ"ပင်။ ပြောင်းလဲ သွားတာကတော့ သကောင့်သား လှမောင်။ နပဲပင်ကွင်းပိုင်ကြီး အကြောင်းသိရန် မည်သူမျှ မပြောဘဲ လက်ချိုးရေတွက်နေတာ။

ဦးမြမင်းတို့ ကတိပေးသည့်ရက်၊ မနက်ဖြန် ပြည့်မည်။ စောစောလေးသွား၍ စောင့်နေမည်။ အခြားသူများ မသွားရဲ မယ့် နပဲပင် အရှေ့ဘက်က အလိုလေးခြုံထဲက သွားစောင့်ရန် လှမောင် စီစဉ်ထားသည်။ ချုံအဝင်ဝကို ရှင်းထားသည်။ တစ်ဘက် ကကြည့်လျှင် အထဲကို မမြင်ရပေ။

"လှမောင်ရေ . . လှမောင်"

အိမ်ရှေ့မှ ခေါ်သံကြား၍ အခန်းထဲမှ ထွက်ကြည့်ရာ မောင် ခွေးအား တွေ့၍-



www.burmeseclassic.com

www.burmeseclassic.com





"ဟ မောင်ခွေး . . ဘာအရေးကြီးလို့လဲကွ"

"မင်း လာခေါ်တာ . . ဒေါ်ကြည့်အိမ်မှာ လူစုံနေပြီ။ ကိုမြကြီးက မင်းနဲ့တွေ့ချင်လို့တဲ့"

"ဟာ . . ငါမအားသေးဘူး မောင်ခွေး။ အမေ့ကို ဝိုင်းကူရဦးမယ်။ မင်းတို့ပဲ သောက်ကြကွာ။ ငါ နားထားတယ်။ အေး . . ကိုမြကြီးကို ပြောလိုက်ပါ၊ တောင်းပန်ပါတယ်လို့ . . ဒေါ်ကြည်ဆီက ကြိုက်သလောက်ယူသောက်ပါ။ ငါ ရှင်းပေးမယ်လို့ ပြောလိုက် မောင်ခွေး"

"မင်း ရှင်းမှာနော်"

"စိတ်ချ . . ဒေါ်ကြည်ကို ပြောလိုက်၊ ငါ့စာရင်းထဲ မှတ်ထား။ သန်ဘက်ခါ လာရှင်းမယ်လို့"

"ကျေးဇူးပဲ လှမောင်၊ ငါ လစ်ပြီဟေ့"

မောင်ခွေး အပြေးတစ်ပိုင်းနဲ့ ထွက်သွားသည်။ ဒေါ်ငွေးလည်း မီးဖိုထဲမှ သားကို သဘောကျနေသည်။ မအေ့စကား နားထောင်သည်ပေါ့။ လင်တော်မောင် ဦးစိန်သောင်းကို "ဘယ်လိုလဲ" လို့ မေးဆတ်ပြသည်။

ဖအေကြီးကလည်း "ကြည့်သေးတာပေါ့ . . မငွေးရာ" ဟု ပြောသည့်အလား၊ မဲ့ပြုံးပြုံး၍ ကြည့်နေသည်။ လှမောင်သည် အအေကြီးအလစ်ကို ချောင်းနေသည်။ ဦးစိန်သောင်း ခြံထဲဆင်းသွားလျှင် မီးဖိုထဲသို့ဝင်၍ မအေကြီးအား-

"အမေ"

"ပြောလေ သား၊ ငါ့သားလေး ဘာလိုချင်လို့လဲ ပြောပါ"

ဟုတ် . . ဟုတ်သေး။ သားအမိနှစ်ယောက် အပြောအဆို

www.burmeseclassic.com

www.burmeseclassic.com


ညက်လို့။

"အမေ . . အဖေကို ပြန်မပြောရဘူးနော်. ."ဟု ကတ
တောင်း၏ ။

"မပြောပါဘူး သားရယ်၊ အမေ ကတိပေးပါတယ်"

ဒေါ်ဌေးစကားဆုံးလျှင် -

"ဒါမှ သားမေမေ"ဟု ဒေါ်ဌေးကို ဖက်ထားသည်။

"လွှတ်ပါဦး . . သားကလေး မဟုတ်တော့ဘူး။ ဘာလဲ
မိန်းမလိုချင်ပြီလား"ဟု မေးရာ -

"မဟုတ်ပါဘူး အမေရာ။ သား ငွေရပေါက်ရလမ်းလေး
လုပ်စရာ ရှိတယ်။ အဲ့ဒါအတွက် ငွေလိုလို့ပါ။ အရင်းရှိမှ အမြတ်
မှာလေ နော်အမေ"

"ငါ့သားက ငွေ ဘယ်လောက်လိုလို့လဲ။ ပြောစမ်းပါဦး
များရင် အမေ့မှာ မရှိဘူး"

"သားရမယ့်ငွေတွေ အမေ့ကို အကုန်ပြန်ပေးမှာပါ။ သား
ကို ငွေ ၃၀၀၀ိ/လောက်ပေးပါ။ အမေ့ဆီမှာ ရှိပါတယ်"

"ငွေ ၃၀၀၀ိ/ မများဘူးလား သားရယ်၊ သား ဖဲကြွေးတင်
လို့လားဟင်"

"မဟုတ်ပါဘူး အမေ၊ အခုအလုပ်က အမေ သိန်းချီရမှာ
အမေရဲ့"

"ဟဲ့ . . သား အလုပ်က ဘာအလုပ်လဲ ပြောစမ်းပါ"

"ပြောလို့ အမေသိမှာ မဟုတ်ဘူး။ သားနောက်တော့
အကုန်ပြောပါ့မယ်။ အလုပ်မစခင် မပြောရဘူးလို့ ကတိပေးထား
လို့ပါ အမေ"

ဒေါ်ဌေးလည်း သုံးလနီးပါး မသုံးမဖြုန်းဘဲ နေလာခဲ့တာ
အမြင်အသိဖြစ်နေ၍ ငွေပေးလိုက်သည်။ သုံးလအတွင်း အရင်း
လုပ်လျှင် သုံးထောင်မက ကုန်သည်။ အမေ့ဆီမှငွေရလျှင် စီးပွား
စရန် လုပ်ငန်းစတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

မနက်အစောကြီးထဲက လှမောင်နိုးနေသည်။ သူ့သူငယ်ချင်း ဝင်းမောင်ကို ဦးမြမင်းတို့ကွင်းမြောက်ရင် သူ့ကိုပြောရန် မှာထားသည်။ မောင်ဝင်းမောင် မေးသည့်ကို မမြင်ဘူး၍ဟု ပြောလိုက်သည်။ အိမ်ရှေ့သို့ပဲ မျှော်နေသည်။ မနက်(၈)နာရီခန့်တွင် ဝင်းမောင်ရောက်လာသည်။ ရောက်ရောက်ချင်း–

"ကျိန်းသေတယ် လှမောင်၊ ဒီညနေ မှောင်တာနဲ့ မြောက်မယ်လို့ ပြောနေတယ်။ မင်း ဘယ်လိုလုပ်မလဲ၊ ငါတော့ မလိုက်ရဲဘူးကွ"

"အေးပါကွာ . . ငါလည်းမှောင်ရင် ကြောက်တယ်ကွ။ ကြည့်တော့ပါဘူးကွာ"

"မကြည့်ပါနဲ့ လှမောင်ရာ၊ အန္တရာယ် များပါတယ်။ ကဲ . . ငါသွားမယ်ဟေ့"

ဝင်းမောင်သည် လှမောင်အားပြောပြီး ပြန်ထွက်သွားသည်။ ဒါဆို သူတို့အဆင်ပြေလို့ နပဲပင်ကွင်းပိုင်ကြီးကို မြောက်တာပဲ။ ငါလည်း ဒီမနက် ငါလိုချင်တာ သွားပြောမယ်။ နောက် နှစ်ရက်ဆိုရင် သုံးလုံးထိ ချဲထွက်မှာ တစ်ယောက်ထဲတွေးရင်း အမေကြီးအားပြော၍ ရွာဦးကျောင်းမြောက်ဘက်၊ ကန်ဘေးရှိ နပဲပင်ရှိရာသို့ ထွက်လာခဲ့သည်။

ဒေါ်အေးဆိုင်က လက်ဖက်ဝယ်၊ ဆီဆမ်း၊ ဖယောင်းတိုင်ဝယ်လာခဲ့သည်။ ကန်မြောက်ဘက်၊ နပဲပင်အောက်ရောက်လျှင် လက်ဖက်ပွဲချ၊ ဖယောင်းတိုင်ထွန်းပြီးလျှင် ရိုရိုသေသေ ကန်တော့၍–

"နပဲပင်ကွင်းပိုင်ကြီး ခင်ဗျာ . . ကွင်းပိုင်ကြီးကို လက်ဖက်နှင့် တင်မြှောက်ပါတယ်။ တပည့်သားအား သုံးလုံးဂဏန်း အိပ်မက်ပေးပါ။ ချဲထိပေါက်လျှင် နပဲပင်ကွင်းပိုင်ကြီးကို ကြက်၊ အရက်နဲ့ ထာမြှောက်ပါ့မယ်၊ ပူဇော်ပါ့မယ်လို့ ကတိပေးပါတယ်။ ကတိပျက်လျှင် သေအောင်တော့ မလုပ်ပါနဲ့။ ထိပေါက်အောင် မ...ပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


ပြောပြီးလျှင် ဦးအကြိမ်ကြိမ်ချ၏။

ညရောက်သည့်အခါ အိပ်တစ်ဝက်၊ နိုးတစ်ဝက်နှင့် လူ
တစ်ယောက် ရောင်တစောင်းနဲ့ လူကောင်က ထွားထွား-

"မင်း ကတိတည်ရမယ်နော်၊ ကတိမတည်ရင်တော့ ဒို
အဆိုးမဆိုနဲ့။ သေချာမှတ် ၃၆၅ . . ၃၆၅ . . ၃၆၅ ထိုးပေတော့
ဟေ့" အသံဝါကြီးက နားထဲမှာ ကြားရသည်မှာ ကျောထဲထိ စိမ့်
ဝင်သွားသည်။

လှမောင် လန့်နိုးသွားသည်။ စောသေး၍ ပြန်အိပ်သည်။
ဘယ်လိုမှ အိပ်မရ၊ အိပ်ရာထဲ လူးလိမ့်ရင်းနဲ့ပင် မိုးလင်းခဲ့ရသည်။
မိုးလင်းသည်နှင့် အမေ့အားပြော၍ နံနက်စောစော၊ ဟိုဘက်ရွာက
ကားဖြင့် မြို့သို့လိုက်ခဲ့သည်။

မြို့ရောက်သည်နှင့် ညကအိပ်မက်ဂဏန်း- ၃၆၅ -ကို နှစ်
ထောင်ဖိုး ထိုးလိုက်သည်။ ညနေသုံးနာရီမှ ချဲထွက်မည်ဖြစ်၍ ဈေး
နားမှ လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းလိုက်သည်။

ညနေ ချဲပေါက်လျှင် "သူမျှော်လင့်နေတဲ့ ဆိုင်ကယ်လေး
ဝယ်စီးရမယ်"ဟု စိတ်ကူးယဉ်နေမိသည်။ တဖြည်းဖြည်း အချိန်
နီးလာသည်။ လက်ဖက်ရည်ဆိုင်မှာ လူပြည့်လာသည်။ လှမောင်
နံနက်စာ မစားရသေး။ စားရမှန်း မသိ။ လက်ဖက်ရည်သုံးခွက်
သောက်ပြီးပြီ။ သုံးလုံးဂဏန်းသာ သိချင်သည်။

"ဟော . . ထိပ်စီးသုံး"ဟု ပြောသည်။ သူ တီဗီထဲက
ဂဏန်းကို မကြည့်တတ်။ အသာ ဟန်နှင့်ငြိမ်နေသည်။ ရောယောင်
သာ ကြည့်နေသည်။ သူ နားမလည်။ ဘေးမှ "ပြီးသွားပြီဟေ့ . .
၃၆၅ တဲ့ဟေ့"။ တချို့က-

"ငါတို့တော့ သွားပါပြီကွာ၊ တွက်တောင် မဝင်ဘူး"ငြီးသူငြီး
"ကုန်ပါပြီကွာ . . အပိုင်ဩထားတာ"ဆိုသူဆို။

ဘာပဲဖြစ်ဖြစ် လှမောင်ပျော်နေသည်။ သူ နှစ်ထောင်ဘိုး
ပေါက်ပြီ။ ဒါဆို ဆယ်သိန်းရပြီ။ လှမောင်တစ်ယောက် ငွေထုတ်
ပြီး ရွာမပြန်နိုင်။ သူတို့ရွာသား ဘုန်းကြီးကျောင်း၌ သွားအိပ်သည်။


www.burmeseclassic.com

www.burmeseclassic.com





နောက်နေ့ ရွာက ဦးဇင်းနှင့် ဘကာတစ်ဦး ဆိုင်ကယ် တစ်ပတ်ရစ် လိုက်ဝယ်ပေးသည်။ လေးသိန်းပေးရသည်။ ဆိုင်ကယ်စီးကို ရွာထဲက သင်ထား၍ စီးတတ်နေသည်။ ဒီတစ်ခါ ရွာအပြန် .. ဆိုင်ကယ်စီး၍ ပြန်လာသည်။ ရွာရောက်လျှင် ဒေါ်ကြည့် ဆိုင်၌ အပေါင်းအသားများကို ဧည့်ခံလိုက်သည်။

အမေ့ကို ငွေငါးသိန်းအကုန် ပေးလိုက်သည်။ အမေ ဝမ်းသာလို့မဆုံး။ သားအလိမ္မာလေး .. အဖေကြီးကိုလည်း သား ငွေပေးကြောင်း ပြောပြသည်။ ဦးစိန်သောင်းမှ -

"မအေကြီး .. မင်း သား ဒီငွေတွေရတာ၊ အပြစ်ကင်းရဲ့လား .. ခိုးလာတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူး .. အဖေကြီးရယ်၊ မခိုးပါဘူး။ ဒီတစ်ပတ်သူ သုံးလုံးချဲထီပေါက်တာပါ။ သူစီးဖို့ ဆိုင်ကယ်ဝယ်ပြီး ကျပ်ကို အကုန်ပေးတာပါ ဖေကြီးရယ်"

"ဒါဆိုလည်း ပြီးရော .. မင်း သိပ်အလိုမလိုက်နဲ့၊ အရက်မူးပြီး ဆိုင်ကယ်စီးရင် အန္တရာယ်များတယ်ကွ မအေကြီးရ"

"စိတ်ချပါ .. ကျွန်မ ပြောထားပါ့မယ်ရှင်"

သားတော်မောင်အတွက် စိတ်ပူနေကြတဲ့ မိဘများသာ ဖြစ်သည်။ လုမောင်ကတော့ ဆိုင်ကယ်လေးနဲ့ ရွာတွင်းရွာပြင် လမ်းသလားနေသည်။ အိမ်ကပ်တယ်မရှိ။ မေးပြန်တော့လည်း -

"သား .. ဆိုင်ကယ်ကယ်ရီ ဆွဲနေတာပါ အမေ။ ဟင်းဖိုးလေးရလည်း မနည်းဘူးပေါ့ အမေရာ"

ဆိုင်ကယ်ဝယ်ပြီး (၁၅)ရက်အကြာ တစ်ညမှာတော့ -

www.burmeseclassic.com

www.burmeseclassic.com





"ဟေ့ . . ကတိမတည်တဲ့ကောင်၊ မင်းပေးထားတဲ့ ကတိမေ့ပြီလား"

လှမောင် ကြောင်သွားသည်။ သူမသိ။ သူမမြင်ဘူးသည့် သူ။ ဒါ့ကြောင့် ကျွဲမြီးတိုသွားသည်။

"ခင်ဗျားက ဘယ်ကလဲ။ ကျုပ်ကို လာပြောနေရအောင်..ခင်ဗျားနဲ့ ကျုပ် ဘယ်တုန်းကမှ ဘာကတိမှ မရှိဘူး။ အာရုံနောက်တယ်"

ထိုအခါ ထိုလူမှ-

"ဘာကွ . . ဟုတ် ဟုတ်သေး . . မင်းက ခုတော့ မေ့ပြီပေါ့။ ငါ့ကို ကတိပျက်ရင် ငါက လက်မခံဘူးကွ"

"ကျုပ်ကို ရှင်းရှင်းပြောစမ်းပါ၊ ဘာကိစ္စလဲဆိုတာ"

"အေး . . နားထောင်၊ မင်းမေ့နေတာကိုး။ မင်း ချဲပေါက်ရင် ငါ့ကို အရက်နဲ့ကြက်နဲ့ မြှောက်မယ်ဆို"

"ဟာ! . . ခင်ဗျားလုပ်ပေးတာမှ မဟုတ်တာ။ ကျုပ်ကံကောင်းလို့ပေါက်တာကို။ ဘာဆိုင်လို့လဲ . . ဘာမှ မလုပ်ပေးနိုင်ပါဘူး"

"အေးပေါ့ . . မင်းက မူးနေတော့ မေ့မှာပေါ့။ နောက်မှ ငါ့အဆိုးမဆိုနဲ့။ ဒါနောက်ဆုံး သတိပေးတာပဲဟေ့"

"ဟား ဟား ဟား ဟား" လှမောင် အော်ရယ်လိုက်သည်။

ဟာ! . . လှမောင် လန့်နိုးသွားသည်။ မနေ့ညက သောက်တာများလို့ အရက်ကြောင်တာပဲ ဖြစ်မည်ဟု ထင်လိုက်သည်။ ရေတစ်ခွက်သောက်၍ ပြန်အိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


(၅)

"လှမောင်ရေ . . သားလေးရေ"

ဒေါ်ဌေး သားတော်မောင်အား ခေါ်နေသည်။

"အမေ . . သား ခြံထဲမှာ ရှိပါတယ်။ ဆိုင်ကယ် ရေဆေး နေလို့ပါ"

"ဆိုင်ကယ် . . ရေမဆေးနဲ့တော့ သား၊ မဝင်းကို မြို့လိုက် ပို့လိုက်ဦး။ ခုန လာခေါ်တယ် သား"

"ဟုတ်ကဲ့ . . အမေ၊ သား ဒေါ်ဝင်းကို လိုက်ပို့လိုက်ပါ့မယ်"

အမေကိုပြောအပြီး ဒေါ်ဝင်းအိမ်သို့ ထွက်သွားသည်။ ဒေါ်ဝင်းကို သူတို့မြို့သို့ လိုက်ပို့သည်။ ဒေါ်ဝင်းကိုလိုက်ပို့ပြီး ဈေးဝင်၍ ဆိုင်ကယ်ဆီဝယ်ထည့်ပြီး အရက်ဆိုင်ဝင်၍ လှူဆီထည့်လိုက်သည်။ ထို့နောက် အမေမှာသော ပစ္စည်းများဝယ်၍ ပြန်လာခဲ့သည်။ အရက်ရှိန်လေးနှင့်ဆိုင်ကယ်ကို မှန်မှန်လေး စီးလာခဲ့သည်။

တဖြည်းဖြည်းနဲ့ ရွာကို မြင်နေရပြီ။ ရွာတောင်ဘက်၊ ဘုံတားမရောက်ခင် ဆိုင်ကယ်ရှေ့မှ ညက အိပ်မက်ထဲမှသူကို တွေ့ရသည်။ ဆိုင်ကယ် ဟွန်းတီးသည်။ မဖယ် . . ရှေ့က ကာစီး ကာစီး လုပ်နေသည်။ လှမောင် ရှောင်သည့်ဘက်ကို လိုက်ရောက်နေသည်။ လှမောင် စိတ်မရှည်တော့။

ဆိုင်ကယ်ကို တစ်ဟုန်ထိုး အရှိန်မြှင့်လိုက်၍ ရှေ့မှလူအား ရှောင်ဘဲ ဝင်တိုက်လိုက်သည်။ လှမောင် လေထဲမြောက်တက် သွားသည်ကိုသာ သိလိုက်သည်။ နောက်ပိုင်း ဘာဆိုဘာမှ မသိတော့ပေ။ အမှောင်သာ အတိဖုံးလွှမ်းသွားသည်။

"သား သား လှလေး . . သတိရပြီလား၊ မသေကောင်း ပျောက်ကောင်း သားလေးရာ"

လှမောင်သည် အမေ့အသံကြား၍ မျက်စိကို ဖွင့်ကြည့် လိုက်သည်။ သူမသိသည့် နေရာ၊ လက်နှင့်ခြေထောက် လှုပ်၍မရ။ ခေါင်းလည်း မူးနေသည်။ နာလည်း နာသည်။


www.burmeseclassic.com

www.burmeseclassic.com


"အမေ . . သား ဘာဖြစ်လို့လဲဟင်"

"သား မြို့က ပြန်အလာ၊ ဆိုင်ကယ်မှောက်တာလေ။ ရွာ တောင်ဘက်က တံတားမှာပေါ့"

အမေပြောမှ ရေးတေးတေး သတိရလာသည်။ သူ့ရှေ့မှ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း ရောင်တစောင်းနဲ့ ပုဂ္ဂိုလ်ကြီး။ ဘာကြောင့် သူ့ဆီကို လာလဲ။

ကတိ . . ဘာကတိလဲ။ ဟုတ်ပြီ . . ဟုတ်ပြီ၊ ဦးမြမင်းတို့ အောင်မြင်၍ နပဲပင်ကွင်းပိုင်ကြီး ကို မြောက်တယ်။ သူ အားကျူးဖြီး ချဲ့ဂဏန်း တောင်းသည်။ ချဲ့ပေါက်သည်။ ကတိအတိုင်း ဒီနေ့အထိ ကြက်နဲ့အရက် မမြှောက်ရသေး။ အသေမလုပ်တာဘဲ ကျေးဇူးတင် ရသေးသည်။

ကတိသစ္စာ မတည်လို့ ခံရတာ . . ဘုရား . . ဘုရား တောင်းပန်ရမယ်။ မြှောက်ရမယ်၊ လူရှင်းတာနဲ့-

"အမေ . . ဦးမြကို ခေါ်ပေးပါနော်"

"အေး အေး ခေါ်ပေးမယ် အခုလား"

"ဟုတ်တယ် အမေ"

အမေခေါ်ဌေးလည်း သားခေါ်နိုင်းသည့် သူ့မောင် ဦးမြ ကို သွားခေါ်ပေးသည်။ ဦးမြရောက်လျှင် သူ ကတိပေးထားသည့် အကြောင်းကို ပြောပြ၍-

"ဦးလေးမြ . . ကျွန်တော့ကိုယ်စား ဒီညနေ နပဲပင်ကို သွားပြီး အရက်နဲ့ကြက် ကွင်းပိုင်ကြီးကို မြှောက်ပေးပါ။ ကျွန်တော် ကတိပေးထားလို့ပါ ဦးလေးမြ"

"အေးပါ . . ငါ့တူရယ်၊ ဦးလေးမြ အားလုံး လုပ်ပေးမယ် မင်း စိတ်ချနေ"

"တူလေးကို ဦးလေးကြုံတုန်း ပြောရဦးမယ်။ "နတ်နဲ့နဂါး မလှည့်စားနဲ့"လို့ ဆိုကြတယ်။ တို့လူအချင်းချင်းတောင် ကတိပေး ထားပြီး ကတိပျက်ရင် စိတ်ဆိုးကြတယ်။


www.burmeseclassic.com

www.burmeseclassic.com



နောက် အဲ့ဒီကတိမတည်တဲ့လူကို မဆက်ဆံတော့ဘူး လေ။ အဲ့ဒီလိုပဲ သူတို့ကိုလည်း ကတိပေးထားရင် လုပ်ပေးရတယ်။ သူတို့မှာ ထိုက်သင့်တဲ့တန်ခိုး ရှိတယ်။ သူတို့စိတ်ဆိုးရင် တချို့ အသက်တောင်ပေးရတာ။ ငါ့တူ ကံကောင်းတယ်လို့ ပြောရမယ်။

အသက်မပေးရလို့ တော်သေး . . ဒီလောက်ဒဏ်ရာက တူရင် ပျောက်နိုင်ပါတယ်။ ငါ့တူနောက်ဆိုရင် ယောက်ျားပဲကွာ၊ ကိုယ်ပေးထားတဲ့ကတိကို တည်အောင်လုပ်ပါ။ ဒါကို သင်ခန်းစာ ယူပါ။ ကတိကို လွယ်လွယ်မပေးနဲ့၊ ပေးပြီးရင်လည်း မပျက်မကွက် တည်အောင်လုပ်ပါ"

"စိတ်ချပါ . . ဦးလေး။ ကျွန်တော် နောင်တရသွားပါပြီ။ ကျွန်တော့အပြစ်ပါ။ ကွင်းပိုင်ကြီးက သတိလာပေးပါတယ်။ ကျွန်တော်က ဂရုမစိုက်၊ အလေးမထားလို့ပါ။ ကျွန်တော့အပြစ် တွေပါ ဦးလေး။ အခုလို ကျွန်တော့်ကိုယ်စား လုပ်ပေးလို့ ဦးလေးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီကပဲ လှမ်းတောင်းပန်ပြီး ကန် တော့နေပါမယ် ဦးလေး"

နောင်တကြီးစွာရနေသော တူတော်မောင်အတွက် လုပ် ပေးရမယ့်တာဝန် ရှိပါတယ်။ နောင်လူငယ်များ သည်အဖြစ်ကို သင်ခန်းစာယူနိုင်မည်ဆိုလျှင် . . ။

လိုအင်ဆန္ဒပြည့်ဝပါစေ
သန်လျင် မောင်ကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နာနာဘာဝနေရပ်

ဇလွန်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com





၂။

"ရှင်တို့ ဒီည စိတ်ချလက်ချ အိပ်ဖို့ ကျွန်မ အခန်းပြပါ့မယ်" အမျိုးသမီးက သွက်လက်စွာ ပြောရင်း မီးအိမ်ဖြင့် လမ်းပြ၍ ထူးအံ့နှင့် ချစ်ဖွယ် လိုက်ခဲ့သည်။ အခန်းတစ်ခုထဲသို့ရောက်လျှင် အမျိုးသမီးက မီးအိမ်မြှင့်ပြီး -

သည်လမ်း၊ သည်ခရီးကို ထူးအံ့ မလိုက်ချင်။ ဘယ်နေရာ ကြည့်ကြည့် ကားလမ်းမကြီးဘေးတွင် တောင်ကမ်းပါးယံမြင့်မြင့် နှင့် အုံ့အုံ့ဆိုင်းဆိုင်း တွေ့မြင်နေရသည့် သစ်ပင်များ။ ပြီး နက် ရှိုင်းသည့် ချောက်ကြီးများက အသည်းထိတ်စရာ ဖြစ်နေခြင်းပင် သို့တိုင် သည်မြင်ကွင်းကို ကားမောင်းရင်းကြည့်ပြီး ပျော်နေသူက ချစ်ဖွယ်။

"ထူးအံ့ သဘာဝမြင်ကွင်းတွေကိုကြည့်ရတာ သဘောမကျ ဘူးလား"

"သဘောကျပါတယ်ကွာ"

ထူးအံ့ထံမှ စိတ်မပါသလို ထွက်ပေါ်လာသည့်စကားသံကို ကြားလိုက်ရ၍ ချစ်ဖွယ်က အားရပါးရ ရယ်မောလိုက်သည်။

"မင်း . . ဒီခရီး၊ ဒီလမ်းကိုရောက်ဖို့ဆိုတာ မလွယ်ဘူး"

ချစ်ဖွယ်ပြောလည်း ပြောစရာ။ ချစ်ဖွယ်အစ်ကို၏ ဖိတ်ခေါ် တကြီးခေါ်ဆောင်မှုကြောင့် ချစ်ဖွယ် ထူးအံ့ကို မရမကခေါ်ပြီး သည် လမ်းကို ထွက်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဒီလမ်းကို မင်းတစ်ခါမှ မရောက်ဖူးဘူး မဟုတ်လား"

"အေးလေ . . ငါမရောက်ဖူးလို့ မင်းကိုအဖော်ခေါ်ပြီး လာခဲ့တာ၊ မင်းက ဒီလမ်း ဒီခရီးကို စိုးရိမ်နေလို့လား။ စိတ်မပူပါနဲ့ကွာ . . ငါ့ကားက အချိန်မှီရောက်အောင်ပို့ပေးမယ့် စပယ်ရှယ်ကားကွ"

ချစ်ဖွယ်က ထူးအံ့ကို နှစ်သိမ့်စကားဆိုပြီး ကားကောင်းကြောင်းကို အမွှန်းတင်နေသည်။ ထူးအံ့ လက်ကနာရီကို ကြည့်လိုက်မိသည်။ ညနေ (၆)နာရီတိတိ။

"ချစ်ဖွယ် . . မင်းပြောတဲ့ခရီးစဉ်အတိုင်းဆို ရောက်ဖို့ အတော်လိုသေးတယ်။ လမ်းမှာ မိုးချုပ်သွားနိုင်တယ်ကွ"

ထူးအံ့ပြောမှ ချစ်ဖွယ် ကားလမ်းပတ်ဝန်းကျင်သို့ ကြည့်လိုက်သည်။ နေလုံးက မြူနှင်းများလွှမ်းခြုံစပြုနေသည့် တောင်စဉ်၊ တောင်တန်းများကြားမှ နေဝင်တော့မည်ကို အရိပ်အရောင်ပြနေသည်ကို တွေ့လိုက်ရသည်။

"မင်းပြောမှ ငါသတိထားမိတယ်။ လမ်းမှာ မှောင်သွားရင် အခက်ပဲ"

ချစ်ဖွယ်စကားသံကြောင့် ထူးအံ့ သတိရသွားမိသည်။ ကားလမ်းတစ်လျှောက် လူဟူ၍ တစ်ခါတစ်ရံသာတွေ့ပြီး တောင်တန်းချိုင့်ဝှမ်းနှင့် လျှိုမြောင်များ ဖုံးလွှမ်းနေသည်။

"ဟာကွာ . . အရေးထဲ ကားက ဖွဲဖောက်လာပြီ"

ထူးအံ့အတွေးမဆုံးမီ ချစ်ဖွယ်၏ စိတ်ပျက်အားလျော့သံနှင့်အတူ ကားက ထိုးရပ်သွားသည်။

"ချစ်ဖွယ် . . ကားက ဘယ်လိုဖြစ်သွားတာလဲ"

"တစ်လမ်းလုံး မောင်းလာတာ ဘာမှမဖြစ်ဘူး။ အရေးကြီးပါတယ်ဆိုမှ ကားကရပ်သွားတာ၊ ဘာဖြစ်တယ်ဆိုတာ စစ်ကြည့်မှ သိမယ် ထူးအံ့"

ချစ်ဖွယ်က ထူးအံ့ကိုပြောရင်း ကားတံခါးဖွင့်ကာ ကားစက်ဖုံးကိုဖွင့်ပြီး စစ်ဆေးကြည့်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကားက ခရီးရှည်ကိုသွားဖူးတယ်ကွ၊ တစ်ခါမှ ဒီလို မဖြစ်ဖူးဘူး"

ချစ်ဖွယ်က သူ့ကားကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

"ဒီလမ်းက ကားအသွားအလာ အတော်ပြတ်တာကွ၊ ကားစက်နှိုးလို့မရရင် ဒီည တို့ကားထဲမှာပဲအိပ်ပြီး မနက်လာတဲ့ ကားကို အကူအညီတောင်းရမှာပဲ ထူးအံ့"

ချစ်ဖွယ်က ကားစက်ကို အမျိုးမျိုးစမ်းသပ်ပြီး ကြည့်သော်လည်း ကားစက်က ခဏသာနိုးသည်။ ကားစက်နှိုးမရမှန်းသိ၍ ချစ်ဖွယ် စိတ်ဒုန်းဒုန်းချပြီး ပြောနေသော်လည်း ထူးအံ့အဖို့ စိုးရိမ်စိတ်က ပိုသွားမိသည်။

ဘယ်နေရာကြည့်ကြည့် ညအမှောင်ထုဖုံးလွှမ်းနေသည့် မြင်ကွင်းနှင့်အတူ တိတ်ဆိတ်နေသည့် ည။ ထူးအံ့ လက်နှိပ်ဓာတ်မီးကိုယူပြီး အပေါ့သွားရန် ကားပေါ်မှဆင်းပြီး ကားလမ်းပေါ်မှ ပတ်ဝန်းကျင်သို့ ကြည့်လိုက်မိသည်။

"ချစ်ဖွယ် မီးရောင်ကိုတွေ့ရတယ်။ တို့သွားပြီး အခြေအနေမေးရင် သိလိမ့်မယ်ထင်တယ်"

ထူးအံ့စကားကြောင့် ချစ်ဖွယ် ကားထဲကထွက်ပြီး မီးရောင်လဲ့လဲ့ကို တွေ့မြင်လိုက်ရ၍ ဝမ်းသာသွားသည်။

"တို့တစ်ညလုံး ကားထဲမှာအိပ်ရမယ့်အတူ မီးရောင်တွေ့ရတဲ့ တဲကိုအကူအညီတောင်းပြီး အိပ်ကြမယ် ထူးအံ့"

ချစ်ဖွယ်က ပြောပြောဆိုဆို လိုအပ်သည့်ပစ္စည်းများကို ကျောပိုးအိတ်ထဲသို့ထည့်နေ၍ ထူးအံ့ မနေသာ။ ကျောပိုးအိတ်လွယ်ပြီး နှစ်ဦးသား စမ်းတဝါးဖြင့် မီးရောင်တွေ့မြင်နေရာသို့ လာခဲ့သည်။

"ဟူး . . မောလိုက်တာ ထူးအံ့ရာ၊ မီးရောင်ကိုတွေ့ရတော့က နီးနီးလေးထင်ပြီး လာခဲ့တာ၊ ခုအထိ မရောက်သေးဘူး"


"ငါလည်း မင်းလိုပဲထင်ပြီး လာခဲ့တာကွ၊ အချိန်လည်း



www.burmeseclassic.com

www.burmeseclassic.com





နည်းတော့ဘူး။ မထူးတော့ပါဘူး ချစ်ဖွယ်ရာ . . တို့ရောက်သွားမှ အခြေအနေသိရမှာ မဟုတ်လား”

ချစ်ဖွယ်နှင့် ထူးအံ့ တဖြည်းဖြည်းလာရင်း မီးရောင်လဲ့လဲ့ မြင်တွေ့ရသည်။ အနီးရောက်မှ အံ့အားသင့်သွားမိသည်။ ထူးအံ့နှင့်ချစ်ဖွယ် ကားလမ်းပေါ်မှ တွေ့မြင်ရသည့်မီးရောင်ကို တဲဟု ထင်ခဲ့မိသော်လည်း ဘွားကနဲ တွေ့မြင်လိုက်ရသည်က အိမ်ကြီးတစ်အိမ်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

“တို့မျက်စိမှားပြီး ရောက်လာတာနဲ့တူတယ် ချစ်ဖွယ်၊ ဟော . . တို့တွေ့ရတဲ့မီးရောင် မရှိတော့ဘူးကွ”

ထူးအံ့က လက်နှိပ်ဓာတ်မီးဖြင့် ညအမှောင်ထဲတွင် ငုပ်လျှိုးနေသည့် အိမ်ကြီးကို ထိုးကြည့်လိုက်သည်။ အိမ်ကြီးထဲတွင် လူသံ၊ သူသံ မကြားရဘဲ တိတ်ဆိတ်နေသည်။

“ဒီအိမ်ကြီးထဲမှာ လူတွေရှိမှာသေချာတယ် ထူးအံ့၊ ငါခေါ်ကြည့်မယ်။ အိမ်ရှင်တို့ . . အိမ်ရှင်တို့”

ချစ်ဖွယ်ခေါ်သံနှင့်အတူ မကြာမီ အိမ်ကြီး တံခါးပွင့်သွားပြီး မီးအိမ်လဲ့လဲ့ကို တွေ့လိုက်ရသည်။

“ဘယ်သူနဲ့ တွေ့ချင်လို့လဲ”

မီးအိမ်အလင်းရောင်ကိုမြှင့်ပြီး မေးလိုက်သည့်အသံနှင့်အတူ အမျိုးသမီးတစ်ယောက်ကို တွေ့မြင်လိုက်ရ၍ ထူးအံ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖွယ် အံ့ဩသွားကြသည်။

"ကျွန်တော်တို့က ခရီးသွားရင်း ကားပျက်သွားလို့ ဒီည
တည်းခိုပြီး နေချင်လို့ပါ"

"ဩော် . . ရှင်တို့က ခရီးသွားတွေကိုး . . အိမ်ထဲဝင်ကြပါ"

အမျိုးသမီး၏ခေါ်ဆောင်မှုကြောင့် ထူးအံ့နှင့်ချစ်ဖွယ် အိမ်
ကြီးအတွင်းသို့ ဝင်လိုက်သည်။ ရုတ်တရက် တွေ့မြင်လိုက်ရသည့်
မြင်ကွင်းကြောင့် ထူးအံ့နှင့်ချစ်ဖွယ် ခြေလှမ်းတုံ့သွားကြသည်။

"ရှင်တို့ ကြောက်သွားကြပြီလား။ မကြောက်ပါနဲ့ရှင် . .
သူက ဒီအိမ်ကြီးထဲမှာ အတူနေတဲ့သူပါ"

အမျိုးသမီးစကားသံနှင့်အတူ ခန္ဓာကိုယ်တစ်ခုလုံး မီး
လောင်ကျွမ်းထားသလို မည်းချိတ်နေသည့် လူကြီး၏ စူးစူးဝါးဝါး
အကြည့်ကြောင့် ထူးအံ့နှင့်ချစ်ဖွယ် အလိုလို ကျောချမ်းသွား
သည်။

"ရှင်တို့ . . ဒီည စိတ်ချလက်ချအိပ်ဖို့ ကျွန်မ အခန်းပြပေး
မယ်"

အမျိုးသမီးက သွက်လက်စွာပြောရင်း မီးအိမ်ဖြင့်လမ်းပြ
၍ ထူးအံ့နှင့်ချစ်ဖွယ်လိုက်ခဲ့သည်။ အခန်းတစ်ခုထဲသို့ရောက်လျှင်
အမျိုးသမီးက မီးအိမ်ကိုမြှင့်ပြီး -

"အခန်းထဲမှာ ခုတင်နှစ်လုံးတော့ရှိတယ်။ ရှင်တို့ အိပ်လို့
ရတယ်"

အမျိုးသမီးက ပြောပြောဆိုဆို အခန်းတံခါးကိုဖွင့်ပေးပြီး
ထွက်သွားမှ ထူးအံ့လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။
ခုတင်ပေါ်တွင် ဖုန်အလိပ်လိုက်တက်ပြီး ပင့်ကူမျှင်များ ဖွဲ့နေသည့်
မြင်ကွင်း။

"ချစ်ဖွယ် . . ဒီမှာ ခြေ . . ခြေရာကြီးကွ"

ထူးအံ့၏ စိုးရိမ်တကြီး ပြောလိုက်သည့်စကားကြောင့်
ချစ်ဖွယ်ကြည့်လိုက်မိသည်။ ဖုန်အထပ်ထပ်တက်နေသည့် ကြမ်း
ပြင်ပေါ်တွင် အထင်အရှားတွေ့လိုက်ရသည့် လူ့ခြေရာကြီးပေါ်



www.burmeseclassic.com

www.burmeseclassic.com





"ထူးအံ့ . . အပုပ်နံ့ရတယ်"

ချစ်ဖွယ်စကားသံနှင့်အတူ ထူးအံ့နှာခေါင်းဝသို့ တိုးဝင်လာသည်။ အပုပ်နံ့ကြီးကြောင့် ထူးအံ့ အန်ချင်သလိုဖြစ်လာမိသည်။ ထူးအံ့ အခန်းထဲအနံ့လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"တိုးတိုးပြောပါကွာ၊ ဟိုအမျိုးသမီးကြားသွားရင် မကောင်းဘူးကွ"

ထူးအံ့စကားကြောင့် ချစ်ဖွယ်ကပြောရင်း နားစွင့်လိုက်သည်။ အိမ်ကြီးတစ်ခုလုံး ဘာအသံမှမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ခါတစ်ရံ အဝေးဆီမှ ရှည်လျားစွာ အူနေသည့် ခွေးအူသံကိုကြားလိုက်ရ၍ ထူးအံ့နှင့်ချစ်ဖွယ် ကြက်သီးအလိုလိုထသွားကြသည်။

"ဒီအိမ်ကြီးအခြေအနေကို ငါကြည့်ရတာ မသင်္ကာဘူး။ ထူးအံ့ . . ငါတို့လာတုန်းက မီးသွေးခဲလို မည်းချိတ်နေတဲ့ လူကြီးရဲ့အကြည့်က မရိုးသားဖူးထင်တယ်"

ချစ်ဖွယ်က ထူးအံ့ကိုပြောရင်း အခန်းထဲမှ အိမ်ကြီးအတွင်းသို့ မြင်ရန်ရှာနေစဉ် ရုတ်တရက် အခန်းဘေးမှ လှစ်ဟာနေသည့်အပေါက်ကို တွေ့လိုက်ရ၍ ကပ်ပြီးနားထောင်လိုက်မိသည်။

မသဲမကွဲကြားနေရသည့် ငိုရှိုက်သံကြောင့် ချစ်ဖွယ် အခန်းကတန်းကြည့်လိုက်မိသည်။ အမျိုးသမီးကို လူမည်းမည်းကြီး မညှာမတာ ရိုက်ပုတ်နေသည့်မြင်ကွင်းကို တွေ့လိုက်ရ၍ ချစ်ဖွယ် မယုံနိုင်အောင် ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com


"ထူးအံ့ . . မြန်မြန်"

ချစ်ဖွယ် တိုးတိုးလေးခေါ်သံနှင့်အတူ အခန်းဘေး အပေါက်ကိုပြနေ၍ ထူးအံ့ ကမန်းကတန်း ကြည့်လိုက်မိသည်။ မည်းမည်းကြီးက အမျိုးသမီးကို ရိုက်နှက်နေသည့်မြင်ကွင်း မီးအိမ်အလင်းရောင်နှင့် တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

"ဒီလူက အမျိုးသမီးကို ရိုက်နှက်နေတာ မတရားဘူး ချစ်ဖွယ် . . ငါသွားပြောမယ်"

"နေပါဦး ထူးအံ့ရာ . . အခြေအနေကို ကြည့်ဦးမှဖြစ်မယ်"

"ဒေါက် . . ဒေါက် . . ဒေါက်"

ရုတ်တရက် တံခါးခေါက်သံကြောင့် ထူးအံ့ တံခါးဖွင့်ပြီး ကြည့်လိုက်မိသည်။ အမျိုးသမီးက ဘာမှမဖြစ်သလိုပင် မီးအိမ်ကို မြှင့်ပြီး ထူးအံ့နှင့် ချစ်ဖွယ်မျက်နှာကိုကြည့်ကာ -

"ရှင်တို့ . . မအိပ်ကြသေးဘဲကို . . ကျွန်မက အိပ်ပျော်နေပြီလို့ထင်နေတာ၊ ကဲ . . ကျွန်မ ရှင်တို့ကို နှောင့်ယှက်သလိုဖြစ်နေပြီ"

အမျိုးသမီးက ပြောပြောဆိုဆိုထွက်သွားမှ ထူးအံ့ အခန်း တံခါးကို အမြန်ဆုံး ပြန်ပိတ်လိုက်သည်။

"မင်းနဲ့ငါ သေသေချာချာတွေ့ရတာက ဒီအမျိုးသမီးပဲကွ၊ ဘာမှ မမှားနိုင်ဘူး။ ဟိုလူမည်းမည်းကြီးက ရိုက်နှက်ထားလို့ မျက်နှာ တစ်ခုလုံး ဖုသီးနေတာ . . ခုတွေ့ရတော့ ဘာဒဏ်ရာမှ မတွေ့ရ ဘူး။ ငါတော့ ဒီအမျိုးသမီးကို မသင်္ကာဘူး။ တို့ တစ်ခုခုတော့ လွဲ နေပြီထင်တယ်"

"ဝုန်း ! . ."

"ဝုန်း ! . ."

ချစ်ဖွယ်နှင့်ထူးအံ့ ကျောပိုးအိတ်ကို ခုတင်ပေါ်ချပြီး ကျေ မိုက်ကာ အိပ်ပိုက်နေစဉ် ရုတ်တရက် ထွက်ပေါ်လာသည့်အသံကြောင့် လန့်ဖျန့် နိုးသွားသည်။

"ချစ်ဖွယ် ဒီအသံက အိမ်ကြီးအပေါ်ထပ်ကအသံကွ၊ တို


www.burmeseclassic.com

www.burmeseclassic.com





အမျိုးသမီးကို ဒေါသဖြစ်ပြီး ရိုက်နေပြန်ပြီနဲ့တူတယ်"

"မြလေးနွယ် . . မြလေးနွယ် ငါ့ဆီလာခဲ့စမ်း"

ရုတ်တရက် ထပ်ဆင့်ကြားလိုက်ရသည့် တွဲ ရှ ရှ အသံနှင့် အတူ အိမ်ကြီးအပေါ်ထပ်ဆီမှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံများ ထွက်ပေါ်လာပြီး မကြာမီ ဘာမှမဖြစ်သလို တိတ်ဆိတ်ငြိမ်သက်သွားသည်။

"မင်းကြားလိုက်လားချစ်ဖွယ် . . တို့ကို တည်းခိုခွင့်ပြုတဲ့ အမျိုးသမီးက မြလေးနွယ်ပဲဖြစ်မယ်"

"အေး . . ငါလည်းကြားမိတယ်။ ဟိုအရုပ်ဆိုးဆိုးလူကြီးရဲ့ မယားပဲဖြစ်မယ်။ တို့ကို မကျေနပ်လို့ မြလေးနွယ်ကို ရိုက်နက်နေတာ ဖြစ်နိုင်တယ်"

"ဟူး . . ငါတော့ ဒီည ဒီအိမ်ကြီးကိုလာမိတာ မှားပြီနဲ့တူတယ် ထူးအံ့ ခုထက်ထိ စိတ်ချလက်ချ အိပ်လို့မရသေးဘူးကွာ"

ချစ်ဖွယ်က ညည်းညည်းညူညူပြောနေ၍ ထူးအံ့ လက်ကနာရီကို ကြည့်လိုက်မိသည်။ နံနက်နှစ်နာရီကျော်ကျော်။

"စိတ်ပျက်မနေနဲ့ ချစ်ဖွယ်၊ ငါလျှို့ဝှက်တံခါးပေါက်တစ်ခုကို တွေ့ထားတယ်။ မင်းနဲ့ငါ အခြေအနေသိရအောင် ချောင်းကြည့်မှ ဖြစ်မယ်"

ထူးအံ့ကပြောရင်း အခန်းထဲမှ ထူးထူးခြားခြားတွေ့ရသည့် လျှို့ဝှက်တံခါးပေါက်ကိုဆင်းပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"ဟာ . . လူအရိုးစုတွေ အများကြီးပါလား၊ တက်တော့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖွယ်"

ထူးအံ့နှင့်ချစ်ဖွယ် လျှို့ဝှက်တံခါးပေါက်မှ အပြေးအလွှား ပြန်တက်ပြီး အခန်းထဲတွင်ထိုင်ရင်း ရင်ခုန်နေကြသည်။

"ထူးအံ့ ငါတို့တွေ့ခဲ့တဲ့ အရိုးစုတွေက အများကြီးဆိုတော့ ဒီအိမ်ကြီးက"

"ဝှန်း! . ."

"ဟာ . . ဟိုလူကြီးက မြလေးနွယ်နဲ့ ရန်ဖြစ်ပြန်ပြီနဲ့ တူ တယ်။ ငါတော့ သည်းမခံနိုင်တော့ဘူး ထူးအံ့ . . ပြီးတော့ ငါတို့ ရန်မူနိုင်တယ်"

"ဖျပ် . . ဖျပ် . . ဖျပ်"

"ဟာ . . ခြေသံကြားတယ်ချစ်ဖွယ် သတိထား"

ထူးအံ့စကားကြောင့် ချစ်ဖွယ် ကျောပိုးအိတ်အတွင်း သတိရပြီး ကြည့်လိုက်မိရာ မောင်းချဓားကိုတွေ့လိုက်ရ၍ လို မယ်ရ ဆောင်ထားလိုက်သည်။

"ကျွီ . . ကျွီ"

ရုတ်တရက်တံခါးဖွင့်သံနှင့်အတူ ထူးအံ့ လက်နှိပ်ဓာတ် အလင်းရောင်နှင့်အတူ တွေ့လိုက်သည်က အရိုးစု။ အရိုးစု ထူးအံ့နှင့် ချစ်ဖွယ်ဆီသို့ တရွေ့ရွေ့တိုးကပ်လာသည်။

"ချစ်ဖွယ် . . ပြေး . .ပြေး"

ထူးအံ့ကပြောရင်း အခန်းပြတင်းပေါက်ကို တွန်းဖွင့်ပြီး ခုန် ဆင်းလိုက်သည်။ ချစ်ဖွယ်ကလည်း ထူးအံ့နည်းတူ အခန်းပြတင်း ပေါက်မှ ခုန်ဆင်းပြီး အိမ်ကြီးနှင့်ဝေးရာဆီသို့ အားသွန်ပြေးနေ သည်။ ညအမှောင်ထဲတွင် ထူးအံ့နှင့်ချစ်ဖွယ်ပြေးရင်း အိမ်ကြီးနှင့် ဝေးမှ အမောဖြေလိုက်မိသည်။

"အိမ်ကြီးနဲ့ဝေးပြီဆိုတော့ ရောက်တဲ့နေရာမှာပဲ အိ တော့မယ် ထူးအံ့ရာ . . ငါ မနေနိုင်တော့ဘူး"

ချစ်ဖွယ်က အိမ်ကြီးနှင့်ဝေးရန် ကြောက်ကြောက်လ လန့်နှင့်ပြေးရင်း မောပန်းလွန်းသော်လည်း အိပ်ချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



မြေသိပ်နိုင်ဘဲ သစ်ပင်ခြုံနွယ်တောရှိ မြေကွက်လပ်လေးတွင် ပျော်ပိုးအိတ်ကိုမချနိုင်ဘဲ လှဲအိပ်သွားသည်။ ထူးအံ့လည်း မျက်မြည်းရင်း အလိုလိုအိပ်ပျော်သွားမိသည်။

"ဟောလူတွေ . . ဟောလူတွေ၊ ဟာ . . ဒီလူနှစ်ယောက် အိပ်စရာနေရာရှားလို့ ဒီနေရာမှာလာအိပ်ကြတယ်"

ထူးအံ့နှင့်ချစ်ဖွယ် မည်မျှနှစ်ခြိုက်စွာ အိပ်ပျော်သွားမှန်း မသိ။ ရုတ်တရက် လှုပ်နှိုးလိုက်သလို အသံကိုကြားလိုက်ရ၍ နှစ်ဦးသားလန့်နိုးပြီး ကြည့်လိုက်မိသည်။ ထူးအံ့နှင့်ချစ်ဖွယ်ရှေ့ တွင် ဓားကိုင်ထားသူနှစ်ဦးကို ဖြုန်းစားကြီး တွေ့မြင်လိုက်ရ၍ အံ့အားသင့်သွားမိသည်။

"ခင် . . ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျုပ်တို့က ဒီရိုးနားက ရွာကလူတွေပါ၊ ရိုးထဲ ဝါးခုတ်ဖို့ လာရင်း ခင်ဗျားတို့နှစ်ယောက် ဒီသင်္ချိုင်းကုန်းကြီးထဲမှာ အိပ်နေ တာတွေ့လို့ နှိုးနေတာဗျ"

"ဗျာ! . . သင် . . သင်္ချိုင်းကုန်းကြီး . . ဟုတ်လား"

ဝါးခုတ်သမားစကားကြားမှ ထူးအံ့နှင့်ချစ်ဖွယ် ညက တမန်းကတန်း ပြေးပြေးလွှားလွှားနှင့် အိပ်ခဲ့မိသည့်နေရာကို ကြည့်လိုက်မိသည်။ မြေပုံသစ်၊ မြေပုံဟောင်းနှင့် အုတ်ဂူဟောင်း၊ အုတ်ဂူသစ်နှင့် သစ်ပင်ခြုံနွယ်များ ဖုံးလွှမ်းထားသည့် သင်္ချိုင်းကုန်း ကြီး။

"ဟာ! . . မြ . . မြလေးနွယ်"

ထူးအံ့က အုတ်ဂူဘေးတွင်ရေးထားသည့် စာကိုတွေ့လိုက် ရ၍ မယုံနိုင်အောင်ဖြစ်သွားမိရင်း ကျောချမ်းသွားမိသည်။ ထူးအံ့ နှင့် ချစ်ဖွယ်အိပ်ခဲ့သည့်နေရာက မြလေးနွယ်အုတ်ဂူဘေးရှိ မြေ ကွက်လပ်လေး။

"ခင်ဗျားတို့က မြလေးနွယ်ကို သိလို့လား"

"ကျွန်တော်တို့ ညကကားပျက်လို့ မြလေးနွယ်တို့အိမ်ကြီး ကို တည်းခိုဖို့ရောက်ခဲ့တာဗျ"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ . . ခင်ဗျားတို့ အမြင်မှားနေပြီနဲ့တူတယ်။ ခင်ဗျားတို့ ညကတွေ့ခဲ့တဲ့ မြလေးနွယ်က မြလေးနွယ်အစစ်မဟုတ်ဘူးဗျ၊ မြလေးနွယ်က လွန်ခဲ့တဲ့သုံးလေးလလောက်ကမှ အိမ်ကြီးမီးလောင်ခံရပြီး သေဆုံးခဲ့တာဗျ"

"ဗျာ ! . . မြလေးနွယ် မီးလောင်ခံရပြီး သေခဲ့တာ"

ထူးအံ့နှင့်ချစ်ဖွယ် ဝါးခုတ်သမားကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အဖြေရှာမရနိုင်ဘဲဖြစ်နေသည်။

"ခင်ဗျားတို့ကြုံတွေ့ခဲ့ရတဲ့ စကားအတိုင်းဆို မီးလောင်ခံရတဲ့ မြလေးနွယ်က မကျွတ်မလွတ်တဲ့ဝိညာဉ်ဘဝနဲ့ ခင်ဗျားတို့ကို ချောက်လန့်ပြခဲ့တာ ဖြစ်မယ်။ သူနဲ့ သူ့ယောက်ျား ရန်ဖြစ်ရင်း အိမ်ကြီးကိုမီးလောင်ခဲ့တာ၊ ဟိုအုတ်ဂူက မြလေးနွယ်ယောက်ျားအုတ်ဂူလေ"

ဝါးခုတ်သမားစကားကြောင့် ထူးအံ့နှင့်ချစ်ဖွယ် ပြိုင်တူအကြည့်ရောက်သွားမိသည်။ မြလေးနွယ်အုတ်ဂူ။ ဒါဆို ညက ထူးအံ့နှင့်ချစ်ဖွယ် မြလေးနွယ်နှင့် တကယ်ဆုံတွေ့ခဲ့တာလား။ ဒါမှမဟုတ် ထူးအံ့နှင့်ချစ်ဖွယ် ကြုံတွေ့ရသည့် ဝိညာဉ်အဖြစ်ကို တွေးဆလို့မရနိုင်အောင် ယောင်ချာချာဖြစ်သွားမိသည်။

"ကဲ . . ခင်ဗျားတို့ . . အချိန်ရှိတုန်းပြန်ကြတော့ . . ကျုပ်တို့ ဝါးခုတ်ဖို့သွားရဦးမယ်"

ဝါးခုတ်သမားနှစ်ယောက်ပြောဆိုပြီး ထူးအံ့နှင့်ချစ်ဖွယ် အဖြစ်ကို မယုံနိုင်သည့်အကြည့်ဖြင့် ကြည့်ပြီးထွက်သွားသည်။ ထူးအံ့နှင့်ချစ်ဖွယ် ဘယ်နေရာကြည့်ကြည့် မြေပုံသစ်၊ မြေပုံဟောင်းနှင့် အုတ်ဂူသစ်၊ အုတ်ဂူဟောင်းများနှင့်နေရာ။ ထူးအံ့နှင့်ချစ်ဖွယ် မြလေးနွယ်၏အုတ်ဂူကိုကြည့်ရင်း သချိုင်းကုန်းကြီးထဲမှ အမြန်ထွက်လာမိလေတော့သည်။

ဇလွန်ဇော်ဦး

www.burmeseclassic.com